



www.burmeseclassic.com
BURMESE CLASSIC .com
လမင်းဝိုဝို
ပြုတ်ရခက်တဲ့ ကြိုး
L လင်း
www.burmeseclassic.com

www.burmeseclassic.com





# လမင်းမိုမို


## ဖြတ်ရခက်တဲ့ကြိုး

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com








# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com







## ၁

"အစ်မ … အစ်မ"

နောက်ဘက်က ခေါ်သံနှင့်အတူ တဖုတ်ဖုတ်ခြေသံ ညီအောင် ပြေးလိုက်လာသံတို့ကြောင့် ရွှေရုပ်တို့သူငယ်ချင်းတစ်စု လှည့်ကြည့်လိုက်မိကြပါသည်။ ဆံပင်တိုလေးဖွေးဖွေးထောင်ဖွာ ပုံပါအောင် ပြေးလိုက်လာတဲ့ ကျောပိုးအိတ်နှင့် ဂျင်းဘောင်းဘီ လောက် ခပ်တိုတို ဝတ်ထားတဲ့ ကောင်ကလေးတစ်ယောက် မြင်လျှင် ရွှေရုပ်က ခြေလှမ်းကို ရပ်လိုက်ပါသည်။

"ဘယ်သူလဲ အဲဒါ"

မွန်မွန်က ရွှေရုပ်ရဲ့ပြုံးတုံ့တုံ့ရုပ်ကို မြင်ကာမေး …

"အဲဒါ လင်းဝဏ္ဏရဲ့ညီလေးလေ"

"သြော် … လင်းဝဏ္ဏ ညီလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ရွှေရုပ်က အနားကိုရောက်လာတဲ့ "မင်းဒီပ"ကို ခပ်ပြုံးပြုံးကြည့်ရင်း …

"ဘာလဲ … မောင်လေး"

ရွှေရုပ်ကိုဆုံတိုင်း ရှက်ကိုးရှက်ကန်းလိုလို ပြုံးတတ်တဲ့ကောင်ကလေးက ခုလည်းပဲ ရှက်ကိုးရှက်ကန်းလိုလို ပြုံးရင်း သူ့ကျောပိုးအိတ်ထဲ လက်နှိုက်နေရင်းက …

"ကိုကိုက ပေးခိုင်းလိုက်လို့"

ကျောပိုးအိတ်ထဲက ပြန်ထွက်လာတဲ့ သူ့လက်ထဲ ပါလာတဲ့ စာအိတ်ဝါနုနုလေးကိုကြည့်ရင်း ရွှေရုပ်က မင်းဒီပကိုပဲ မျက်စောင်းတစ်ချက် ထိုးလိုက်ကာ …

"ဟဲ့ … မင်းအစ်ကို့ကို ပြောလိုက်စမ်း၊ ကိုယ်တိုင်မှ မပေးဘဲနဲ့ အဲဒီလို လူကြုံပေးပေးနေတာ အစ်မ မကြိုက်ဘူးလို့"

မင်းဒီပက ခေါင်းတစ်ချက် နှစ်ချက်ကုတ်ကာ ပြုံးကျဲကျဲနှင့် …

"ဟိုလေ … ကိုကိုက မအားလို့ပါ"

"မအားရင် ရည်းစားစာလည်း မပေးနဲ့လို့၊ အားမှပေးလို့ ပြောလိုက်"





"ဟို … ဟို … ယူလိုက်ပါ အစ်မ၊ ကိုကိုက စာမေးပွဲရှိလို့ပါ၊ စာတွေများနေလို့ပါ၊ ကျွန်တော့်ကျူရှင်နဲ့ အစ်မတို့သင်တန်းကလည်း တစ်လမ်းတည်းဆိုတာ သိနေလို့ ကျွန်တော်နဲ့ လူကြုံပေးလိုက်တာပါ၊ ကိုကိုက သူကိုယ်တိုင်ပေးချင်တာပါ အစ်မရဲ့၊ တကယ် အချိန်ကျပ်နေလို့ပါ"

"အမယ်လေး … ပြောတတ်လိုက်တာ",

"ဟုတ်ပ၊ ဟဲ့ … လင်းဝဏ္ဏ ညီလေး၊ နင်ကြီးရင် ရှေ့နေလုပ်ပါလား"

မင်းဒီပက အနည်းငယ် မျက်နှာပုပ်သွားကာ …

"ကျွန်တော့်နာမည် မင်းဒီပ"

"သြော် … ဟုတ်ကဲ့ ကိုမင်းဒီပရယ်၊ ဘယ်နှတန်းရောက်ပြီလဲဟင်"

ရွှေရုပ်က မင်းဒီပကို စ,နေကြတဲ့ မွန်မွန်တို့ လှင်းလက်တို့ကို ကြည့်ရင်း ရယ်နေမိပါသည်။ ဒီကောင်လေးပုံစံကလည်း တကယ်ပဲ စချင်စရာလေး ကောင်းနေတာပါ။ မျက်နှာနုနုကလေးနှင့် အရပ်က ခြောက်ပေလောက် ကလန့်ကလားပိန်ရှည်ရှည် ဖြစ်နေတဲ့အထဲ သူနှင့်ဂျင်းဘောင်းဘီတိုက သဟဇာတ မဖြစ်ဘဲ ကိုးရိုးကားရား ဖြစ်နေသည်။

"ကိုးတန်း"



www.burmeseclassic.com

"ဟင် ... ကိုးတန်းလား၊ နင် ဒီလောက်အရုပ်ကြီးနဲ့ ဆယ်တန်းတောင် မရောက်သေးဘူးလား"

"ဟဲ့ ... မှန်မှန်၊ သူက ခုမှ ဆယ့်ငါးနှစ်ဟဲ့၊ ဟုတ်တယ် မဟုတ်လား မောင်လေး"

"ဟုတ်"

"လင်းဇေယျာ ပြောဖူးတယ်၊ သူနဲ့လေးနှစ်ခွဲ ကွာတယ်တဲ့"

"ဒါဆို ငါတို့အားလုံးနဲ့လည်း လေးနှစ်ကျော်ကွာမှာပေါ့"

"အင်း"

"မသိပါဘူး၊ ငါက ဆယ့်ခုနစ် ဆယ့်ရှစ် ရှိလောက်မယ် ထင်တာ"

"ဟဲ့ ... မင်းနှာမည် ဘာယ်လိုခေါ်တာယ်၊ ခုန ပြောလိုက်တယ်"

မင်းဒီပက လင်းလက်ကို မျက်စောင်းရွယ်ကာ ...

"မင်းဒီပ"

"ဟင် ... မင်းဒီပ၊ တိုးတက်တို့နဲ့တွဲတဲ့ မင်းဒီပလား"

"ဟုတ်"

"ဟဲ့ ... တိုးတက်ဆိုတာ ကျုပ်မောင်လေးဟဲ့"

"သြော် ... အစ်မက တိုးတက် အစ်မလား၊ မနှင်းစက်လား၊ မလင်းလက်လား"



"အော်မယ် ... သူက သိသားပဲ၊ လင်းလက်ပေါ့ဟဲ့၊ မနှင်းစက်က ယောကျ်ားရပြီး ကလေးတောင် မွေးပြီဟာကို၊ ငါက မနှင်းစက် ဖြစ်စရာလား"

မင်းဒီပက ကုပ်ကိုပုပြီး ပြုံးသည်။

"အမယ် ... ဒီပုံစံကြည့်တော့ မခုတ်တုတ်တဲ့ကြောင်လေး လိုနော်၊ ရှင်တို့ မထင်လိုက်နဲ့၊ တိုးတက်၊ မင်းဒီပ၊ အောင်သက်ထင် ဆိုတာ နံရံကျောင်းက လက်မရွံ့လူမိုက်တွေ၊ ဟိုနေရာ ထိခနဲ ဒီနေရာ ထိခနဲ ရန်များသလား မမေးနဲ့၊ ခုကြည့်တော့ ပြုံးကျဲပြုံးကျဲနဲ့ ယုံတောင် မယုံနိုင်ဘူး"

ရွှေရုပ်က မင်းဒီပကို တအံ့တဩ ကြည့်ကာ ...

"ဟုတ်လား မောင်လေး၊ မင်းက အဲလိုလား"

"အဟင်း ... ရန်စတဲ့ကောင်တွေရှိလို့ ရန်ဖြစ်တာပါ အစ်မ"

"ဘာပဲဖြစ်ဖြစ် မင်းတို့ကလည်း ရန်လိုလို့ပေါ့၊ အိမ်မှာ တိုးတက်ကိုတောင် ပြောနေရတာ၊ အားလုံးထဲ မင်းဒီပက လက်အယဉ်ဆုံးလို့ ကြားဖူးလို့ နင် မင်းဒီပနဲ့ မပေါင်းနဲ့ လို့"

"ဟာ ... အစ်မကလည်း၊ တူတူပါပဲ၊ ကျွန်တော်ကမှ ထူပြီးဆိုးနေတာမှ မဟုတ်တာကို၊ တိုးတက်ကော အောင်သက်ထင်ရော တူတူဆိုးကြတာပဲဟာ"

www.burmeseclassic.com



ရွှေရုပ်က မင်းဒီပ စကားကို ရယ်ချင်စိတ်အောင့်ကာ ...

"မဆိုးနဲ့ဒလ မောင်လေးရဲ့၊ ရန်ဖြစ်တာ ဘယ်ကောင်းပါ့မလဲ၊ ဘာမှလဲ မဟုတ်ဘဲနဲ့ နာမည်ပျက်တယ်"

ကောင်ကလေးဟာ အစ်မကြီး တစ်အုပ်ကြားထဲ ခေါင်းတကုတ်ကုတ် စူတပုပ်ပုပ် ဖြစ်နေသည်။

"ဟဲ့ ... ဟဲ့ ... မင်းဒီပ၊ နင်က လင်းဝဏ္ဏနဲ့ ညီအစ်ကို အရင်းမှ ဟုတ်ရဲ့လား"

"ညီအစ်ကိုအရင်းဗျ"

"ဟုတ်ရဲ့လားဟယ်၊ ဟိုက လင်းဝဏ္ဏက ဖြူဖွေးပြီး ဝင်းဖန့်နေတာ၊ သန့်သလား မမေးနဲ့၊ နင်ကကျတော့ ညိုညိုမည်းမည်းလေးနဲ့ ရုပ်ကလည်း မလှပါလား၊ မွေးစားသားများလား အိမ်ကို မေးကြည့်ပါဦး"

မွန်မွန်း နောက်ပြောင်တဲ့စကားကြောင့် ရွှေရုပ်တို့ လင်းလက်တို့က ဝိုင်းရယ်မိကာ မင်းဒီပကတော့ စူပုပ်ပုပ်ဖြစ်နေပါသည်။

"မွန်မွန်ကလည်းဟာ မစပါနဲ့၊ မင်းဒီပက အသားညိုပေမယ့် မျက်ခုံး မျက်လုံးတွေ လှပါတယ်"

"လင်းဝဏ္ဏကကျတော့ ပြောစရာမရှိအောင်ကို လှတာလေ၊ ကျောင်းတုန်းကလည်း King ၊ အမ်စီရောက်တော့လည်း





King ၊ မောင်လေး ... မင်းဒီပ၊ အစ်မတို့က လင်းဝဏ္ဏညီလေးဆိုလို့ ချစ်လို့စတာနော်၊ စိတ်မဆိုးနဲ့ သိလား"

အောင့်သက်သက် ငြိမ်ခံနေရတဲ့ မင်းဒီပက ပြေရာပြေကြောင်း ပြောတော့မှ နှုတ်ခမ်းကို တစ်ဖက်တွန့်ကာ ...

"အစ်မက ကျွန်တော့်ကို ချစ်လို့စရအောင် ကျွန်တော်က ဘယ်အရွယ်မို့လဲ"

"နင်က ဆယ့်ငါးနှစ်လေ"

"အစ်မကကော ဘယ်နှနှစ်မို့လို့လဲ"

"ဟဲ့ ... ငါက ဆယ်ကိုးနှစ်ကျော်နေပြီနော်၊ နောက်လေးလဆိုရင် နှစ်ဆယ်ပြည့်တော့မှာ"

"ဆယ့်ငါးနဲ့ နှစ်ဆယ်ဆိုတာက ကွာသလိုလို ထင်ရပေမယ့် နှစ်ဆယ့်ငါးနဲ့ သုံးဆယ်၊ သုံးဆယ့်ငါးနဲ့ လေးဆယ်ဆိုရင်တော့ ဘာမှမကွာတော့ဘူးဆိုတာ အစ်မ သိရဲ့လားဗျ၊ ကျွန်တော် နှစ်ဆယ် အစ်မ အစိတ်ဆိုရင် ရည်းစားထားလို့တောင်ရတယ်၊ ချစ်လို့ ချစ်လို့နဲ့ လာမစနဲ့"

"ဘာ"

မွန်မွန် အံ့ဩကြောင်တက်ပြီး ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားပုံကို ရွှေရုပ်နှင့် လင်းလက်တို့ သဘောတွေကျပြီး ရယ်ကြရပါသည်။ မင်းဒီပကတော့ သူ့ကိုနှက်တာလေးကို နာနာပြန်နှက်လိုက်ရ၍ သဘောခွေ့တဲ့ရုပ် ပြုံးစိစိနှင့် ရွှေရုပ်ကို ...



www.burmeseclassic.com

www.burmeseclassic.com



"အခု ... ကျွန်တော်သွားပြီ"

"အင်း ... အင်း၊ မင်းအစ်ကို့ကို ပြောဦး၊ မင်းနဲ့လူကြုံပါးနေတာ သုံးစောင်ရှိနေပြီ၊ နောက်တစ်ခါ သူများနဲ့ပေးရင် မယူဘူးလို့"

မင်းဒီပက ပြုံးစိစိလေး ပြေးထွက်ရင်း "ဟုတ်"လို့ ခေါင်းလေးတစ်ချက် ဆတ်ပြသွားပါသည်။





၂

"အစ်မ"

ခပ်ကျုယ်ကျုယ် အသံသြသြကလေးကို မှတ်မိနေကြကာ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိကြလျှင် ဆိုင်ထဲကို သူငယ်ချင်းတစ်ယောက်နှင့် နှစ်ယောက်အတူ ဝင်လာသော မင်းဒီပကို တွေ့လိုက်ရပါသည်။ စလွယ်သိုင်းလွယ်ထားတဲ့ ဘေးလွယ်အိတ်ချောကလက်ရောင် ခပ်ပြားပြားနှင့် ဆံပင်ကို ပုံစံဆန်းဆန်း ... ထားတဲ့ မင်းဒီပကို လှမ်းကြည့်နေကြရင်း မွန်မွန်က ...

"ပြောလို့ မဆုံးသေးဘူး၊ သူ့ညီက ရောက်လာပြီ"

ရွှေရုပ်တို့ သူငယ်ချင်းသုံးယောက်ဟာ ရွှေရုပ်နှင့် ပတ်သက်ပြီး လင်းဝဏ္ဏ အကြောင်းကို တိုင်ပင်ဆွေးနွေးနေကြတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းတုန်းက အထက်တန်းကျောင်းမှာ အတူတူ တက်ခဲ့ကြစဉ်ကတော့ နည်းနည်းပါးပါး ခင်မင်ရုံလောက်သာပါ။ လင်းဝဏ္ဏက အမ်မ်စီဝင်ကာ ရွှေရုပ်တို့အုပ်စုကတော့ စီးပွားရေး တက်ကြသည်။ အပြင်မှာလည်း စီးပွားရေးနှင့်ပတ်သက်သည့် နိုင်ငံခြားက ဒီပလိုမာလက်မှတ်တွေ အမျိုးမျိုးကို တက်ကြယူကြ။

ကျောင်းသားဟောင်း ဆုံမတွေ့ပွဲ၊ ဆရာကန်တော့ပွဲတွေလောက်မှာသာ အသေအချာပြန်ခဲ့တွေ့ဖြစ်ကြပေမယ့် တကယ်တမ်းတော့ လင်းဝဏ္ဏနှင့် ရွှေရုပ်တို့က တစ်လမ်းတည်း နေကြတာပါ။ တစ်လမ်းတည်းဖြစ်ပေမယ့် ဟိုးဘက်ထိပ် ဒီဘက်ထိပ်။ ဟိုးဘက်ထိပ်က အလွန်ကျယ်ဝန်းခမ်းနားပြီး သီးသန့်ဆန်လှတဲ့ ခြံကျယ်တိုက်ကောင်းကြီးတွေဘက်မှာ ရွှေရုပ်တို့က နေပါသည်။

ဒီဘက်ထိပ်ကတော့ ကိုယ်ပိုင်ခြံကလေးတွေနှင့် ရပ်ကွက်သာ ဖြစ်သော်လည်း ခြံကွက်လေးတွေကိုက လေးဆယ် ခြောက်ဆယ်၊ ခြောက်ဆယ်ပတ်လည်လောက်တွေ။ အကျယ်ဆုံးခြံဆိုလျှင် ခြောက်ဆယ် ရှစ်ဆယ် အလျားအနံလောက်သာရှိ၍ အိမ်တွေကလည်း လုံးချင်းတိုက်ကလေးတွေပေမယ့် သိပ်ကြီးခမ်းနားတဲ့အိမ်တော့ မရှိပါ။

ချို့ချို့ငဲ့ငဲ့ လူဟန်းစားတော့ မရှိပေမယ့် ဆောက်လုပ်ရေးလုပ်ငန်းကြီးတစ်ခုမှာ စီနီယာအင်ဂျင်နီယာကြီးတစ်ယောက်ဖြစ်တဲ့ လင်းဝဏ္ဏတို့ဖခင် ဦးအောင်ခင်လောက် အနေအထားဟာ အဲဒီဘက်ခြမ်းမှာတော့ အပြည့်စုံဆုံးပါ။ ပြောင်ပြောင်ယောင်ယောင် လျှံလျှံပယ်ပယ် နေထိုင်သုံးစွဲနိုင်သည် မှန်ပေမယ့် ရွှေရုပ်တို့လောက်တော့ အလုံးအခဲ အစုအပုံ ချမ်းသာတာမျိုးမဟုတ်။





ရွှေရုပ်ရဲ့အဖေ ဦးမင်းနိုင်က ကျောက်စိမ်းလုပ်ငန်းနှင့် ကြီးပွားချမ်းသာတဲ့သူ ဖြစ်ပါသည်။ ကိုယ်ပိုင်လုပ်ကွက် ကျောက်တွင်းတွေနှင့် သူဌေးကြီးစာရင်းဝင်ဖြစ်ကာ ပင်ရင်းလုပ်ငန်းအပြင် မိတ်ဆွေအပေါင်းအသင်းတို့ရဲ့ ကုမ္ပဏီအချို့ထဲ ဟိုထဲရှယ်ယာဝင် ဒီထဲရှယ်ယာဝင်နှင့် ဝင်ငွေရလမ်းတွေက အသွယ်သွယ်ဖြစ်ရာ လင်းဝဏ္ဏတို့နှင့် ရွှေရုပ်တို့ရဲ့ အဆင့်အတန်း အခြေအနေချင်းက အတော်ပင် ကွာခြားလှသည် ဖြစ်ပါသည်။

"ရွှေရုပ် ... ညည်းနဲ့ လင်းဝဏ္ဏ လုံးဝသဘောမတူဘူးနော်၊ ပြောထားပါရဲ့၊ ခေါင်းမညိတ်လိုက်မိစေနဲ့"

ရွှေရုပ်ကို လင်းဝဏ္ဏ ချစ်ရေးဆိုထားတာသိတဲ့ ရွှေရုပ်ရဲ့ မေမေက သတိပေးထားတဲ့စကား ဖြစ်ပါသည်။

"မေမေရယ် ... လင်းဝဏ္ဏက လူကောင်းတစ်ယောက်ပါ၊ ဆရာဝန်ဖြစ်မယ့်သူတစ်ယောက်လည်း ဖြစ်တယ်လေ"

"သမီးပတ်ဝန်းကျင်မှာ ခေါင်းခေါက်ရွေးလို့ရတဲ့ ယောက်ျားလေးတွေ အများကြီးထဲမှာ လူကောင်းတွေလည်း အများကြီး၊ ဆရာဝန်တွေလည်း ရိုက်သတ်မကုန်ဘူး၊ တခြား



www.burmeseclassic.com

ဘာကြောင့်မှ မဟုတ်ဘူး၊ လင်းဝဏ္ဏလည်း ကိုယ့်မျက်
ရှေ့ မကြာမကြာ မြင်တွေ့နေလို့ မဆိုးဘူးဆိုတာ သိတယ
အဆင့်အတန်း ခွဲခြားတာလည်း မဟုတ်ဘူး၊ သူ့အမေ
ကြည့်မရတာ၊ ဒါကြောင့် သဘောမတူဘူး၊ လက်မခံ

"သူ့အမေက ဘာဖြစ်လို့လဲ မေမေ၊ မေမေတို့ တက္ကသို
တုန်းက တစ်ဘက်ချိုထဲဆို"

"ဟုတ်တယ်၊ သူက မက်စ်က၊ မေမေက ဟစ်စထရီ
တာပါ၊ သူချင်း မခင်ပါဘူး၊ ဒါပေမဲ့ ညည်းအဖေက သ
ကို အစွဲကြီးစွဲဖူးသေးတယ်လေ၊ ကြိုက်ဖူးသေးတယ်
ညည်းအဖေလည်း မက်စ်ကပဲ၊ သူ့ထက်တစ်နှစ်စောတ
ပေါ့၊ သူက သချာကျောင်းသူပီပီ တွက်တတ်တယ်
ညည်းအဖေက အဲဒီတုန်းက ဘာမှမှ မဟုတ်တာ၊ ကိုအော
ခင်ကတော့ သူ့ကို အာအိုင်တီကနေ လာကြိုက်ရတာ
အင်ဂျင်နီယာလောင်းဆိုတော့ မျှော်လင့်ချက်ရှိတဲ့သူ
ပြီးတော့ ကိုအောင်ခင့် မိဘတွေက ရာထူးရာခံတွေနဲ့
တော့ သူက အဲဒီအင်ဂျင်နီယာလောင်းကိုပဲ ရွေးလိုက်တာ

"သြော် ... အဲ့သလို ဓာတ်လမ်းရှိတယ်လား မေမေ"

"ဟုတ်တယ်၊ ညည်းအဖေက နောက်မှ ကျုပ်ကိုလာကြိုက်
တာ"

"မေမေက အချစ်ကို ဦးစားပေး ရွေးခဲ့တာပေါ့နော်"





"တော်စမ်းပါ ရွှေရုပ်ရယ်၊ မေမေ ပြောချင်တာက လင်းဝဏ္ဏရဲ့အမေ ခင်လေးသိဟာ တွက်တတ် ချက်တတ် မက်တတ်တယ်၊ အဲဒါကို သဘောမကျဘူး၊ အို ... သူ့ကိုကို ကြည့်မရတာ"

"မေမေနဲ့ ခမည်းခမက် ပြန်မတော်စေချင်တာ မဟုတ်လား"

"တော်လည်း ဘာဖြစ်လဲ၊ လူကြီးတွေဖြစ်ကုန်ပြီပဲ၊ ကြည့်လို့ကိုမရတာပါအေ၊ အဲဒီတုန်းက သူ့ကိုယ်သူ အင်ဂျင်နီယာကတော်ဆိုပြီး ဖြစ်နေတဲ့ရုပ်က ညည်းအဖေ မျက်နှာငယ်ခဲ့ရတာပေါ့၊ ခုတော့ သူ့အင်ဂျင်နီယာက ညည်းအဖေလို သူဌေးကြီး ဖြစ်သလား"

"မေမေက ငွေတွေ ဂုဏ်တွေ မမက်ဘဲ ရိုးသားခဲ့လို့ မေမေနဲ့ ထိုက်တန်တာကို မေမေ စံရတာပေါ့၊ သူကတော့ တွက်ခဲ့ မက်ခဲ့ပြီး ရွေးခဲ့ပေမယ့် မခံစားထိုက်တော့ ခုလို အောင်မြင်မယ့် ဖေဖေ့ကို ငြင်းမိရက်သား ဖြစ်ခဲ့တာပေါ့ မေမေရယ်၊ ကုသိုလ်ကံ မပါလို့ပေါ့ ...

ဒါပေမဲ့ ... သူ့ဘဝရှေ့ရေး သူ ကောင်းစားမယ်ထင်တဲ့သူကို ရွေးချယ်တာဟာ အပြစ်တစ်ခုမှ မဟုတ်တာ မေမေရယ်၊ သူသူကိုယ်ကိုယ် ရွေးကြမှာပါပဲ၊ အချစ်ကို မျက်စိမှိတ် ကိုးကွယ်တဲ့သူဆိုတာ နည်းမှာပါ"

www.burmeseclassic.com



"အချစ်အကြောင်း ဘာများ သေချာသိလို့ ဆွေးနွေးနေတာလဲ ရွှေရုပ်၊ အခု မေမေတို့ အပေါင်းအသင်း အသိုင်းအဝိုင်းထဲမှာ သမီးနဲ့ ခင်မင်ရင်းနှီးပြီး အဆက်အဆံရှိနေအောင် မေမေ ဖန်တီးပေးထားတဲ့ အမျိုးသားလေးတွေထဲက တစ်ယောက်ကိုသာ သမီးရွေး"

ရွှေရုပ်သည် 'မေမေ့စကားကို နားထဲဝင်နေကာ လင်းဝဏ္ဏကို ခေါင်းမညိတ်ဖြစ်သေးသည်မှာ ခုဆို နှစ်နှစ်နီးပါး။ ဖွဲကောင်းတဲ့ လင်းဝဏ္ဏကလည်း လက်လျှော့ နောက်ဆုတ်မသွား။ ခုထိ ချစ်ခွင့်ပန်ဆဲပါ။ မိဘသဘောမတူတဲ့အတွက် စိတ်ဆင်းရဲစရာ ပြဿနာတွေနှင့် ရင်ဆိုင်ခံစားရမှာမျိုးကိုလည်း ရွှေရုပ်မခံစားချင်ပါ။

ဒါကြောင့်လည်း လင်းဝဏ္ဏနှင့် တွေ့ဖြစ် ဆုံဖြစ်တဲ့ အခါတွေတိုင်း ...

"ငါ စဉ်းစားချင်သေးတယ် လင်းဝဏ်ရယ်"ဆိုတဲ့ စကားကိုသာ ရွှေရုပ် ပြောဖြစ်နေမြဲပါ။

"ကျူရှင်မတက်ဘူးလား ဒီဒီ"

ရွှေရုပ်က အနားရောက်လာတဲ့ မင်းဒီပကို ဆီးမေးလိုက်ပါသည်။ လင်းဝဏ္ဏကို အိမ်နာမည် "ဝဏ်ဝဏ်"၊ မင်းဒီပကို အိမ်နာမည် "ဒီဒီ"လို့ အိမ်မှာခေါ်ကြတယ်ဆိုတာ ရွှေရုပ်သိနေပြီဖြစ်ပါသည်။ ရွယ်တူဖြစ်တဲ့ လင်းဝဏ္ဏကိုတော့ ဝဏ်ဝဏ်လို့





ခေါ်ဖို့ နှုတ်ထွက်ခက်နေသေးကာ မင်းဒီပကိုတော့ "ဒီဒီ"လို့ ရဲရဲတင်းတင်း ခေါ်ဖြစ်ခဲ့တာတောင် ကြာပြီ။

"ပြုံးစိစိနဲ့ ကျူရှင်လစ်နေတာလားဟင်"

"ဟိုဟာပါ ... အစ်မကလည်း"

"ဘယ်ဟာလဲ"

"ဟိုကောင့်ကိစ္စရှိလို့ လိုက်ပေးတာ"

မင်းဒီပက ရှေ့နားကစားပွဲမှာ ကျန်ရစ်တဲ့ သူနှင့်အဖော်ပါလာသူကို လှမ်း၍မေးဆတ်ပြသည်။

"သူ့ကိစ္စရှိလည်း ကျူရှင်ပြီးမှ လုပ်ပေါ့ဟဲ့၊ မင်း ဒီနှစ်က ဆယ်တန်းနော် ဒီဒီ၊ ပေါ့ဆမနေနဲ့၊ တို့ လင်းဝဏ္ဏနဲ့တိုင်လိုက်မှာ"

"အာ ... မတိုင်ပါနဲ့ အစ်မကလည်း၊ ကိုကိုက မေမေ့ကို ဆက်တိုင်မှာ၊ မေမေကနေ မေဖေ၊ အိမ်မှာ ကျွန်တော်တစ်ယောက်တည်း လူဆိုးကိုဖြစ်လို့"

"မဖြစ်အောင်နေပေါ့၊ စာကြိုးစားမှပေါ့၊ လင်းဝဏ္ဏ ဆိုတာဘယ်လောက်တော်လဲ"

"အစ်မကလည်း၊ သူ့လင်းဝဏ္ဏပဲ"

ရွှေရုပ်က ပြုံးစိစိလေး ဖြစ်သွားမိကာ ...

"မင်းအစ်ကိုပဲဟာ၊ သူက တော်တာပဲဟာ၊ တော်လို့ချီးကျူးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ချီးကျူးပေါ့၊ ကျွန်တော့်ကိုတော့ မရှုတ်ချနဲ့"

"ဟိုတလောက လင်းဝဏ္ဏနဲ့ တခြားသူငယ်ချင်းတွေရော ကြေးအိုးသွားသောက်သေးတယ်၊ သူက ပြောတယ်၊ မင်းပြီးခဲ့တဲ့လက ကျူရှင်မှာ နှစ်ဘာသာကျတယ်ဆို"

"ဟာ ... ကိုကိုက လူပုံအလယ် မဆီမဆိုင် ကျွန်တော့်အကြောင်း ဘာလို့နှိမ်ချပြောရတာလဲ၊ ဒီတစ်ခါတည်းကျဖူးတာကို"

"အစ်မက မေးတာပါ ဒီဒီရယ်၊ ဒီဒီရော စာတွေရရဲ့လား၊ အခြေအနေ ဘယ်လိုလဲလို့ မေးကြည့်လို့ သူ ပြောပြတာပါ"

"လိမ်ပြောလည်း ရတာပဲ"

"ဟဲ့ ... ဘာလိမ်ပြောစရာရှိလဲ"

"မင်းဒီပရေ ... စာလုပ်နော် မောင်လေး၊ တိုးတက်ရေးတော့ ဘော်ဒါပို့ထားလိုက်တာ အတီးခံရတယ် ကြားတယ်၊ တီးပစေ၊ ဘယ်မှလဲ ထွက်လို့မရဘူး ပြီးရော၊ တစ်နှစ်တည်းနဲ့ ကျွတ်ဖို့က အရေးကြီးတယ်"

လင်းလက်က ဝင်ပြောပါသည်။

"ဟုတ် ... ဟိုတစ်နေ့က သူ ဖုန်းဆက်ပါတယ်"

"ဟင် ... ဖုန်းဆက်လို့ ရလို့လား၊ ဟိုဟိုဒီဒီကို"

"သူတို့ထဲက တစ်ယောက်က ဟဲန်းဒ်ဖုန်းခိုးပြီး မှာထားတာဆိုလား၊ သူတို့မှာ ဖုန်းရှိတယ် အစ်မရဲ့"





"ကြည့်စမ်း ... သူတို့ဆရာတွေက လုံးဝဟဲန်းဒ်ဖုန်းကိုင်ခွင့် ပေးမထားဘူး၊ ဖုန်းခိုးပြောနေကြတာပေါ့၊ အမယ်လေးရင်လေးလိုက်တာ"

မင်းဒီပက ရွှေရုပ်ဘက် ပြန်လှည့်ရင်း ...

"အစ်မ ဆိုင်ဖွင့်မလို့ဆို၊ ဖွင့်ပြီးပြီလား၊ ဟိုတလောက ကိုကို ပြောသံကြားလို့"

"ဒီလကုန်ရင် ဖွင့်မယ်၊ လင်းဝဏ္ဏက အိမ်မှာ အစ်မအကြောင်း ပြောတယ်လား"

"ဟင့်အင်း ... ကျွန်တော့်ကိုပဲ စကားစပ်လို့ပါ၊ ကျွန်တော်က အစ်မတို့ သင်တန်းတွေလည်းပြီး ဘာလုပ်နေလဲမေးလို့ ပြောပြတာပါ၊ အစ်မက ကျောက်စိမ်းနဲ့ ပတ်သက်တဲ့ဆိုင်တစ်ဆိုင် ဖွင့်မယ်တဲ့"

"(...)လမ်းမှာ၊ ဆိုင်ဖွင့်ပွဲကျရင် မင်းကိုလည်း ဖိတ်မယ်၊ လာခဲ့ဦးနော်"

မင်းဒီပက ရွှေရုပ်ရဲ့ ကြည်လင်သန့်ရှင်းပြီး နူးညံ့လှတဲ့ မျက်နှာကလေးကို စူးစူးစိုက်စိုက်ကြည့်ရင်း ခေါင်းညိတ် ...

"ဟုတ်ကဲ့ အစ်မ၊ ကိုကို့ကိုရော"

ရွှေရုပ်က မင်းဒီပကို မျက်စောင်းလေးရွယ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဖိတ်မှာပေါ့၊ မဖိတ်ဘဲ ချန်ပါ့မလား"

"အစ်မအိမ်က လူကြီးတွေ တွေ့မှာပေါ့"

"တွေ့ပစေပါလေ၊ ဘာပဲဖြစ်ဖြစ် အတူတူ ကျောင်းတက်ခဲ့ဖူးတဲ့ သူငယ်ချင်းပဲလေ"

"ကျွန်တော်ကျတော့ရော"

"မင်းကတော့ ... အင်း ... အစ်မရဲ့မောင်လေးပဲလေ၊ လာခဲ့ပါ၊ ကိစ္စမရှိပါဘူး"

"အစ်မ ဆိုင်အတွက် ဘာအကူညီပေးရဦးမလဲ"

"ဟင့်အင်း ... မလိုပါဘူး ဒီဒီ၊ လုပ်မယ့်သူတွေ ရှိပါတယ်"

"အစ်မ"

"ဟင်"

"အစ်မ ... ဟိုလေ"

"ဘာလဲ ... ပြောလေ ဒီဒီ"

"ဟို ... အစ်မကို လမ်းထဲက ဟိုတလောက ပြန်လာတဲ့ သင်္ဘောအရာရှိ ကိုစိုးထွန်းအောင် ဆိုတာ လိုက်နေတယ် မဟုတ်လား"

ရွှေရုပ်က မျက်ခုံးနှစ်ဖက်ပင့်ကာ သူမေးပုံကို အံ့ဩသွားပြီးလျှင် ရယ်ချင်စိတ် ပေါက်သွားရလျက် ရယ်သံစွက်စွက်နှင့် ...





"မင်းက ဘယ်လိုလုပ်သိလဲ"

"အာ ... အစ်မကလည်း၊ ကျွန်တော်တို့ဘက်က အင်တာနက်ဆိုင်မှာ တစ်လမ်းလုံးကကောင်တွေ ထိုင်နေကြတာပဲဟာ၊ တစ်ယောက်တစ်ပေါက်နဲ့ အားလုံးသိနေရတာပဲ၊ အဲဒီ အစ်ကိုကြီးလည်း တစ်ခါတလေ လာဆော့တာပဲ"

ရွှေရုပ်က မင်းဒီပကို မျက်စောင်းရွယ်ရင်း ...

"အဲဒါနဲ့ မင်းနဲ့ ဘာဆိုင်လို့လဲ"

"အစ်မကိုပြောမလို့ပေါ့၊ အစ်မ ... ကိုကိုကိုပဲ လက်ခံနော်၊ တခြားလူတွေ စိတ်မကူးနဲ့ အစ်မ၊ ယောက်ျားတွေဆိုတာ သိပ်ကောင်းတာတွေ မဟုတ်ဘူး၊ ကိုကိုကတော့ လူကောင်းမမရဲ့၊ ကိုကို့လို လိမ္မာ၊ စာကြိုးစားပြီး ကောင်းအောင်နေတဲ့သူ ယောက်ျားလေးထဲမှာ အရမ်းရှားတာယုံပါ အစ်မရဲ့၊ ကျွန်တော်တောင် ကိုကိုနဲ့ယှဉ်ရင် ကိုကို့လောက် မလိမ္မာဘူး၊ ကိုကိုက အစ်မကို အရမ်းချစ်တာ၊ တခြားမိန်းမဆိုတာတွေလည်း စိတ်ဝင်စားတာ မဟုတ်ဘူး"

"ဟဲ့ ... မင်းဒီပ၊ နင် တကယ်ပဲ ရှေ့နေပဲ လုပ်ပါဟယ်၊ တကတည်း ... မမောနိုင် မပန်းနိုင် သူ့အစ်ကိုအမွှန်းတင်လိုက်ရတာ"

"သူကတော့ ငါနဲ့မတွေ့လိုက်နဲ့ဟော့၊ တွေ့လိုက်တာနဲ့ သူ့အစ်ကို့ကို ခေါင်းမညိတ်သေးဘူးလားပဲ၊ ဒါပဲမေးတော့



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ လမ်းထဲတွေ့တွေ့ မြို့ထဲတွေ့တွေ့၊ ကဲ … အခု စားသောက်ဆိုင်ထဲ လာဆုံတာတောင် သူ မစားနိုင်သေးဘူး တွေ့လား၊ ဒါပဲ လာပြောနေပြန်ပြီ"

ရွှေရုပ် စကားကြောင့် မင်းဒီပက ခေါင်းမော့လှန်ရယ်လိုက်ပြီး …

"အဟားဟား … ကျွန်တော်က အစ်မတစ်ယောက်တည်းကိုပဲ မရီးတော်ချင်တာ၊ အစ်မကို ကိုကို့မိန်းမအဖြစ် စဉ်းစားလိုက်တော့ အရမ်းသဘောကျတာပဲ"

"ဟောတော်"

"ဟုတ်တယ်၊ ကိုကို့ဆီ ဖုန်းဆက်နေကျ ကိုကို့ကျောင်းက အစ်မကြီးတွေတို့၊ ကိုကို့ကို အိညောင်ကွားလားလုပ်နေတဲ့ မေမေ့မိတ်ဆွေ သမီးတွေတို့ ရှိတာပဲဟာ၊ အဲဒါတွေကို ကိုကိုသာယူရင်လို့ စဉ်းစားလိုက်ရင် ကျွန်တော်မကြိုက်ဘူး၊ စိတ်ညစ်တယ်"

"ဟဲ့ … နင် ကြိုက်ရမှာလား၊ နင့်အစ်ကို ကြိုက်ရမှာလား"

မွန်မွန်က ထုံးစံအတိုင်း အာကျယ်ကျယ် ဝင်မေးလေလျှင် …

"ကိုကို အရင်ကြိုက်ရမှာပေါ့၊ ပြီးရင် ကျွန်တော်လည်းကြိုက်ရမှာပေါ့"

"အမယ် … နင်က ဘာလို့ကြိုက်ရမှာလဲ"





"ကျွန်တော့်မရီးလေ၊ ကျွန်တော့်အစ်မနေရာကို ဝင်လာတဲ့မရီး၊ ကျွန်တော့်မှာ အစ်မမှမရှိတာ၊ ကိုကို့မိန်းမကပဲ အစ်မ ဖြစ်လာမှာလေ၊ ဒီတော့ ကျွန်တော်လည်း ကြိုက်ဖို့လိုတာပေါ့"

မွန်မွန်ရဲ့ တမင်တကာ လုပ်ထားတဲ့ အံ့အားတသင့်ကြည့်ဟန်ကို ရွှေရုပ်တို့ ပွဲကျနေကြရပါသည်။ စောင်းငန်းငန်းကြီး မော့စွေကြည့်နေတဲ့ မွန်မွန့် ပုံစံကြောင့် မင်းဒီပက နှာခေါင်းရှုံ့ပြီး ပြောင်စပ်စပ် ပိုလုပ်ပြကာ …

"ကျွန်တော်က မရွှေရုပ်ကိုပဲ ကျွန်တော့်မရီးလို့ သတ်မှတ်ထားတာ"

"သြော် … သြော် … သြော် … သြော်"

"ကဲ … ကဲ … တော်ပါတော့ ဒီဒီရယ် … နော်၊ ကိုယ့်ဟာကိုယ် စားမှာသွားစားတော့၊ အစ်မတို့လည်း ပြီးတော့မှာ"

"ဟုတ်ကဲ့"

သူ့သူငယ်ချင်း စားပွဲရှိရာ ပြန်ပြေးသွားတဲ့ မင်းဒီပကို မွန်မွန်တို့ လင်းလက်တို့က လိုက်လှည့်ကြည့်နေရင်း …

"ကောင်လေးက ချစ်စရာလေးဟ"

"ဟုတ်ပါ့၊ ငါသာဆိုရင်တော့ လင်းဝဏ္ဏကို မကြိုက်ပါဘူး၊ မင်းဒီပပဲ ကြိုက်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မွန်မွန့်ကို လင်းလက်က မျက်စောင်းထိုးကာ ...

"ဟိုက နင့်လို ဖက်တီးပုတ်ကို ကြိုက်ပါစေဦး"

"ဘာဖြစ်လဲဟဲ့၊ ဖက်တီးပုတ်လည်း အသည်းနဲ့ပဲ"

"ဘုရား ... ဘုရား၊ ဟိုကောင်လေးသိရင် နင့်ဆီတောင် ခုလို ပြေးပြေးလာတော့မှာ မဟုတ်ဘူး သိလား ရွှေရုပ်၊ အန္တရာယ်ရှိတယ်ဆိုပြီး ဝေးဝေးရှောင်ရတော့မှာ၊ ဒီကောင်လေးရှေ့ရှေး ရင်လေးမိပါရဲ့၊ သင်းကလည်း သူ့အစ်ကို ရှေ့နေလုပ်ဖို့ နင့်ဆိုင် တစ်ချိန်လုံးလာ၊ မွန်မွန်ကလည်း နင့်ဆိုင်မှာ မန်နေဂျာလုပ်မှာနဲ့တော့ ကိုက်နေတာပဲ"

ရွှေရုပ် ဖွင့်မယ့် ကျောက်စိမ်းပစ္စည်းလေးတွေရောင်းမည့်ဆိုင်မှာ မွန်မွန့်ကို ဆိုင်မန်နေဂျာ ခန့်ထားပါသည်။ လင်းလက်ကတော့ သူ့အမေ တူထောင်ထားတဲ့ သင်တန်းကျောင်းတစ်ခုမှာ နည်းပြဝင်လုပ်ရတော့မှာမို့ ရွှေရုပ်ရဲ့ဆိုင်ကို ကူညီဖို့ မအားတော့ပါ။

"ရွှေရုပ်ရယ် ... လင်းဝဏ္ဏကိုပဲ လက်ခံရင်လည်း ခံလိုက်ပါတော့၊ နင်လည်း သံယောဇဉ်ရှိတာပဲမို့လား"

"ငါ လင်းဝဏ္ဏကို သံယောဇဉ်ရှိပါတယ်၊ ဒါပေမဲ့ အရမ်းကြီး အသည်းဆတ်ဆတ်တုန်အောင် မချစ်ဘူးလားလို့ ကိုယ့်ကိုယ်ကိုယ် ထင်နေမိလို့ပါ၊ ဒါပေမဲ့ ငါစဉ်းစားသမျှ လူတွေထဲမှာတော့ သူ့အပေါ်မှာ မေတ္တာအပိုဆုံးပါ"





"သူငယ်ချင်းဘဝကနေ ပြောင်းလဲရတဲ့ ချစ်သူတွေမှာ ရုတ်တရက်ကြီး အသည်းအူ တဆတ်ဆတ် တုန်တယ်ဆိုတာမျိုး ဘယ်ရှိမလဲ ရွှေရုပ်ရဲ့၊ သံယောဇဉ်တွေပဲ နင့်သည်းခိုင်မာနေမှာပေါ့"

"အမယ်လေး ... ဒိုင်နဲ့ လူနဲ့ မလိုက်ပြန်ဘူး၊ ဒေါ်မွန်မွန်၊ နင်များ မင်းဒီပ အပေါ် သည်းအူတဆတ်ဆတ် တုန်နေသလား"

"ဟုတ်တယ်လေ၊ သူက ချစ်စရာလေးမို့ ငါက ချစ်စရာလေး ပြောတာ ဘာဖြစ်တုန်း၊ ရုပ်လေးက မလှဘဲ မျက်စိပေါက်လေးက ဘောရှည်ရှည်လေးနဲ့ ဘယ်လိုလေးမှန်းမသိတာ၊ နှုတ်ခမ်းလေးတစ်ဖက်တည်းတွန့်ပြီး ပြုံးပုံလေးကလည်း အသည်းယား ကောင်းသေးတယ်"

"မိမွန်"

လင်းလက်က အမြင်ကပ်ကတ် ဝင်အော်ဟန့်ပေမယ့် ရွှေရုပ်ကတော့ မွန်မွန့်စကားကို စိတ်ထဲကကျိတ်ပြီး ထောက်ခံနေသူပင်။ မွန်မွန် ချမ်စနိုးရှိသလို သူကိုယ်တိုင်လည်း ဒီဒိုကို ချစ်စနိုးရှိမိတာပဲလေ။ ကလေးလို ခုန်ပေါက်တစ်ဝက်၊ လူကြီးလိုစကားကြီးစကားကျယ်ပြောတစ်ဝက်နှင့် ဒီကောင်လေးဟာ တကယ်ဆော့ ခုန်ပေါက်ပိုင်း လင်းဝဏ္ဏထက်တောင် ရွှေရုပ်နှင့် ရင်းနှီးလာခဲ့တာပါ။ သံယောဇဉ် ပိုတွယ်လာဖြစ်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



လင်းဝဏ္ဏက အရွယ်ထက် ရင့်ကျက်တဲ့ လူကြီးဆန်မှုမျိုးနှင့် တည်ငြိမ်လျှက်ရှိနေရလုပါသည်။ စကားပြောရင်လည်း အရေးပါတဲ့ အဓိပ္ပာယ်ရှိတဲ့ စကားမျိုးကိုသာ ပြောတတ်သူမို့ ကိုယ်နှင့်ရွယ်တူယောကျ်ားလေးတစ်ယောက် ဖြစ်ပေမယ့် လင်းဝဏ္ဏအပေါ် ရွှေရုပ် လေးစားအထင်ကြီးမှုရှိသည်။ ယောကျ်ားကောင်းတစ်ယောက်ပဲလို့လည်း ယုံကြည်ကိုးစားမှု ရှိပါသည်။

လင်းဝဏ္ဏနှင့် မင်းဒီပက ဆန့်ကျင်ဘက်။ မင်းဒီပဟာ ရွှေရုပ်ကိုသာ ဘာအာရုံကျပြီး ချိုချိုသာသာ ဆက်ဆံတယ် မသိသော်လည်း ရပ်ကွက်ထဲလည်း ရပ်ကွက်ထဲမို့ ကျောင်းမှာလည်း ကျောင်းမှာမို့ ဂျစ်ကန်ကန် ပေတိပေကတ် မှန်တေတေ ကောင်ကလေးပါ။

အဲဒီ မှန်တေတေကြားက နှုတ်ခမ်းတစ်ဖက်တွန် ပြုံးလိုက်ရင် တကယ်ကို ချစ်ဖို့ကောင်းသွားတတ်တာပင်။ ဘယ်သူကိုမှ စကားကြောတင် မခံဘဲ ရန်လိုတဲ့ ကောင်ကလေးဟာ ရွှေရုပ်ကိုတော့ သူ့အစ်မရင်းအလား ဘာပြောပြော ခေါင်းငုံ့ခံပြ ရယ်ကျဲကျဲလေးနှင့် နေတတ်တာ။

"ဘာပဲဖြစ်ဖြစ်ဟယ်၊ မတ်တော်ရမယ့်သူက ကိုယ့်ကို လောက်လိုလားတာ၊ သူ့အစ်မရင်းလိုကို ချစ်ခင်နေပုံမျိုးဟဲ့၊ လက်သာခံလိုက်တော့ လင်းဝဏ္ဏကို"

ရွှေရုပ်က သက်ပြင်းလေးတစ်ချက် ရှိုက်ရင်း





"လင်းဝဏ္ဏကလည်း ငါ့ကိုချစ်ပါရဲ့၊ လူကောင်းလည်းမှန်ပါရဲ့၊ မတ်တော်ရမယ့် ဒီဒီကလည်း တကယ့်ကိုလိုလားပါရဲ့၊ ဒါပေမဲ့ လင်းဝဏ္ဏအမေကလည်း အဓိကကျသေးတာဟဲ့၊ လင်းဝဏ္ဏအမေက ငါ့ကို သဘောမကျဘူး"

"ဟင်"

"အေးလေ ... နင့်ကိုများ ဘာသဘောမကျတာလဲ သူက၊ နင်က ဒီလောက် အဘက်ဘက်က ပြည့်စုံလျှံထွက်နေတာ၊ ရုပ်ချော သဘောကောင်း၊ သူ့သားက လုပ်မကျွေးဘဲ ပျင်းလို့ အိပ်နေတောင်မှ စားဝတ်နေရေး မပူရ သုံးမကုန် ဖြုန်းမကုန် ချမ်းသာတဲ့ သူဌေးသမီးလေ"

"အကြောင်းရှိတာပေါ့ဟယ်"

"ဘာအကြောင်းလဲ"

"ငါ့အမေက သူ့ကို အမြင်ကတ်သလို သူကလည်း ငါ့အမေကို မျက်နှာကြော မတည့်ဘူး"

"ဘာဖြစ်လို့လဲ၊ အဆက်အဆံ အခင်အမင်လည်း မရှိဘဲနဲ့"

"တက္ကသိုလ်တုန်းကတည်းက တစ်ယောက်ကို တစ်ယောက် ကြည့်မရကြတာ"

"ဒါလေးများဟယ်၊ ရန်ဖြစ်ဖက်သတ်ထားတာ မဟုတ်ရင် ပြီးတာပဲ"

အဲသလောက် လွယ်လွယ်နှင့် မပြီးတာ ရွှေရုပ်သိနေပါသည်။ လင်းဝဏ္ဏဟာ လိမ်ညာတတ်တဲ့သူ မဟုတ်။ သူ့မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာကိုက ညှာမရအောင် အမှန်တွေ ထင်ဟပ်ပေါ်လွင်နေတတ်တဲ့ မျက်နှာ။ ကြိုးစားလိုးလွဲပြောလိုက်လည်း ရွှေရုပ်က ချက်ချင်းရိပ်မိကာ အစ်မေး ဆောက်စစ်လိုက်လျှင် အမှန်ပေါ်လာမြဲ။

လင်း၀ဏ္ဏမေမေ ဒေါ်ခင်လေးသီဟာ တစ်ချိန်က သူ့ အမြင့်မှန်း ရွေးချယ်ခဲ့တာရဲ့ အလွဲအမှားကို သူ့ဟာသူ မလုံမလဲ ဖြစ်နေပြီး ဒါကို အဖတ်ဆယ် ကာကွယ်ဖုံးအုပ်တဲ့အနေနဲ့ ရွှေရုပ်ကို မလိုလားဘူးလို့ ကြွေးကြော်နေတာမျိုးပဲ ဖြစ်မယ်ဟု ရွှေရုပ် ထင်သည်။

မေမေ့ကို မကြည်ရအောင်ကလည်း သူ မရွေးချယ် ပစ်ပယ်ခဲ့တဲ့သူကို မေးမက လက်ခံလိုက်တာပါ။ သူ့ထံမှလုပ်ယူ တာမျိုးလည်း ဟုတ်မှမဟုတ်တာ။ သို့ပေမဲ့ အဲဒီတုန်းက လူတကာ သိခဲ့တဲ့ သူ့ရဲ့အမြင့်မှန်း ရွေးချယ်မှုအတွက် သူ့ဟာသူ ကသိကအောက်ဖြစ်နေတာ။ အချစ်စိတ် တစ်ခုတည်းနဲ့ (သူပယ်ခဲ့တဲ့သူ) ဖေဖေ့ကို ရွေးချယ်ခဲ့တဲ့ မေမေက မမျှော်လင့်ဘဲ ဟိုးမိုးမြင့်ဘုံဖျားရောက်နေတာကိုလည်း အခံရခက်နေတာ။

မနှာလိုတာထက် ရှက်နေတာမျိုးလို့ ရွှေရုပ်ထင်ပါသည်။ သူ့ရဲ့ရွှေရုပ်ကို ခါးသီးမှုက အကြောင်းပြချက်လည်းမခိုင်လုံ၊ အဓိပ္ပာယ်လည်းမရှိ။ သူ့သားတောင် နားမလည်။ ရွှေရုပ်ကသာ မေမေ့ထံက သိရလို့ နားလည်နိုင်နေတာ။ လင်း၀ဏ္ဏကတော့ ဘာမှမသိတာ။

"တခြားရော နင် ချစ်နိုင်တဲ့သူ ရှိလို့လား"





"ဟင့်အင်း"

"လင်း၀ဏ္ဏကို လက်ခံလိုက်ပါဟယ်၊ ငါတို့သူငယ်ချင်းလည်းဖြစ်တော့ ငါတို့လည်း သဘောကျတယ်"

"ငါလည်း လက်ခံဖို့တော့ စဉ်းစားကြည့်နေပါတယ် ဒါပေမဲ့ ငါတို့အသက်က ခုမှ နှစ်ဆယ့်တန်းထဲမှာ၊ အရမ်းလောဖို့မှ မလိုတာ"

ရွှေရုပ်က ခပ်လှမ်းလှမ်းစားပွဲမှာ ကော်ဖြေကိုဂ်တစ်ပွဲကို ပလုပ်ပလောင်း စားနေတဲ့ မင်းဒီပကို သဘောတကျ လှမ်းကြည့်ရင်း ပြုံးလိုက်မိကာ စားပွဲထိုးကို ငွေရှင်းဖို့ လှမ်းခေါ်လိုက်ပါသည်။

"ရှင်းမယ်၊ ဟိုဝိုင်းက ကောင်လေးနှစ်ယောက် မှာထားတာပါ ထည့်တွက်"

ငွေရှင်းပြီး ရွှေရုပ်တို့ ထွက်အလာမှာ မင်းဒီပတ်စားပွဲနားက ဖြတ်ပြီးထွက်ကြရပါသည်။

"ဒီဒီ … အစ်မ ပိုက်ဆံရှင်းခဲ့ပြီးပြီ"

"ဟုတ်လား … ဒီလိုမှန်းသိ အများကြီး မှာထားပါတယ် ဟား ဟား … ကျေးဇူးပဲ မရီး"

ရွှေရုပ်က သင်းကလေးကို ချစ်စနိုး မျက်စောင်းတိုးမိပါသည်။

❦ ❧ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၃

“ဝဏ်ဝဏ်”

“ဗျာ ... မေမေ”

ထမင်းဝိုင်းမှာ ဖေဖေမပါပါ။ ဖေဖေက ဒီနေ့နောက်ကျမှာမို့ ညနေစာကို စားနှင့်ကြတာဖြစ်သည်။ ထမင်းစားပွဲမှာ ဣန္ဒြေရရ လူလူသူသူ ထိုင်စားနေတာက မေမေနှင့် လင်းဝဏ္ဏသာ။ မင်းဒီပက ထမင်းစားနှင့် ဧည့်ခန်းကိုကူးတဲ့ နေရာနားက သီးသန့် နှစ်ယောက်ထိုင် ဆိုဖာကြီးပေါ်မှာ လက်ရန်းတစ်ဖက်ကိုကျောမှီ၊ နောက်လက်ရန်းတစ်ဖက်ပေါ် ခြေဆန့်တင်ပြီး ပန်းကန်ထဲပုံထားတဲ့ ထမင်းနှင့်ဟင်းကို ဇွန်းနှင့်ခပ်စားနေပြီး မျက်စိက ဧည့်ခန်းက တီဗီဆီမှာပါ။

တီဗီမှာ သူကြိုက်တဲ့ Lost ဆီးရီးလာနေ၍ ထမင်းစားပွဲမှာ ထိုင်မစားနိုင်။



“မေမေ ဒီနေ့ မြို့ထဲကနေ တက္ကစီနဲ့အပြန် '......'လမ်းပေါ်မှာ မင်းနဲ့ ဟိုမိန်းကလေး ရွှေရုပ်နဲ့ လမ်းဖြတ်ကူးနေတာ တွေ့ခဲ့တယ်”

“ဟား ဟား ... ဗရာဇိုကွ၊ တို့ကိုကိုကွ၊ မရိုးနဲ့ ကြည်ပြီပေါ့၊ ဟား ဟား”

“ဟိုကောင်လေး ပါးစပ်ကို ပိတ်ထားစမ်း”

“မေမေကလည်း”

“ဘာမှ ဝင်မပြောနဲ့၊ ထမင်းမြန်မြန်စား၊ စာသွားကျက်၊ ကိုယ့်အကြောင်း ကိုယ်သိ၊ မင်း ဒီနှစ်မှ ဆယ်တန်းမအောင်ရင်တော့ ငါ လုံးဝခွင့်လွှတ်လိမ့်မယ် မထင်နဲ့ ဒီဒီ”

မင်းဒီပ မျက်နှာကို ရှုပုတ်ပြီး ထမင်းကိုပဲ တဆတ်ဆတ် ဖိဝါးနေလိုက်ပါသည်။

“မင်းကို ရွှေရုပ်နဲ့ သဘောမတူဘူးလို့ မေမေ ပြောပြီးသားနော် ဝဏ်ဝဏ်”

“မေမေ”

“ပြော”

“ရွှေရုပ်က ဘာများ အပြစ်ပြောစရာရှိနေလို့လဲ မေမေရယ်၊ သူတို့အိမ်က သဘောမတူဘူးဆိုရင် ဟုတ်တုတ်တုတ်၊ မေမေကပါဝင်ပြီး သဘောမတူဘူး ဖြစ်နေတာတော့ သား စဉ်းစားလို့ကို မရဘူး”

www.burmeseclassic.com

www.burmeseclassic.com



"မစဉ်းစားနဲ့၊ သဘောမတူဘူး၊ ဒါပဲ မှတ်ထားလိုက်"

"မေမေ ... သား ရွှေရုပ်ကိုချစ်တယ်"

"မင်းဟာမင်း ချစ်ချစ် မချစ်ချစ် ငါ ဘာမှမပြောလိုဘူး၊ ယူတာတော့ မယူရဘူး လုံးဝပဲ"

"ဘာဖြစ်လို့လဲ မေမေ"

"သူ့ကိုလည်း ကြည့်မရဘူး၊ သူ့အမေကိုလည်း ပိုကြည့်မရဘူး"

"ရွှေရုပ်က ဒီလောက် သဘောဖြူအူစင်း သိမ်မွေ့ယဉ်ကျေးတာ"

"မှန်တယ် ကိုကို"

"ဟိုအငယ်ကောင် ... ပါးစပ်ပေါက်ကို ပိတ်ထားလို့ ငါပြောနေတာ၊ လူကြီးကိစ္စ နင် ဝင်မပါနဲ့"

"ရွှေရုပ်အမေနဲ့လည်း ကြည့်မရရအောင် ဘာပြဿနာမှလဲ မယ်မယ်ရရ ဖြစ်ဖူးတာ မဟုတ်ဘဲနဲ့ မေမေရယ်"

"ဘာပဲဖြစ်ဖြစ်ပါ၊ ရှေးရေစက်ပဲ၊ သူ့ကို ချွေးမတော်ဖို့ စိတ်ကူးကြည့်လို့ကို မရဘူး၊ ဒါပဲ"

"မေမေ ... မေမေ့ချွေးမက မေမေ့ထက် လှနေမှာမို့လို့ မဟုတ်လား"

"ဒီဒီနော် ... တော်တော့၊ နင် အခုတီဗီပိတ်တော့"





"Lost လာနေတာကို"

"အဲဒီလောက်ကို ဆယ်တန်းစာမေးပွဲမှာ မမေးဘူး"

"ခဏလေးပါ မေမေကလည်း၊ ပြီးတော့မှာပါ၊ သားဝင်မပြောတော့ပါဘူး"

"ဒါဖြင့် ပါးစပ်အပြီးပိတ်"

ဒေါ်ခင်လေးသီက မျက်နှာချင်းဆိုင် ထိုင်နေတဲ့ သင်းစုလွှာကို ပြန်စိုက်ကြည့်လိုက်ရင်း ...

"ဝဏ်ဝဏ် ... မင်းနဲ့ ဒီကောင်မလေး ချစ်နေပြီလား"

"မချစ်နေသေးပါဘူး"

"သူက အဖြေမပေးဘူးပေါ့"

"ဟုတ်ကဲ့"

"ဒါများ မင်းက အရှက်မရှိ ဆက်ပြီးချစ်ခွင့်ပန်တုန်းပဲလားဟင်"

"အစ်မက မေမေ သဘောမတူတာ သိလို့ပေါ့"

"ဟိုကောင်"

"ဆောရီး"

"မေမေ ... ရွှေရုပ်က သားအပေါ် သံယောဇဉ်ရှိပါတယ်၊ ချစ်ပုံလည်း ရပါတယ်၊ ခေါင်းသာမညိတ်သေးတာပါ၊ မညိတ်သေးတာကလည်း အမေနှစ်ယောက်ကြောင့်ပါမေမေ၊ သူ့အမေက မကြည်ဖြူတာကတော့ သူတို့နဲ့ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



အဆင့်အတန်း ကွာခြားတယ် အဲဒါကြောင့်၊ မေ့မေက မကြည်ဖြူတာကျတော့ ...”

“ဘုန်း”

ဒေါ်ခင်လေးသိက ထမင်းစားပွဲကို ဘုန်းခနဲမြည်အောင် လက်ဝါးနှင့် ပုတ်ချလိုက်ပြီး ...

“မေမေလည်း ဒါပဲလေ၊ သူတို့က သူတို့လောက် မပြည့်စုံဘူး မရှိဘူးဆိုပြီး မတူမတန်သဘောမျိုးထားမှာ သေချာလို့ကို မေမေလည်း သဘောမတူတာ၊ သူတို့ပဲ မာန်မာနရှိတာလား၊ မေမေ့မှာလည်း ကိုယ့်မာန်နဲ့ ကိုယ့်မာနနဲ့ပဲ၊ သူ့အမေ သဘောမတူတာကိုတော့ မင်းက အပြစ်မမြင်ဘဲ ငါသဘောမတူတာကိုတော့ အပြစ်မြင်တဲ့ သဘောလား ဝက်ဝက်”

“ဘာသဘောမှ မဟုတ်ဘူး မေမေ၊ သား ရွှေရုပ်ကိုချစ်လို့ ရွှေရုပ်ကိုပဲ လက်ထပ်ချင်တယ်၊ အဲဒါပဲ”

“နှစ်ဖက်လုံးကမှ သဘောမတူတာ”

“အဲဒါကြောင့် မေမေသာ မကန့်ကွက်ရင် သားတို့တစ်ဖက်ကိုပဲ ရင်ဆိုင်ရမှာပါ၊ ဒါကြောင့် မေမေ လျှော့ပေးပါ၊ သား တောင်းပန်တာပါ”

“ဘာ ... ငါကပဲ လျှော့ရမယ်၊ သူတို့ကတော့ မလျှော့ဘူး ဒီလိုလား”





“မေ့မေ ... သား ခုချိန်ထိ မိဘကို လုံးဝစိတ်ဆင်းရဲအောင် မလုပ်ခဲ့ဖူးတဲ့ သားလိမ္မာပါ၊ မိဘစကားကိုလည်း ဘာတစ်ခုမှ မပယ်ရှားခဲ့ပါဘူး၊ ခုဟာက ဖေဖေလည်း ဘာမှမပြောဘူး၊ မခါးသီးဘူး၊ မေမေကပဲ ကန့်ကွက်နေတာ၊ ဒီတစ်ခု သားကို လိုက်လျောပေးပါ မေမေ၊ သဘောတူပေးပါ၊ ရွှေရုပ် အခြေမပေးဘဲ တွေဝေနေတာ အဓိက မေမေ့ကြောင့်ပါ၊ မေမေသာ သဘောတူတယ်ဆိုရင် သူ့အမေ သဘောမတူတာတောင်မှ ရွှေရုပ်က သားကို ခေါင်းညိတ်တော့မယ့် အနေအထားပါ”

“သူ့အမေတောင် သူ့သမီးကို မလိုက်လျောနိုင်တာ၊ ငါလည်း မင်းကို မလိုက်လျောနိုင်ဘူး လင်းဝဏ္ဏ၊ တော်ပြီ၊ ဘာမှဆက်မပြောနဲ့၊ ဟိုကောင် မင်းဒီပ၊ တီဒီပိတ်၊ စာသွားကျက်တော့”

❣ ✽ ❣

ကန်တော်ကြီးရေပြင်ကို ဖြတ်သန်းတိုက်ခတ်နေသော ညနေခင်း လေအေးကလေးက ရွှေရုပ်ရဲ့ ခွေနွယ်သော ဆံခလေးများကို ကဗျာဆန်ဆန် လှုပ်ရှားဆော့ကစားနေစေပါသည်။ ရွှေရုပ်က ပါးပြင်ပေါ်က ဆံပင်နွယ်လေးတချို့ကို လက်ချောင်းလေးများနှင့် သပ်ယူကာ နားနောက်ညှပ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com


"ရယ်စရာတောင် ကောင်းနေပြီ လင်းဝဏ်ရယ်"

ရွှေရုပ်ရဲ့ ပြုံးမဲ့မဲ့ရုပ်ကလေးကို လင်းဝဏ္ဏက အားတုံ့အားနာ တမြဲတမီး စိုက်ကြည့်ရင်း ...

"ငါ့အမေကလည်း ဘာတွေခါးသီးနေမှန်း မသိပါဘူးဟာ၊ နင့်ကို ငါ တောင်းပန်ပါတယ်၊ ငါ စိတ်မကောင်းပါဘူး"

"နင့်အမေ ဘာကြောင့် ဒီလောက် ခါးသီးတယ်ဆိုတာကို နင် ပွင့်ပွင့်လင်းလင်း ဖွင့်မေးကြည့်ပါလား"

ရွှေရုပ်က စိတ်ပေါက်ပေါက် အောင့်သက်သက်နှင့် ပြောလျှင် ...

"မေမေက နင်တို့ဘက်က အဆင့်အတန်း မတူဘူးဆိုပြီး သဘောမတူမှာကို ကြိုသိလို့ သူ့လည်း သူ့မာနနဲ့သူ ငါလည်းသဘောမတူနိုင်ပါဘူး လုပ်နေတာမျိုးပါ ရွှေရုပ်ရယ်၊ ငါတို့က နင်တို့လောက် မပြည့်စုံတော့ အတင်းသဘောတူရမှာကိုတောင် နင်တို့ဂုဏ်ဒြပ်တွေကိုပဲ မက်လို့လား၊ ပတ်ဝန်းကျင်က မြင်မှာမျိုး မေမေက ရှက်တယ်နဲ့တူပါတယ်ဟာ"

"သေချာလို့လား လင်းဝဏ်ရယ်"

"ဟုတ်ပါတယ်၊ မေမေကိုယ်တိုင် အဲသလိုပဲ ပြောတာ" 

အင်း ...။



လင်းဝဏ္ဏဟာ သူ့အမေနှင့် ရွှေရုပ်မိဘတို့ရဲ့နောက်ကြောင်းကို ဘာမှမသိတာ သေချာနေပါပြီ။ သူ့အမေက ပြောသလောက်ကိုပဲ ရိုးရိုးသားသား အဟုတ်ထင်နေရှာသူပါ။ ဒီလိုကိစ္စမျိုးကို ရွှေရုပ်ကလည်း ဘယ်လိုလုပ်ပြီး နှုတ်ကဖွင့်ပြောထွက်နိုင်ပါမလဲ။

"အဲဒီတော့ နင်တို့ဘက်ကသာ သဘောတူရင် မေမေက ဘာမှပြောစရာမှာ မဟုတ်ပါဘူးဟ"

"အဲဒါက နင့်အထင်လေ"

ရွှေရုပ်သည် ဒီနေ့ နက်ဖြန် ဆိုသလိုပဲ ဆရာဝန်ဖြစ်တော့မည်။ ဖိုင်နယ်ပါထ်ဝမ်းစာမေးပွဲတောင် ဖြေဆိုပြီးဖြစ်သည့် လင်းဝဏ္ဏရဲ့ ရိုးစင်းဖြူစင်လှတဲ့ အတွေးတို့ကြောင့် သူ့ကို အထင်ကြီးရမလား အထင်သေးရမလား မတွေးတတ်နိုင်အောင်သာ ငေးမောနေမိတော့သည်။

သူ့စိတ်ဖြူစင်သန့်ရှင်းသလောက် ပတ်ဝန်းကျင်ကလူသားအားလုံးကိုလည်း သူ့လိုပဲ အားလုံး ဖြူဖြူစင်စင် ရှိကြမည်လို့ အမြဲခံထင်တတ်သူ။ သူ့အမေကိုဆိုတော့ ပိုတောင် အထင်မလွဲနိုင်ဘူးပေါ့။ စိတ်ကောင်းရှိလှတာကို အမှတ်ပေးခြင်းနှင့် တစ်ပြိုင်နက်မှာ အကောင်းအဆိုး အဘက်ဘက်ကမျှ မတွေးဘဲ အကောင်းကြီးပဲ မြင်နေတတ်တာဟာလည်း အားနည်းချက်တစ်မျိုးလားလို့ စဉ်းဖျက်ရသည်။


www.burmeseclassic.com

www.burmeseclassic.com



လင်းဝဏ္ဏအမေ ဒေါ်ခင်လေးသိဟာ ရွှေရုပ်ကို အမြဲမ်တစ်နေရာရာမှာ ကြုံဆုံလျှင် နှုတ်လည်းမဆက် ဖြူးလည်းမပြုပါ။ ဆယ်တန်းတုန်းကတော့ လင်းဝဏ္ဏသူငယ်ချင်းတွေအားလုံးနှင့် ရောနှော၍ နှုတ်ဆက်တာ စကားပြောဆိုတာမျိုးတွေရှိခဲ့သည်။ ပြီးတော့ သူ့ဒွေးသမီးလေးရယ်လို့လည်း သိနေတာကြောင့် ဖော်ဖော်ရွေရွေ ရှိခဲ့ပါရဲ့။

ခုတော့ နောက်ပိုင်းမှာ ဘယ်သူ့သမီးဆိုတာ သေချာဂန သိသွားတာရယ်၊ လင်းဝဏ္ဏက မေတ္တာရှိနေပြီလို့ သိသွားတာရယ်ကြောင့် ရွှေရုပ်ကို အပြင်မှာတွေ့ရင် မျက်နှာတင်းတင်းနှင့် မခေါ်ပါ။ သို့ပေမဲ့ ဟိုးတလော်က မင်္ဂလာဆောင်တစ်ခုမှာ သူတို့သားအမိက တူတူလာ၊ ရွှေရုပ်က သူငယ်ချင်းတွေနှင့်လာကာ ဆုံမိကြတော့ ...

"မေမေ မှတ်မိလား၊ ဒါ ရွှေရုပ်၊ ဒါက မွန်မွန်၊ ဒါက လှိုင်းလက်လေ"

သူ့သားက ဟန်မပျက် မိတ်ဆက်ပေးတဲ့အခါ ဒေါ်ခင်လေးသိက မွန်မွန်တို့ကိုပင် သိပ်ဂရုမထား ရွှေရုပ်ကိုသာ ပြုံးပြရင်း ...

"သြော် ... အေး၊ သမီးနဲ့ မတွေ့တာတောင် ကြာပြီနော်"

ဒါဟာ မယုတ်မလွန် နှုတ်ဆက်စကားမျိုး။ လင်းဝဏ္ဏက ဒီလိုပဲ ထင်ပေမယ့် ရွှေရုပ်ကတော့ ကြာလှအောင် မတွေ့တာ





မဟုတ်ဘဲ အမှတ်မထင် ဆုံဆုံနေရက်က မခေါ်မပြော မပြုံးပြနိုင်ခဲ့ ဒေါ်ခင်လေးသိ သူ့သားရှေ့မှာ ယဉ်ကျေးမှုယ်ရာ ပြသွားတာယ်ရယ်လို့ပဲ တစ်ယောက်တည်း ကျိတ်နားလည်လိုက်ရပါသည်။

ဒါကို သူ့သားဖြစ်သူ လင်းဝဏ္ဏကို ထုတ်ပြောလို့ကောင်းပါ့မလား။ သူ့အမေ အတင်းစကားဆိုရာ မကျဘူးလား။ လူရိုးကြီးက အိမ်ကျ သူ့အမေကို ဝူးဝူးဝါးဝါး ပြန်လုပ်နေရင် သူ့အမေကတော့ "ဟုတ်ပါတယ် သားရယ်"လို့ ဝန်ခံပါ့မလား။ သူကတစ်မျိုးပြော၊ ရွှေရုပ်က တစ်မျိုးပြောနှင့် သူ့သားလည်း ဘာကိုယုံရမည်မသိအောင် ဖြစ်ဖို့သာရှိသည်။

"ရွှေရုပ်"

"အင်း"

"ငါ့ကို ခေါင်းညိတ်ပါတော့ ရွှေရုပ်ရယ်"

ရွှေရုပ်က အပြုံးကလေးနှင့် ...

"နင်ကလည်းနော်၊ အဖြေပေးပါတော့လို့တောင် မပြောဘူး၊ ခေါင်းညိတ်ပါတော့တဲ့၊ ပိုင်လိုက်တာနော်"

"ငါတို့ ဒီလောက်တောင် သံယောဇဉ်တွေ ကြီးနေကြပြီးသားပဲလေ၊ နင် ခေါင်းခါမှာတော့ ဘယ်ဖြစ်နိုင်ပါ့မလဲ"

သြော် ... ဒီလောက်တောင် ရိုးမှဲ့ လူရိုးကြီးရယ်။ တခြားအကြောင်း တစ်မျိုးမျိုးနှင့်ရော ခေါင်းခါလို့ မရဘူးသား။



www.burmeseclassic.com

www.burmeseclassic.com



"လင်းဝဏ်"

"ပြောလေ ရွှေရုပ်"

"ဘယ်ဘက်ကမှ အလျှော့မပေးဘူး၊ လုံးဝသဘောမတူကြဘူးဆိုတဲ့ အခြေအနေပဲ ဆက်ဖြစ်နေမယ်ဆိုရင်ရော၊ နင်ဘာလုပ်မလဲ"

"... ... ..."

လင်းဝဏ္ဏက မြေပြင်ကို ရှုံ့ဖိနပ်အညိုရောင်ရဲ့ထိပ်ဦးနှင့် တို့ထိုကာ စဉ်းစားရကျပ်-ဖြေရခက်နေပုံရပါသည်။ နံ့သာဖျော့ရောင်ရှပ်လက်တို၊ ညိုနက်ရောင် စတိုင်လ်ဘောင်းဘီထူပွအိနှင့် လင်းဝဏ္ဏပုံစံက ဆရာဝန်မဖြစ်သေးခင်ကပင် ဆရာဝန်ရုပ်အပီအပြင် ပေါက်နေပါသည်။

သူ့ရုပ်ဟာ တည်ကြည်ဖြောင့်မတ် ရိုးသားဣန္ဒြေရလျက် ဘယ်တုန်းကမှ မကောင်းမှု မတော်မတရား မပြုခဲ့ဖူးတာနောင်ကိုလည်း ပြုမူမည့်သူ မဟုတ်တာ ပေါ်လွင်နေသည်။ ဒီလိုမဟုတ်ရင်တောင် လုပ်မည့်သူ မဟုတ်ဘူးလို့ ထင်ရသည်ပေါ့လေ။ ရှယ်တူယောက်ျားတွေထဲမှာတော့ မြတ်နိုးလေးစားဖို့ အကောင်းဆုံးသူသာပါ။

ရွှေရုပ် လင်းဝဏ္ဏကို ခေါင်းညိတ်လိုပါသည်။ ကိုယ်ကလည်း သူ့အပေါ်ချစ်၊ သူကလည်း ကိုယ့်အပေါ်ချစ်တာကိုယ် ယုံကြည်ပြီး သူ့ကို အိမ်ထောင်ပြုလိုက်ပြီးလျှင် ကိုယ့်ကို





တစ်သက်လုံး စိတ်ဆင်းရဲစေမှာ မဟုတ်တဲ့ လူမျိုးလို့လည်း အဘက်ဘက်က စိတ်ချနိုင်ပါသည်။

"တကယ်လို့များ ငါတို့နှစ်ယောက် ခိုးပြေးမှပဲ ပေါင်းရနိုင်တယ်ဆိုရင် နင် ခိုးပြေးနိုင်လို့လား"

လင်းဝဏ္ဏက ရွှေရုပ်ကို စိတ်အိုက်သလို အားနာသလို လေးကြည့်ရင်း ...

"ရွှေရုပ် ... နင့်ကို ငါက တန်ဖိုးထားတဲ့သူပါဟာ၊ ငါ့အတွက် မဟုတ်ပါဘူး၊ နင့်အတွက်၊ နင့်ကိုယောက်ျားနောက်လိုက်ပြေးပြီး အိမ်ထောင်ကျရတဲ့ သတို့သမီးမဖြစ်စေချင်ဘူး"

"နင်မဖြစ်စေချင်တော့ရော၊ အေးအေးချမ်းချမ်းသဘောတူလာနိုင်မယ့် အရိပ်အယောင် ရှိတာမို့လို့လား လင်းဝဏ်"

"ငါ ကြိုးစား ..."

"နင် ဘာမှမကြိုးစားနိုင်ပါဘူး၊ ခုကိုပဲ ကြည့်လေ၊ ဟိုးတစ်ရက်က နင် ငါ့ဆီလာတာ နင့်အမေ သိသွားဟယ်၊ နင့်ကို ဆူပူကြိမ်းမောင်းတယ်၊ အခု စာမေးပွဲပြီးတဲ့ရက်လေး နင် အပြင်ထွက်ချင်ပါတယ် ဆိုတာတောင် ဆရာဝန်ဖြစ်ခါနီး သားရင့်မကြီးကို တစ်ယောက်တည်း လွှတ်ပေးလိုက်လို့လား၊ ဒီဒီကို ထည့်လိုက်တယ် မဟုတ်လား၊ ဒီဒီက ငါတို့ချိန်းတွေ့တာကို တကောက်ကောက် ပါလာ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ငါ ယုံတောင် မယုံနိုင်ဘူး နင့်အဲ့မေကို။ ဒီအရွယ် သားကို တစ်ယောက်တည်း မလွှတ်ဘူး မယုံဘူးလို့ ချုပ်ချယ်နိုင်တာ၊ ဒီလောက်လည်း ယုံလိမ္မာတဲ့သားကိုလေ ! ဟင် ! ငါ အရမ်း အံ့သြတာ"

"မေမေ ဘယ်လိုပဲ ဒီဒီကို ထည့်ထည့်လေ၊ ဒီဒီက ငါတို့ လူပဲ၊ ငါတို့ ချိန်းတွေ့လို့ရတယ်၊ ဒါက အရေးကြီးတာ မဟုတ်လား၊ လိုရင်းက ဒါပဲမဟုတ်လား ရွှေရုပ်ရယ်"

"မဟုတ်ဘူး"

ရွှေရုပ်က ခေါင်းလေးဖြည်းဖြည်း ယမ်းလိုက်ရင်း နောက်ဘက်ခပ်လှမ်းလှမ်းကို လှည့်ကြည့်လိုက်ပါသည်။ ကား နောက်ခန်းထဲမှာလှဲအိပ်ပြီး ခြေနှစ်ဖက်ကို ကားပြတင်းပေါက်က ထုတ်ထားတဲ့ ဒီဒီရဲ့ဝေါ့ကင်းရှူးကြီး ခြေဖဝါးကို မြင်နေရပါသည်။

"အဲဒါက လိုရင်းဆိုပေမယ့် နင့်အမေ အလွယ်လေးနဲ့ စိတ်မလျှော့ဘူး ဆိုတာ အဲဒါနဲ့ပြနေတာပဲ။ ဒီအရွယ် ယောကျ်ားလေးတစ်ယောက်ကို ပိတ်လှောင်ထားလို့ရလို့ လား၊ နင်ကတော့ ပိတ်လှောင်ထားလည်း အခန်းထဲကနေ ငါ့ဆီ ဖုန်းလေးနဲ့ပဲဆက်ပြီး အဖြေတောင်းနေဦးမယ့်လူစား မျိုးပဲ လင်းဝက်၊ နင့်အတွက်က ငါ့ရဲ့ချစ်တယ်ဆိုတဲ့ အဖြေရဖို့တစ်ခုပဲ အရေးကြီးနေတာ ...



ဒီရဲ့ရှေ့ကိုဆက်ပြီး နင် စဉ်းစားကြည့်ထားရဲ့လား၊ ချစ်ကြပြီးရင် ပြီးပြီလား၊ နင် ငါ့ကို လက်ထပ်ယူဖို့အထိ လောက်တော့ ရည်ရွယ်တယ်မို့လား"

"မေးပုံလိုလား ရွှေရုပ်ရယ်၊ ငါ လက်ထပ်မယ့် မိန်းမက လောကမှာ နင်တစ်ယောက်တည်းပါ"

"လက်ထပ်ရအောင် နင့်အမေကို နင် ဆန့်ကျင်ရဲလို့လား"

"... ..."

"သဘောတူလာမှာပါ၊ စိတ်လျှော့လာမှာပါလို့ချည်း နင် ပြောမနေနဲ့၊ လုံးဝသဘောမတူတော့ဘူးဆိုတဲ့ ဘက်က စဉ်းစား၊ နင့်အမေကို ဆန့်ကျင်ပြီး နင် ရှတ်ရှေ့တိုးရဲလို့ လား"

"ရှေ့တိုးရဲပါတယ်"

"အမယ်လေး ... ဖြေသံက ချိုနဲ့လိုက်တာ လင်းဝက်ရယ်၊ အားမတက်တဲ့အပြင် ရှိနှင့်တဲ့အားတွေတောင် ယုတ်တယ်၊ နင် ငါ့ကို တကျိကျိ အဖြေတောင်းနေမယ့်အစား နင့်ကိုယ် နင် အရင် ပြတ်ပြတ်ဆုံးဖြတ်ဦးဟာ"

ရွှေရုပ်က စိတ်ပျက်ပျက်နှင့် ကားဆီ အရင်ထွက် လာပါသည်။ သူတို့ညီအစ်ကို ရွှေရုပ်ရဲ့ဆိုင်ကို ရောက်လာပြီး ကားပြောဖို့ ခေါ်ထုတ်တာမို့ သူတို့ကားနှင့်ပဲ လိုက်ပါလာတာ။

"ဒီဒီ ... ပျင်းနေပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"မရီး … ပြီးပြီလား၊ မြန်လိုက်တာ၊ ကျွန်တော် မပျင်းပါဘူး၊ ကာတွန်းဖတ်နေတာ … ဟဲ ဟဲ"

"ကြည့်စမ်း … စာများ ကျက်နေလားလို့"

"အား … အစ်မကလည်း၊ အပြင်ထွက်တာတောင် ကျောင်းစာအုပ် ယူလာရမလား"

"စာမေးပွဲနီးပြီလေ ဒီဒီ၊ မင်းအမေ မင်းကို ထည့်လိုက်တာကိုက အံ့သြစရာကောင်းတာ။ ခုချိန်က အချိန်တိုင်းနီးပါး စာကျက်နေရတော့မှာ။ မင်း ပြီးခဲ့တဲ့နှစ်ကလည်း ကျခဲ့ပြီးပြီလေ ဒီဒီ၊ ဒီနှစ်တော့ အောင်အောင်ကြိုးစားပါ မောင်လေးရယ်၊ အချိန်က ဘာမှရှိတော့တာ မဟုတ်ဘူး"

"မရီး"

"ဘာလဲ"

"ကိုယ့်မရီးမို့ တိုးတိုးပြောဦးမယ်၊ ကျွန်တော် ဒီနှစ်လည်း မအောင်ဘူးဗျ"

"ဟဲ့ … ဖွ … ဖွ၊ လွဲပါစေ၊ နင် ဒီလိုပြောစရာလား ဒီဒီ၊ အောင်ရမှာပေါ့၊ အချိန်တွေ ရှိသေးတာပဲဟာကို"

"ဟင် … ခုနကပဲ အချိန်က မရှိတော့ဘူး၊ ခုပဲ အချိန်တွေ ရှိတယ်၊ မရီးရဲ့စကားက ဘယ်ဟာကို အတည်ယူရမှာလဲ"

"မင်း ပြောင်ချော်ချော် လာလုပ်မနေနဲ့၊ အချိန်မရှိတော့ဘူး ဆိုတာက အချိန်လုပြီး ကြိုးစားတော့လို့ ဆိုလိုတာ





အချိန်တွေ ရှိသေးတယ် ဆိုတာက မမီတော့ဘူးထင်ပြီး စိတ်ဓာတ်ကျနေမှာစိုးလို့ ပြောတာ၊ နှစ်ခုစလုံးက အခြေအနေနှစ်မျိုးအတွက် အမှန်ချည်းပဲ"

"သြော် … သြော်"

"ကဲ … ပြန်မယ် … ပြန်မယ်"

"ဟာ … မရီးကလည်း၊ နေပါဦး၊ ကာတွန်းတောင်မပြီးသေးဘူး၊ ခဏလေး ရှိသေးတာ၊ ကိုကိုကကော"

မင်းဒီပက နောက်ခန်းက လူးလိမ့်ထပြီး နောက်က ဖြည်းဖြည်း လျှောက်လာတဲ့ အစ်ကို့ကို လှမ်းကြည့်လိုက်ပါသည်။

အစ်ကို့ကိုကြည့်ပြီး သူ့မျက်နှာကို ရှုံ့တွပစ်မိကာ ကားပေါ်ကဆင်းရင်း …

"ကိုကို"

"အင်း"

"ကျွန်တော်တောင် ငိုချင်လာပြီ"

"ဘာဖြစ်လို့လဲ"

"ကိုကို့ရုပ်ကြီးက အီးပိတ်လွန်းလို့၊ ကြံရာမရတဲ့ရုပ်ကြီး၊ နှစ်ယောက်လုံးကို ကြည့်ရတာ အဖြေတစ်ခုခုထွက်ပြီး ဆုံးဖြတ်ချက် တစ်ခုခုချပြီးတဲ့ရုပ်ကို မဟုတ်ဘူး၊ နှစ်ယောက်လုံး လေနေတဲ့ရုပ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ်က မင်းဒီပ မှီရပ်နေတဲ့ ကားနံဘေးကို သူ့ပါ ဝင်မှီယှဉ်ရပ်ရင်း ...

"ဒီဒီ ... မင်းအစ်ကိုက သတ္တိမရှိပါဘူးဟာ"

"ဟာ ... ကိုကိုကလည်းဗျာ၊ အောက်တယ်ဗျာ"

"နှစ်ဖက်လုံးက လုံးဝကို သဘောမတူတာ သေချာရင် ခိုးပြေးဖို့ သတ္တိရှိရဲ့လား၊ ရင်ဆိုင်ရဲရဲ့လားဆိုတော့ အဖြေ ထွက်မလာတော့ဘူး၊ ကဲ ... ဒီဒီ ပြန်စို့၊ မင်းအစ်ကို့ကို အိမ်ကျမှ ချော့မေးတော့"

"ရွှေရုပ်"

ကားတံခါးဖွင့် ဝင်ထိုင်တော့မည့်ဟန်ပြင်သည့် ရွှေရုပ် ရဲ့လက်ဖျားလေးတစ်ဖက်ကို လင်းဝဏ္ဏက ဆွဲယူဆုပ်ကိုင်ထား လိုက်ရင်း ...

"ကိုယ် စဉ်းစားတဲ့အခါတိုင်း ရွှေရုပ်အတွက်ကို အမြဲရှေ့ တန်းတင် စဉ်းစားပါတယ် ရွှေရုပ်ရယ်၊ ခိုးပြေးပြီး အငြိုငြင် ခံပြီး ပြုရတဲ့ အိမ်ထောင်နဲ့ ရွှေရုပ်နဲ့ မထိုက်တန်ပါဘူး ရွှေရုပ်ကို မျက်နှာမငယ်စေချင်တာပါ၊ အဲဒါ ငါ့စေတနာ ငါ့မေတ္တာပါ"

"ကဲ ... ဒါဖြင့် ခိုးမပြေးဘဲ ပေါင်းရနိုင်အောင် ကြိုးစားနိုင် လို့လား။ သဘောတူလာအောင် နင် ဖျောင်းဖျနိုင်လို့လား ဂျာအေး သူ့အမေရိုက်နေပြီ၊ နင် ငါ့ကို လက်ကောက်ဝတ် ချင်ရဲ့လား"





မင်းဒီပက လင်းဝဏ္ဏဘက် ဆတ်ခနဲ လှည့်ကြည့် လိုက်ရင်း ...

"ကိုကို ... မေမေက ဘယ်လိုမှ လက်ခံလာမှာ မဟုတ် တာ ကိုကို သိသားနဲ့"

"ဒါတော့ ကြိုးစားကြည့်ရဦးမှာပေါ့ ဒီဒီရာ"

"အာ ... ကြိုးစားလာတာ ဘယ်နှနှစ်ရှိပြီလဲ၊ ကျွန်တော် သိတာတော့ ကိုကို မရီးကို့စပြီး ပရိုပို့စ်လုပ်တာ ကျွန်တော် ရှစ်တန်းနှစ်တစ်ဝက်လောက်က၊ အဲဒီရှေ့က ရစ်သီရစ်သီ လုပ်နေတာတွေ ထည့်မတွက်နဲ့တော့၊ စ,ဖွင့် ပြောတာကို ပြောတာ၊ ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်း၊ ဒုတိယဆယ် တန်း"

မင်းဒီပ လက်ချိုးရေတွက်နေတဲ့ အထဲက "ဒုတိယ ဆယ်တန်း"ဆိုတဲ့ နေရာရောက်လျှင် ရွှေရုပ်က အမြင်ကတ်သော မျက်စောင်းနှင့် မင်းဒီပ လက်မောင်းကို ဖတ်ခနဲ ရိုက်ပစ်မိပါသည်။ ဒုတိယဆယ်တန်းရယ်လို့ပဲ။ စာကိုမကြိုးစားတဲ့ကောင်လေး။ အစ်ကို ဖြစ်သူ ဒီလောက်စာတော်တာနှင့်များ တခြားစီပဲ။

"ဘာလဲ ... မရီးကလည်း"

"နင် ဒီတစ်နှစ် ထပ်မအောင်ရင်ပေါ့ ငါနဲ့အတွေ့ပဲ ဒီဒီ၊ ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



လင်းဝဏ္ဏက သူ့ချစ်သူနှင့် သူ့ညီရဲ့ ရင်းနှီးချစ်ကြည်ပုံကို ပြုံးပြီး ကြည့်နေပါသည်။ ကိုယ်ကတော့ ဒီဒီလို ရှူးသလို ပေါသလို ကလေးကလား မဆက်ဆံတတ်ပါ။

"နေပါဦး ... မရီးကလည်း၊ ဦးတည်ချက် ပျောက်လိုက်တာ၊ လေးနှစ် လေးမိုး၊ အဲဒီ လေးနှစ် လေးမိုးအတွင်း မေမေက နမ်းတစ်စီစာတောင် ပျော့ပျောင်းလာလို့လား၊ ပိုပိုတောင် ဆိုးဝါးတင်းကျပ်လာတာ မဟုတ်လား"

"မင်းကလည်းကွာ၊ ရွှေရုပ်ကို အားနာစရာ"

"ဒါ အားနာနေလို့မှ မရတာ၊ အခြေအနေမှန်ကို အပြန်အလှန် သိကြမှဖြစ်မှာပေါ့ ကိုကိုရ၊ အစ်မစိတ်ထဲ မေမေက ခဏနေရင်တော့ ပျော့ပျောင်းလာကောင်းပါရဲ့လို့ မျှော်လင့်ထားမိနေရင် အဖြေထုတ်တဲ့အခါမှာ ပေးချက်တွေ ဆင်ခြင်ချက်တွေ အမှားတွေနဲ့ ထုတ်မိရက်သား ဖြစ်နေမှာပေါ့"

"ဟုတ်တယ် ဒီဒီ၊ အမှန်ကိုပဲ သိချင်တယ်၊ အမှန်ကိုပဲ စဉ်းစားပြီး ကိုယ် ဘယ်လိုရှေ့ဆက်မယ်ကို စဉ်းစားချင်တယ်၊ မင်းအစ်ကိုက အဖြေရတဲ့နေ့မှာတင် အခြေအနေတွေကို ရပ်တန့်ထားလိုက်မလို ဖြစ်နေတယ်"

"ကိုကို မှားတာပေါ့"

"ဟုတ်ကောင်"





"ကိုကို မှားတယ်လေ"

"ကျွတ်၊ ဟုတ်ကောင် ... ကိုယ့်ကာတွန်း ကိုယ်ဖတ်နေကွာ"

"မရီးပြောတာ ဟုတ်တာပေါ့၊ ကိုကို သတ္တိရှိဖို့လိုတယ်၊ ခုကိစ္စက နိုးကိုပြေးရမယ်၊ နိုးပြေးမှကို ရမယ်၊ ကိုကိုနိုးပြေးမှ မရီးနဲ့ပေါင်းရမှာ၊ ကျွန်တော်သာဆိုရင် မရီးကို နိုးပြေးမယ်၊ နိုးပြေးဆို ဒီနေ့လိုနေ့မျိုးပဲ တစ်ခါတည်းဆွဲပြေးသွားမယ်"

"ဟုတ်ကောင် ... မင်းကတော့"

ရွှေရုပ်က မင်းဒီပကို မျက်စောင်းရွယ်ပြီး ကြည့်ရင်းက ပြုံးချင်စိတ် မအောင့်နိုင်ဘဲ ပြုံးစိစိလေး ဖြစ်သွားမိပါသည်။ နှုတ်တရွတ်ရွတ်ရဲတင်းမယ့် မင်းဒီပရဲ့မျက်နှာကလေးကို တစိမ့်စိမ့် ငေးကြည့်နေမိပါသည်။ တစ္ဆတ်ထိုးဆန်မယ်ဆိုပေမယ့်လည်းပဲ မှန်မှန်များများ အရေဖြတ်စခုထွက်တဲ့ အထိတော့ သတ္တိရှိရှိရှေ့တိုးသွားမယ့် ကောင်ကလေးမျိုးပါ။

သူ့အဖြေက မှားသွားရင်တောင် ညည်းညူစိတ်ပျက်နေမယ့် လူစားမျိုးလေး မဟုတ်ဘဲ အဖြေမှန်တစ်ခုရတဲ့အထိ မရကော ကြိုးစားဖြေရှင်းသွားမယ့် လူငယ်လေး။

အင်းပေါ့လေ ...။

လူဆိုတာတော့ တစ်ယောက်တစ်မျိုး အားနည်းချက် အားသာချက်တွေနှင့်ပေါ့။ ဂျစ်ကန်ကန် ပေကတ်ကတ် ရန်များများ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားမှုကမရှိ၊ အပျင်းကကြီးပြီး စာကလည်းညံ့ထားလိုက်သေးတဲ့ ဒီကောင်ကလေးရဲ့ အားနည်းချက်တွေကလည်း နည်းတာမှမဟုတ်ဘဲ။

ဒါပေမဲ့ ...။ "ကျွန်တော်သာဆိုရင် မရီးကို ခိုးပြေးမယ်"ဆိုတဲ့ တက်ကြွအသက်ဝင်လှတဲ့ အသံလေးတစ်ခုက ရွှေရုပ်ရင်ထဲမှာ ပဲ့တင်ရိုက်ခတ်နေသလိုဖြစ်ကာ လင်းဝဏ္ဏ ဒီလိုသတ္တိမျိုးမရှိဘဲ မပြတ်မသား ဖြစ်နေတာကို ဝမ်းနည်းနှမြောတဲ့ခံစားချက်က နှင့်သည်းလာပါသည်။

"ကိုကို့ကိုလည်း ပြောထားတယ်နော်၊ ကျွန်တော် မရီးကိုလည်း ပြောထားတယ်၊ ကျွန်တော် ဒီမရီးကလွဲရင် ဘယ်မိန်းမကိုမှ မရီးမတော်နိုင်ဘူး၊ ဒါပဲ၊ နောင်တစ်ချိန် ကိုကို တခြားမိန်းမ တစ်ယောက်ယောက်ကိုများ ယူသွားရင် ကျွန်တော်ကတော့ သူ့ကို ချစ်မှာလည်း မဟုတ်ဘူး၊ ခင်မှာလည်း ဟုတ်ဘူး၊ မရီးလို့လည်း အသိအမှတ်ပြုမှာမဟုတ်ဘူး ... ဒါပဲ"

ရွှေရုပ်က မင်းဒီပကို ခပ်ငေးငေး စိုက်ကြည့်နေမိပါသည်။

"ကဲ ... ကိုကို"

"... ... ..."

"ကိုကို ... တစ်ခုခု ပြောလိုက်လေ"





ရွှေရုပ်က ဝဲရစ်တဲ့မျက်ရည်ကို မျက်တောင်ပုတ်ခတ်ချင်းရင်း ...

"တော်ပြီ ဒီဒီ၊ ပြန်ကြစို့"

ရွှေရုပ်က ကားတံခါးကိုဖွင့်၍ ဝင်ထိုင်လိုက်ပါသည်။

"ကိုကို"

စိတ်ရှုပ်သွားတဲ့ လင်းဝဏ္ဏက မင်းဒီပကို မျက်မှောင်ကြုတ်ကုတ်နှင့် ကြည့်လိုက်ပြီး ...

"တော်ပြီ ဒီဒီ၊ မင်း ငယ်ပါသေးတယ်ကွာ"

"ငယ်တာနဲ့ မဆိုင်ဘူးလေ၊ ဒါက ..."

"ဟော့ကောင် ... တက်တော့"

မင်းဒီပက ပေကတ်ကတ်လုပ်ကာ အစ်ကို့ကို ဂျစ်ကန်ကန်ကြည့်နေပါသည်။ လင်းဝဏ္ဏက ကားရှေ့ကပတ်ကာ မောင်းသူဘက်နေရာမှာ ဝင်ထိုင်ပြီး စက်နှိုးလိုက်တဲ့အထိ မင်းဒီပက ကားပေါ်မတက်။ ရွှေရုပ်က သက်ပြင်းတစ်ချက် ရှိုက်ရင်းကားထဲက ခေါင်းထွက်ပြီး ငုံ့ကြည့်ကာ ...

"ဒီဒီ့ တက်လေ၊ မင်း ဒီမှာ ညထိဆက်ရပ်နေလို့လည်း မင်းအစ်ကို အဖြေမထွက်ပါဘူး"

မင်းဒီပက နောက်ခန်းထဲ ဝုန်းခနဲ ပစ်ဝင်ထိုင်ကာ တံခါးကို ဒုန်းခနဲ ဆောင့်ပိတ်ပစ်လိုက်ပါသည်။

❦ ❧ ❦



www.burmeseclassic.com

www.burmeseclassic.com



၄

ညဘက် ဆိုင်ပိတ်ချိန်နားနီးနေပြီ ဖြစ်ပေမယ့် စင်
တီးမှာထဲမှာက ဈေးဝယ်တွေ များနေဆဲပါ။ ရုံးက အလုပ်ခွင်
က ပြန်ရောက်ပြီးမှ ဈေးဝယ်ထွက်ကြရသူတို့ဟာ ခုနစ်နာရီခွဲ
ရှစ်နာရီ၊ ရှစ်နာရီခွဲတို့မှာ ဈေးဝယ်လို့ ကောင်းနေဆဲပါ။

ရွှေရုပ်က ဈေးဝယ်လှည်းကိုတွန်းရင် တစ်ဖက်ထန်
အချိုးထဲ ချိုးကွေ့ဝင်လိုက်ပါသည်။ သူ့ကျောက်တွင်းရှိရာသ
သုံးလေးရက် ခရီးထွက်ဖို့ရှိတဲ့ ဖေဖေ့အတွက် ဟိုမှာစားဖို့သောက်
ဖို့တွေ ဝယ်ခြမ်းထည့်ပေးရမှာပါ။

ဖေဖေ့သုံးလေးငါးရက်စာဟာ သူများတစ်လစာ
ပါ၊ ရှိနိုင်ပါသည်။ ဖေဖေက သူကိုယ်တိုင်လည်း အားပါးတ
စားတတ်သူ၊ ဘေးမှာရှိတဲ့ လက်သင့်ရာလူကိုလည်း ဖောဖောသီ
မျှဝေကျွေးတတ်သူ။





"ဆောရီး"

"ဆောရီး"

ချိုကိုပိုင်ဘူးပေါ် လက်နှစ်ခု အပြိုင်ဆုံသွားရတာမို့
ရွှေရုပ်ကလည်း ဆောရီးဆိုကာ လက်ရုပ်လိုက်သလို တစ်ဖက်က
လည်း ဆောရီးဆိုကာ လက်ရုပ်သွားပြီးတဲ့နောက် နှစ်ဦး အပြန်
အလှန် အပြုံးနှင့်ကြည့်လိုက်မိကြတဲ့အခါ ...

"သြော်"

"သြော်"

"သြော်" သံကလည်း နှစ်ယောက်ဆင်တူ။ ဒါပေမဲ့
"သြော်" ချင်းတူသော်လည်း လေယူလေသိမ်းချင်း မတူပါ။ ရွှေရုပ်
ရဲ့ "သြော်" က အန့်ညဲ့ငယ် စိတ်ပျက်သွားတဲ့လေသံ။ တစ်ဖက်က
အော်ခင်လေးသီရဲ့ "သြော်" ကတော့ "လက်စသတ်တော့ မင်းကိုး"
ဆိုတဲ့ လေသံမျိုးပါ။

ရွှေရုပ်က မျက်နှာလွှဲလိုက်ပြီး အများကြီးရှိတဲ့
ချိုကိုပိုင်ဘူးတွေထဲက တစ်ဘူးကို နောက်တစ်ကြိမ် ဆွမ်းယူလိုက်
ပါသည်။ သူက မလိုလား၍ ကိုယ်ကလည်း နှုတ်မဆက်ချင်စော့
သော်လည်း မျက်နှာထားကိုတော့ လူကြီးသူမအပေါ် တင်းသွား
ထန်သွားမိမှာတော့ စိုးရိမ်လေရာ ပြုံးလည်းမပြုံးချိုလိုတာနှင့်
ဘယ်လိုနေရမှန်း မသိဘဲ အီလည်လည် ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမို့ မာရ်ရေကျောရေ လုပ်သွားတာယ်လို့ လင်းဝဏ္ဏတို့ ညီအစ်ကိုထံသို့လည်း စကားပြန်မရောက်စေလိုပါ။ ဒီတော့ ခပ်သွက်သွက်လေးပဲ လှည်းကိုတွန်းကာ ဒေါခင်လေးသီရေ့က အသာခေါင်းငုံ့၍ ဆက်ထွက်လာခဲ့ပါသည်။

ဘယ်လိုရေစက်ပါလိမ့်။ သူ့သားကို လိုချင်ရင် သူ့အမေကို မျက်နှာချိုတော့ ဆွေးသင့်သည် မှန်သော်လည်း အရင်က ကြိုးစားခဲ့ပြီးပါပြီ။ သူက တစ်ဖက်သတ် မာကျောတင်းထန်နေတုန်း ကိုယ်က ပြုံးပြရယ်ပြဖို့ နှုတ်ဆက်နိုင်ဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ဖူးတာ ဘယ်နနှစ်များတောင်လဲ။ နှစ်နှစ်ကျော်လောက်အောင် ဘယ်လိုမှ လိုက်ပေါင်းလို့ မျက်နှာသာရဖို့ မလွယ်ကူဘူးဆိုတာ သေချာပြီးတော့မှ ရွှေရုပ်ကလည်းရင်းနှီးမှု တည်ဆောက်ဖို့ မကြိုးစားတော့တာပါ။

ကိုယ်လည်း မမြင်သလိုယောင်ဆောင်၊ မျက်နှာလွှဲပြီး နေနေလိုက်ရတော့တာပါ။ ရင်နာဖို့တော့ ကောင်းလှသည်။ ကိုယ့်လိုမိန်းကလေးကို သဘောမတူဘူး ဆိုတာကို အံ့ဩမိတာပါ။ အနည်းဆုံးတော့ ငွေမက်ပြီးတော့ပဲဖြစ်ဖြစ် သဘောတူပေးလိုက်မယ်ထင်တာ။ တစ်ဦးတည်းသောသမီး ရွှေရုပ်ခံစားစံစားရမယ့် အမွေအနှစ်ဆိုတာတွေက စာရင်းတွက်ကြည့်ဖို့တောင် ခက်ခက်ပဲမဟုတ်လား။





တစ်ချိန်က အဘွားအချက်နှင့် ရွေးချယ်ခဲ့ဖူးသော်လည်း ခုတော့ အဲဒီအကြောင်းကို သိခဲ့သူတွေနှင့် ခမည်းခမက်တော်ချင်စိတ်က ပိုနေ၍ တွက်ချက်ဖို့ပင် စိတ်မကူးတော့ပုံရပါသည်။ ဒါ့အပြင် မေမေ့ကို ကြည့်လို့ကိုမရတာလည်း ပါမှာပင်။ ဒါ့အပြင် အောင့်သက်သက် အခံရခက်ကာ မနာလိုတာလည်းပါချင်ပါမှာပင်လို့ မရဲတရဲ စွပ်စွဲရတော့မှာပေါ့။

"ရွှေရုပ် မဟုတ်လား"

"ရှင်"

ရုတ်တရက် နောက်ကပေါ်လာတဲ့ အသံကြောင့် လှည်းတွန်းပြီး ခပ်သုတ်သုတ်သွားနေတဲ့ ရွှေရုပ်မှာ လန့်တောင်သွားရပါသည်။ ဒါ လင်းဝဏ္ဏအမေပဲလေ။ ရွှေရုပ် မဟုတ်လားမေးရအောင် မမှတ်မိလောက်တာလည်း မဟုတ်ဘဲနှင့်။ ရွှေရုပ်ကခြေလှမ်းရပ်၍ ငဲ့ကြည့်လိုက်ရကာ ...

"ရှင်"

"ရွှေရုပ်နဲ့ တူပါတယ်လို့ ကြည့်နေတာ"

ဪ ...။ ဟုတ်လား။

စိတ်ထဲက အငေါ်တူးလိုက်သော်လည်း နှုတ်ကတော့ ...

"ရွှေရုပ်ပါ အန်တီ၊ ဟုတ်ပါတယ်၊ ရွှေရုပ်က အန်တီများ မမှတ်မိဘူးလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သေသေချာချာလည်း မဆုံဖြစ်ကြဘူး မဟုတ်လား"

"ဟုတ်ကဲ့"

စိတ်လိုလက်ရ ရုတ်တရက် ထ,သဘောတူကာ စကားရောဖွဲရော လာလုပ်နေတာတော့ လုံးဝမဖြစ်နိုင်တာမို့ ရွှေရုပ်က အေးစက်စက်အပြုံးနှင့် ဒေါ်ခင်လေးသီရဲ့မျက်နှာကို သတိနှင့် အကဲခတ် စိုက်ကြည့်နေပါသည်။

အင်း ...။ လင်းဝဏ္ဏနှင့် မင်းဒီပတို့ရဲ့အမေ ဖြစ်မပေမယ့် အားမနာတမ်း ပြောရရင် သူ့သားတွေရဲ့မျက်ဝန်းများမှာ ထင်ဟပ်နေတဲ့ ရိုးသားဖြူစင်တဲ့ အရိပ်အရောင်တို့ဟာ အဖေဘက်က ပါလာတာလို့သာ ယုံကြည်ရတော့တာပင်။ ဒေါ်ခင်လေးသီရဲ့ဥပဓိရုပ်ဟာ မစင်ကြယ်ပါ။

မိန်းမလှတစ်ယောက် အသက်ကြီးလာတော့လည်း အနည်းငယ် ရင့်ရော်တာကလွဲရင် လှကြီးလှနှင့် လှမြဲလှဆဲဖြစ်သေးတာပင်။ ဒါပေမဲ့ သူ့မျက်နှာလှလှမှာ အသက်အရွယ်နှင့် လိုက်ဖက်ညီတဲ့ တည်ငြိမ်သော ကျက်သရေရှိမနေပါ။ ကိုယ့်အမေအရွယ်ပဲမို့ အားနာရပေမယ့် အမှန်တိုင်း ဝေဖန်ရရင် ဒေါ်ခင်လေးသီဟာ သူရှိနေတဲ့ အဆင့်လောက် အဆင့်မမြင့်ပါ။

သူ့ခင်ပွန်းဟာလည်း လခုလည်းမနည်းတဲ့ စီနီယာအင်ဂျင်နီယာချုပ်။ ပုဂ္ဂလိကဆောက်လုပ်ရေးမို့ ငွေရလမ်းတွေကလည်း ကြွယ်ကြွယ်လို့ ကြားဖူးရာ ဓင်ငွေနည်းမှာ မဟုတ်သူ



ပါ။ ပြည့်ပြည့်စုံစုံ လျှံလျှံပယ်ပယ်တော့ နေနိုင်တယ်ဆိုတာ သုံ့တို့ဝတ်စားသုံးစွဲပုံ၊ စီးတဲ့ကား စံသဖြင့်တို့ကို ကြည့်ရင် ခန့်မှန်းနိုင်တာပဲ။

သူဟာ သူရှိနေတဲ့အဆင့်ထက် အောက်ကိုရောက်နေသည့် အမျိုးသမီးကြီးပါ။ ဒီအမျိုးသမီးကြီးမျိုးက လင်းဝဏ္ဏနဲ့ မင်းဒီပကို မွေးထားသည်ဆိုတာ အံ့သြရပါဘိတော့။ လင်းဝဏ္ဏကို ချစ်မိလျှင်တော့ ဒီအမျိုးသမီးကြီးကို ယောက္ခမတော်ရမည့် အနေအထားကို ရောက်ပြီပေါ့။

ဘုရား ... ဘုရား ...။

"ဝဏ်ဝဏ်နဲ့ တွေ့ဖြစ်သေးလား"

ညာလို့မဖြစ်လေရာ ...

"ဟုတ်ကဲ့၊ တစ်ခါတစ်ရံတော့ တွေ့ပါတယ် အန်တီ"

"ဒါဖြင့် ဝဏ်ဝဏ် ပြောသေးလား"

"ဘာကိုပါလဲ အန်တီ"

"သူ စေ့စပ်တော့မှာလေ"

"ရှင်"

ဖျက်ချင်းပဲ မဟုတ်တာကို လာပြီးတမင်ပြောနေတာမှန်း သိပေမယ့် အဲသလို လာပြောတယ်ဆိုတဲ့ အပြုအမူကို အံ့အားသင့်ပြီး ငိုင်စိုက်သွားမိခဲ့ရာ ...

"အံ့သြသွားမှာပဲ ... ဟင်း ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ်က စိတ်ကိုလျှော့ရင်း ...

"ဟုတ်ကဲ့ ... လင်းဝဏ်က မပြောမှုးတော့ အံ့ဩသွားပါတယ် အန်တီ"

"နောက်တော့ ပြောမှာပါ၊ အတိအကျ ဖြစ်ရင်တော့ ဖိတ်စာတို့ ဘာတို့နဲ့ စေ့စပ်ပွဲ လုပ်ဦးမှာပေါ့၊ အဲဒီကျ သူ့သူငယ်ချင်းတွေ သူ မဖိတ်ဘဲ ဘယ်ချန်ရစ်မလဲ၊ ဖိတ်မှာပါ၊ အခုကတော့ ရက်အတိအကျ မထွက်သေးလို့ပါ သမီးရဲ့"

ဘုရား ... ဘုရား။ လူကိုကြောခြောလေး ပြောနေလိုက်ပုံများ အသည်းအူတွေ ယားကျိကျိရှိလိုက်တာ။

"ဆောက်လုပ်ရေးလုပ်ငန်းရှင် တစ်ယောက် သမီးပါပဲ၊ အန်ကယ်နဲ့ လုပ်ငန်းချင်း ဆက်စပ်မှုရှိတာပေါ့လေ၊ ကောင်မလေးကလည်း ဒေါက်တာပဲလေ၊ အန်တီတို့ လူကြီးချင်းကတော့ စီစဉ်ဘာကြာပါပြီ၊ ဒါပေမဲ့ လူငယ်တွေကတော့ သိတယ်မဟုတ်လား၊ ထွေလီကာလီလုပ်ပြီး ငြင်းနေတာပေါ့၊ ဒါပေမဲ့လည်း ကြာတော့လည်း သံယောဇဉ်ရှိသွားကြတာပါပဲလေ၊ ခုတော့ နှစ်ယောက်လုံးလည်း မခွဲတမ်းတက်နေကြတာ ပြီးတော့မှာဆိုတော့ စေ့စပ်ပေးတော့မှာလေ၊ ဒါပြီး ဟောက်စ်ဆင်းလိုက်ပြီးရင် လက်ထပ်ဖို့ အနေတော်ပဲ မဟုတ်လား"





"ဟုတ်ကဲ့"

"သြော် ... ဝဏ်ဝဏ်က သူငယ်ချင်းတွေတောင် မပြောသေးဘူးကိုး"

ပြောစရာလား။ ဟုတ်မှမဟုတ်တာ။ အန်တီ့မျက်နှာကြည့်ပြီး ဒါလိမ်ဆင်ကြီးဆိုတာ ကျွန်မတောင် သိနေတာပါဟာ။ စိတ်ထဲက ရန်တွေ့ပစ်မိသော်လည်း ...

"ဟုတ်ကဲ့ ... သိပ်မသေချာသေးလို့ မပြောသေးဘူးလည်း ဖြစ်ရင်ဖြစ်မှာပါ အန်တီ"

"ဘယ့်နှယ် မသေချာရမလဲ၊ သေချာနေပြီ၊ ရွှေရုပ်တို့လည်း ကိုယ့်သူငယ်ချင်း ပိုင်းထိန်းပေးကြ၊ မင်္ဂလာရှိခါနီးဆိုရင် အနှောင့်အယှက် အဖျက်အဆီးက ဝင်တတ်တယ်၊ ဝဏ်ဝဏ့်ကိုတော့ သိတဲ့အတိုင်းပဲ၊ ကောင်မလေးတွေကလည်း အတင်းလိုက်ကြတော့ ပိုင်းကြည့်ပေးကြပါဦး၊ မကောင်းတဲ့ အနှောင့်အယှက် မရှိအောင်"

ဗျို ...။

ရွှေရုပ်က တစ်ဖက်လှည့်ပြီး ပါးစပ်ကို လက်ဝါးနှင့်အုပ်ကာ နှာချေချင်ယောင်ဆောင်၍ စက္ကန့်ပိုင်းလောက် ပြုံးစိကလေးလုပ်မိပြီးမှ ...

"ဟုတ်ကဲ့ပါ အန်တီ၊ မင်းဝဏ်က လိမ္မာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လိမ္မာလွန်းတော့ အ,တယ်ကွယ်၊ သူများဆွဲဆောင်ရာ နောက် ပါသွားမှာကို စိုးရိမ်ရတာ"

ဘုရားရေ ...။

စောင်းမြောင်းပြီး တည့်တည့်ကြီး ပြောထွက်လိုက်တာ ရှုးများနေလားတောင် ထင်ရပါတယ်။

"အန်တီက စိစဉ်ထားတဲ့သူနဲ့ကလွဲရင် ဘယ်သူနဲ့မှ ..."

"မေမေ"

ရုတ်တရက် ဒေါ်ခင်လေးသီက လန့်သွားသလို နှုတ်ပိတ်သွားပါသည်။ အတန်းတစ်တန်းရဲ့ ကွေ့ချိုးထိပ်နားမို့ အဲဒီကွေ့ချိုးထောင့်မှာ ဘွားခနဲ ပေါ်လာတဲ့ မင်းဒီပက ရှုံ့မဲ့သော မျက်နှာဝနှင့် ...

"မေမေ ဘာတွေ လျှောက်ပြောနေတာလဲ"

ဒေါ်ခင်လေးသီက ဘေးကစင်ပေါ်မှ ဆပ်ပြာတစ်တုံးကို သူ့ခြင်းထဲသို့ ဖျောက်ခနဲ ပစ်ထည့်လိုက်ရင်း ...

"ကဲ ... သွားဦးမယ် ရွှေရှပ်ရေ့၊ ဝယ်ဦး ... ဝယ်ဦး၊ ဟဲ့ ဒီဒီ၊ လာခဲ့စမ်း၊ မင်း ရှုံမ့်ပူယူမလို့ဆို၊ လိုက်ရွေး"

"မေမေ ဘာတွေပြောနေတာလဲ၊ ဟိုဘက်ထောင့်နားကနေ ကြားနေရတာ မေမေ့အသံနဲ့ တူလိုက်တာလို့၊ နောက်တော့ ကိုကို့နာမည်ကပါလာ၊ ဟား ... ဘာတွေများ လျှောက် ပြောသွားတာလဲ"





ဒေါ်ခင်လေးသီက မင်းဒီပ စကားကို နားမထောင်ဆက်ထွက်သွားပြီမို့ မင်းဒီပက ရွှေရှပ်ဘက်ပဲလှည့်ပြီး စကား အဆုံးသတ်လိုက်ရပါသည်။ ရွှေရှပ်က နှုတ်ခမ်းစေ့စေ့လေး ပြုံးရင်း ...

"ဝဏ်ဝဏ် စေ့စပ်တော့မယ်ဆိုတာပါ ဒီဒီရယ်"

"ဘယ်ကဟုတ်ရမှာလဲ၊ ကိုကိုကလည်း ငြင်းတယ်၊ ဟို အစ်မကလည်း ငြင်းတယ်၊ ဖြစ်ကိုမဖြစ်တော့တာ၊ အမေတွေပဲ တက်ကြွနေတာ"

"အဟင်းဟင်း၊ ဒီဒီတို့အမေလည်း သနားပါတယ်လေ၊ သူ စီစဉ်တာ မင်းဝဏ်က မလိုက်နာတော့ အောင့်သက်သက်နဲ့ စိတ်တွေတိုနေမှာပေါ့လေ၊ တို့နဲ့တွေ့တော့ ဒေါသတွေပွင့်ထွက်သွားတယ် နေမှာပေါ့လေ"

"အစ်မနဲ့ ဘာဆိုင်လို့လဲ၊ ဟုတ်တာတွေလည်း မဟုတ်ဘူး၊ မေမေတော့ တကယ်မလွယ်ဘူးပဲ၊ မရီးက အဟုတ်ယုံမနေနဲ့ဦးနော်"

"မဟုတ်တာ သိပါတယ် ဒီဒီရယ်"

ရွှေရှပ်က လှည်းတွန်းထွက်လာတာမို့ မင်းဒီပက ကပ်ပါလာရင်း ...

"ကိုကိုနဲ့ မရီးရဲ့ဇာတ်က အလွန့်အကျွံကို များနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရေစုန်မျောသွားရင် ကောင်းပါတယ် ဒီဒီရယ်၊ မဖြစ်နိုင်ဘူး ထင်ပါတယ်၊ မင်းဝဏ်ကို နားချလို့မရရင်တော့ တို့ပဲ ချစ်သူတစ်ယောက် ကောက်ရှာလိုက်ရမယ် ထင်တယ်"

"မရီး"

လှည်းကို ရှေ့ကတွန်းပြီး ပိတ်ရပ်လိုက်တဲ့ မင်းဒီ ကြောင့် ရွှေရုပ် ရှေ့ဆက်မတွန်းနိုင်ဘဲ ခြေစုံရပ်လိုက်ရပါသည် ရင်ထဲက ဝမ်းနည်းနာကျင်မှုကြောင့် မျက်နှာက ပျက်နေသည်

"အဲသလို မလုပ်လိုက်ပါနဲ့။ ကိုကို ရင်ကွဲရလိမ့်မယ် ကိုကို့ကိုပဲ သစ္စာရှိရှိချစ်ပြီး အားလုံးကို ကြဲကြဲခံ ရင်ဆိုင် လိုက်ပါ အစ်မရယ်"

"ဘာအတွက်လဲ"

"ဘာအတွက်ရမလဲ၊ ချစ်တဲ့သူချင်း ပေါင်းရဖို့ပေါ့ဗျ"

"ပေါင်းရလို့ တို့ကာယကံရှင်နှစ်ယောက် ပျော်တယ်ထား

"ကျွန်တော်လည်း ပါတယ်၊ ပျော်တဲ့အထဲမှာ"

"ကဲပါ၊ မင်းနဲ့ပါ သုံးယောက် ပျော်ပါတယ်ထား၊ မိ နှစ်စုံတွဲ ဒေါသဖြစ်ရမှာမို့လို့ စိတ်ဆင်းရဲမှာက ယောက်"

"အဖေတွေက ဘာမှမှ သိပ်ပရက်ရှာမပေးတာ၊ အစ် အဖေတော့ မသိဘူးလေ၊ ကျွန်တော်တို့ ဖေဖေကတေ ဘာမှမပြောပါဘူး၊ မပြောဆို အစ်မက ကန့်ကွက်သင့်





ချွေးမလောင်းမှ မဟုတ်ဘဲ၊ ဆိုင်းဗိုင်းနဲ့ က,ခုန်ကြိုရမယ့် ချွေးမလောင်းပဲဟာ"

ရွှေရုပ်က ခေါင်းကိုယမ်းရင်း ...

"စိတ်ရှုပ်ပါတယ် ဒီဒီရယ်၊ အစ်မက အဲလောက် စိတ်ရှုပ်ခံနိုင်တဲ့သူ မဟုတ်ပါဘူး၊ လက်လျှော့လိုက်တော့မယ်၊ သူရော တို့ရော လူကြီးမိဘ သဘောတူနိုင်မယ့် သူတွေထဲက တစ်ယောက်ယောက်ပဲ ခပ်မြန်မြန် ရွေးချယ်လိုက်ကြရင် ပြီးတာပဲ"

"မရီး"

"မင်းလည်း မရီး ... မရီးနဲ့ လိုက်လိုက်ခေါ်မနေနဲ့တော့၊ ဟုတ်လည်း မဟုတ်ဘဲနဲ့ သိက္ခာကျတယ်"

မင်းဒီပ မျက်နှာက ပျက်သွားရရင်း ...

"အစ်မ ... အဲလိုမပြောပါနဲ့ အစ်မ၊ အစ်မသိက္ခာကျအောင် ကျွန်တော် မလုပ်ပါဘူး၊ တကယ်ကို မရီးတော်ချင်လို့ အစ်မလို ချစ်လို့၊ မရီးလို့ ချစ်စနိုး ခေါ်တာပါဗျာ"

စိတ်မကောင်းဖြစ်သွားတဲ့ ချာတိတ်ကို ရွှေရုပ်က ကျွာပင့်လှန် မော့ကြည့်ကာ သက်ပြင်းချရင်း ...

"ကဲ ... တို့ သွားမယ် ဒီဒီ၊ ဖယ်"

"အစ်မပြောတာ အာလူးနော်"

"တကယ်ပြောတာ၊ မင်းကိုကို့ကိုလည်း ပြောလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"မပြောဘူး"

"မပြောလည်းနေ၊ ငါကတော့ ချစ်သူတစ်ယောက် ရှာတော့မယ်၊ ကိုယ့်ကို ဖူးဖူးမှုတ်မယ့် ယောက္ခမမျိုး ပါလာမယ့် ချစ်သူပဲ ရှာမယ်"

"အစ်မ"

ရွှေရုပ်က မင်းဒီပကိုကွေ့ကာ လှည်းကိုတွန်းထွက်ခဲ့သည်။





၅

"အင်တာနက်ဆိုင်၊ ဂိမ်းမ်ဆိုင် ဖွင့်မယ်ကွာ၊ အဲဒါဆိုရင် ငါတို့သုံးယောက်လုံးစုရင် ဖြစ်နိုင်ချေရှိတယ်"

တိုးတက်စကားကို မင်းဒီပက ခေါင်းယမ်းလိုက်ရင်း ...

"ငါမပါဘူး"

"ဟာ ... မင်းက ... မင်းမပါရင် မင်းသစ္စာဖောက်ပေါ့"

"သစ္စာမကလို့ ဘာဖောက်ဖောက်၊ ငါမှ ဝါသနာမပါတာ"

"မင်းလား ဝါသနာမပါတာ၊ ခုဆိုရင် မင်းရဲ့တစ်နေ့တာ အချိန်ရဲ့ လေးပုံတစ်ပုံလောက်က အွန်လိုင်းပေါ်မှာ အင်တာနက်ပေါ်မှာ၊ အဲဒီဆိုင်ခန်းတွေထဲမှာပဲ"

"ဟော့ကောင် တိုးတက်၊ ငါက အချိန်တွေပိုနေလို့ အဲလောက်ထိုင်နေတာကွ၊ အပျင်းပြေလုပ်နေတာ၊ ဝါသနာမပါဘူးလား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ အဲဒါမျိုးလောက်တော့ ဝါသနာပါတယ်၊ အဲဒါနဲ့ Business လုပ်ရလောက်အောင်တော့ ဝါသနာမပါဘူး"

မင်းဒီပ မောင်းလာတဲ့ အမိုးဖွင့်ဂျစ်လေးပေါ်မှာ တိုးတက်ရော အောင်သက်ထင်ပါ ပါသည်။ ခုတော့ သူတို့သုံး ယောက် ပြန်တွဲမိနေပါပြီ။ တိုးတက်က ဆယ်တန်းမှာ ဘော်ဒါ သွားနေလိုက်ပြီး ကျန်တဲ့နှစ်ယောက်နဲ့ ကွဲသွားခဲ့ပေမယ့် ခုတော့ ဆယ်တန်းကို သုံးရာမပြည့်တဲ့အမှတ်နှင့် ပွတ်သီအောင်ပြီးတဲ့ နောက် အဝေးသင်ပဲ ယူထားတာမို့ အချိန်တွေ ပိုနေလေရာ ယ ချစ်ဟောင်းကြီးနှစ်ယောက်ဖြစ်တဲ့ မင်းဒီပ အောင်သက်ထင်တို့ နှင့်ပဲ လာပြန်တွဲနေခဲ့ရာက ခုတော့ ကျောင်းပြီးဘွဲ့ရလို့ပင်သွားပြီ

အောင်သက်ထင်ကတော့ မင်းဒီပနှင့် တောက် လျှောက်အတူ ကျူရှင်ယူ။ ပထမနှစ်ကျတော့လည်း အတူတူ နောက်နှစ် ဝိုင်းပြောင်းတော့လည်း အတူတူ။ နောက်နှစ်ထပ်ကျ ပြန်တော့လည်း အတူတူ။ အမြဲမခွဲဘူးများ သစ္စာဆိုထားလာ ထင်ရအောင် ထပ်တူညီနေသည်ပျ်

သုံးယောက်သား ကွန်ပျူတာနှင့် ပတ်သက်သည် ဂရပ်ဖစ်ဒီဇိုင်းသင်တန်းမျိုး၊ ပရိုဂရမ်မင်းသင်တန်းမျိုးတွေ လျှော တက်နေရင်း အချိန်တွေပိုကာ ခပ်လေလေ ဖြစ်နေကြပါသည် အိမ်ကိုယ်စီကလည်း မင်းတို့ကောင်တွေ အလုပ်တစ်ခုခုလုပ်ကြ စမ်းရယ်လို့ မျက်စိစပါးမွေးစူးနေပြီ။





လူကြီးတွေက တစ်ခုခုလုပ်ရင်ပြီးရော၊ ခြေငြိမ်အောင် သုပ်စေချင်တာသာ။ ခြေမငြိမ်ရင် ဟိုသွားဒီသွား လတ်လျားလတ် သွားနှင့် အလကားနေ ရန်ဖြစ်ကြ၊ အချုပ်ခံရတွေက မကြာမကြာ။ သကြိန်ပြီးရင်တော့ အချုပ်ထဲ မဝင်ရတဲ့နှစ် မရှိသလောက်။ ဒီတော့ ငွေရဖို့ထက် ခြေငြိမ်ဖို့ အလုပ်လုပ်စေချင်တာ။

သုံးအိမ်လုံးရဲ့ မိဘတွေက သူတို့ကို ခြေငြိမ်ရုံ ဖင် ငြိမ်ရုံအတွက် သိန်းလေးငါးခြောက်ဆယ်လောက်တော့ အသီးသီး ငင်းနှီးထုတ်ပေးနိုင်ကြတဲ့ မိဘတွေချည်းပင်။ ဒီငွေတွေ ပလုံချင် သည်း ပလုံသွား။ မပလုံမီ အလုပ်ရှိ အကိုင်ရှိ ဣန္ဒြေရရငြိမ်နေ အောင် သူတို့ကိုယ်တိုင် ဝါသနာပါတဲ့ အလုပ်တစ်ခုခု လုပ်စေချင် ကြတာ။

သူတို့ဝါသနာပါမှလည်း အလုပ်မှာ မြဲမြဲနေမှာလေ။ သူတို့ဝါသနာမပါလို့ကတော့ အလုပ်ကတခြားမှာ သူတို့ကတခြား ဖြစ်နေဦးမှာ။

"ဟောဒီကောင်တွေ ... ငါ သိပြီ"

အောင်သက်ထင်က နောက်ခန်းကနေ ရှေ့ကိုင်းကာ တက်သရော စကားစလိုက်ပါသည်။

"ဘာသိတာလဲ"

"ငါတို့ ဘာလုပ်ကြမလဲကို"

"ဘာလဲ ... ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ကားအလှဆင်တဲ့ဆိုင် ထောင်မယ်ကွာ"

"အာ ..."

"ကျွတ်"

မင်းဒီပနှင့် တိုးတက် နှစ်ယောက်လုံးထံမှ စိတ်ပျက်လက်ပျက်သံကြီးတွေ သံရှည်ဆွဲ၍ ထွက်လာပါသည်။

"ကားတွေ ဆင်မယ်လေကွာ၊ ခုချိန်မှာ ကားကို ဆင်ရ သချင်တဲ့သူတွေ အများကြီးကွ၊ အလုပ်တွင်ကျယ်မှာ"

"ဟေ့ကောင် ... မင်း ကားကို ဘာတွေ ဘယ်လောက်ဆ ပေးမှာလဲ၊ ကားမှာစတစ်ကာလေးတွေ ကပ်ပေးမှာလော လား"

"ဘာလဲကွ ... မင်းက၊ စကားကို ရိုသလို နှိပ်သလိုနဲ့၊ တွေဆင်တာရှိမယ်၊ အော်ဒီယိုပိုင်း ဆင်တာရှိမယ်၊ အ ဒီဇိုင်းလှအောင် ဒက်ကရေးရှင်းဆင်တာမျိုးရှိမယ်၊ အ ဒီပကားတောင် ဆင်ထားတာပဲဟာ"

"မေ့လိုက်တော့၊ မင်း လုပ်ချင်တာမျိုး ဆိုင်ထောင်ဖို့ အရင်းအနှီးက ဖွတ်ချီးနဲ့ရမလား၊ အဲသလောက် ငွေ မျိုး ငါ့အိမ်ကတော့ မပေးဘူး၊ ဒီပအိမ်ကလည်း ပေး မဟုတ်ဘူး၊ ငါတို့ကို ဒီလောက်ကြီးကိုယုံပြီး ဘယ် ထောင်မပေးဘူး ဟေ့ကောင်၊ မင်းအိမ်က ထုတ်ပေး တော့ မင်းတစ်ယောက်တည်းဖွင့်"





"ငါတစ်ယောက်တည်းတော့ ဘယ်နိုင်မလဲကွ"

"ဒါကြောင့် ငါက စတစ်ကာလေးတွေ ကပ်ပေးတဲ့ဆိုင် လောက် ..."

"ဟေ့ကောင် ... မင်း လှောင်တာလား၊ ငါလုပ်လိုက်ရ သေတော့မယ်"

နောက်ကနေလှမ်းအုပ်၍ ရှေ့ကတိုးတက်က ပြန်ကာ ရှောင်တိမ်းနှင့် ဂျစ်ကားလေးထဲ ရန်းရင်းဆန်ခတ် ဖြစ်နေရာ ...

"ဟေ့ကောင်တွေ တော်ကြစမ်းကွာ၊ ပြီးခဲ့တဲ့လကလည်း တစ်ခါတိုက်ပြီးပြီ၊ ငါထပ်တိုက်နေဦးမယ်၊ သုံးခါဆိုရင် ကားသိမ်းမှာ ငါ့အဖေက"

"မင်းအဖေက ဒီဂျစ်စုတ်လေးများ သိမ်းနေဦးမယ်၊ မင်း အစ်ကို့ကိုကျတော့ ကင်မရီဝယ်ပေးထားပြီး မင်းကျတော့ ဂျစ်ပု၊ ခွဲခြားတယ်ကွာ၊ မမိုက်ပါဘူး"

မင်းဒီပက ပြုံးရင်း ...

"ငါ့အစ်ကိုက ဆရာဝန်ကိုးကွ"

"ဆရာဝန်ရော ဆယ်တန်းကျရော လူချည်းပဲလေကွာ၊ ကားအသန့်လေးတော့ စီးချင်ကြတာချည်းပဲပေါ့"

"မစီးချင်ဘူး၊ ငါက အစုတ်ဖဲ စီးချင်တာ၊ ငါကပရမ်း ပတာနဲ့ သိပ်ပြီးစည်းကမ်းလည်းရှိတာ မဟုတ်ဘူး၊ ထိန်း သိမ်းထားတတ်တာလည်း မဟုတ်ဘူး၊ ကားကောင်းစီးပြီး



www.burmeseclassic.com

www.burmeseclassic.com



ရင်တမမနဲ့ စည်းကျကမ်းကျလည်း လုပ်မနေနိုင်ဘူး၊ ဒီဂျစ်ပဲ ငါကြိုက်တယ်"

"ကြိုက်ရင်လည်း အမိုးလေး ဘာလေးတပ်ဦး၊ နေပူတယ်ကွ၊ မင်းဘိုးအေပဲ"

"အမိုးကြီးနဲ့ လှမလားကွ၊ ငါဆင်ထားပုံနဲ့"

"တစ်ဝက်တော့ တပ်ကွာ"

"အသုဘကောင်တွေ၊ မင်းတို့က ငါ့ချည်း နောက်မှာစီးနိုင်းတာ၊ ဒီကောင့်တိုးတက်က သူပဲ ရှေ့ခန်းဘောနံ့အပြီးဦးထားတာ၊ အမိုးတစ်ဝက်တပ်တော့ မင်းတို့ပဲ အရိပ်ရပြီး ငါ ငါ့ခြောက်ဖြစ်ပြီပေါ့ကွ"

"ငါးခြောက်က အခုကတည်းက ဖြစ်ပြီးသားပဲဟာ"

"မင်းပဲဖြစ်၊ တစ်စီးလုံး အမိုးတပ်ပစ်ပြီး အဲကွန်းတပ်ပါလားကွာ"

"အဲလိုလုပ်ချင်ရင် အစကတည်းက အဲသလို အဆင်ပြေတဲ့ဂျစ် ဝယ်မှာပေါ့၊ အခု ဒီဂျစ်ပုက အဲလိုလုပ်လို့မှမရတဲ့ဟာကို၊ ဒီလိုစီးချင်လို့ ဒါဝယ်ပြီး ဒီလိုဆင်ထားတာပေါ့"

"ဘာဒီလိုစီးချင်လို့ ဒါဝယ်တာလဲ၊ မင်းအဖေအမေတိုက မင်းကို သိန်းတစ်ရာပြည့်အောင် မသထာလို့ ဒါပဲဝယ်ရတာကို လူကြားကောင်းအောင် အော်နေတယ်"

"ဟား ဟား ဟား"





မင်းဒီပက ခေါင်းမော့လှန် ရယ်မောပစ်လိုက်ပါသည်။ သူ့ကို ဒီကား ဝယ်ပေးတာတောင် ကတိကဝတ်တွေ ပညတ်ချက်တွေ တစ်ပုံတစ်ပင်နှင့် ဝယ်ပေးတာ။ သူကလည်း ကိုကို့လို လိမ္မာအေးချမ်းသူမှ မဟုတ်ဘဲ။ ရှူးရှဲဒုန်းဒိုင်းနှင့်လူစားဆိုတော့ တန်ဖိုးကြီးကား မရတာဘဲ ကောင်းတာပါ။

"ဟေ့ကောင် ... ဒီပ၊ မင်း ဆုံးဖြတ်တော့"

"ငါက ဘာကိုဆုံးဖြတ်ရမှာလဲ"

"ငါတို့နှစ်ယောက်က အိုင်ဒီယာတွေ ကွဲလွဲနေတယ်လေ၊ ဒီတော့ အင်တာနက်ဆိုင် ဖွင့်မလား၊ ကားဆင်တဲ့ဆိုင် ဖွင့်မလား၊ မင်းပဲ ဆုံးဖြတ်တော့၊ မင်းရွေးတာကို သုံးယောက်တူတူ လိုက်လုပ်မယ်"

"ဟာ ... ငါပြောပြီးပြီလေ၊ နှစ်ခုလုံး မကြိုက်ဘူး၊ ဘာမှမလုပ်ဘူး"

"ဘာမှမလုပ်လို့တော့ ဖြစ်မလားကွ၊ ငါတို့သုံးယောက်ကို ကြည့်မရလို့သာ သေနိုင်ရင် လူအတော်များများ သေကုန်ပြီ၊ ငါတို့မိဘတွေလည်း ပါတယ်၊ ငါတို့ တစ်ခုခုတော့ လုပ်ရမယ်ကွ"

"ငါက မင်းတို့ပြောတဲ့ နှစ်ခုလုံး စိတ်မဝင်စားဘူး"

"မင်းက ဘာစိတ်ဝင်စားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ကော်ဖီဆိုင်လေးတစ်ဆိုင် ဖွင့်ချင်တယ်"

"ဘာဆိုင် ! "

"ကော်ဖီဆိုင်"

"အာ ... မင်းဟာကလည်းကွာ၊ စားသောက်ဆိုင်ကြီး"

"စားသောက်ဆိုင်ကြီး မဟုတ်ပါဘူး၊ မင်းကလည်း ကဗျာမဆန်လိုက်တာ၊ ကော်ဖီဆိုင်လှလှလေး၊ နေရာကောင်းကောင်းလေးမှာ၊ ဆိတ်ဆိတ်ငြိမ်ငြိမ် အဆင့်အတန်းရှိရှိလေး၊ ကလပ်စစ်ကလေးပေါ့ကွာ၊ ဆိုင်တွင်းထဲက ဒက်ကရေးရှင်းကအစ ငါ့မျက်စိထဲ မြင်ယောင်ကြည့်ပြီး အသေးစိတ် အိပ်မက် မက်ထားတာကွ"

"ဟာ ... ငါ မလုပ်ချင်ဘူး"

"ငါလည်း မကြိုက်ဘူး"

"မင်းတို့ မကြိုက်နိုင်တာ ငါ သိပါတယ်၊ ဒါကြောင့် မင်းတို့ဆီမှာ မတင်ပြတာပေါ့၊ အခုက ဒီကောင် အတင်းလိုက်မေးလို့ ပြောရတာ၊ ငါ စိတ်ကူးယဉ်နေတာ ကြာပြီကွ၊ ရှိမဲန်းတစ်ကော်ဖီဘားလေးပေါ့ကွာ"

"မင်းလို လူကြမ်းကြီးရုပ်ကများ ရှိမဲန်းတစ်ကော်ဖီဘားကို စိတ်ကူးယဉ်နေတယ်၊ ငါလို ခပ်ချောချော ခပ်နုနုက စိတ်ကူးယဉ်တာဆိုရင် ယုံနိုင်စရာရှိသေးတယ်"





"တိုးတက်၊ မင်းချော်တာ ထည့်မပြောဘဲပြောကွာ၊ အကွက်ရရင် ရသလို မင်းကိုယ်မင်း ကြော်ငြာမနေနဲ့၊ နားကြားပြင်းကတ်တယ်၊ သဘောလည်း မတူဘူး"

"ငါ စိတ်ကူးယဉ်ထားသလောက်က အခန်းကို ငှားဦး၊ အတွင်းမှာ ဆင်ရမယ့် ဒက်ကရေးရှင်းတွေက တအားငွေဝင်မယ့်ဟာတွေ၊ ငါ့အိမ်ကလည်း အဲဒီလောက်ပိုက်ဆံကြီး ထုတ်ပေးမှာ မဟုတ်တဲ့တူတူ အဲဒါဆိုရင်တော့ လုပ်ချင်တယ်ဆိုတာ ငါ မပြောပြပါဘူး၊ ငါပြောပြဖူးတာ မင်းတို့နှစ်ယောက်နဲ့ ငါ့မရီးပဲရှိတယ်"

ငါ့မရီးဆိုရင် ဘယ်သူဆိုတာ သူငယ်ချင်းတွေက းရည်ဝနေပါပြီ။

"မရီးကလည်း တစ်ချိန်လုံး တစ်ခုခု လုပ်ခိုင်းနေတာပဲ၊ လေနေတာ ယောကျာ်းမပီသဘူးပေါ့ကွာ၊ လူငယ်ဆိုတာ ကြိုးစားနေရမယ်ပေါ့ကွာ၊ ဒါတွေပြောလွန်းလို့ တကယ့်အိပ်မက်ကို ပြောပြတာပါ၊ ငါ အဲ့ဒါမျိုးလုပ်ချင်တယ်ဆိုတာ တော့ရုံတန်ရုံ ဘယ်သူမှ မယုံကြဘူးကွ"

"အေး ... ငါတို့လည်း မယုံပါဘူး"

"အဲ့ဒါ တကယ်ကွ၊ မင်းတို့ '......'ဟိုတယ်က ကော်ဖီဘားကို ရောက်ဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မရောက်ဖူးပါဘူး၊ မင်းက ဘယ်တုန်းက ရောက်ဖူးသွားတာလဲ"

"ငါက ဒီလိုအိပ်မက်ရှိတော့ ငါ့တစ်ယောက်တည်း အားရင် အားသလို ဟိုတယ်ပေါင်းစုံ ကော်ဖီဆိုင်ကောင်းကောင်းပေါင်းစုံကို ရောက်ဖူးအောင် လျှောက်သွားကြည့်ထားတာ။ အဲဒါ ငါ ဆယ်တန်းရောက်တဲ့ နှစ်လောက်ကတည်းက"

"ကြည့်စမ်း ... မင်းတစ်ယောက်တည်း ကော်ဖီသွားသွားကျိတ်သောက်နေတယ်ပေါ့လေ၊ သိတောင် မသိဘူး"

"အေး ... '......'ဟိုတယ်ရဲ့ ကော်ဖီဆိုင်လေးဆိုရင် ငါ တအားချစ်တာ၊ ဟိုမှာလေ"

ကားမောင်းနေရင်း မင်းဒီပက လှမ်းမြင်နေရပြီဖြစ်တဲ့ "......"ဟိုတယ်ကြီးဆီ လက်ညှိုးညွှန်ပြလိုက်ပါသည်။

"ကြိမ်ခုံကြီးတွေကိုက တအားမိုက်တာကွ၊ အလယ်က ကော်ဖီတေဘယ်လ်ကလည်း ကြိမ်နဲ့စားပွဲကြီးပဲ၊ စားပွဲကုလားထိုင် အပြင်အဆင်နဲ့တင် အရမ်းကလပ်စစ်ကျဖြစ်နေပြီ၊ ဘေးမှာ ကြိမ်ခြင်းတောင်း ဝိုင်းဝိုင်းဘုံတောင်ရှည်လေးထဲမှာ စာအုပ်စာစောင်တချို့ ထည့်ထားတာလေး စားပွဲဝိုင်းတိုင်းမှာ၊ ကော်ဖီသောက်ရင်း စာဖတ်ပေါ့ကွာ"





"ဟား ... မင်း အတော်စိတ်ကူးယဉ်တာပဲ၊ ကော်ဖီသောက်ရင်း စာမဖတ်ချင်ပါဘူး၊ စကားပဲပြောမှာပေါ့၊ မင်းစိတ်ကြိုက်ကလည်း တစ်မျိုးကြီးတွေကွာ"

"မထူးဘူး၊ ဒီနားရောက်နေပြီပဲ၊ မင်းတို့ကို အဲဒီဟိုတယ်ရဲ့ ကော်ဖီဆိုင်မှာ ကော်ဖီတိုက်မယ်လေ၊ ဝင်လိုက်မလား"

"မင်း တိုက်မှာနော်"

"အေးပါ"

"ဒါဖြင့် ဝင်ပေါ့၊ ဘာပြောနေစရာရှိလဲ"

မင်းဒီပက ကားကို ဟိုတယ်ကြီးရဲ့ကားပါကင်ဆီ ဝင်ပြီး ထိုးရပ်လိုက်ပါသည်။ သုံးယောက်သား ဟိုတယ်ရဲ့ပေါ်တီကိုကြီးအောက်မှတစ်ဆင့် ဟိုတယ်ထဲဝင်လာခဲ့လိုက်ကြပါသည်။

"ဒီဘက်ချိုး"

မင်းဒီပက ရှေ့မှကွေ့ချိုးကာ ကော်ဖီဆိုင်ကလေးရဲ့ မှန်ထူထူတံခါးချပ်ကြီးကတစ်ဆင့် ဝင်လိုက်ပါသည်။ အရိုးမားမွှေးရနံ့တစ်မျိုးဖြင့် မွှေးပျံ့နေသော ကော်ဖီဆိုင်ကလေးထဲ ဝင်ဝင်ချင်းပင် စိတ်တွေကြည်လင်လန်းဆန်းသွားလောက်အောင် မွှေးရနံ့ထဲ ရောနှောသင်းပျံ့နေတဲ့ ကော်ဖီစေ့ လတ်လတ်ဆတ်ဆတ်အနံ့က သင်းရုံလေး ခပ်ဖျဖျ။

ကော်ဖီဆိုင်ထောင်ဖို့ စိတ်မဝင်စားတာ မှန်သော်လည်း ဒီကော်ဖီဆိုင်ကလေးထဲ ရောက်တော့ဖြင့် တိုးတက်ရော၊



www.burmeseclassic.com

www.burmeseclassic.com



အောင်သက်ထင်ပါ စိတ်အာရုံတွေ လန်းဆန်းကြည်နူးပြီး သဘောတကျ ဖြစ်မိပါသည်။

"ကော်ဖီဆိုင် မဖွင့်ချင်ပေမယ့် ဒီလိုနေရာမျိုးကိုတော့ ကော်ဖီ အမြဲလာသောက်ချင်တာ အမှန်ပဲ"

"အေး ... အဲဒါပေါ့၊ မတတ်နိုင်ရင်သာရှိမယ်၊ တတ်နိုင်ရင်တော့ ကော်ဖီကြိုက်တဲ့သူတွေ ဒီလိုဆိုင်လေးမျိုးပဲထိုင်ချင်မှာပဲ၊ ဟိုးဘက်စားပွဲကို ထိုင်ရအောင်"

မင်းဒီပ ညွှန်ပြတဲ့ ခန်းဆီးရှည် ကြက်သွေးနီညိုရင့်ရောင်ကြီးရဲ့နံဘေး က စားပွဲဝိုင်းဆီ အောင်သက်ထင်နှင့် တိုးတက်က ရှေ့ကလျှောက်သွားပါသည်။

"ဟင်"

နောက်ကလျှောက်နေတဲ့ မင်းဒီပက ရုတ်တရက် စားပွဲတစ်ခုကို အမြင်တွင် ဟင်ခနဲ ခြေလှမ်းလည်းတုံ့ မျက်နှာလည်းပျက်ပြီး ဆက်မလျှောက်တော့ဘဲ ရပ်ပစ်လိုက်ပါသည်။ လူတစ်ယောက်။ ပြည့်စုံအောင် ပြောရရင်တော့ အလွန်ကို ကြော့မော့သပ်ရပ်နေတဲ့ လူတစ်ယောက်နှင့် မျက်နှာချင်းဆိုင် အတူတွဲရင်း ကော်ဖီသောက်နေတဲ့ မရီးကို တွေ့လိုက်ရ၍ သူ မကျေမချမ်း မကြည်မသာ ဖြစ်သွားရတာပင်။

အဲဒါ ဘယ်သူလဲ။ ဘယ်ကလဲ။

"ငါကတော့ ချစ်သူတစ်ယောက် ရှာတော့မယ်"





ဟိုးတလောက မရီး ပြောခဲ့ဖူးတဲ့စကား။ ဒါလား မရီးလောင်း ဒေါ်ရွှေရုပ်ရဲ့ချစ်သူ။ သန့်လှချည်လား။ ဒီလိုနဲ့ရှိုးလား မရီးရယ်။ ခင်ဗျားရဲ့မတ်ဆောင်း မင်းဒီပကို အလွယ်လေးခေါက်ပစ်လို့ ရရိုးလား။

မင်းဒီပက တိုးတက်တို့နောက် ဆက်မလိုက်ဘဲ ရွှေရုပ်ရှိနေတဲ့ စားပွဲသို့ လျှောက်လာခဲ့ပါသည်။ စားပွဲဘေးရပ်လိုက်ပြီး ...

"မရီး"

ရွှေရုပ်က အလန့်တကြား မော့ကြည့်လိုက်မိကာ မင်းဒီပကို မြင်လျှင် မျက်နှာပျက်သွားရပါသည်။ မျက်နှာပျက်သွားရသည်မှာ မင်းဒီပရဲ့စတိုင်ကြောင့်ပင်။ အောက်ကဂျင်းဘောင်းဘီက တမင်ပေါက်ထားတဲ့ စတုန်းဝပ်ရှ်။ အပေါ်က ဂျင်းဂျက်ကက်နှင့် ဝမ်းဆက်။ အပေါ်က ဂျက်ကက်က ဟောင်းမြင်းထားတဲ့ အပြင် လက်ကို လက်မောင်းရင်းက ဆုတ်ဖြတ်ဖယ်ပစ်ထားတဲ့ လက်ပြတ်။ လက်ပြတ်အပေါက်ဝက မသပ်မရပ် ချည်မျှင်စတွေ တို့လို့တွဲလောင်းကျလျက်။

အဲဒီဂျင်းအင်္ကျီ ရင်အပွင့်အောက်က ချိုင်းပြတ်ဘီရုပ်ဖြူနှင့်။ ခြေကိုခပ်ကားကားရပ်ကာ လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲနှိုက်တိုက်မထိုးဘဲ ရှေ့ကျကျ ထိုးထည့်ရတဲ့ ဘောင်းဘီအိတ်ထဲနှိုက်လျက်သား။ ကားမောင်းလာတာနဲ့ရှိတဲ့ ဆံပင်တွေက ဖွာဆန်ကြဲ



www.burmeseclassic.com

www.burmeseclassic.com



ကော အဲဒီဆံပင်တွေပေါ်မှာ နေကာမျက်မှန်တစ်လက်ကို ပင့်တ
ထားသေးသည်။

ဒီလို ကြီးကျယ်ခမ်းနားပြီး နိုင်ငံခြားသားအများ
သာ တည်းခိုနေထိုင်တဲ့ ဟိုတယ်ထဲက ကော်ဖီဆိုင်မှာ များသေ
အားဖြင့် ရှိတတ်တာတွေက နိုင်ငံခြားသားရဲ့ဧည့်သည်တွေ၊ စီးပွ
ရေးလုပ်ငန်းရှင်တွေ၊ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေ
များပါသည်။

ဒါတွေမဟုတ်ရင်တော့ ဒီလိုပုံစံမျိုးနှင့် မကွဲလွဲလ
သပ်ရပ်အဆင့်မြင့်ခြင်းမျိုးနှင့်သာ ဝင်ထွက်ကြတာ။

ရွှေရုပ်က ဣန္ဒြေဆည်ရင်း ...

"ကော်ဖီလာသောက်တာလား ဒီဒီ"

"ဟုတ် ...၊ ကော်ဖီတော့ သောက်မလို့၊ ဒါပေမဲ့ မရိ
တွေ့လိုက်လို့"

မရီး ... မရီးနှင့် တတွတ်တွတ် ခေါ်နေတာ
ရွှေရုပ်က ရှက်လာမိပါသည်။ ရှေ့မှာလည်း ဦးနှောက်ထဲ 
သွင်းစဉ်းစားနေတဲ့ အဆင့်ရှိတဲ့ ဖေဖေ့မိတ်ဆွေရဲ့သား ကု
ပိုင်ရှင်ငယ်တစ်ယောက်နှင့်လေ။

"အင်း ... သွားသောက်လေ၊ သူငယ်ချင်းတွေလည
လား၊ အစ်မ တိုက်မယ်၊ အစ်မ ရှင်းပေးခဲ့မယ်လေ၊ 
တာမှာသောက်"





တရင်းတနှီး မောင်ငယ်ပုံစံမျိုး ပေါ်လွင်အောင်
ပြောလိုက်ပါသည်။

"မလိုပါဘူး မရီး၊ မရီးရော ဘာလာလုပ်တာလဲ"

ပြောပြီး မင်းဒီပက ရွှေရုပ်ရှေ့က လူရည်သန့်ကို
ဟန်ပါပါ မျက်လုံးဝဲပြီး ကြည့်လိုက်ပါသေးသည်။ ထိုသူက
အံ့အားလည်းသင့်နေကာ မင်းဒီပကို ဘယ်က ကလေကချေဟစ်
ယောက် လာနှောင့်ယှက်နေပါလိမ့်လို့ နားမလည်နိုင်ပုံ အစစ်နှင့်
စိတ်ရှုပ်ရှုပ် မော့ကြည့်နေပါသည်။

"အပြင်မှာ မရီးရဲ့ကားလည်း မတွေ့ခဲ့ပါဘူး"

"ကားမပါဘူး၊ အစ်မမိတ်ဆွေကားနဲ့ လာတာ"

"ဘာလာလုပ်တာလဲ မရီး"

ရွှေရုပ်က မင်းဒီပကို စိတ်တိုလာကာ ...

"ကော်ဖီလာသောက်တာပေါ့၊ သွားတော့ ဒီဒီ၊ အစ်မ
ဧည့်သည်ရှိတယ်လေ"

"ဘယ်လိုဧည့်သည်လဲ မရီး၊ အလုပ်ကိစ္စလား"

"မင်းဒီပ"

ရွှေရုပ် အတော်သည်းမခံနိုင်အောင်ဖြစ်ကာ ခပ်ဆတ်
ဆတ် အော်လိုက်မိပါသည်။ မင်းဒီပကလည်း နောက်ဆုတ်အလျှော့
ပေးဖို့ စိတ်ကူးမရှိပေ။ ရွှေရုပ်ကို သူ့အစ်ကိုမဟုတ်တဲ့ တခြား



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်နှင့် တွေ့လိုက်ရတာကို လက်သင့်မခံနိုင်အောင် ဖြစ်နေပါသည်။ တစ်ပြိုင်နက်တည်းမှာ အစ်ကိုဖြစ်သူ လင်းဇွ ကိုလည်း ဒေါသထွက်လာပါသည်။

ကိုကိုဟာ ချစ်သာချစ်တတ်ပြီး တခြားမသိတဲ့ လူအ,ပဲ။ ကိုယ်ချစ်တဲ့မိန်းကလေးဟာ လိုချင်သူ ဝိုင်းဝိုင်းလည် နေတဲ့ ပန်းကလေးတစ်ပွင့်ဟာကို။ ကိုယ့်လက်က လွှတ်မသွား အောင် ဝီရိယရှိရှိ ကြိုးစားကာကွယ်မှပေါ့။ သူ စိတ်ဝင်စားတဲ သူ့အလုပ်ထဲပဲ အေးရာအေးကြောင်း သွားကြိုးစားနေသည်။

စိတ်ထဲက ချစ်နေရင် ပြီးရောများ မှတ်နေသလား မအားသေးရင် သွားမတွေ့ဘဲ မေ့လောက်အောင် နေလို့ရတ ထင်နေလား။ ကိုကိုကတော့ လူညံ့ပဲကွာ။ အခု မရီးဒေါ်ရွှေ က နောက်တစ်ယောက်ကို စိတ်ကူးထဲထည့် စဉ်းစားနေပြီ လက်မခံနိုင်ပါဘူး။ သူ့အစ်မလို သဘောထားတဲ့ ရွှေရုပ် ကို ကလွဲပြီး တခြားယောက်ျားကို မယူရပါဘူး။

ကလေးကချေပဲဆန်ဆန် လူရမ်းကားပဲဆန်ဆန် ပဲရိုင်းရိုင်း ပမာမခန့်ပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ်။

"မိတ်ဆက်ပေးဦးလေ မရီး"

ရွှေရုပ်က စိတ်ထိန်းကာ သက်ပြင်းတစ်ချ ရင်း ...





"ဒီဒီ ... ကိုယ့်နေရာ ကိုယ်သွားစမ်း၊ မင်းနဲ့မဆိုင်တာ လာမပါနဲ့"

"ဘာလို့မဆိုင်ရမှာလဲ၊ အစ်မက ကျွန်တော့်မရီးပဲ၊ အစ်မ ကို တခြားလူနဲ့ ခုလိုတွေ့တာ ကျွန်တော် ဘယ်ကြိုက်မလဲ"

ဟိုလူက လှုပ်ရှား အံ့အားသင့်သွားကာ ရွှေရုပ်ကို မ်းကြည့်သည်။

"မင်းဒီပ ... နင် လွန်လာပြီနော်၊ ငါက ကလေးမို့ ခွင့် လွှတ်နေတာ၊ အခု ဘာတွေလာပြောနေတာလဲ၊ နင်ရိုင်း လှချည်လား"

ရွှေရုပ်သည် ရှက်ရမ်းရမ်းကာ အသံကလေး တုန် ပြီး မျက်ရည်ပါလည်လျက် မင်းဒီပကို ရန်တွေ့ပါသည်။

"ဒါ ဘယ်သူလဲ၊ မရီးအပေါ် ရိုးရိုးသားသား လာခင်မင် ပတ်သက်နေတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ မရီးသားတဲ့ ပတ်သက်မှုပဲ၊ ကျွန်တော် ခွင့်မပြုနိုင်ဘူး"

ရွှေရုပ်သည် မျက်နှာတစ်ပြင်လုံး နီရဲကာ ဆတ်ခနဲ တတ်ထရပ်လိုက်ရင်း ...

"နင် ယွက်သွား မင်းဒီပ၊ နင် လွန်ပြီ၊ နင်ကဘာမို့ ..."

ရွှေရုပ်ရဲ့စကား မဆုံးလိုက်ရပါ။ မင်းဒီပ လက်တစ် က ရွှေရုပ်ရဲ့လက်ကောက်ဝတ်တစ်ဖက်ကို ဆတ်ခနဲဆွဲဆုပ်၊ သါက ရွှေရုပ်ရဲ့ပိုက်ဆံအိတ်ကို နောက်လက်တစ်ဖက်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ဆတ်ခနဲဆွဲယူ။ ခပ်တင်းတင်းဆွဲကာ လှည့်ထွက်လာတဲ့နောက် သို့ ရွှေရုပ်သည် မယုံကြည်နိုင်လောက်အောင် အံ့သြဒေါသဖြစ် ခြင်းနှင့် ရန်းမရ ကန်မရ ဒရွတ်ဒရွတ် ပါလာပါသည်။

"မင်းဒီပ"

"... ... ..."

"နင် ငါ့လက်ကို လွှတ်စမ်းနော်၊ မင်းဝဏ်ညီလေးဆိုပြီး ကိုယ့်မောင်လေးလို ခွင့်လွှတ်ထားတာ နင် ဘာများမှတ် နေလဲ၊ ရာရာစစ နင်က ငါ့ကို ဒီလိုလုပ်စရာလားဟဲ့ ... လွှတ်"

"အစ်မ ဘာဖြစ်လို့ သူများနဲ့ကြိုက်လဲ"

"ဘယ်မှာကြိုက်လို့လဲ"

"ကြိုက်မလို့ လုပ်နေတာ မဟုတ်လား၊ ကိုကို့ကို သစ္စာ ဖောက်ပြီးတော့"

"သစ္စာဖောက်ရအောင် နင့်အစ်ကို,ကို ငါက ဘယ်တုန်းက သစ္စာနဲ့ထားမိလို့လဲ၊ သူငယ်ချင်းအဆင့်ကလွဲရင် ဘာများ ကော ပတ်သက်ဖူးသေးလို့လဲ"

အဲဒီအချိန်မှာ ရွှေရုပ်နှင့်အတူ ထိုင်နေသူဟာလည်း အံ့အားတသင့် ကြောင်ငေးငေးကြီး ကျန်ခဲ့သလို၊ ခပ်လှမ်းလှမ်း စားပွဲမှာ ဝင်ထိုင်ပြီး ဖြစ်နေသော တိုးတက်နှင့် အောင်သက်ထင် မှာလည်း ရွှေရုပ် လက်ကို ဆွဲကိုင်ထွက်သွားတဲ့ မင်းဒီပကို နား





ညီနိုင်အောင် အံ့အားတသင့်ကြီးတွေ ငေးမောကျန်ရစ်ခဲ့ကြ သည်။

"အစ်မ ... ကိုကို့ကိုပဲ ခေါင်းညိတ်ရမယ်"

"ဘာ ... နင်ရူးနေလား၊ နင်က ငါ့အဖေလား မင်းဒီပ၊ ငါ့ကိုလွှတ်"

"မလွှတ်ဘူးဗျာ"

"ဘာလို့ မလွှတ်ရမှာလဲ၊ နင် ငါ့လက်ကို ဘာဆိုင်လို့ ကိုင်ခွင့်ရှိလဲ"

"ခင်ဗျားက ကျွန်တော့်မရီး"

"ဟာ ... နင် အရူးပဲ ... အရူး"

မင်းဒီပက သူ့ရဲ့ဂျစ်ကားပုပေါ် ရွှေရုပ်ကို တွန်းတင် ထိုင်စေလိုက်ပါသည်။ ပြန်ဆင်းဖို့ ကြိုးစားနေတဲ့လက်ကို ကိုင်ထားရင်း ...

"အစ်မ ... မရုန်းနဲ့၊ ချော်လဲမယ်"

ရွှေရုပ်က ထိချင်ရာထိ ရမ်းသမ်းပြီး လက်သီးဆုပ် ...ိး ထုနက်လိုက်သည်မှာ မင်းဒီပရဲ့မျက်လုံးအောက်ဘက် ...ား ခွပ်ခနဲသွားထိပြီး ရွှေရုပ်ရဲ့လက်ဖမိုးလေးလည်း တအား ...က်နာကျင်သွားလေရာ ကိုယ့်လက်ကိုကိုင်ပြီး ရှုံ့မဲ့နေခိုက် ...ာလည်း ဂျစ်ကားကို ရှေ့ပတ်ပြေးပြီး မောင်းသူနေရာခုံ ...ာ မျက်စိတစ်ဖက်မှိတ်နှင့်ပင် စက်နှိုးချက်ချင်းမောင်းထွက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၍ ရွှေရုပ်မှာ ကိုးရိုးကားရား ဟာန်ချက်ပျက်နေအောင်ဖြစ်ရသွားပြီး နီးရာတွေကို ဆွဲလွဲဖမ်းကိုင်ထားလိုက်မိပါသည်။

"ဟော့ကောင် ... ဒီပ ... ဟော့ကောင်"

နောက်က အော်ခေါ်ပြေးလိုက်လာတဲ့ တိုးတက်တို့လည်း မမီတော့။ ရွှေရုပ်သည် မင်းဒီပကို မယုံနိုင်အောင်ကြည့်ရင်း ...

"နင်ဟာ ရူးသေမယ့်သူပဲ"

"အဟဲဟဲ"

"တောက်"

"ကျွတ် ကျွတ် ... မျက်လုံးအောက်မှာ အောင့်သွားတာပဲ၊ နာလိုက်တာဗျာ"

"နင် ဒါဘာလုပ်တာလဲ၊ နင့်ကိုယ်နင် ဘာထင်နေတာလဲ ဒီဒီ"

"မရီးက ဘာလို့ နောက်တစ်ယောက် စဉ်းစားနေသေးလဲ၊ မညာနဲ့၊ ကြည့်ရင် ကျွန်တော် သိတာယ်"

"ငါက မင်းကို ဘာအတွက်နဲ့ ကြောက်စရာရှိလို့ ညာရမှာလဲ၊ ငါ နောက်တစ်ယောက်စဉ်းစားတာ ဘာဖြစ်လဲ၊ ဘယ်နှယောက် စဉ်းစား စဉ်းစား ဘာဖြစ်လဲ၊ နင့်အပူလား၊ ငါ့ကို အမိန့်ပေးခွင့် ချုပ်ကိုင်ခွင့်၊ ခုလို ဖွတ်တရွတ်လုပ်ခွင့် မင်းမပြောနဲ့ မင်းအစ်ကိုမှာတောင် မရှိဘူး နားလည်လား ဒီဒီ"





"ကျွန်တော်က လုပ်ခွင့်ရှိလို့ လုပ်တာမှ မဟုတ်တာ"

"တောက်"

"မရီး တခြားတစ်ယောက်ကို ရွေးသွားရင် ကိုကို ဘယ်လိုနေမလဲဗျာ၊ ကိုကို ခင်ဗျားကို ချစ်လာခဲ့တာ ဘယ်နှနှစ်ဘယ်နှမိုး ရှိပြီလဲ မရီးရာ၊ ခင်ဗျားတစ်ယောက်တည်းကိုပဲ သူ့ဘဝမှာ တမြတ်တနိုး ချစ်တာ၊ ကျန်တာတွေ မိန်းမတောင် ထင်တာမဟုတ်ဘူး"

ရွှေရုပ်သည် ခုန သူ ဆွဲဆုပ်ကိုင်လို့ နာကျင်နေတဲ့ သက်ကောက်ဝတ်ကို လက်တစ်ဖက်နှင့် ပွတ်ရင်း မင်းဒီပကို တကယ် အံ့သြခြင်းမိုးကောင်းကင်လောက်နှင့် ငေးလို့ကြည့်နေသည်။ တကယ်များ အစွန်းရောက်ရူး ရူးနေလား။ သူ့ချစ်သူမို့ သောက်ပေါက်ကွဲရင် ရပေမယ့် နဟာက သူ့အစ်ကိုချစ်တဲ့သူသာ။ သူနဲ့ဘာဆိုင်လဲ။

တကယ်ဆိုရင် လင်းဝဏ္ဏကမှ သိပ်ချစ်တယ် ဆိုပေမယ့် သူ့စရိုက်အရကိုက အေးတိအေးစက်။ မတ်တော်ရမယ့် ညီဖြစ်သူကသာ ရွှေရုပ်ကို ဆတ်ဆတ်ထိမခံနိုင် အမြဲဖြစ်နေတာ။ ခင်မတန် ဒေါသထွက်သည် မှန်သော်လည်း သူ့ကိုသွားကလေးခြေသားနှင့် "မရီး" "မရီး"နှင့် အစ်မတစ်ယောက်လို တကယ်ချစ်ပုံရသည့် မင်းဒီပကို ရွှေရုပ်ကိုယ်တိုင်ကလည်း ချစ်တော့ချစ်တာ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ် ဆိုတဲ့ စကားလုံးဟာ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်အကြား အလွယ်တကူသုံးဖို့ မသင့်တော်ပေမယ့် မင်းဒီပကို ရွှေရုပ်စိတ်ထဲ ရင်ထဲ အမြဲပင် ချစ်တယ်ဟု ရွှေရုပ် သိနေသည်။

အဲဒီ "ချစ်တယ်"တွေကို ဘယ်လိုဖြေရှင်းရမလဲ။ ရွှေရုပ်သည် ရင်တွေတဒိတ်ဒိတ်ခုန်ကာ မင်းဒီပကို အံ့သြထိတ်လန့်တယ်ဆိုတာထက် ပိုမဖွဲ့တတ်တဲ့ ခံစားချက်ကြီးတစ်ခုနှင့် လှည့်ငေးသာ ကြည့်နေမိသည်။ စိတ်ထဲက လှုပ်ရှားတုန်လှုပ်ခြင်းက ရင်ခွင်တစ်ခုလုံးကို ပျံ့စိမ့်ပြီး ပူနွေးဖိုလှိုက်နေပါသည်။

"အဟီး"

"... ... ..."

"အစ်မ၊ မရီး၊ စိတ်မဆိုးနဲ့နော်"

"... ... ..."

"မျက်လုံးနားက နာလိုက်တာ၊ ရောင်သွားလား"

ရွှေရုပ်က ရှုံ့မဲ့သက်ပြင်းရှိုက်ရင်း ...

"ညိုနေတယ်"

"လက်က ပြင်းသလား မမေးနဲ့"

"မင်း ဘာလို့ ငါ့ကို ဣန္ဒြေမဲ့အောင် ဆွဲပြေးလဲ"

"ကျွတ် ကျွတ် ... လက်ပြတ်ကြီး"

"ဘာလက်ပြတ်ကြီးလဲ၊ မင်း ထပ်နာချင်လို့လား"





"တစ်သက်လုံး ရန်ဖြစ်ထိုးကြိတ်ပြီး သူ့ကို ကိုယ်ထိ ထိလာတာ၊ မျက်နှာပေါ်မှာ ကွဲလည်းကွဲပြဲဖူးတယ်၊ သွေးထွက်ဖူးတယ်၊ ဒါပေမဲ့ တစ်ခါမှ ဒီလောက် ချက်ကောင်းကို မိမိရရ မထိတာ၊ ကျိန်းအောင့်သွားတာပဲ"

"သေလိုက်"

"ဘာလဲ ... အစ်မက ကွန်ဖူးမယ် ရင်ကျိန်းလီများလား"

"မင်း ငါ့ကို နောက် ဒီလို ဘယ်တော့မှမလုပ်နဲ့နော် ဒီဒီ၊ ငါ လုံးဝခွင့်မလွှတ်ဘူး"

"မရီးလည်း နောက် ဒီလို ဘယ်တော့မှ နောက်လူမရှာနဲ့"

"ဘာ"

"အဟဲဟဲ"

"ငါ့ဘဝကို ငါ့ဘာသာ ငါဖြစ်ချင်တာ ရွေးချယ်ဆုံးဖြတ်ပိုင်ခွင့်ရှိတယ် ဒီဒီ၊ ငါကြိုက်တဲ့သူ ရွေးခွင့်ရှိတယ်၊ ဘယ်သူမှ လာစွက်ဖက်စရာ အကြောင်းမရှိဘူး၊ ရွှေရုပ်ဆိုတဲ့ မိန်းမကို ခုလို ရမ်းရမ်းကားကား လုပ်ရဲတာလည်း လောကမှာ တစ်ယောက်မှ မရှိခဲ့ဘူး"

"ကျွန်တော်ကတော့ အစ်မရဲ့မောင်လေးပဲ"

"ငါ ဝမ်းနည်းတယ် သိလား၊ မင်း ငါ့ကိုနည်းနည်းမှ မရိုသေ မလေးစားဘူး၊ ဣန္ဒြေပျက်အောင် ဆွဲလွဲရမ်းကားတယ်၊ ငါက ငါ့ဂုဏ်ဒြပ်နဲ့ငါ ဣန္ဒြေရှိရှိ အဆင့်အတန်း



www.burmeseclassic.com

www.burmeseclassic.com



ရှိရှိ တန်ဖိုးရှိရှိနေနေတာ၊ နှင် ငါ့ကို ဒီလိုဆွဲပြေးရဲတာများ အရှမ်းအံ့ဩတာပဲ၊ နှစ်ပေါင်းများစွာ မောင်နှမလို ရင်းနှီးခင်မင်လာတဲ့ မင်းက ငါ့ကို စော်ကားတာကို စိတ်အထိခိုက်ဆုံးပဲ"

အသံတုန်သွားတဲ့ ရွှေရုပ်ကြောင့် မင်းဒီပ ရင်ထဲ နှင့်ခနဲ ဖြစ်သွားရပါသည်။ ကားကို ရှေ့နားရောက်လျှင် ရပ်လို့ရတဲ့ လူရှင်းရှင်း တစ်နေရာ၌ လမ်းဘေးကပ်ပြီး ရပ်လိုက်ရာ...

"ဒါဘာလုပ်တာလဲ၊ ကားကို ဘာလုပ်ဖို့ ရပ်တာလဲ"

"မရီးကလည်းဗျာ၊ ကားရပ်တာလည်း တစ်ပြစ်လားဗျာ၊ ကိုယ့်အစ်မကိုယ် စော်ကားမိလို့ ပြန်ရှိခိုးမလို့ပါ"

"ဟဲ့"

မင်းဒီပက ကားပေါ်ထိုင်နေလျက်ပုံစံနှင့်ပင် ကိုယ်ကိုလိမ်၍ ရွှေရုပ်ဘက်သို့လှည့်ပြီး လက်အုပ်ချီ၍ ကုန်းညွတ်ကန်တော့ချလိုက်ပါသည်။ ဦးသုံးကြိမ် တကယ်ချနေတာကို မျက်စောင်းထိုးပြီး ရွှေရုပ်ကတစ်ဖက်လှည့်နေလိုက်ပါသည်။

"တောင်းပန်ပါတယ် မရီး၊ ခွင့်လွှတ်ပါ၊ ဒါပေမဲ့ မရီးလည်း နောက်ကို ကိုကို မဟုတ်တဲ့ တခြားယောကျ်ားနဲ့ မတွဲပါနဲ့"

"အဲဒါ လင်းဝဏ္ဏက ပြောရမှာပါ၊ သူကကော မင်းလောက်တောင်မှ သဝန်တိုတာမို့လို့လား၊ မပြောလိုက်ချင်ဘူး၊ ကျွတ် ... ဘယ်လိုအဖြစ်အပျက်လဲ မသိဘူး၊ တကယ့်ပဲ"





ရွှေရုပ်သည် တကယ်ပင် ရင်ထဲ ဝမ်းနည်းလိုက်လှဲလှာပါသည်၊ မင်းဒီပ သဝန်တို ပူလောင်နေသလောက် လင်းဝဏ္ဏက အေးတိအေးစက်။ သူ့ကို လက်လွှတ်မခံနိုင်တဲ့ ခံစားချက်မျိုးဟာ မင်းဒီပ ရင်ထဲမှာတောင်မှ ပိုပြီးအားကောင်းနေသေးလား။

"ကိုကို့စရိုက်ကိုက ဒီလိုပဲ အေးအေးကြီးမို့ပါ အစ်မရာ၊ သူ့ရဲ့တခြားဝုန်းဝုန်းဒိုင်းဒိုင်း လုပ်ရမယ့် ကိစ္စတွေလည်း ကျွန်တော်ပဲ လိုက်ပါနေပေးရတာပဲ"

"အဲဒါတွေနဲ့ မတူဘူး၊ ဘာမှမဆိုင်ဘူး၊ တကယ်ပါပဲ၊ ဘယ်လိုညီအစ်ကိုမှန်း မသိဘူး၊ ကဲ ... ကဲ ... ဆိုင်ကို ပြန်ပို့ပေးတော့"

"ဟုတ်ကဲ့"

ကားကို စက်နှိုးမောင်းထွက်လိုက်တဲ့ မင်းဒီပကို ရွှေရုပ်က မျက်စောင်းလှည့်ထိုး၍...

"အိမ်ရောက်ရင် မျက်လုံးအောက်ကို ရေခဲဖြစ်ဖြစ်ကပ်လိုက်ဦး၊ ရောင်လာဦးမယ်"

"ဟုတ်ကဲ့ မရီး"

ရွှေရုပ် သက်ပြင်းမှုတ်ထုတ်ပြီးသာ မျက်နှာလွှဲနေလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၆

"အဲဒါ နှင့် လုံးဝခွင့်လွှတ်ရမယ့်ကိစ္စ မဟုတ်ဘူး ရွှေရုပ်
"ဟုတ်ပ၊ ကြားရတာ မုန်းလိုက်တာ"
"လူပါးဝတော့ဟဲ့၊ ရောင့်တက်လာတာ၊ နှင်က သူ့ကို မော
တစ်ယောက်လိုဆိုပြီး ချစ်ချစ်ခင်ခင် ဆက်ဆံတာကို"

ရွှေရုပ်က ပြုံးရင်း …

"လူပါးဝတယ်တော့လည်း မဟုတ်ဘူးပေါ့ဟယ်၊ ငါ
အရေးပေးမှုအပေါ် အခွင့်အရေးယူတဲ့ သဘောပါ"
"တူတူပဲလေ၊ ဒါ လူပါးဝတာပဲ၊ သူ ဘာအခွင့်အရေး
စရာ အကြောင်းရှိလဲ"
"နွဲ့ဆိုး ဆိုးလိုက်တဲ့ သဘောမျိုးပါဟာ၊ ငါ သူ့ကို
လည်ပါတယ်"



"ရွှေရုပ်"

မွန်မွန်က ခပ်ဆတ်ဆတ် အော်လိုက်ပြီး …

"ငါလည်း ဒီကောင်လေးကို ချစ်ပါတယ်ဟဲ့၊ ဒါပေမဲ့ ခုဟာကတော့ အရေးအရာကို ပါလွန်းတယ်၊ စွက်ဖက်လွန်းတာက လူပါးဝတဲ့သဘော သက်ရောက်နေပြီ"
"ဟုတ်တယ်၊ သူကများ နှင့်လက်ကိုဆွဲပြီး ဒရွတ်တိုက် ခေါ်စရာလား"
"ကဲပါဟယ်၊ လက်ကိုဆွဲပြီး ရွတ်တရွတ် ခေါ်တာအထိ ထားလိုက်ပါ၊ ခုဟာက ကိုမိုးဦး ရှေ့မှာလေ၊ ဒီလူက ရွှေရုပ်ကိုယ်တိုင် ကိုယ့်ဘဝရှေ့ရေးအတွက် ထည့်သွင်းစဉ်းစားနေဘဲ့သူ၊ သူ ခေါင်းညိတ်ရင် သူ့အိမ်ထောင်ဖက်ဖြစ်လာမယ့် သူပဲ၊ ဒီလိုလူရှေ့ သိက္ခာလာချတာ၊ ရွှေရုပ်အတွက် အနုတ်လက္ခဏာတွေ ဖြစ်စေတယ်"
"မှန်တယ်"

မွန်မွန်နှင့် လင်းလက်က အတိုင်အဖောက် ညီနေပါသည်။

"ရွှေရုပ် … နှင်သာ ကိုမိုးဦးကို လက်ခံမှာဆိုရင် သူ့အပြုအမူကြောင့် ကိုမိုးဦး အင်တင်တင် ဖြစ်သွားနိုင်တာမျိုးနော်၊ အသေးအဖွဲ မဟုတ်ဘူး၊ နှင် ဘာဖြစ်လို့ ပြုံးပြီးခွင့်လွှတ်နိုင်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတာက ခုမှ နင်တို့နဲ့ကျမှပါဟယ်၊ ဟိုး ဘုန်းကတော့ သူ့ကိုတောင် ငါ လက်သီးနဲ့ ပိတ်ထုပစ်မိတာ မျက်လုံးအောက် ပါးရိုးပေါ် ညိုတောင်သွားတယ်၊ တော်သေးတယ် မျက်လုံးကို မထိမိတာ၊ ငါ တစ်ချက်မှ အကောင်းမပြောဘူး၊ သူ့ကို အော်ဆူပစ်တာပေါ့"

"အမယ်လေး ... နင် အော်ဆူမှာက ပန်းလေးနဲ့ပေါက်သလောက် ရှိမှာပါဟာ၊ နင်လား မင်းဒီပကို လေသံမာမှာ"

"ဟဲ့ ... အရင်တုန်းက အကြောင်းကိစ္စမှ မရှိတာ၊ လေသံမာဘူးပေါ့၊ ခုတော့ ငါ့ကို လူရှေ့သူရှေ့ ဆွဲလွဲပြေးတာပဲဟာ၊ အော်တာပေါ့"

"မယုံပါဘူး၊ ဒီလောက် ချက်ချင်း ကျေပစ်တာ"

"ဒါတော့ဟာ သူ ငါ့ကို တမင်စော်ကားမော်ကားလုပ်တာမဟုတ်တာကို သိနေတာပဲဥစ္စာ၊ မကျေနိုင် မချမ်းနိုင် ဖြစ်နေလို့ အပိုပဲပေါ့ဟယ်"

"ဟဲ့ ... နင်က ဒီလောက်လွယ်လွယ် ခွင့်လွှတ်တောနောင်ကို ရှေ့လျှောက် နင့်ဘဝအဲ့တွက် နင် အိမ်ထောင်ဖက်ရွေးချယ်ဖို့ စိတ်ကူးတိုင်း ဒီမျောက်လောင်းလေးက ဝင်ပြီကဖျက်ယံဖျက် နှောင့်ယှက်ရဲနေတော့မှာပေါ့"

"အေးလေ"





"သူ့အစ်ကိုကလွဲရင် ကျခြားလူ မရွေးရဲဘူးရယ်လို့ပဲ၊ သူ့အမိန့်ပေးလို့ ရသလား၊ ရူးနေလား"

"သူ့အစ်ကိုကကော ဘာမို့လဲ၊ အလကားနေ မအေကိုကြောက်နေတဲ့ ကြောက်ချေးကောင်ပဲ၊ ကိုမိုးဦးနဲ့ဆို ကောင်းကင်နဲ့မြေကြီး မြင်းမိုရ်တောင်နဲ့ ဆီးစေ့ပဲ"

"ဟယ် ...! နင်တို့ကလည်း၊ အဲလောက်ကြီး မကွာပါဘူး"

"ဘာလို့ မကွာရမှာလဲ၊ ကိုမိုးဦးက သူတို့ထက် အဆထောင်သောင်းချီပြီး ချမ်းသာတာ"

"အရာရာတိုင်းကတော့ ငွေကြေးစံတစ်ခုတည်းနဲ့တိုင်းလို့ ဘယ်ဖြစ်မလဲ လင်းလက်ရယ်၊ ကိုမိုးဦးဆိုတာ အခုမျက်စိရှေ့မှာ ဘာပြစ်ချက်မှ မတွေ့ပေမယ့် ဟိုးအရင်က ဘာဖြစ်ခဲ့ဖူးလဲ၊ ဘယ်လို စိတ်နေစရိုက်ရှိလဲ၊ ငါတို့ သေချာမသိတဲ့လူလေ ...

လင်းဝဏ်ကတော့ တစ်ယောက်အကြောင်း တစ်ယောက် အားလုံးသိနေတဲ့သူ၊ လင်းဝဏ်ရဲ့နောက်ကြောင်းအားလုံး ရိုးသားသန့်ရှင်းနေတာလည်း ငါတို့အသိဆုံးပဲ၊ ဘာကယ့် လူကောင်းတစ်ယောက်လို့ ယုံကြည်စိတ်ချနိုင်ဘယ်လေ၊ သူ့စိတ်နေသဘောထားလည်း ငါတို့အားလုံးသိတယ် ...



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံးပေါင်းဖို့ လူရွေးချယ်ရာမှာ စိတ်ေ သဘောထားနဲ့ အကျင့်စာရိတ္တက အရမ်းအရေးကြီးတယ် ဟ၊ မေမေလည်း ငါ့ကို ဒီတိုင်းပဲ သတိပေးတယ်၊ ဘယ် ယောက်ျားကိုမှ လင်းဝဏ်လောက် မယုံကြည် စိတ်မချနိုင် တာ တွေ့တွေ့လာရတယ်”

“ဘာပဲဖြစ်ဖြစ်ပါဟယ်၊ သတ္တိနည်းနေတာနဲ့တင် ငါး မရွေးပါဘူး၊ အရေးအကြောင်းရှိရင် အားကိုးရလိမ့်မယ် ကို မထင်ဘူး”

“သူ့ကိုတော့ ဉာဏ်အမြော်အမြင်နဲ့ ဆင်ဆင်ခြင်ခြ စဉ်းစားတွေးခေါ် ဆုံးဖြတ်ပေးမယ့် နေရာမှာ အားကိုးရနိုင် ပြီး ရှုးရှုးဒိုင်းဒိုင်း အရေးပေါ်ကိစ္စတွေမှာကျတော့ ဒီဒိုင် အားကိုးရလိမ့်မယ်”

“ဟင် ... နင် ဆုံးဖြတ်ပြီးပြီပေါ့”

“အခြေအနေကို ပြောပြတာပါ၊ စဉ်းစားကြည့်တာ”

“နင်ဟာလေ ကိုယ့်အိမ်ထောင်ရေး အချစ်ရေး စဉ်းစား နေရာမှာ ခင်ပွန်းလောင်းတင် မကဘူး၊ မတ်ပါထည့် စားနေတာကိုး၊ ငါသိပြီ၊ သိကြားမင်း ဆင်းလာပြီး ပရို လုပ်တောင် နင် လက်ခံမှာ မဟုတ်တော့ပါဘူး၊ သိကြ မင်းက တစ်အားပဲရှိမှာ၊ ဟိုညီအစ်ကိုက နှစ်အားလေ

ရွှေရုပ်က ပြုံးနေမိပါသည်။





“ရွှေရုပ်”

“အင်း”

“ငါ တစ်ခုစဉ်းစားမိသေးတယ်”

“အင်း ...”

“နောက်တာ မဟုတ်ဘူးနော်၊ တကယ်တွေးမိလာတာကို ပြောတာ၊ ဇဝေဇဝါ ဖြစ်လာလို့”

“အေးပါ၊ ပြောလေ”

“နင် လင်းဝဏ္ဏကို လက်ခံချင်တာရော ဟုတ်ရဲ့လား”

ရွှေရုပ်က နားမလည်နိုင်သလို ...

“နင် ဘာကို ပြောတာလဲဟ”

“နင် မင်းဒီပကိုများ လက်ခံချင်နေတာများလား”

“ဟာ ... လင်းလက်နော်၊ နင် တော်တော်လျှာချောင်ပါ လား၊ ဒီလိုမျိုး ပေါက်လွှတ်ပဲစားစကား ပြောစရာလား ဟဲ့”

ရွှေရုပ်ရဲ့မျက်နှာမှာ သွေးရောင် လျှမ်းတက်ကာ ...သတကြီး ရန်ထောင်လိုက်ပါသည်။

“ငါ အကောင်းပြောနေတာဟ၊ လင်းဝဏ္ဏက နင့်ကို ပရိုပို့စ် လုပ်တယ်၊ နင်ကလည်း လင်းဝဏ္ဏကို ချစ်တယ် သာဆိုတယ်၊ ပိုရင်းနှီးတာလည်း မင်းဒီပနဲ့၊ ပိုတွေ့ဖြစ် တာလည်း မင်းဒီပနဲ့၊ အမှတ်တရ အဖြစ်အပျက်တွေ ရှိ



www.burmeseclassic.com

www.burmeseclassic.com



တာလည်း မင်းဒီပနဲ့၊ နှင့်ဖို့ တိုထွာစောင့်ရှောက်တာလည်း မင်းဒီပ၊ ဒီကိစ္စအပေါ် လင်းဝဏ္ဏထက်တောင် ပိုတက်ကြွနေတာလည်း မင်းဒီပ ...

တစ်ခုခုတော့ လွဲနေသလိုပဲ၊ ဟိုကောင်လေးကလည်း သူ့အစ်ကိုမဟုတ်တဲ့သူနဲ့ တွဲလို့တဲ့၊ ရုန်းရင်းဆန်ခတ် လာလုပ်တယ်၊ ဘယ်လိုတွေလဲ၊ တစ်မျိုးကြီးတွေဖြစ်နေတယ်၊ ဒီအဖြစ်အပျက်ကို လင်းဝဏ္ဏ သိလား"

"မသိဘူး ထင်တယ်"

"သိတယ် မသိဘူး မေးမကြည့်ဘူးလား"

"ဒီရက်အတွင်း ဖုန်းမပြောဖြစ်သေးဘူး"

"ဖုန်းက ဘယ်လောက်ကို တစ်ခါလောက် ပြောဖြစ်တာလဲ"

"တစ်ပတ်ကို နှစ်ရက်လောက်ပေါ့"

"တွေ့ဖြစ်တာရော"

"တစ်လကို နှစ်ရက်လောက်"

"ဘုရားရေ ... နှင်နဲ့ မင်းဒီပက တစ်ရက်ခြားတစ်ခါလောက် တွေ့ဖြစ်နေကြတယ် မဟုတ်လား"

"ဒါတော့ သူက လမ်းပေါ်မှာချည်းပဲ ကားတစ်စင်း ပတ်နေတဲ့သူလေ၊ ဆိုင်ကို သူ အမြဲဝင်ဝင်လာတော့ တွေ့တာပေါ့ဟဲ့"





"ဘယ်လိုများလဲ၊ အစ်ကိုကလည်း ညီကိုများ စပါယ်ရှယ်ပါဝါလွှဲပေးထားတာများလား၊ ရွှေရုပ်နှင့် ပတ်သက်သမျှကိစ္စအဝဝ ကြိုက်သလို စီမံခန့်ခွဲခွင့်ရှိသည် ဆိုပြီးတော့လေ"

ရွှေရုပ်က လင်းလက် စကားကို တဟင်းဟင်းသရယ်မောနေပါသည်။

"ရယ်မနေနဲ့၊ အဟုတ်ပြောနေတာ၊ ငါတော့ မြင်ယောင်ပါတယ်၊ တစ်နေ့သောအခါ မင်းဒီပကပဲ နှင့်ကိုခိုးပြေးပြီး အစ်ကိုဆီ ပို့ပေးရလိမ့်မယ် ထင်တယ်"

ရွှေရုပ်က ဒီစကားကိုတော့ သူကိုယ်တိုင်လည်း ဖြစ်နိုင်လွန်းတယ် ထင်မိကာ ...

"အေး ... မပြောနိုင်ဘူး၊ ဖြစ်ချင်ဖြစ်နေမှာ"

"ရယ်မနေနဲ့ ရွှေရုပ်"

"ရယ်မနေလို့ ဘာလုပ်နေရမှာလဲ မွန်မွန်ရယ်"

"ရွှေရုပ် ... ငါကတော့ ရှင်းရှင်းပဲ၊ လင်းလက်ထက်ပိုပြီး ပွင့်ပွင့်လင်းလင်း မေးရဦးမယ်"

"ဘာလဲ"

"နှင် မင်းဒီပကိုများ ချစ်နေလား"

ရွှေရုပ်က မျက်နှာမှာ သွေးရောင်လျှမ်းသွားပြန်ဘာ ...

"တော်ဟာ၊ သိက္ခာမရှိတဲ့စကားတွေ တော်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"သိက္ခာမရှိဘူးထင်လို့ နင်က လင်းဝဏ္ဏကိုပဲ ချစ်ဟန်ဆောင်နေတာလား"

"မှန်မှန်"

"နင့်ကိုကြည့်ရတာ မင်းဒီပအပေါ် ပိုပြီးသံယောဇဉ်ကြီးတာ အသိသာကြီး ဖြစ်နေတယ်ဟယ်"

"ဒါကတော့ သူ့အပေါ် မောင်လေးတစ်ယောက်လို ၅၂၈ သံယောဇဉ်မျိုး ထားတာကိုး၊ ဖြူစင်တဲ့အချစ်ကိုး၊ ဒီတော့ ပွင့်ပွင့်လင်းလင်းမဖုံးမကွယ်ဘဲ ပိုဖော်ပြမိတာပေါ့၊ လင်းဝဏ် ကိုတော့ သူ့အမေကြီးကလည်း တစ်မျိုးဆိုတော့ ကျွန်ုပ် ရရပဲ ဆက်ဆံရတာကိုး"

"လင်းဝဏ္ဏ အမေကြီးက မင်းဒီပ အမေကြီးပါပဲဟယ် တူတူပါပဲ"

"ဒါပေမဲ့ ရိုးရိုးခင်မင်ရင်းနှီးတာ ဘာကန့်ကွက်စရာရှိလဲ ဒီဒီကို ငါနဲ့မပေါင်းဖို့ မခင်မင်ဖို့ တစ်ခါမှမ မပြောဖူးတာ လင်းဝဏ်ကိုသာ တားနေတာ"

"နင် ချစ်တယ်ပဲပြောပြော၊ သံယောဇဉ်ပဲပြောပြော၊ ဖြူစင် တယ်ပဲပြောပြော၊ မဖြူစင်ဘူးပဲပြောပြောပါ၊ မျက်မြင်မှာ တော့ နင့်စိတ်အာရုံတွေက မင်းဒီပ အပေါ် ပိုနေတယ် ရွှေရုပ်၊ နင် လင်းဝဏ္ဏကို လက်ခံတယ် ဆိုရင်တောင် သူ့ ကိုချစ်တဲ့စိတ်ထက် မင်းဒီပ နင့်ကို မရီးမတော်ရရင် နှ သွားမှာစိုးလို့ လက်ခံတော့မယ့်ပုံမျိုး ဖြစ်နေတယ်"





ရွှေရုပ်က မှန်မှန့်ကို ခပ်ငေးငေးလေး ငေးစောင်း ကြည့်ကာ နေရာမှ ထ,ရပ်ပြီး ရုံးခန်းထဲ ခေါက်တုံ့ခေါက်ပြန် လျှောက်နေလိုက်ပါသည်။ နှစ်ယောက်သုပ်ပြီး ဝေဖန်နေတော့ စိတ်က တိုလာပြီ။ ရင်ထဲမှာ ကတုန်ကယင်တောင် ဖြစ်လာပြီ။ လက်ဖျားတွေလည်း အေးစက်လာပြီ။ မျက်နှာကိုလည်း ပြင်လို့ ရှူး

"ငါ့ကို စိတ်ဆိုးသွားတာလား ရွှေရုပ်"

"မဆိုးပါဘူးဟာ၊ ဒီအတိုင်း ဓာတ်မျှောနေလို့ မရတော့ ဘူးဆိုတာ သိလာတာပါ၊ ပတ်ဝန်းကျင်က သို့လောသို့လော ဟိုထင်ဒီထင် ထင်လာတော့မယ်၊ နင်တို့တောင် ထင်လာ ပြီလေ၊ ဒီတော့ ... တော်ပြီ၊ ငါ တခြားလူတွေကို စဉ်းစား ပြီး စိတ်ကူးထဲ ထည့်ကြည့်တဲ့အလုပ်ကို ရပ်ပစ်တော့မယ်၊ ပြီးတော့ ငါ လင်းဝဏ်ကိုပဲ ခေါင်းညိတ်လိုက်တော့မယ်"

"ရွှေရုပ် ... ငါ့စကားကြောင့်တော့ ဆုံးဖြတ်ချက်ကို အလော တကြီး ..."

"မဆိုင်ပါဘူး"

ရွှေရုပ်က မှန်မှန့်စကားကို မဆုံးခင် ဖြတ်ပစ်ကာ ပြတင်းပေါက်တစ်ခုမှာ သွားရပ်နေလိုက်ပါသည်။

❦ ❧ ❦



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... မရီးလား"

"အင်း ... ဟုတ်တယ်၊ ဒီဒီ ဘယ်မှာလဲ၊ အပြင်မှာပဲလား"

"ဟုတ်တယ် အစ်မ"

"ဘယ်နားမှာလဲ၊ အားရဲ့လား"

"ကုမ္ပဏီရုံးခန်းတစ်ခုမှာ၊ အခု အားပြီ"

"ကုမ္ပဏီရုံးခန်းတစ်ခု ! အဆန်းပါလား၊ ဘာလုပ်နေတာလဲ ဒီဒီ"

"အဟီး ဟီး ... ကျွန်တော် အလုပ်လာလျှောက်နေတာ"

"အလုပ်လာလျှောက်တယ် !! "

"ဟုတ်"

ရွှေရုပ်က မျက်မှောင်လေး ကုတ်မိရင်း ...

"ဘာအလုပ်လဲ"

"မသိပါဘူးဗျာ၊ ခေါ်တဲ့အလုပ်ပေါ့၊ ကွန်ပျူတာလေးဘာလေး ကိုင်ရမယ်၊ စာရေးလောက် နေမှာပေါ့"

"ဟယ် ... ဒီလိုအလုပ်ကို !! "

"ဟား ဟား ဟား ... မရီးကလည်း၊ ကိုယ့်မောင်ကို ဘာများမှတ်နေလို့လဲ၊ ဆယ်တန်းတောင်မှ မအောင်ထား



ကွန်ပျူတာသာ ကျွမ်းတာလေ၊ အခု အင်တာဗျူးဖြေတာ ပြီးပြီ၊ ပါမယ်တော့ မထင်ပါဘူး"

"ဟိုနှစ်ယောက်ရော တူတူလျှောက်ကြတာလား"

"ဟင့်အင်း ... သူတို့က အနိမ့်စားဝန်ထမ်း လုပ်ရတာ ဂုဏ်ငယ်တယ်တဲ့၊ ကျွန်တော့်ကိုတောင် ဆဲနေကြတာ၊ သူတို့ မလျှောက်ဘူး၊ ကျွန်တော်ကတော့ မလျှောက်လို့ မဖြစ်ဘူးဗျ၊ အရမ်း လတ်လျားလတ်လျားနိုင်လို့ဆိုပြီး ဆူလုတာ နားကိုငြီးနေပြီ မရီးရ"

ရွှေရုပ်သည် မင်းဒီပ အလုပ်သွားလျှောက်နေတယ် ဆိုတာကို စိတ်တောင်မကောင်းနိုင်ဘဲ တစ်ခဏ ငိုင်သွားပါသည်။ စိတ်ထဲမှာလည်း လျှပ်တစ်ပြက် "ငါ့ရဲ့ကျောက်စိမ်းဆိုင်မှာများ နေရာတစ်ခုခု ..." ဆိုတာမျိုး တွေးလိုက်မိပြီးမှ ခေါင်းကိုခါထုတ်လိုက်ရပါသည်။

မဖြစ်နိုင်တာ။ မေမေ စိတ်ဆိုးသွေးတိုးမှာပေါ့။

"မင်း အခု အားပြီလား ဒီဒီ"

"အင်း ... အားပြီ"

"သေချာရဲ့လား"

"သေချာပါတယ်ဆို၊ မရီး ဘာလုပ်ချင်လို့လဲ၊ ခိုင်းလေ၊ ရတယ်"

ကြည့်စမ်း။ ပြောပုံကလေးကို။

www.burmeseclassic.com

www.burmeseclassic.com



မွှေရုပ်က ကျေနပ်သော် အပြုံးလေးနှင့် ...

"ခိုင်းမလို့ မဟုတ်ပါဘူး ဒီဒီရယ်၊ စကားပြောချင်တယ် အားလား"

"သြော် ... တစ်ခုခု ခိုင်းတောင်လုပ်ပေးဖို့ အားပါတယ် ဆိုနေတာ၊ စကားပြောဖို့ မအားဘဲ နေပါ့မလား၊ ပြောလေ"

"အခု ဖုန်းထဲပြောမှာ မဟုတ်ဘူး၊ အပြင်မှာ ပြောမှာ"

"ရတယ်လေ၊ ဘယ်မှာလဲ၊ ကျွန်တော် လာခေါ်ရမလား"

"မခေါ်နဲ့"

ဆိုင်မှာ မွန်မွန့်ကို မန်နေဂျာခန့်ထားတာမို့ မွှေရုပ်လုပ်သမျှ မွန်မွန် အကုန်မြင်သိနေတာ။ သူ့ရှေ့မှာ မင်းဒီပ လာကြိုထုတ်သွားတာ မဖြစ်ချင်ပါ။ နေပါဦး။ ကိုယ့်ကိစ္စနဲ့ကိုယ်ပဲ ဟာ၊ ဒီဒီ လာကြိုကြို ဘယ်သူလာကြိုကြို ဘာဖြစ်လဲ။ လာကြိုတာမျိုး မဖြစ်စေချင်ဘူး ဆိုရင်လည်း ထားတော့။ ခုလို မွန်မွန့်ကို အသိတောင်မပေးဘဲ တိုးတိုးတိတ်တိတ်သာ ထွက်သွားချင်တာကကော ဘာကြောင့်လဲ။

အို ... နားအေးချင်လို့ပေါ့။

ကိုယ့်အမေးနှင့် ကိုယ့်အဖြေ အဆင်ကိုပြေလို့။

မွှေရုပ်က သူ့ဟာနှင့်သူ သဘောတွေကျနေရင်း ...

"တို့ဘာသာတို့ လာခဲ့မယ်၊ ဒီဒီ ဘာစားပြီးပြီလဲ"





"ဟင့်အင်း၊ အင်တာဗျူးအလှည့်စောင့်ရင်း အူတောင်လိမ်နေတာ"

"ဘာစားချင်လဲ"

"ကိုရီးယားစာ စားချင်တယ်"

"အေး ... ကောင်းပြီ၊ အစ်မတို့ တစ်ခါသွားစားဖူးတယ် ဖိုးစိန်လမ်းနားမှာ မှတ်မိလား"

"မှတ်မိတာပေါ့"

"အဲဒီကို ဒီဒီ အခုထွက်လာခဲ့"

"အိုကေ ... ထွက်လာပြီ၊ ဒါပဲနော် အစ်မ"

"အင်း"

မွှေရုပ်က ဖုန်းပိတ်ပြီး ပိုက်ဆံအိတ်ကောက်ယူရင်း သူ့အခန်းထောင့်မှာ ထိုင်နေတဲ့ ကောင်မလေးကို ...

"ဖြူဖြူ ... အစ်မ ကိစ္စရှိလို့ အပြင်သွားဦးမယ်။ မန်နေဂျာကို ပြောလိုက်၊ အလုပ်ကိစ္စတစ်ခုရှိလို့"

မွှေရုပ်က ပြောလက်စ စကားကို ရပ်လိုက်ပြီး ခေါင်းတစ်ချက်ယမ်းကာ ...

"နေပစေတော့၊ အစ်မဘာသာပဲ ပြောသွားလိုက်မယ်"

"ဟုတ်ကဲ့"

မွှေရုပ်က အခန်းထဲက ထွက်ကာ ဘေးဘက်က မွန်မွန့် အခန်းမှန်တံခါးကို ခေါက်ဖွင့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မွန်မွန် ... နင် အလုပ်ရှုပ်နေလား"

"အေး ... ငါ စာရင်းတွေ စစ်နေတယ်၊ အလုပ်ရုံက အသစ်ရောက်တဲ့ စာရင်းနဲ့ ဒီကအရှိစာရင်း ကိုက်နေတာ၊ နင့်ကိုတောင် လာပြောတော့မလို့၊ ငါတို့ အော်ဒါလုပ်ထားတဲ့ပစ္စည်းတချို့ ပုံမှားနေတယ်၊ ဒီဖိုင်းလွဲနေတာပေါ့၊ နင် ပြီးမှစစ်ကြည့်၊ ငါ အခု အရင်စစ်ဦးမယ်"

"အေး ... လုပ် ... လုပ်၊ ငါ ဖေဖေ တွေ့ခိုင်းထားတဲ့ လူတစ်ယောက်နဲ့ သွားတွေ့စရာရှိလို့ သွားလိုက်ဦးမယ် ခဏ"

"သွားလေ၊ တစ်ယောက်တည်း ဖြစ်ရဲ့လား၊ လိုက်ရမလား"

"မလိုက်နဲ့၊ နင် ကျန်ခဲ့လိုက်၊ ငါ သွားပြီနော်"

"အေး ... အေး"

ရွှေရပ်က သူတို့ဆိုင်ခန်းရှိတဲ့ တာဝါရဲ့ကားပါကင်ဆီသွားကာ ကားပေါ်တက် မောင်းထွက်လာခဲ့ပါသည်။ ချိန်းထားတဲ့ ကိုရီးယားစားသောက်ဆိုင် ခြံဝင်းထဲ ကားကွေ့ဝင်လျှင် ကားခပ်ရှင်းရှင်းထဲမှာ မင်းဒီပရဲ့ စိမ်းပြာတောက်တောက် ဆေးမှုတ်ထားတဲ့ ဂျစ်ပုကို ထင်းခနဲ လှမ်းမြင်သည်။

ဂျစ်ပုန်ဘေးရပ်ကာ ရွှေရပ် ကားထဲက ထွက်လျှင် မင်းဒီပက သူ့ဂျစ်ပေါ်က ဆင်းလာသည်။ ရွှေရပ်က ကားကို အဝေးထိန်းနှင့် လော့ခ်ချရင်း ...



"မင်း ဘယ်ကလာတာလဲ"

"မြို့ထဲက အစ်မ၊ ဘာလို့လဲ"

"ဟဲ့ ... မြို့ထဲနဲ့ ဒီနဲ့ ဒီလောက် အမြန်ရောက်အောင် မောင်းရသလားဟင်၊ ကားမောင်းကြမ်းလှချည်လား"

"မရီးက ခေါ်တာကိုး၊ မရီးက ဒီလိုမျိုး ခေါ်ခဲတယ်ဆိုတော့ ဘာများလဲလို့ စိတ်ပူပြီး မြန်မြန်လာလိုက်တာ"

"နောက် ... အဲသလောက်ကြီး မမောင်းစမ်းနဲ့"

နှစ်ယောက်သား ဆိုင်ထဲဝင်လာပါသည်။ ကြမ်းပေါ်ထိုင်ရတဲ့ စားပွဲလေးထောင့်လေးရဲ့ တစ်ဖက်တစ်ချက်မှာ ကတ္တီပါ ခုံလေးတွေနှင့် မျက်နှာချင်းဆိုင် ထိုင်ပြီးလျှင် ...

"ဒီဒီ မှာလိုက်"

"မရီး တတယ်ကျွေးမှာနော်"

"သြော် ... အင်းပေါ့"

"ဈေးကြီးတာ မှာလို့ရလား"

"မှာပါတော်"

ရွှေရပ်က ပြုံး၍ပြောလျှင် ခွင့်ပြုချက်ရသွားတဲ့ ကလေးငယ်ပမာ မင်းဒီပက ပြုံးပြုံးရွှင်ရွှင်နှင့် သူကြိုက်တဲ့ ဟင်းများ မီနူးကြည့်ကာ မှာနေပါသည်။ ဟန်ဆောင်ခြင်း အလျဉ်း မရှိတဲ့ပုံကို ရွှေရပ်က ချစ်ခင်စွာ ငေးကြည့်နေမိရင်း မွန်မွန်တို့ ဝင်းလက်တို့ စကားတွေ ကြားယောင်လာမိလျှင် ဖျတ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတိုလွဲပြီး နံရံက ကိုရီးယားမင်းသား မင်းသမီးပုံတွေကို လျှောက်ကြည့်နေလိုက်ပါသည်။

"အစ်မ ... ကျွန်တော်မှာတဲ့ထဲကပဲ စားတော့"

"အင်းပေါ့"

"ဒါဆိုရပြီ၊ မြန်မြန်လေး ချပေး"

မိန်းကလေးတစ်ယောက်က လက်ဖက်ရည်ကြမ်း လင်ပန်း လာချသွားပါသည်။

"မရီး ရေနွေးသောက်မှာလား"

"အင်း"

"ထည့်ပေးမယ်၊ ဒီခရား မရီးပဲသောက်လိုက်၊ ရေနွေးကြမ်းများ ကောင်းကောင်းလုပ်လို့ အရသာခံနေသေးတယ်၊ ကျွန်တော်ကတော့ မကြိုက်ပါဘူး၊ မရီးပဲသောက် ... ရော့"

ရွှေရုပ်က ရေနွေးပန်းကန်ကို လှမ်းယူရင်း ...

"လင်းဝဏ္ဏ သူ့ဆရာကြီးနဲ့ ဆေးခန်းတွေ လိုက်ထိုင်ပေးနေလား"

"အင်းပေါ့ အစ်မ၊ ပင်ပန်းတာပေါ့၊ ဒါပေမဲ့ ကိုကိုက ကျေနပ်နေတာ၊ သူ့ဆရာကြီးကလည်း သူ့ကိုပဲ ဘာတွေ သဘောကျနေလဲ မသိဘူး၊ ခွဲခန်းဝင်ရင် သူ့ကိုဘေးမှာ အမြဲခေါ်တယ်၊ တခြားလက်ထောက်ရှိလည်း သူ့ကိုထည့်ခေါ်တယ်"





"လင်းဝဏ္ဏက တော်တော့ သဘောကျလို့ နေမှာပေါ့"

"ဟုတ်တယ် အစ်မ၊ အဲလောက်တော်တဲ့ အစ်ကိုတစ်ယောက်မှာ ဒီလောက်ညံ့တဲ့ ညီတစ်ယောက် ရှိနေတာလည်း မယုံနိုင်စရာပဲနော်"

"မင်းက ညံ့တာထက် လုပ်ကိုမလုပ်တာ"

"အင်း ... ဖြစ်နိုင်တာပဲ၊ အဲဒါလည်း"

"ဘာပဲဖြစ်ဖြစ် လင်းဝဏ် အလုပ်တော့ များမှာပဲ၊ မတွေ့တာတောင် တစ်ပတ်ကျော်ပြီ၊ ဆယ်ရက်ကျော်ပြီထင်တယ်"

"တစ်ခါလူနာခွဲစိတ်တိုင်း ဆရာကြီးက ကိုကို့ကိုလည်း မုန့်ဖိုးသဘော မိုက်ဆံရှင်းပေးတယ်၊ ဆေးခန်းမှာလိုက် ထိုင်ပေးလို့လည်း တစ်လတစ်ခါ လခသဘောပိုက်ဆံပေးတယ်၊ ကိုကိုက ထောနေတာပေါ့၊ ဒီဆရာကြီးက တစ်လမှာ ခွဲစိတ်ကေ့စ်က လေးဆယ်လောက်ရှိတာကို၊ ဒါပေမဲ့ ကိုကိုက မပေးဖို့ပြောပြီး ပြန်ပေးတာဗျ၊ သူက ပညာရတာမို့ ပိုက်ဆံမယူပါရစေနဲ့လို့ ပြောတာ၊ ဆရာကြီးက မရဘူး၊ အတင်းပေးတယ်ဆိုတော့ ကိုကိုက ဝင်ငွေကောင်းနေတာပေါ့၊ အခု ကျွန်တော်က ကိုကို့ဆီကလည်း မုန့်ဖိုး ကပ်တောင်းလိုက်တာပဲ၊ မေမေ ပေးတာရယ် ကိုကိုပေးတာရယ်၊ နှစ်မျိုးရတာပေါ့၊ ဒါပေမဲ့ မရီးရဲ့ချစ်သူက ကပ်စေးနဲ ပါဗျာ၊ စုထားတယ်၊ မိန်းမခိုးဖို့ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဗွေရှပ်သည် မင်းဒီပ ပြောသမျှကို သဘောတွေကျ ပြီး တသိမ့်သိမ့်သာ ရယ်မောနေရပါသည်။

"စာရော ကျက်နေလား"

"ကျက်တာပေါ့၊ ဆေးရုံနဲ့ စာပဲ"

လင်းဝဏ္ဏဟာ သူ့ကိုသဘောကျတဲ့ ဆရာဝန်ကြီး တွေ ရှိတာကြောင့်နှင့် သက်ဆိုင်သလားတော့ မသိ၊ ပိုစတင်ဝင် တော့ ရန်ကုန်ပဲ ကျပါသည်။ နှစ်စေ့လျှင် ခွဲစိတ်ဘာသာရပ် အမ်မ်အက်စ်စီဖြေဖို့ စာကျက်ကာ သူ့ဘဝဟာ ဆေးပညာနှင့် လူနာတွေအကြားပဲ နှစ်မြှုပ်နေပါသည်။

"ဒွဒွ"

"ဗျာ"

"မင်းကို မြောစရာရှိတယ်"

"ပြောလေ မရီး၊ ဘာများပြောမလို့လဲလို့ ရင်တမမ ဖြစ် နေတာ"

"ပြောတာထက် တိုင်ပင်တဲ့သဘောလည်း သက်ရောက် တယ်"

"ဟုတ်ကဲ့"

မင်းဒီပက တရိုတသေနှင့် ကိုယ်ကို မတ်မတ်သေ ချာနေရာတကျထိုင်ပြီး ဗွေရှပ်ကို စူးစိုက်ကြည့်ကာ အာရုံစိုက် နားစွင့်နေပါသည်။





"အစ်မမှာ တိုင်ပင်စရာလူ သိပ်မရှိဘူး၊ ဖိုးစိန်ကျင်မှာ က လင်းဝဏ္ဏကိစ္စကို အားမေးမယ့်သူထက် ဖျက်မယ့်သူ တွေပဲ ပိုများတယ်"

"ဟုတ်"

"မင်းအစ်ကို တို့ကို ခွင့်တောင်းထားတာ ဘယ်လောက် တောင် ကြာနေပြီလဲ၊ ဒီဒီ သိလား"

"ကျွန်တော် သိသလောက် ကျွန်တော် ရှစ်တန်း ဆယ့်လေး နှစ်နီးပါးလောက်က ခုဆို ရှစ်နှစ်နီးပါးတောင် ကြာနေပြီပေါ့ မရီးရ"

"အင်း"

"ဒီလောက်တောင် အချိန်တွေကုန်လာတယ် မထောင်မိဘူး၊ မရီးကလည်း အဖြေပေးလိုက်သင့်နေပါပြီဗျာ"

"အင်း ... အဲသလို အဖြေပေးလိုက်သင့်ပြီလား ဆိုတာ မင်းနဲ့ တိုင်ပင်ကြည့်မလို့ပါ"

"ဟာ ... ပေးသင့်ပြီပေါ့၊ ပေးသင့်တယ်၊ အဖြေပေးသင့် တယ်၊ ပေးသင့်တာကြာပြီ"

"အမယ်လေး ... လျှာတော်း ခလုတ်တိုက်ပြီး တံတွေး သီးပါမယ်၊ တစ်ခါတည်း"

"မရီးကလည်း၊ ကိုကို သနားပါတယ်၊ ကိုကိုက ဟစ်ယောက် ဆို ဒီတစ်ယောက်၊ တခြားဘာကိုမှ စိတ်မဝင်စားလို့သား



www.burmeseclassic.com

www.burmeseclassic.com



တော်ရုံတန်ရုံလူသာဆိုရင် စိတ်ပျက်ပြီး ထွက်ပြေးရင်ပြေး ရူးရင်ရူး၊ ရှေးဆိုရိုးဟုံးစံနဲ့ဆိုရင် သုံးနှစ်သုံးမိုး အချိန်ယ စဉ်းစားရတယ်လို့ပဲ ကြားဖူးပါတယ်၊ မရီးလက်ထက်က မှ ရှစ်နှစ် ရှစ်မိုး ... အား"

"အင်းပါ၊ တို့လည်း အဲသလို တွေးမိလာတယ်၊ တို့က ခေါင်းလည်းမညိတ် ခေါင်းလည်းမခါ၊ သဘောလည်းမတ ငြင်းလည်းမငြင်း၊ လင်းဝဏ်အပေါ် ဝေးဝေးလည်း ထွက် သွားလို့မရအောင် ချည်တုပ်ထားခဲ့သလို ဖြစ်နေခဲ့သလာ လို့ပါ"

"ဖြစ်တာပေါ့"

"တို့ မဘာရားရာ ကျနေပြီလားလို့ ထင်ထင်လာတယ် လုံးဝ ယတိပြတ် ငြင်းထားရင်လည်း လင်းဝဏ်အ ဒီလောက်အချိန်တွေ အများကြီးအတွင်း နောက်ထ မိန်းကလေးတစ်ယောက်တောင် ထပ်တွေ့ပြီးလောက်ပါပြ

"အာ ... အဲဒါတော့ မဟုတ်ဘူး၊ ကိုကိုက အစ်မက ရင် ဘယ်သူ့မှ မိန်းမထင်တာမှ မဟုတ်တာ၊ အခြော တွေလို့ထင်နေတာ၊ အစ်မကသာ ခေါင်းမညိတ်ရင် ကို လူပျိုကြီးဖြစ်မှာ သေချာတယ်"

"အမယ်လေး ... အစ်ကို့ကို အမွှန်းတင်ရတာ အမေ

"ဟုတ်တာလေးတွေ ပြောပြတာပါ မရီးရ"





"တို့ အခု လင်းဝဏ်ကို ခေါင်းညိတ်လိုက်မလားလို့"

"ဟာ"

စကားတောင်မဆုံးခင် စားပွဲကိုထုပြီး ထ,အော် ...က်တဲ့ မင်းဒီပကြောင့် ရွှေရုပ်က ရှုံ့မဲ့ရင်း ...

"ဘာဖြစ်တာလဲ၊ ကောင်းကောင်း နားထောင်စမ်းပါ"

"ဝွဒ်အိုင်ဒီယာ၊ အစ်မ မြန်မြန်ညိတ်တော့၊ နောက်ကျသွား ရင် မကောင်းဘူး"

"မင်းသာ ဒီလိုတက်ကြွနေတယ်၊ သူကတော့ အေးဆေး လိုက်တာဆိုတာ ရေခဲတုံးနဲ့ ထုထားတဲ့ ရုပ်တုလား မှတ် ရတယ်၊ အဖြေကို တစ်လတစ်ခါလောက် မှန်မှန်လှမ်း တောင်းနေတာကလွဲရင် အေးဆေးပဲ၊ သူ့အလုပ်ပဲ သူ အာရုံစိုက်ထားတယ်၊ သူ တကယ်ကော သိပ်စိတ်ပါရဲ့လား လို့"

"ဟာ ...၊ ပါတာပေါ့ မရီးကလည်း၊ ဘာမှသျှောက်တွေး မနေနဲ့၊ ကိုကို ချစ်တတ်ပုံဟာ ဒီလိုပဲဆိုတာ မရီး နား လည်ထားလိုက်၊ ယူပြီးသွားရင်လည်း ဒီပုံအတိုင်းပဲ သူ နေမှာပဲ၊ ရင်ထဲမှာသာ တမြတ်တနိုး စိမ်ပြီးတော့ချစ်နေ မှာ"

"ပျင်းစရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါမှ ယောက်ျားကောင်းလေ မရီးကလည်း၊ အသည်းနှလုံးထဲက တကယ် နှစ်နှစ်ကာကာ ချစ်မြတ်နိုးပြီး သစ္စာရှိဖို့ပဲ လိုတယ်၊ ပါးစပ်က အပြောကောင်းတာမျိုးတွေက အပိုတွေ၊ ဘာမှ တန်ဖိုးမရှိဘူး"

"ကိုယ့်ဘက်ကိုယ် နည်းနည်းပါးပါးပဲ ယက်ပါ လိပ်ဒီ ရည်"

"မရီး ... မတိုင်ပင်နဲ့တော့၊ ဘာမှဆက်မစဉ်းစားနဲ့၊ ခေါင်းညိတ်လိုက်တော့၊ အဖြေပေးလိုက်တော့၊ အခု ကိုကို့ဖုန်းခေါ်ပေးရမလား"

"နေပါဦး၊ တကတဲ ... တိုင်ပင်မိတာ မှားပါတယ်"

"မမှားပါဘူး၊ ကျွန်တော့်ကို တိုင်ပင်လိုက်တော့ အ ဉာဏ်ကောင်းရပြီး ခုတော့ ဆုံးဖြတ်ချက် ကျသွားပြီမို့လား ဒါနဲ့ အစ်မအမေကကော"

"နိုးပေါ့၊ မင်းတို့အမေရော"

"အောလ်ဆိုး နိုးပဲ"

"အဲဒီတော့ မင်းဝဏ်ကို တို့ ခေါင်းညိတ်မယ် လက် မယ်ဆိုရင် နိုးရာပဲ လိုက်ပြေးရမယ်ဆိုတဲ့ သဘော နော်၊ အသက်တွေလည်း နှစ်ဆယ့်ခြောက်ကျော်လို့ နှစ် ခုနစ်ထဲတွေ ရောက်ကုန်ပြီ၊ မနှုးမနပ် မရှူးမနှမ်းအ





တွေ လုပ်ပုံမျိုး နိုးရာနောက်လိုက်ရမယ်ဆိုတာ တွေးကြည့်ရင် ရှက်စရာကြီး ဒီဒီရယ်"

"အစ်မကလည်း ကိုယ့်ကိစ္စ အောင်မြင်ဖို့အရေး သူများကို ရှက်နေရမယ်လို့၊ အမိပ္ပာယ်ကိုမရှိဘူး၊ လိုအပ်လာရင် အသက်ရလေးဆယ် ငါးဆယ်ဖြစ်လည်းပဲ နိုးပြေးသင့် ပြေးရမှာပဲ၊ နိုးရာလိုက်သင့် လိုက်ရမှာပဲ၊ မရီး မှန်တယ်၊ ခုမှပဲ မှန်ကန်တဲ့ ဆုံးဖြတ်ချက် ချနိုင်တော့တယ်၊ အချိန်တွေ ပုပ်လိုက်တာ တအားပဲ"

"အမယ် ... မင်းကတော့ နည်းနည်းကိုပိုတယ်၊ ဒါဖြင့် မင်းအစ်ကို ရေခဲတုံးကို အစ်မက နိုးလှည့်ပါလို့ စ,ပြော ရမှာလား၊ ဟုတ်လား ဒီဒီ"

"အားလုံး ကျွန်တော့်တာဝန်ထား၊ အားလုံး စီစဉ်ပေးမယ်၊ နေဖို့တောင် အသင့်ပဲ၊ အစ်မရဲ့အဖေမှာ နေစရာအိမ်ခန်းတွေ သူတောင်မမှတ်မိအောင် သိပ်ရှိတယ်လို့ ကြားဖူးပေမယ့် အဲဒီတွေမှာ မနေပါနဲ့၊ ဖေဖေ့မှာလည်းပဲ အခန်းပိုတွေ မရှိဘူး မဟုတ်ဘူး၊ ရှိပါတယ်၊ အဲဒီကိုလည်းတက် မသွားနဲ့ ...

ကျွန်တော့်သူငယ်ချင်းဦးလေး နိုင်ငံခြားသွားတုန်း ပိတ်ထားတဲ့ မော်ဘီခြံရှိတယ် မရီးရဲ့၊ ပျော်ခရာကြီး၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သွားစားနေကျ သောက်နေကျ ဘီပေါ
ဟဲဟဲ ... အဲဒီမှာ သွားနေ၊ သူ့ဘက် ကိုယ့်ဘက် ဘယ
သူ့ဘက်မှ မပတ်သက်တဲ့ အသစ်တစ်နေရာကို ထွက်ပြေ
ရတာကမှ ခိုးပြေးတာစစ်စစ်၊ ခြံက အကျယ်ကြီး၊ သီးပ
ဘားပင်တွေနဲ့ ကြည်နူးချင်စရာကြီး"

"အမယ်လေး ... သူ့မှာ ရည်းစားမရှိသေးပေလို့ပဲ၊ ရှိမှာ ရှိရင်တော့ ခိုးပြေးပြီး သွားကြည်နူးနေလောက်ပြီ"

"အဟဲဟဲ"

"အဲဒါ ဖြစ်ပါ့မလားဟင်"

"ဘာလို့မဖြစ်ရမှာလဲ"

"မှန်ရဲ့လား"

"မှန်တာပေါ့၊ လုံးဝအမှန်အကန်"

ရွှေရုပ်က သက်ပြင်းလေးတစ်ချက်ချရင်း ...

"ကိုယ့်ကိုယ်ကိုယ် မင်္ဂလာဆောင်နှင်း မယူရဘဲ ခိုးပြေး
ယောက်ျားယူရလိမ့်မယ်လို့တော့ နှမ်းစိလောက် အိပ်
တောင် မမက်ခဲ့ဘူး ဒီဒီရယ်"

"မရီးကလည်း၊ ပြန်အပ်ပြီးရင် မင်္ဂလာဆောင်ရမှာ
ဒီတိုင်းတော့ ပြီးမသွားလောက်ပါဘူး၊ ကျွန်တော် အာ
ဝင်စီစဉ်ပေးမယ် မရီး"





ရွှေရုပ်က ပြုံးရွှင်တက်ကြွနေတဲ့မင်းဒီပကို တစ်ချက် စိုက်ကြည့်နေပြီး ...

"လင်းဝက်ကို တို့ဆီ ဆက်သွယ်ခိုင်းလိုက်"



www.burmeseclassic.com

www.burmeseclassic.com



## ၇

အဲသလိုနှင့် ဖြူတံစဈင်းတောင်း ကသီလင်တာနိုင်ဇာ့ လင်းဇဏ္ဍာနှင့် ရွှေရုပ်တို့ရဲ့ ခိုးရာလိုက်ပြေးခြင်း အစီအစဉ်ဟာ ဇာဇာ်ဆရာ မင်းဒီပရဲ့လက်ချက်နှင့် အနည်းငယ်တော့ လိုအပ်ချက်လေး ဟာကွက်လေး ရှိကောင်းရှိနိုင်ပေမယ့် ရင်တခုန်ခုန်နဲ့ ပျော်စရာတော့ ကောင်းခဲ့ပါသည်။

❦ ❧ ❦

အဲဒီမနက် အိမ်ကနေ ကိုကို့အဝတ်တွေ အသုံးအဆောင်တွေ ထည့်ထားသည့် သေတ္တာကြီးဆွဲကာ အိမ်ထဲက ထွက် ကားပေါ်တင်တဲ့အခါ ...

"ဒီဒီ ... ဒီသေတ္တာကြီး ဘာလုပ်တာလဲ"





"ဟို ... မေမေ၊ အောင်သက် ခရီးသွားဖို့ရှိလို့ သေတ္တာတစ်လုံး ခဏငှားလို့"

"မင်းရဲ့အောင်သက်ကလည်း သေတ္တာတစ်လုံးတောင် မရှိဘူးလား"

"မရှိဘူး မေမေ"

❦ ❧ ❦

ငွေကို ရေလို လေလို သုံးနိုင်ဂှာ အဖေက မုန့်ဖိုးတစ်ခါပေး သိန်းပေါင်းများစွာ။ ကိုယ်တိုင်ဖွင့်ထားတဲ့ ကျောက်မိမ်းလက်ဝတ်ရတနာ၊ ရင်ထိုး၊ လက်ကောက်၊ ဆွဲသီးဆွဲပြား၊ ကျောက်စိမ်းရုပ်တု သေးသေးကြီးကြီးတွေ၊ ကျောက်စိမ်းခွက်လေးတွေ၊ အမှတ်တရ ကျောက်စိမ်းပစ္စည်းတွေ၊ ကျောက်စိမ်းနှင့်ပတ်သက်လျှင် လုပ်လို့ရတဲ့ ပစ္စည်းမျိုးစုံလုပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ရောင်းဝယ်ဖောက်ကားတဲ့ဆိုင်မျိုး ဖွင့်ထားတဲ့ ရွှေရုပ်ရဲ့ တစ်ဦးတည်းပိုင်ငွေက သိန်းပေါင်းများစွာ။

ရွှေရုပ်က ဘာပစ္စည်းမှ အိမ်က မထုတ်မသယ်။

"မရီး ... ကျွန်တော် ဘာလာသယ်ပေးရမလဲ"

"ဟင့်အင်း၊ သွားပွတ်တံ သွားတိုက်ဆေးနဲ့ တို့သုံးလက်စ ဒေးကရင်မ် နိုက်ကရင်မ်လေး နှစ်ဘူးမဲ ပိုက်ဆံအိတ်ထဲ ထည့်ခဲ့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဝတ်မှာလဲ"

"အားလုံး အသစ်ထွက်ဝယ်မယ်"

"မရီးတို့ကတော့ ဟော့တယ်ဗျာ".

❣ ∞ ❣

ဒီနေ့ညဘက် ဆေးခန်းကိုဖျက်လိုက်ပါလို့ ကိုကို့ကို ပြောပေးမယ့် သူကိုယ်တိုင် တွပ်ကွေး ကွေးနေတာတောင် ဆရာကြီးဆေးခန်းသွားဖို့ မဖျက်တဲ့ လင်းဝဏ္ဏက ဒီနေ့အဖို့လည်း မဖျက်ပါ။

"ခိုးပြေးတယ်ဆိုတာ ဒီဒီရာ၊ ညကြီးသန်းခေါင်မှပါကွ၊ ငါ့ဆေးခန်းက ဆယ်နာရီခွဲဆိုရင် ပြန်ရောက်ပြီပဲ (လင်းဝဏ္ဏဆရာကြီးရဲ့ဆေးခန်းချိန်ဟာ ဆယ်နာရီလောက်မှပြီးပါသည်။) ရေမိုးချိုး ဆယ့်တစ်နာရီဆိုရင် ပြီးပြီလေ၊ ညနေစာကလည်း ဆေးခန်းချိန်မှာပဲ မှာစားလာနေကျပဲ ဘာမှလုပ်စရာမရှိတော့တဲ့ဟာ၊ မင်းက ဘယ်လောက်တောင် စောစော အိမ်ကထွက်ချင်လို့လဲ"

"ကိုကို နိုက်ဂျူတီလို့ ပြောပြီးထွက်တာ အကောင်းဆုံးပဲလေ"

"မင်းကကော"

"ကိုကို့ကို လိုက်ပို့တာပေါ့"





"ငါက ခါတိုင်း ငါ့ကားနဲ့ငါ သွားနေကျ၊ ခုမှ မင်းက ဘာဖြစ်လို့ လိုက်ပို့တာလဲဆိုရင်"

"ကျွတ် ... ကိုကို့ကား ဘီးပေါက်နေတယ်ပေါ့ဗျာ"

"ရပါတယ်ကွာ၊ ခုလည်း ဆေးခန်းကို အင်မာဂျင်စီရောက်လာတဲ့ ဆရာကြီးရဲ့လူနာက On call လှမ်းခေါ်တယ်ပေါ့ကွာ။ မိုးချုပ်မှ ထွက်ပေါ့"

"ဒီတော့ မရီးက ဘယ်လိုထွက်မလဲ၊ မရီးကို ညစ္စည်းခံပွဲရှိလို့ အိမ်ကထွက်လာသယောင် လုပ်မလို့"

"အဲသလိုပဲ ထွက်လိုက်လေ၊ မိုးချုပ်မယ်ပြောပေါ့၊ ရှေ့ရုပ်က တစ်နေရာမှာ ခဏတော့ စောင့်ပေါ့ကွာ"

"ဩော် ... တရားကျတယ်ဗျာ၊ ကိုကိုကတော့လေ၊ မရီးကပဲ တစ်နေရာကနေ သူ့ကိုထိုင်စောင့်ဦး၊ ဟွန်း ... မိန်းကလေးက ဝီရိယရှိရှိ ထွက်စောင့်၊ ယောကျ်ားလေးကကိစ္စဝိစ္စပြီးမှ လာခဲ့မယ်၊ ဒီလိုလား"

"ဟော့ကောင် ဒီဒီ၊ ဒီသဘောမှ မဟုတ်တာကွာ၊ ငါ့က အလုပ်များတာကိုးကွ"

"မလိုချင်ဘူးဗျာ၊ ဆရာကြီးကို ခွင့်တောင်းပြီး ကိုးနာရီလောက် အိမ်ရောက်အောင်ပြန်"

"ရှစ်နာရီခွဲလောက် ဆေးခန်းက ထွက်ရမှာ ! "

"ထွက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးရောကွာ"

"ကတိတည်နော်၊ မတည်ရင် ကျွန်တော်က ဆေးခန်းထဲက ဆရာကြီးလှနာခန်းထဲ ဝင်လာပြီး အမေမူးလဲတယ် ခုလိုက်ခဲ့လို့ လာလုပ်မှာ"

"ဟုတ်ကောင်"

"နောက်ရက်တွေရော ဆေးရုံမှာ ဆေးခန်းမှာ ခွင့်ယူထားရဲ့လား"

"ယူထားပါတယ်ကွာ"

"ဘယ်နှရက်လဲ"

"နှစ်ရက်"

"ဟာ ... မင်းဘိုးအေ၊ နှစ်ရက်လား ကိုကိုရ"

"ဟုတ်ကောင် ... မင်း ငါ့ကို မင်းဘိုးအေတွေ ဘာတွေ ပြောစရာလား"

"စကားအရ ပြောတာလေ၊ မင်းအိုးဘေ မပြောချင်ရင် 'ကိုကို့ဘိုးအေ'လို့ ရိုရိုသေသေ ပြောရမှာလား ...ကျွတ်"

"အားလုံး အဆင်ပြေပါတယ်ကွာ၊ မင်း ဒီလောက် စိတ်မပူပန်စမ်းပါနဲ့"

"ကျွန်တော် မပူပန်တော့ ကိုကိုရော ပူပန်လို့လား၊ ဒါတွေက ယောကျ်ားလေးက စိစဉ်ရမှာတွေလေ၊ မိန်းကလေးက ကိုယ်ခိုးရာလိုက်ဖို့ ကိုယ်တိုင် တက်တက်ကြွကြွ





စီစဉ်စရာလား၊ အခု ကိုကို ကိုယ်တိုင်နေရမယ့် မော်တီက ခြံနဲ့အိမ်ဆိုတာကို တစ်ခေါက်လောက် ကြည့်ပြီးရဲ့လား၊ ဟောဒီက ငယ်ကျွန်တော်ကြီး ပြေးလွှားနေလို့ အဆင်သင့်ရှိနေတာ"

"ကိုကိုက အားမှမအားတာ၊ ဒီဒီက အားနေတာပဲ ညီလေးရဲ့"

"မအားပါဦးဗျာ၊ တစ်ခေါက်တလေလေးတော့ ပြေးကြည့်သင့်ပါတယ်၊ ငါ ရွှေရုပ်ကို ခိုးသွားရမယ့်နေရာလေးဆိုပြီး ရင်တခုန်ခုန်လေးနဲ့၊ ခုတော့ ကိုကိုဟာက အေးတိအေးစက်ရှိလွန်းတယ်၊ ဒါကြောင့် မရီးက မင်းအစ်ကိုကတောင် မင်းလောက် စိတ်ပါရဲ့လားလို့ မေးတာ၊ တကယ်ကော ခိုးပြေးချင်ရဲ့လား၊ မင်း အတင်းစီစဉ်လို့ လိုက်နာရတာလား မေးတာ"

"ငါ ရွှေရုပ်ကိုချစ်တာ တစ်ကမ္ဘာလုံး အသိပါကွာ၊ သူ့တစ်ယောက်တည်းပဲ ချစ်ဖူးတာပဲဟာ၊ သိပ်ချစ်တာ [illegible]၊ သွေးအေးတာကတော့ ဗီဇလိုဖြစ်နေတဲ့သဘော၊ အလုပ်များဟာကလည်း ကကယ့်ကို များတာလေ၊ မင်းလည်းရှိနေလို့ ငါ ဒီလို အေးနိုင်တာပါ၊ ကျေးဇူးတင်ပါတယ် ဒီဒီရာ၊ မင်းက ညီဖြစ်ပေမယ့် ငါတောင် ပြန်အားကိုးရပါတယ်၊ မင်းက တော်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလိုလူက သူ့ကို ဟော်တယ်ဆို၍ မင်းဒီပမှာ မျက်ရည်လည်အောင်စင် ကြည်နူးဝမ်းသာသွားရပါသည်။ ပြေးလွှားစီစဉ်ပေးထားသမျှလည်း အမောပြေရပါသည်။

အော်ပရေးရှင်းတစ်ခုရှိရင် ဆရာကြီးက အနည်းဆုံးတစ်သောင်း တစ်သောင်းခွဲပေးတော့ ခွဲစိတ်ခန်းကူရုံနှင့် ကိုကို့ဝင်ငွေက လေးသိန်းလောက် မြှမ်းမှုရှိသည်။ ဆေးခန်းမှာ ဆရာကြီးဘေးက လိုက်ကူထိုင်ပေး၊ ရှေ့ပြေးစစ်ဆေးမှတ်တမ်းရေးလုပ်ထားတာအတွက် ဆေးခန်းလခအဖြစ် ဆရာကြီးက တစ်သိန်းပေးသေးသည်။

ဒါတွေကို တစ်လ တစ်လ မင်းဒီပကို မုန့်ဖိုးငါးသောင်းလောက် ပေးရတာ၊ မေ့မေ့ကို ရုံဖန်ရံခါ နှုတ်ခမ်းနီလေး Age defying cream လေး ဝယ်ပေးရတာကလွဲရင် ကပ်စေးနှဲနဲ့ စုလာခဲ့တာ နှစ်နှစ်ကျော်မို့ ကိုကို့မှာ ပိုက်ဆံရှိပါသည်။

မော်ဘီအိမ်မှာ အိမ်ထောင်ပရိဘောဂလေးတွေက မရှိမဖြစ်တွေ အသင့်ရှိပြီးသားမို့ သူတို့အတွက် အိပ်ရာအစီအစဉ်ပဲ စီစဉ်ရသည်။ ခုတင်မပါ မွေ့ရာရှစ်လက်မတုံး နှစ်သိန်းကျော်။ ခေါင်းအုံး စောင် ခြင်ထောင် အားလုံးပေါင်း သုံးသိန်းလောက်ပဲကုန်အပြီးမှာ လုပသော နှင်းဆီပန်းရောင်ပွင့်အဆင် အနားတွန့်အိပ်ရာခင်း ခေါင်းအုံးစွပ်တို့ဖြင့် မင်းဒီပ စီစဉ်ပေးထားတဲ့ အိပ်ရာခမ်းနားလေးဟာ ချစ်စဖွယ်ရာ။





မော်ဘီအထိ ပစ္စည်းတွေဝယ်၊ သယ်ပို့တာတွေကို ကိုးတက်တို့ အောင်သက်ထင်တို့ပါ ကူညီကြရသည်။ ဒီကောင်တွေကို အလိုက်တသိ ကိုကိုကတော့ ဘုက်ချလာနိုက် ကျွေးမှာတိုက်မှာ မဟုတ်။ မင်းဒီပကပဲ ဘက်ချလာနိုက် လုပ်ပေးရဦးမှာ။ အသင့်ရှိတဲ့ ရေခဲသေတ္တာခပ်သေးသေးထဲလည်း ချက်ပြုတ်စရာ၊ အသင့်စားသောက်စရာ အမျိုးမျိုးတို့ကို ထိုမနက်မှာပဲ ဝယ်ထည့်ပြီးပြီ။

ဟိုးအစ အိမ်သန့်ရှင်းရေးက စ,လုပ်ခဲ့တဲ့ မင်းဒီပဟာ ရက်တိုတိုအတွင်း ပြေးလွှားလုပ်ကိုင်နေရတာမို့ လျှာတောင်ထွက်နေပါပြီ။

❣ ❧ ❣

တကယ်ရှိတဲ့ ညှော်ခံပွဲတစ်ခုကို ရှေ့ရပ်က ( ကျောက်မီးစီးပွားရေးလုပ်တဲ့ မိတ်ဆွေအမျိုးသမီးကို လာကြိုဖို့ အကူအညီတောင်းကာ ထွက်သွားခဲ့ပါသည်။ ညှော်ခံပွဲကနေ ဖုန်းခေါ်ကာ...

"ဒီဒီ ... တို့က ပွဲမှာ လင်းဝက် ထွက်နိုင်တဲ့ ကိုးနာရီခွဲထိ ထိုင်နေနိုင်တာ မဟုတ်ဘူးနော်၊ အဲဒီအချိန် ပွဲတောင်သိမ်းတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သိပါတယ်၊ ခုပဲ ညှော်ခမွဲခြိုပ ရောက်နေ
ပြီ၊ မရီးက စောပြန်ချင်လို့ ကားခေါ်လိုက်တာ ရောက်နေ
ပြီလို့ မိတ်ဆွေကိုပြောပြီး ထွက်ခဲ့လိုက်တော့"

❀ ❀ ❀

"လင်းဝဏ်ကို ဆေးခန်းကနေပဲ သွားကြိုပြီး ခေါ်သွားလို
မရဲ့ဘူးလား ဒီဒီ"

"ကိုကိုက သူ့ကားယူသွားသေးတာ၊ အိမ်ပြန်ထားရဦးမှာ
ပေါ့၊ ဆေးခန်းမှာပဲအပ်ပြီး ရပ်ခဲ့လို့ ရတယ်ထား၊ ကိုက
က အိမ်ပြန်ရေချိုးချင်သေးတာပဲ၊ လူမှာတွေ ထိတွေ့လာတဲ့
ကိုယ်ခန္ဓာနဲ့ မရီးနား ကပ်လို့မဖြစ်ဘူးတဲ့"

"မော်ဘီအိမ်မှာ ရေချိုးလို့ မရလို့လား ... ကဲ"

မင်းဒီပနှင့် ရွှေရုပ် အင်းလျားကန်ပေါင်ပေါ်က
ခုံတန်းလျားလေးမှာ ညရုပ်နှာရှိလောက်ကြီး လာထိုင်နေကြတာ
ပါ။ လူမပြတ်ပါ။ လေညင်းခံသူ ပျော်ပွဲစားလို လာထိုင်နေသူ
မိသားစုမျိုးတွေအပြင် အတွဲတွေပါ အများကြီး။ တစ်စတစ်
မိသားစုတို့ကတော့ ပြန်စပြုကြကာ အတွဲတွေသာ ကျန်သည်
ရေပြင်နှင့် ကောင်းကင်က ကြယ်တို့ကို ငေးကြည်
ရင်း ရွှေရုပ် ရင်ထဲ ဘာမှန်းမသိ ဝမ်းနည်းဆို့လိုက်လာသည်
ဝမ်းနည်းခြင်းကြောင့် ခုန်တဲ့ရင်က နှင့်ခနဲ နှင့်ခနဲ နေပါသည်





"မရီး"

"... ... ..."

မင်းဒီပ ခေါ်သံကြောင့် ရွှေရုပ်က မင်းဒီပဘက်
ဘိတ်ဆိတ်စွာ လှည့်ကြည့်လိုက်ပါသည်။ လေကြောင့် လှုပ်ခတ်
နေတဲ့ ဆံပင်တိုဖွာဖွာကလေးတွေအောက်က နန်းယ်သော ဂျစ်ကန်
ကန် မျက်နှာဆင်လေး။ အလျားရှည်ပြီး မျက်ရစ်သိပ်မပေါ်တဲ့
မျက်လုံးလေးတို့က အမြဲ လူတစ်ဖက်သားအပေါ် အောက်သက်
ကျေ သိတတ်တဲ့ နွေးထွေးသောအကြည့်များနှင့်။

"ကျွန်တော် ကိုကို့ကို သွားပြန်ကြိုမယ့် အချိန်မှာ မရီးကို
အပြင်တစ်နေရာမှာပဲ ထားခဲ့ရမှာ"

"ကိစ္စမရှိပါဘူး ဒီဒီရယ်၊ တို့ ဒီမှာပဲ ထိုင်နေလိုက်ပါ့မယ်"

"ဒီမှာတော့ မဖြစ်ဘူး မှောင်လာပြီဟာကို၊ အစ်မကိုတစ်
မျိုးထင်မှာပေါ့၊ အနှောင့်ယှက် ခံရမှာပေါ့၊ ဒီလိုလုပ်မယ်၊
ကျွန်တော် အောင်သက်ထင်နဲ့ တိုးတက်ကို ခေါ်လိုက်
မယ်၊ မရီး ဒီကောင်တွေနဲ့ ကော်ဖီဆိုင်မှာ ခဏထိုင်နေ
လိုက်"

"... ... ..."

"ရရဲ့လား၊ ဒီကောင်တွေက ကျွန်တော့်လိုပါပဲ၊ အစ်မ
စိတ်ချရတယ်၊ မိန်းကလေးထဲကရှာပြီး အကူအညီတောင်း
ပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ်က ပြုံးရင်း ...

"ရှိလို့လား"

"ရှိတာပေါ့"

"အမယ် ... သူတောင် တိုးတက်လာပြီ"

"အဟဲဟဲ"

"နေပါစေ ဒီဒီ၊ မိန်းကလေးတွေကို ကိုးနာရီလောက်ကြီး အပြင်ခဏလာဖို့ အကူညီ တောင်းရမယ်လို့ပဲ၊ ရှိင်းရာ ကျပါတယ်၊ အစ်မ တိုးတက်တို့နဲ့ ခဏနေလိုက်မယ် ဒီဒီ စိစဉ်တဲ့အတိုင်း"

"ကျွန်တော် ကိုးနာရီမှ အိမ်ပြန်မယ်"

မင်းဒီပက သူ့သူငယ်ချင်းနှစ်ယောက်ကို ဖုန်းဆက် ခေါ်လိုက်ပါသည်။ မရီးခမျာ ခိုးရာလိုက်ရတာ အဆင်သိပ်မပြေ ရှာတာကို သနားမိပါသည်။ ဘယ်လိုလုပ်မလဲ၊ ကိုကိုကလည်း အလုပ်မှမဖျက်နိုင်ဘဲ။ ကိုကို အလုပ်မဖျက်တာကိုလည်း သည်း နားလည်ပြီး မင်းဒီပ စိစဉ်တဲ့အတိုင်း နာနာခံခံ လိုက်လုပ် တဲ့ မရီးကို ချစ်ခင်လေးစားစွာ ကျေးဇူးတင်မိသည်။

သူလိုလူဆိုးကို ယုံကြည်နားလည်ပေးတာ ဒီမရီး ရှိတာ။ မရီးရဲ့ဘဝတစ်လျှောက် အစစအရာရာကို လိုလေသေး မရှိ သူ ကူညီစောင့်ရှောက်သွားမယ်လို့လည်း စိတ်ထဲမှာ တ ယောက်တည်း ကြိတ်တွေးလိုက်မိပါသည်။





"ဒီဒီ"

"ဗျာ"

"ဖယ်တွေကို ကြည့်စမ်း"

"ဟုတ်ကဲ့ ... ဘာဖြစ်လို့လဲ မရီး"

"အင်း ... မသိပါဘူး၊ ဒီကိုင်းပဲ ကြည့်နိုင်းတာ"

"အာ ... မရီးကလည်း၊ ခိုးရာလိုက်ခါနီး စိတ်ဂယောက် ဂယက် ဖြစ်လာပြီတူတယ်"

"ဒီဒီ ... သိပ်မမြင်ရဘဲ သေးသေးကလေးပဲ မြင်ရတာ သိပ်ဝေးလို့ပေါ့နော်"

"အင်းပေါ့ ... ဟုတ်မှာပေါ့၊ လူတော်ကို လာပညာစမ်း နေပြန်ပြီ မရီးရာ"

"ဒီဒီ"

"ဗျာ"

"ချမ်းလား"

"ဟင့်အင်း ... မရီး ချမ်းလို့လား၊ ကျွန်တော့်ဂျက်ကက် ခြုံထားမလား"

"အင်း"

မင်းဒီပက သူ့ရဲ့ကာကီရောင်ဖျော့ဖျော့ ပုံဆန်းဆန်း ခါးနီးဂျာကင်လေးကိုချွတ်၍ ရွှေရုပ်ကိုယ်ပေါ် လှမ်းခြုံလွှား လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂျာကင်လေးက လှတယ်နော်၊ ချစ်စရာလေး ဒီဒီရယ်"

"ဟောင်းတောင် ဟောင်းလာပါပြီ"

"တို့ကို အပိုင်ပေးလိုက်မလား"

မင်းဒီပက အံ့ဩသွားရင်း ...

"မရီးကြိုက်ရင် ယူလိုက်ပေါ့၊ အဟောင်းကြီးကို"

"ဟောင်းဟောင်းပေါ့၊ အမှတ်တရသဘောပေါ့ ဒီဒီ၊ ဒီလ လုပ်၊ အစ်မအတွက် မင်္ဂလာလက်ဖွဲ့အဖြစ် ဒီဂျာကင်ကို အပိုင်ပေးလိုက်"

"အာ ... မရီးကလည်း မဟုတ်တာ၊ မင်္ဂလာလက်ဖွဲ့က ကျွန်တော် ပိုက်ဆံစုပြီး ဝယ်ပြီးပါပြီ၊ ဟိုကောင်တွေ မန္တလေးတက်လိုက် ရန်ကုန်ဆင်းလိုက် သုံးလေးခါလု တာက သူများကားအရောင်းအဝယ်တွေအတွက် ကျွန်တော တို့က ကားမောင်းပို့ပေးတာလေ၊ အပြန်ကျရထားနဲ့ပြ လာကြတာ၊ တစ်ခေါက်မောင်းပို့ ဘယ်လောက်ဆိုပြီးရတာ ပေါ့၊ ကျွန်တော်က လေးခါ ဒီလထဲမှာ၊ အဲဒီကရတဲ့မိုက်နဲ နဲ့ မရီးဖို့ လက်ဖွဲ့ကဝယ်ပြီးသား"

ရွှေရုပ်သည် အလိုလိုနေရင်း မျက်ရည်တွေ ရစ် လာပါသည်။

"ဒီဂျာကင်ကတော့ မရီး ကြိုက်ရင် ယူလိုက်ပါ"

"ဒီဒီ"





"ဗျာ"

"မင်း ကော်ဖီဆိုင်လေး ဖွင့်ချင်တုန်းလား"

"ဖွင့်ချင်တာပေါ့ မရီးကလည်း၊ အိပ်မက်ပါဆို၊ တစ်နေ့ တော့ ဖွင့်မှာပါ"

ရွှေရုပ်က ဂျာကင်ရင်ဘတ်ကို လုံအောင်ဆွဲစေ့လိုက် ...

"ဒီဒီ"

"ဗျာ"

"ချစ်သူရှိနေပြီလား"

"အဟင်း"

မင်းဒီပက ကုပ်ကိုပုကာ ပခုံးကိုတွန့်လိုက်ရင်း ခိနှင့် ...

"ခုနက မရီးက ကြယ်လေးတွေကို ပြတော့လေ"

"အင်း"

"ကျွန်တော်က ဘာကိုသွားပြီး သတိရလဲလို့ဆိုတော့"

"အင်း"

"ကြယ်လေးတွေကို တာရာလို့ ခေါ်တယ်မဟုတ်လား"

"အင်း"

"တာရာ ...၊ အင်း ... တာရာတဲ့"

"ဒီဒီ ကောင်မလေးလား"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ်က မင်းဒိပရဲ့ဘေးတိုက်မျက်နှာကို ငုံ့ကြည့်
ကာ မေးမိသည်။

"မဟုတ်သေးပါဘူး၊ ကျွန်တော်ရဲ့သူတော့ ဟုတ်တယ်ပေ
သူ့ရဲ့ကျွန်တော်တော့ မဟုတ်သေးဘူး"

"ဘာဖြစ်လို့လဲဟင် ... ဒိဒိ"

"သူတို့က သိပ်ချမ်းသာတယ် အစ်မရဲ့၊ ကျွန်တော
ကြောက်လို့ မပြောရဲသေးလို့ပါ"

ရွှေရုပ်က ရှက်နေတဲ့ မင်းဒိပ မျက်နှာလေး
စိုက်ကြည့်နေမိသည်။

❦ ❧ ❦

မင်းဒိပက အခန်းထဲကနေ သူ့ဟဲန်းဒ်ဖုန်းနှင့် လင်
ဝဏ္ဏဖုန်းကို ခေါ်လိုက်ပါသည်။ ကိုကိုက မေမေနှင့် တီဗီ
ခဏထိုင်နေတာ။ ဘေးမှာ မေမေရှိသည်။ လင်းဝဏ္ဏက မြည်လာ
ဖုန်းကိုကြည့်ကာဖွင့်ရင်း ...

"ဟယ်လို"

"ကိုကို၊ ဩော် ... ဆေးရုံကလားလို့ ပြော"

"ဩော် ... ဆေးရုံကလား"

"အသံကြီးကလည်း အသက်မပါလိုက်တာ၊ စာဖတ်
ကျနေတာပဲ၊ ဘာဖြစ်လို့လဲလို့ပြော"





"ဘာဖြစ်လို့လဲ"

"ဆရာကြီးက ကျွန်တော့်ဆီ ဆက်ခိုင်းတာလားလို့ပြော"

"ဆရာကြီးက ကျွန်တော့်ဆီ ဆက်ခိုင်းတာလား"

"ဩော် ... ကောင်းပြီလေလို့"

"ဩော် ... ကောင်းပြီလေ"

"ခုလာခဲ့မယ်လို့"

"ခုလာခဲ့မယ်လို့"

"ဟာ ... မင်းဘိုးအေ 'လို့'က ဘယ်ကညပ်ပါလာတာလဲ၊
ဖုန်းချတော့"

"အင်း ... အင်း"

လင်းဝဏ္ဏ ဖုန်းပိတ်လိုက်လျှင် ...

"ဘယ်ဆေးရုံကလဲ သား"

"ဆရာကြီးထိုင်တဲ့ '......'ကပဲ၊ ခုပဲပြန်လာတယ် ပြန်ခေါ်
ပြန်ပြီ၊ အရေးပေါ် ဆရာကြီးလူနာ ရောက်လို့တဲ့ မေမေ"

လင်းဝဏ္ဏ အသံဟာ ညာနေကျ လူစားမဟုတ်၍
တောင့်တောင့်တောင့် ဖြစ်နေပါသည်။ သို့ပေမဲ့ သူ့အမေစိတ်ထဲ
မှာတော့ ခုပဲ ပြန်ရောက်၊ ခုပဲ ပြန်ထွက်ရတော့မှာမို့ စိတ်မကြည်
သာတာလို့သာ ထင်လိုက်ပါသည်။

"ဒွဒွ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ကို ဆေးရုံလိုက်ပို့ပေးစမ်းပါကွာ"

ဒေါ်ခင်လေးသီက သားနှစ်ယောက်ကို ထိုင်ရာမှ မော့ကြည့်ရင်း ...

"သားကြီးကား ဘာဖြစ်လို့လဲ"

"သိပ်မကောင်းလို့ မေမေ"

"အာ ... မပို့ပေးနိုင်ဘူးဗျာ၊ ကိုကိုကလည်း အခွေကြည့်မလို့ဟာကို"

"ဟဲ့ ... ဒီဒီ၊ ကိုယ့်အစ်ကိုက အလုပ်ကိစ္စရှိတဲ့ဟာကို၊ မင်းက အခွေကြည့်မယ့်သူ၊ ပို့ပေးလိုက်ပေါ့၊ ဒါနဲ့ On call ဆိုရင် ဆေးရုံက ကားလွှတ်တယ် မဟုတ်လား သားကြီးရဲ့"

"အခုက ဟိုဒင်း ... ပြီးရင် ဆရာကြီးကိုလည်း သွားကြိုရင် ကြိုရမှာဆိုတော့ ဆေးရုံကတစ်ခေါက်ပဲ ကြိုပို့တာလေ မေမေ၊ ကျွန်တော်က ဆရာကြီးရဲ့ရှေ့ပြေး ဝင်ကြည့်ပေးတဲ့သဘောမို့ပါ"

"ဒီဒီ လိုက်ပို့ရမယ်၊ သွား"

"ဒါဆို ကိုကို ခေတ်ဆီဖိုးပေးမှ"

လင်းဝဏ္ဏက မင်းဒီပကို ပြုံးတုံ့တုံ့ကြည့်ရင်း ...

"ပေးပါ့မယ်ကွာ"

"အခုပေး"





"ဘယ်လောက်လဲ"

"နေ့လယ်ကမှ ထည့်ထားတာ၊ တစ်သောင်းခွဲပေါ့"

"ဟဲ့ ... ကိုယ့်အစ်ကိုဆီက ခြောက်ဂါလန်ဖိုးစလုံး တောင်းစရာလား၊ ကိုယ့်အစ်ကိုက ဆေးရုံသွားမှာ၊ ဘယ်လောက်မှ ကုန်မှာမှ မဟုတ်တာ"

"မေမေ သေချာလို့လား"

"ဒီအငယ်ကောင်လေးဟာလေ၊ လက်ပေါက်ကိုကပ်တယ်၊ ကဲ ... သွားကြတော့၊ ကိုယ့်အစ်ကို ဟိုမှာ လူနာဆီ နောက်ကျနေမယ်"

"ဟုတ်"

လင်းဝဏ္ဏက ပိုက်ဆံအိတ်၊ စမ်းသပ်ကိရိယာအိတ်တွေ ဝင်ယူကာ ပြန်ထွက်လာပြီး ညီအစ်ကိုနှစ်ယောက်သား ချစ်ပုံနှင့် ထွက်လာခဲ့ကြပါတော့သည်။

❣ ❧ ❣

ခြံဝင်းထဲက ဘန်ဂလိုပုံ အုတ်ဖိနပ်နှင့် အုတ်လှေကားသုံးထစ်နှင့် ရေနံရောင်သစ်သားအိမ်လေးက ချစ်စဖွယ်လေး ဖြစ်သည်။ မင်းဒီပ ဂျစ်ကားရပ်ထားတဲ့ နေရာထိ ဆင်းပို့သူက ရှုရပ်။ ကိုကိုက အိမ်တံခါးဝကို ပန်းစောင်းနှင့် မှီရပ်ရင်း အိမ်ပေါ်ကသာ လှမ်းကြည့်လျက်။



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းပြန်။ တကယ်ဆိုရင် ကိုကိုက ကားနားထိ ဆင်းပို့ပြီး မရီးက အိမ်ပေါ်က ရပ်ကြည့်ရမှာ မဟုတ်လား။

"သွားပြီ"

"ဘာလဲ ဒီဒီ"

"သွားပါပြီခင်ဗျာ၊ သွားပါပြီ"

"ဟဲ့ ... ဘာလဲ ဒီဒီရဲ့၊ လန့်လိုက်တာ၊ အလိုလိုမှ ရင်ထိတ်ရတဲ့ကြားထဲ"

"ဟီဟိ ... ပိုရင်ထိတ်တော့မှာပဲ မရီးတော့၊ ပြဿနာကွာ"

မင်းဒီပက ဂျစ်ကားဘီးကို ခြေထောက်နှင့် ရဆောင့်ကန်ရင်း ...

"ကိုကို့ကားကို ဘီးပေါက်နေတယ်လို့ ညာပြောလို့ မနက်က သင်ပေးမိလို့နဲ့တူတယ် ကိုကို၊ ကျွန်တော့်မှာ ဘီးအ မပါဘူး"

"ဟာ ... ဘီးပိုက နောက်ဘက်မှာ တပ်ထားနေ မဟုတ်လားကွ"

"တပ်ထားနေကျပဲ၊ ဒါပေမဲ့ ဒီမနက် ကိုကို့သေတ္တာ ဒီကိုသယ်ပို့ဦးမှာဆိုပြီး ဘီးကိုဖြုတ်ထားခဲ့တာ၊ မနက် ဒီကိုလာတော့ ကိုကို့သေတ္တာအပြင် စောင် ခေါင်းအုံး လည်း ပါသေးတာ၊ ဟိုရှုပ်ဒီရှုပ်မို့လို့ ကြိုးတွေနဲ့သိုင်းချ ဘာချည့်လုပ်တော့ ဘီးကို ဖြုတ်ထားလိုက်တယ်ဗျာ"



လင်းဝဏ္ဏက သူ့နဖူးသူ လက်ဝါးနှင့်ရိုက်ကာ လက်ပတ်နာရီကိုလည်း ငုံ့ကြည့်သည်။ ဆယ့်တစ်နာရီ။

"ဟာကွာ၊ အစ်ကိုက မိန်းမခိုးပြေးပါတယ်ဆိုမှ ညီကလာပြီးတော့ ကားဘီးပေါက်နေတယ်"

"လမ်းမှာ မပေါက်တာပဲ ကံကောင်းလှပြီ ဒီဒီ၊ ညည်းမနေနဲ့တော့"

"မရီးကလည်း ကျွန်တော် ဘယ်လိုပြန်မလဲ"

"မပြန်နဲ့ပေါ့၊ ဒါပဲရှိတာ"

"ဟာ ... မရီးကလည်း"

ခိုးပြေးလာတဲ့ ချစ်သူစုံတွဲရဲ့ မင်္ဂလာဦးအချိန်အခါလေးမှာ ကိုယ်က ကန့်လန့်ကန့်လန့်။ စိတ်ရှုပ်အားနာချင်စရာကြီး။

"ကျွတ်"

"ကဲပါ၊ အပြင်မှာအေးတယ်၊ အိမ်ထဲဝင်ကြစို့"

"နေပါဦး မရီးရာ၊ စဉ်းစားပါရစေဦး၊ ကိုကို စဉ်းစားပါဦး၊ ခဏနေရင် မေမေက လှမ်းဆက်တော့မှာလေ"

"ဖုန်းပိတ်ထားလိုက်၊ အစ်မဖုန်းတောင် ပိတ်ထားတယ်၊ လင်းဝဏ် ... နင့်ဖုန်းရော ပိတ်လိုက်"

"ငါ့ဆီတော့ မေမေက ဆက်မှာမဟုတ်ပါဘူး၊ ငါ လူနာနဲ့ ရှိနေမယ်ပဲ ထင်နေမှာလေ၊ ဘယ်ဆက်ပါ့မလဲ"

"မဆက်လည်း ပြီးရောပေါ့၊ ပိတ်ထားတော့ ပိုစိတ်[illegible] မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုနေ့လ ... မတော်တဆ ဆေးရုံတွေ ဘာတွေက တကယ်ပဲ On call လှမ်းခေါ်တာမျိုးများ အရေးပေါ် ပေါ်လာမလားလို့"

"ဘာ"

ရွှေရုပ်က ခါးနှစ်ဖက် ထောက်လိုက်ရင်း ...

"ခေါ်ရင် နင်က သွားမလို့ပေါ့ ဟုတ်လား၊ ငါ့ကို မော်ဘီလူမနီးခြံကြီးထဲ ထားရစ်ပြီး နင် လူနာတွေဆီသွားဖို့ နင့်ဖုန်းကို ဖွင့်ထားတယ်ပေါ့ ... ဟုတ်လား။ နင် ဘာလဲ ... ဘာဂုဏ်ပြုဘွဲ့မျိုး လိုချင်နေလို့လဲ ... ဟင်"

"မသွားပါဘူး ရွှေရုပ်ရာ၊ နင့်ကို ထားခဲ့ပါ့မလား"

"မသွားဘူး ဆိုရင် လှမ်းခေါ်လို့ မရအောင် ပိတ်ကိုထားရမှာ၊ အခုပိတ်လိုက် ဖုန်းကို"

"အေးပါဟာ"

"ဟား ဟား ဟား ဟား"

မင်းဒီပက လင်းဝဏ္ဏ နာခံနေရပုံကို ဗိုက်နှိပ်ပြီး ရယ်လိုက်မိပါသည်။ မင်္ဂလာဦးမှာ အအော်ခံရတာတောင်နည်းသေး။ ဆေးရုံက လှမ်းခေါ်လို့ရအောင် ဖုန်းဖွင့်ထားသတဲ့။ ရန်ကုန်မြို့ထဲ မိဘအိမ်မှာပဲ ထင်နေတာလား။ ဒီလိုနေရာမျိုးကို မိန်းမခိုးလာပြီးတော့များ။

ကျွတ် ... ကိုကိုကတော့ ဂေါက်ပဲ။

"တီ တီ တီ ... တူ တူ"





"ဟော"

ကိုယ့်ဖုန်းပါပိတ်ဖို့ပြင်နေတဲ့ မင်းဒီပက မြည်လာတဲ့ ဖုန်းသံကြောင့် လန့်သွားရပါသည်။ ကဲ ... မမီတော့ဘူး။ အဲဒါ မေမေပဲ။

"ဟယ်လို"

"ဟဲ့ ... ဒီဒီ မင်း ဘယ်ရောက်နေလဲ"

"လမ်းမှာ မေမေ"

"အစ်ကိုကို ကိုးနာရီခွဲခါနီးကတည်းက သွားပို့တာ ဘာဖြစ်လို့ ခုထိ ရောက်မလာရတာလဲ၊ ဘာလဲ ... ပြန်စောင့်ကြိုဖို့ ကိုကိုက ပြောလို့လား"

"မပြောပါဘူး"

"ဟဲ့ ... ဒါဖြင့် မင်း ဘယ်မှာလဲ"

"လမ်းမှာပါဆို မေမေက၊ စိတ်ညစ်ရတဲ့ကြားထဲ၊ ဒီမှာ ကားဘီးကပေါက်နေလို့ လေခံနေရတဲ့ကြားထဲ အော်ဖို့က အရင်ပဲ"

"ဩော် ... ဘယ်သိမလဲ၊ မင်း လျှောက်လည်နေတယ် ထင်တာပေါ့"

"ဒီအချိန်ကြီး လည်စရာ ဘာရှိလို့လဲ"

"ဘီးပေါက်ရင် မြန်မြန်လဲလေ၊ ဘီးပိုပါသားပဲ မဟုတ်လား"

"မပါဘူး၊ ဖြုတ်ထားမိလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … ဒါဖြင့် ဘယ်လိုလုပ်မှာလဲ၊ မင်း ဂျစ်ကားက အမိုးမပါ အကာမပါ ကိုယ်လုံးတီးနဲ့၊ လမ်းမှာရပ်ထားခဲ့ရင် တစ်စစီ အားလုံးပါသွားမှာပေါ့"

"မေမေ … ကျွန်တော် အိမ်ပြန်မအိပ်တော့ဘူး"

"ဟဲ့ … ဘယ်မှာအိပ်မလို့လဲ ဒီဒီ"

"ဒါ … အောင်သက်တို့အိမ်နားလေးမှာ"

"ကဲ … တွေ့လား၊ ဒီလောက် နောက်ကျတာ အောင်သက်ဆီ ဝင်နေလို့မဟုတ်လား၊ ခုမှပေါ်တယ်၊ အောင်သက်အိမ်မှာရော ဘီးပိုမရှိဘူးလား"

"ကျွန်တော့်ဘီးနဲ့ မတူဘူး၊ အဆင်မပြေဘူး၊ ကျွန်တော့်ဟာက အထူတွေ"

"အေးလေ၊ ဒါဖြင့်လည်း ပြီးရော၊ မနက်စောစောထ,ပြန်ခဲ့"

"ဟုတ်"

"ဒါပဲ"

ပထမအစီအစဉ်က အခု ရန်ကုန်ကိုပြန်၊ မနက်ကျ စောစောထပြီး ဒီကိုပြန်ထွက်လာခဲ့။ ကိုကိုနှင့် မရီးကို ကြိုတင်စီစဉ်ထားသလို ဒီကမြို့နယ်တရားရုံးမှာပဲ လက်မှတ်ထိုး လက်ထပ်စေ။ ကိုကိုသုံးဖို့ ဂျစ်ကားပေးခဲ့။ မင်းဒီပ ဘတ်စ်ကားနဲ့ပြန် အိမ်ကျ ကားပျက်လို့ ဝပ်ရှော့ပို့ခဲ့တယ်ပြော။ မနက် ကိုကိုပြန်မလာဘဲ ဆေးရုံမှာမရှိတဲ့ကိစ္စဟာ မင်းဒီပနဲ့ ဘာမှမဆိုင်သလို မသိသလို ဘူးကွယ်နေဖို့ အစီအစဉ်။





ခုတော့ လွဲပြီ။ လွဲပစေတော့ မတတ်နိုင်ဘူး။

"မရီးနဲ့ ကိုကို ဝင်တော့၊ ကျွန်တော် ကားထဲပဲ အိပ်တော့မယ်"

"ဘာပြောတယ်၊ အဓိပ္ပာယ်မရှိတာ၊ လာခဲ့ ဒီဒီ၊ အိမ်ပေါ်တက်"

"ကျွန်တော် အိမ်ပေါ်တက်မအိပ်ချင်ပါဘူး"

"လျှာမရှည်နဲ့ ဒီဒီ၊ အစ်မ အခန်းထဲအိပ်မယ်၊ မင်းတို့ညီအစ်ကို ဧည့်ခန်းမှာ ဖျာခင်းအိပ်ပေါ့၊ တက်တော့၊ ဓာတ်ကတက်မှနေနဲ့"

"ဟုတ်သားပဲ ဒီဒီ၊ လာခဲ့၊ ကားပေါ်မနေရပါဘူး"

မင်းဒီပက နောက်ဆုံးတော့ အိမ်ပေါ်မတက်ချင့် ဘက်ချင် တက်လာခဲ့ရပါသည်။ မရီးရဲ့အဖြစ်ကို သူ့စိတ်ထဲ အရုဏ်သက်နေရတာ။ ခိုးပြေးတာက ညီအစ်ကိုနှစ်ယောက်ပူးနဲ့ သို ဖြစ်နေပြီ။ မပြောကောင်း ပြောကောင်း။ နေရာသစ် နေရာ မြေ:က အိမ်လေးတစ်လုံးမှာ မရီးဟာ ချစ်သူရယ် ချစ်သူရဲ့ညီရယ် ၊ အိမ်ထောင်ဖာစ်ခု အစပြုတဲ့နေ့မှာ ကမောက်ကမ ကြုံရရှာသည်။



www.burmeseclassic.com

www.burmeseclassic.com








# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com







## ၈

"ရော့ သမီး၊ ဒီထဲက အန်တီနွှာပေးထားတာထဲကစား"

"ဟုတ်ကဲ့ အန်တီ"

"မေမေ ... သူက သစ်သီးတွေကြိုက်တာမဟုတ်ဘူး၊ ရေခဲမုန့်တို့ ပူတင်းတို့ ကြိုက်တာ"

"ဟုတ်လား၊ ဟဲ့ ... အိမ်မှာ ထူးရေခဲမုန့်လေးဝယ်ထားတာ ရှိသားနဲ့၊ သား ရေခဲသေတ္တာထဲယူစမ်း"

"မေမေ သူက ထူးရေခဲမုန့်မစားဘူး"

"ဟာ ... ဒီဒီကလည်း၊ အဲလိုမပြောပါနဲ့၊ အန်တီကျွေးချင်တာကို တာရာက စားမှာပေါ့"

ဖြူဝင်းတဲ့ တာရာ့မျက်နှာပြင်လေးပေါ်မှာ လိမ်းထား ...ရှင်မ်ကြောင့် အသားရောင်ကစိုဝင်းပြောင်နေပါသည်။ နှုတ် ...မ်းက ပန်းရောင်သမ်းတယ်ဆိုရုံလေး ဖျော့တော့လှတဲ့ အဆီစိုစို။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးက စိမ်းညိုရောင် မျက်ကပ်မှန်လေးနှင့်။ တိုတိုလေး ကွေးလန်ကော့ပျောင်းနေတဲ့ ဆံပင်ရွှေဝါရောင်လေးတွေနှင့် ခေတ်ဆန်လှတဲ့ မိန်းမချောကလေးပါ။

တစ်ကိုယ်လုံး အကောင်းဆုံး အဝတ်အစား အသုံးအဆောင်တွေနှင့် 'တာရာကြယ်စင်ထွန်း' ဆိုတဲ့ မိန်းကလေးဟာ မင်းဒီပတို့အဖေ ဦးအောင်ခင် အလုပ်လုပ်တဲ့ ဆောက်လုပ်ရေးလုပ်ငန်းကြီးကိုပိုင်ဆိုင်သော ပိုင်ရှင်သူဌေးကြီးရဲ့ သမီးငယ်ကလေးတည်း။

သူ့သားငယ်ရဲ့ချစ်သူဖြစ်လာတဲ့ ဒီချွေးမလောင်းလေးကိုတော့ ဒေါ်ခင်လေးသီက အင်မတန်ပင် အချစ်ထူးလှပါသည်။ အချစ်မထူးလို့လည်းမဖြစ်ဘူးလေ။ ယောက်ျားက အဲဒီမှာ ဝန်ထမ်းကိုး။

ရွှေရုပ်ကိုတုန်းက သူဌေးသမီးပေမယ့် ဘယ်လိုမှ သဘော မတူနိုင်ခဲ့တဲ့ ဒေါ်ခင်လေးသီဟာ 'တာရာ' ကိုတော့ သည်းသည်းလှုပ် သဘောတူကာ ဖူးဖူးမှုတ်နေတာ ဖြစ်ပါသည်။

တာရာ့ဖခင်က ဘာမှ ဝင်မပြောသေးသော်လည်း တာရာ့မိခင်က မင်းဒီပနှင့်ကြိုက်နေတာကို မကြည်လင်ပါ။ သဘောမတူဘူးဟု ယတိပြတ်မပြော။ သို့သော် မင်းဒီပအဆင့်ဟာ သူ့သမီးနှင့် လုံးဝမတူတန်ဘူးလို့ ယူဆထားတာပါ။ တကယ်တော့ တာရာ့မိခင်ရဲ့အယူအဆဟာ မမှားပါ။





ဆယ်တန်းနှစ်နှစ်ကျပြီး ဆက်မဖြေတော့တဲ့ မင်းဒီပဟာ သူ့သမီးလို ဆယ်တန်းအောင်ပြီးတဲ့နောက် စင်ကာပူမှာ ဒီဇိုင်းပညာ ဒီပလိုမာကို အပျင်းပြေသွားတက်ရောက်ရယူပြီးတဲ့နောက် စာဆက်ကျက်ဖို့လည်း စိတ်မဝင်စား၊ အလုပ်လုပ်ဖို့လည်း စိတ်မဝင်စားသေးဘဲ လည်လိုက်ပတ်လိုက် ဗန်ကောက်၊ စင်ကာပူတွေ Shopping ထွက်လိုက်လုပ်နေတဲ့ သူကလေးနှင့် တန်စရာလား။

အဲဒီ မင်းဒီပဟာ သူတို့ပိုင် ဆောက်လုပ်ရေးကုမ္ပဏီရဲ့ ကွန်ပျူတာဌာနမှာ စာရင်းအင်းပိုင်းလည်းမဟုတ်၊ ဒီဇိုင်းပိုင်းလည်း မဟုတ်တဲ့ 'ကွန်ပျူတာကျွမ်းကျင်' ဆိုတဲ့ ရာထူးနှင့် လိုအပ်သော ကွန်ပျူတာလုပ်ငန်းများ လုပ်ကိုင်နေသူပါ။ တခြားတစ်နေရာမှာ အလုပ်သွားလျှောက်ပြီး ဘာမဟုတ်ညာမဟုတ်ရာထူးနှင့် အလုပ်ခင်လုပ်နေတဲ့ မင်းဒီပကို ဖခင်ဦးအောင်ခင်ကပဲ သူဌေးထံပြောဆိုပြီး အလုပ်တစ်နေရာ တောင်းထားတာပါ။

ဘယ်လိုလုပ်ပြီး သူတို့ရဲ့သမီးနှင့် သဘောတူချင်ရာရှိလို့လဲ။ တာရာ့အမေက မင်းဒီပကို စကားတောင်ချိုချိုမပြောပါ။ ပြောစရာကြုံလျှင် ကိုယ့်ဝန်ထမ်းကိုပြောတဲ့ ခပ်ပြတ်ပြတ်လေသံနှင့်သာ။

"နင် ဒီကောင်မျိုးလောက်နဲ့ကြိုက်စရာလား တာရာ၊ သူငယ်ချင်းအဆင့်လောက် တွဲသွားတွဲလာတာ မာမီ ဘာမှမပြောချင်ဘူး၊ အိမ်ထောင်ဖက်တော့ ရွေးစရာကို မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မိခင်က အဲသလိုပြောတဲ့အခါ မင်းဒီပအတိုင်း ကျစ်ကန်ကန် ပေတူးတူး အသွင်တူထဲကဖြစ်တဲ့ တာရာက ...

"မာမီ ကမ္ဘာကြီးပြားသွားလည်း တာရာက ဒီဒီ့ကိုပဲ ချစ်မှာ"

ဤကဲ့သို့ ခပ်အေးအေးလေး ပြန်ပြောဝံ့တဲ့သမီးမျိုး တည်း။ တကယ်တော့ ကုမ္ပဏီပိုင်ရှင်သူဌေးသမီးနှင့် ကုမ္ပဏီက အင်ဂျင်နီယာချုပ်ရဲ့သားတို့ဟာ တစ်ယောက်ကို တစ်ယောက် သိကျွမ်းမြင်ဖူးကြတာ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက။

မင်းဒီပက သူ့အသိစိတ်နှင့် သူ ရှောင်ဖယ်ဖယ်ပြေးပုန်းခဲ့သူပါ။ သဘောတူနိုင်စရာမရှိဘူးလို့ အမှန်အတိုင်းမြင်တာရော၊ အဖေ့အလုပ်ကိုပါ မထိခိုက်စေလိုတာကြောင့်ရော လုံးဝ မစတင်ဘဲ ကိုယ့်နှလုံးသားကို ကိုယ်ဟန်ဆောင်ပြီး လိမ်ညာပြီး ခပ်ကင်းကင်းကြီး နေခဲ့တာပါ။

ကင်းကင်းမနေခဲ့တာက တာရာ။

ရေမြေရပ်ခြားတောင် ကျောင်းသွားတက်ခဲ့ပြီးတဲ့ တာရာဟာ အသိအမြင် အတွေ့အကြုံတွေလည်း စုံလင်ပါလျက် အပေါင်းအသင်း အသိုင်းအဝိုင်းလည်း ကျယ်ပြန့်ပါလျက်၊ ယောကျ်ားလေးရယ်လို့ မကြုံဖူးမဆုံဖူးအောင် အိမ်ထဲကုပ်နေရလို့ နီးစပ်ရာလူနှင့် သံယောဇဉ်တွယ်သွားတာမျိုးလည်းမဟုတ်ရပါဘဲ လျက်။ မင်းဒီပကို မြင်မြင်ချင်းချစ်မိတဲ့ တာရာဟာ သူ့ကို ရှောင်



ဖယ်ထွက်ပြေးတဲ့ မင်းဒီပထံ သူကပဲ ဇွတ်တိုးဝင်ရောက်လာခဲ့တာပါ။ အလွယ်နှင့်ချဉ်းကပ်မရတော့ မင်းဒီပအမေ ဒေါ်ခင်လေးသိကို ချဉ်းကပ်ကာ အိမ်ကိုဝင်ထွက်သွားလာခဲ့သူပါ။ နှစ်နဲ့ပင်ချီလာတော့ နဂိုက စိတ်မဝင်စားလို့ မုန်းလို့ ပုန်းရှောင်နေတာလည်း မဟုတ်တဲ့ မင်းဒီပဟာ တာရာ့အချစ်ညို့ချက်ကျော့ကွင်းမှာ ဘယ်သို့မှ နိုင်အောင်မရုန်းသာတော့တာ။

"မင်းမိဘက သဘောမတူနိုင်တာ သိသိရက်နဲ့ ဘာဖြစ်လို့ ကိုယ့်ကိုမှ အသည်းအသန် လိုက်ချစ်နေရတာလဲ မိန်းကလေးရယ်"

"မသိဘူး၊ ဒီဒီ့ကိုပဲ တာရာ ချစ်တယ်၊ ဘယ်သူကဘာပဲပြောပြော ဒီဒီ့ကို တာရာ မစွန့်လွှတ်ဘူး ဒီဒီနဲ့မခွဲနိုင်ဘူး"

ဘေးကနေ တွန်းပို့နေခဲ့တဲ့ မေမေတစ်ယောက်လုံးကြီးကလည်း ရှိလေသေးရာ မင်းဒီပနှင့် တာရာတို့ ချစ်သူဖြစ်ခဲ့တာ တစ်နှစ်တောင် ရှိတော့မည်။ သူ့သားကို အသည်းစွဲချစ်တဲ့ တာရာ့အပေါ် မေမေကလည်း အသည်းစွဲကာ အရေးပေးလို့မဆုံးပါ။ မှုးမှုးမှုတ်ထားပါသည်။

တာရာဟာ မင်းဒီပ ရုံးဖွင့်ရက်တွေမှာ ရုံးမှာ သွားထိုင်နေ၊ မင်းဒီပအမေနှင့် ဟိုဟိုဒီဒီသွားချင်သွားလိုက်။ ရုံးပိတ်ရက်မှာတော့ မင်းဒီပတို့အိမ်ကို ရောက်နေတတ်တာက များပါသည်။ တစ်ပတ်မှာ သုံးလေးရက်တော့ အတူမခွဲ တတွဲတွဲရယ်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"အန်တီ နောက်အပတ် ဒီနို့မွေးနေ့နော်၊ တစ်ပတ်ပဲလိုတာ၊ မွေးနေ့ကျ ဘာလုပ်မလဲဟင်"

"ဖိုဖိုတဒါနမှာတော့ သံဃာကုန် ဆွမ်းကျွေးဖို့ အန်တီ စာရင်းပေးငွေလှူပြီးထားပြီ၊ အိမ်မှာလည်းပဲ ဘုန်းကြီးငါးပါး လောက်ပင့်ပြီးတော့ ဘုန်းကြီးဆွမ်းလေးတော့ ကျွေးချင် သေးတယ်၊ ခုတလော အန်တီ့စိတ်ထဲ တစ်မျိုးပဲ၊ ဘုန်းကြီး ဆွမ်းကျွေးချင်စိတ် ဖြစ်ဖြစ်နေတယ်"

"ဟင် ... မွေးနေ့ပါတီလေး ဘာလေး မလုပ်ဘူးလား အန်တီ"

"မွေးနေ့ပါတီတော့ သမီးတို့ဘာသာ နှစ်ယောက်တည်းလုပ် တော့"

"ဘုန်းကြီးဆွမ်းကျွေးရင် မေမေ ညွှန့်သည် ဖိတ်ဦးမှာလား"

"အဲဒါ မေမေလည်း စဉ်းစားနေတာ သားရဲ့၊ ဆွေမျိုးလေး နဲ့ ခပ်ရင်းရင်းလေးတွေထဲကပဲ ဖိတ်ရင်ကောင်းမလား"

ထမင်းစားခန်းထဲက ဒေါ်ခင်လေးသီ၊ မင်းဒီပနှင့် တာရာတို့ရဲ့စကားဝိုင်းရှိရာသို့ ဂျာနယ်တစ်စောင်ကိုင်ရင်းဝင်လာ တဲ့ ဦးအောင်ခင်က ...

"ဘာတွေ ဖိတ်မှာလဲ၊ ကိုယ့်ကို ကော်ဖီလေးတစ်ခွက် လောက် ခင်လေး"





ဒီရက်ဟာ ဦးအောင်ခင်ရဲ့ ရှားရှားပါးပါးနားရက်။ ဒါတောင် ညနေဖက်တစ်ခေါက်တော့ ဆိုက်တွေထဲ တစ်ချက်စစ်ဖို့ရှိသေးသည်။ ဒေါ်ခင်လေးသီက ကော်ဖီအိုးမှာ နှပ်ထားသော ကော်ဖီရည်ကိုယူကာ ကော်ဖီဖျော်ဖို့ပြင်ရင်း ...

"ဒီနို့မွေးနေ့ ဘာလုပ်မလဲ သမီး မေးနေလို့ ခင်လေးက အိမ်မှာတော့ ဘုန်းကြီးဆွမ်းကျွေးဦးမယ်လို့၊ လူတွေဖိတ် ဦးမလား တိုင်ပင်နေကြတာ"

"နည်းနည်းပါးပါးဖိတ်ပေါ့၊ သားသူငယ်ချင်းတွေ၊ ငါတို့ အစ်ကို အစ်မ မိသားစုတွေက သုံးစု၊ ခုမည်းခမက်ရယ် သားကြီးတို့လင်မယားရယ်"

ဦးအောင်ခင် ပါးစပ်ကရေရွတ်နေတုန်းပင် ကော်ဖီက ရပြီမို့ ကော်ဖီမှော့ခ်ကို စားပွဲပေါ်ချပေးလိုက်ရာ ဦးအောင်ခင်က ကောက်ယူပြီး အိမ်ရှေ့ပြန်ထွက်သွားပါသည်။ ဒေါ်ခင်လေးသီက မျက်နှာမသာမယာနှင့် ...

"ဟိုဘက်ခမည်းခမက်တော့ ဖိတ်မနေချင်ပါဘူး"

"မေမေကလည်းဗျာ"

"ဖိတ်လည်း ပြောစရာမှမရှိဘဲနဲ့၊ ခပ်တည်တည်ကြီးတွေ ထိုင်ပြီး စားပြီးပြန်မှာ၊ စိတ်ရှုပ်စရာကြီး"

"အဲဒါ မေမေရယ် မရီးရဲ့အမေရယ်ပါပဲ၊ ဖေဖေနဲ့ ဟိုအန် ကယ်က စကားပြောသားပဲဟာ"

"ဒီက ငါ့သမီးမိဘတွေပဲ စိတ်ထဲဖိတ်ချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေဖိတ်တော့ သူ့ဒက်ဒီ မာမီက လာမှာမို့လို့လား"

ဒေါ်ခင်လေးသီ မျက်နှာမကောင်းဖြစ်သွား၍ ...

"ဒီဒီဟာလေ အမေ စိတ်ဆင်းရဲအောင် အင်မတန် ပြောတယ်"

"အမှန်ပြောတာလေ တာရာရဲ့၊ အန်ကယ်လ်က အားလို့လား၊ ရှေ့အပတ်ဆို ပုဂံသွားဖို့ရှိတယ်၊ အန်တီကတော့ လာမတဲ့လား"

လာမှာမဟုတ်တာကို တာရာလည်းအသိမို့ ဒေါ်ခင်လေးသီကို အပြုံးချိုကလေးနှင့် ချစ်စဖွယ်ကြည့်ကာ ...

"ဖိတ်မနေပါနဲ့ အန်တီရယ်၊ မာမီကလေ သူ ဝ,လာကတည်းက ဝတ်ရစားရ မလှလို့ဆိုပြီး ပွဲလမ်းတွေသိပ်ရှောင်တာ"

ကြဲဖန်ပြောတဲ့အကြောင်းပြချက်ကိုပဲ ဒေါ်ခင်လေးသီမှာ ခေါင်းတညိတ်ညိတ် လက်ခံလိုက်ရပါသည်။ ဘယ်လိုရေစက်မှန်းမသိ ဒီကလေးမလေးကိုတော့နှစ်လိုမှုကိုရှိတာ။ ကိုယ့်ယောက်ျားရဲ့အလုပ်ရှင်သူဌေးရဲ့သမီးဆိုတဲ့ အမြင်ကလည်းပါမည်။

ဒီကောင်မလေးကလည်း သားလိုချင် အမေမျက်နှာချိုသွေးဆိုသလို သူ့ကို အရင်ပေါင်းတာ။ သူဌေးသမီးလေးပေမယ့် မာနမရှိ။ ကိုယ့်သားထက် ပညာတွေတတ် အဆင့်မြင့်ပြီး သူက သည်းသည်းလှုပ်ပိုချစ်သလိုတောင်မြင်ရ၍ ပိုပြီးချစ်ခင်နှစ်လိုမိပါသည်။





ချစ်စိတ်ရှိတော့ ဘာပြောပြော အကောင်းပဲမြင်တာပင်။ ရွှေရုပ်နှင့်ကျတော့ ရေစက်ကို မပါတာပဲလား။ သူ့အမေကို မကြည်လင်နိုင်၍ ချွေးမကိုပါ မကြည်လင်ပါ။ ရွှေရုပ်လည်း မာန်မာနမထားရှာတဲ့ ချွေးမမှန်ပေမယ့် နဂိုကိုက မကြည်လင်တဲ့ ခံတတ်ခံနှင့် ချွေးမဖြစ်တာ နှစ်နှစ်ကြာလာလည်း ခုထိ မချစ်ခင်ပါ။

ရွှေရုပ်က ယောက္ခမအပေါ် တာဝန်မကျေချက် လိုအပ်ချက် မရှိတာအမှန်ပေမယ့် အစကတည်းက ဘာသိဘာသာ အနေအေးတဲ့ သားကြီး လင်းဝဏ္ဏကတော့ မိသားစုနဲ့ အနေတော စိမ်းသွားတယ်ထင်မိကာ ချွေးမကို မကြည်သထက်မကြည်နိုင်ဘဲ ရှိပါသည်။

သူတို့ကရောက်လာမှပဲတွေ့ဆုံဖြစ်ကာ ကိုယ်ကတော့ သူတို့အိမ်ကို မသွားဖြစ်လှပါ။ အိမ်ထောင်ကျကာစက အကြောင်းကိစ္စနှင့် နှစ်ကြိမ် သုံးကြိမ်လောက်သာသွားဖြစ်ပါသည်။ နောက်ပိုင်းမရောက်တာကြာလှပေါ့။

သူတို့ ခိုးပြေးပြီးတဲ့နောက် မင်းဒီပ လက်ချက်အကူအညီလည်း မကင်းတာသိရပြီး သူကတစ်ဆင့်ပင် ပြန်အပ်ဖြစ် ကြောင်းလမ်းပြောဆိုပြီး မင်္ဂလာဆောင်ညှော်ခံပွဲကိုလည်း တစ်ဖက်က ရွှေရုပ်မိဘတွေကပဲ ငွေများများ ပိုစိုက်ထုတ်ကာ ဆောင်နှင်းကျင်းပပေးခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လည်း သိပ်အများကြီး တခမ်းတနားမသုံးနိုင်တာအမှန်ဖြစ်ပေမယ့် 'ဝေမျှကုန်ကျလိုက်တာပေါ့' ဆိုတဲ့ ရွှေရုပ်အမေရဲ့စကားရဲ့နောက်မှာ သူတို့ချည်းသာ ဘုန်းပေါလအောအများစုကို ကုန်ကျခံလိုက်တာ့ကိုက ကိုယ့်ကိုကျောလိုက်တာလို့ ခံစားရစေခဲ့ပါသည်။

ကိုယ့်ဘက်က အိပ်ရာခမ်းနားနှင့် ပရိဘောဂတချို့ ခလေလောက်သာ ဝယ့်ခြမ်းပေးရပြီး သားကြီးလင်းဝဏ္ဏ စီးလက်စဘားကို ပေးလိုက်ရတာလောက်သာ ရှိခဲ့ပါသည်။ မင်္ဂလာဆောင်အပြီးမှာတော့ ရွှေရုပ့်ရဲ့အဖေ ဦးမင်းနိုင်က သမီးနဲ့သမက်အတွက် လက်ဖွဲ့ဆိုပြီး ဝယ်ပေးလိုက်တဲ့ ခြံကြီးဝင်းကျယ် အိမ်ကြီးက ကိုယ်နေလက်စအိမ်ထက် ဆယ်ဆ အဆနှစ်ဆယ် သာအောင်ဟိန်းထ,နေကာ ဦးမင်းနိုင်တို့လင်မယားကိုယ်တိုင်နေနေတဲ့အိမ်ထက်ကို ကောင်းပါသေးသည်။

မှင်သက်မိအောင် အလန့်တကြားတောင်ဖြစ်သွားခဲ့ရတဲ့အထိ ခမည်းခမက်က လက်ဖွဲ့တဲ့အိမ်က ခမ်းနားသော်လည်း ဒါကို ပျော်ရွှင်ကျေနပ်တာမျိုးမဖြစ်ဘဲ နိုးလိုးခုလု မတင်မကျအောင့်သက်သက် ဘာကြောင့်ဖြစ်ရတယ် မသိတော့ပါ။

လင်းဝဏ္ဏနှင့် ရွှေရုပ်တို့ထံ မှန်မှန်ရောက်တာကတော့ မင်းဒီပ။ အကျိုးအကြောင်း သတင်းစကားတို့ကို မင်းဒီပမှတစ်ဆင့် သိရကြားရသည်။





"အဲဒါဖြင့်လည်း ဘယ်သူ့မှဖိတ်မနေတော့ဘူး၊ တိုးတက်တို့နှစ်ယောက်ရယ် ငါ့သမီးရယ် ဒါပဲ ပြီးပြီ"

"အာ ... မေမေကလည်း"

"ဘာလဲ ..."

"ကိုကိုနဲ့မရီးကိုတော့ ဖိတ်ရမှာပေါ့၊ မဖိတ်လို့ရမလား"

"မဖိတ်လို့ ဘာလို့မရရမှာလဲ၊ ဘယ်သူ့မှမဖိတ်တော့တာ"

"တိုးတက်တို့ အောင်သက်တင်တို့ တာရာတို့ပါတယ်ဆိုကတည်းက ဘယ်သူ့မှမဖိတ်တာ ဘယ်မှာဟုတ်တော့လို့လဲ၊ အစ်ကိုလင်မယားကို ဖိတ်ကိုဖိတ်ရမှာပေါ့"

"သူတို့လင်မယားကလည်း နှစ်ယောက်လုံး မိုးလင်းကမိုးချုပ် အားကြတဲ့သူတွေမှ မဟုတ်တာ၊ အလုပ်ခပ်ရှုပ်ရှုပ်တွေရယ်၊ တော်ကြာ ကိုယ်ဖိတ်လိုက်လို့ မလာဘဲနေဖို့မကောင်းဘူးထင်ပြီး လာရသွားရနဲ့ သူတို့မှာ ပိုပြီးအလုပ်ရှုပ်နေမှာစိုးလို့ပါ"

ဒေါ်ခင်လေးသီက တာရာ့ရှေ့မှာမို့ ချွေးမတစ်ယောက်အပေါ် သူ သဘောမကျတာကို သိပ်မသိသာစေအောင်လျှာချလိုက်ပါသည်။

"ဘယ်ရမှာလဲ၊ လာရမှာပေါ့၊ မွေးနေ့လက်ဆောင်တောင်းရဦးမှာပေါ့၊ ဒီဒီ ... မင်းဒိပ၊ မင်းကတော့ ပိုင်တယ်ကွာ၊ ချစ်သူကလည်း သူ့ချွေးမ၊ မရီးကလည်းသူ့ချွေးမ၊ လက်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရလိုက်ပြီလားဆို အကောင်းစားတွေချည်း အပျံစား တွေချည်းပဲ ... ဟဲ ဟဲ"

"ဟဲ့ ... အရှက်လည်း မရှိဘူး"

ဒေါ်ခင်လေးသီက ဟန့်လိုက်ကာ တာရာကတော့ မင်းဒီပ ပုံစံကို ချစ်စနိုး ရယ်မောမဆုံးရှိရင်း ...

"မမ့ရွှေရုပ်က ဒီဒီ့ကို မွေးနေ့လက်ဆောင်ကောင်းကောင်း တွေ ပေးတာပေါ့ ဟုတ်လား"

"ဒါပေါ့၊ မနှစ်ကမွေးနေ့ကဆိုရင် မရီးက ကြိုက်တာတောင်း လို့ပြောတာနဲ့ ကိုယ်က နောက်လိုက်တာပါ တာရာရယ်၊ ကြိုက်တာတောင်းဆိုရင်တော့ LCDတီဗီလို့၊ မေမေ့ကိုမှဆာ တာ မဝယ်ပေးလို့လို့ နောက်လိုက်တာ၊ နောက်တာနော်လို့ ပြန်မဖြည်လိုက်ရခင် နောက်တစ်နေ့ပဲ တကယ်ဝယ်ချလာ တယ်ကွာ"

"တကယ် !!"

"တကယ်ပါဆို၊ သုံးဆယ့်နှစ်လက်မ၊ ခုတော့ ခြောက်သိန်း ခုနစ်သိန်းရပေမယ့် မနှစ်က ဆယ့်သုံးသိန်းကျော်လားမသိ ပေးရတာ၊ အား ... အရမ်းအားနာသွားတာပဲ တာရာ,ရာ စိတ်ကိုညစ်တာ"

"ကျောက်စိမ်းဦးမင်းနိုင်သမီး ဆိုတော့လည်း ထော်တာ ပေါ့"





"မေမေရဲ့ ကျွန်တော်တို့က တစ်ရပ်ကွက်ထဲ နေကြတယ်ဆို ပြီး သိပ်ပြီးစိတ်ထဲ ဘယ်လိုမှ မနေပေမယ့် အပြင်မှာ လူတွေပြောပုံတွေကတော့ ဦးမင်းနိုင်ချမ်းသာတာကို ဘယ် လောက်လို့မှန်းဆဖို့ ခက်တယ်တဲ့"

"ဒက်ဒီလည်း ပြောဖူးတယ်၊ သူတို့က အနေမှန်လို့တဲ့၊ အရမ်းရှိတာတဲ့၊ အခု မမရွှေရုပ်တို့နေတဲ့ အိမ်ကြီးဆိုကြည့် ပါ လား၊ ကြမ်းခင်းထားတဲ့ ကျောက်ဖြူပြားကြီးတွေနဲ့ တင် ..."

တာရာက ပခုံးလေးတွန့်လိုက်ပါသည်။ မင်းဒီပ ခေါ်သွားဖူး၍ တာရာလည်း နှစ်ခေါက် သုံးခေါက်ရောက်ဖူးပါသည်။ ဆော်ရွှေသဘောကောင်းလှတဲ့ ရွှေရုပ်ကိုလည်း ခင်မင်မိပါသည်။

"အလကားပြောတာပါ၊ ဒီနှစ်တော့ မွေးနေ့လက်ဆောင် မတောင်းရဲတော့ဘူး၊ နှိုတ်ပိတ်ပြီးနေမှ"

အရင်နှစ်တွေကလည်းပဲ မင်းဒီပကသွားပြောပြပြီး ခ,တောင်းတာမဟုတ်ရပါ။ မင်းဒီပမွေးနေ့ကို မရီးက မမေ့မလျော့ သတိရနေကာ ရက်နီးတော့ သူ့ဟာနဲ့သူ ဘာယူမလဲ လာလာမေး တာသာ။ ဒီနှစ်လည်း ဘယ်လိုပဲဖြစ်ဖြစ် သူ မေ့နေမှာမဟုတ်တာ မင်းဒီပ သိပါသည်။

"တူ တူ တူ ... တီ တီ"

"ဘယ်သူ့ဖုန်းလဲ၊ ဒီဒီ မင်း ဖုန်းလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်"

မင်းဒီပက အိမ်ရှေ့ကစားပွဲပေါ်တင်ထားခဲ့တဲ့ဖုန်းဆီ ထ,ပြေးပါသည်။

"ဟယ်လို"

"ဒီ ... ဒီဒီလား"

"မရီး၊ ဟုတ်တယ် ကျွန်တော်၊ ပြောလေ"

"ဒီ ... ဒီဒီ မောင်လေး"

မင်းဒီပက မျက်မှောင်ကုတ်သွားပါသည်။ ရွှေရုပ်ရဲ့အသံဟာ အတုန်တုန်အယင်ယင်နှင့် ငိုသံလိုလို ညည်းညူသံလိုလို တစ်ခုခုဒုက္ခရောက်နေတယ်ရယ်လို့ လုံးဝသိသာစေတဲ့အသံဖြစ်၍ လန့်လည်းလန့် ကျောတပြင်လုံးနှင့်လက်မောင်းတွေပါ ကြက်သီးဖြန်းခနဲထ,သွားမိကာ ...

"မရီး ဘာဖြစ်လဲ၊ မရီး ဘာဖြစ်လို့လဲ"

"ဒီဒီ ဆေး ... ဆေးရုံကြီး အရေးပေါ်ကို လိုက်ခဲ့နော်"

"မရီး အခု လာခဲ့မယ်၊ ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ"

"အစ်မနဲ့ ကိုကို ကား ... ကား အက်ဆစ်ဒဲန့်ထ်"

"မရီးတို့ အခု ဘယ်မှာလဲ"

"......"

"ဟယ်လို ... ဟယ်လို ... မရီး"

"......"





"ဟယ်လို"

"ဟယ်လို ... ဟုတ်ကဲ့ခင်ဗျာ၊ လူနာက စကားဆက်ပြောဖို့ အဆင်မပြေလို့ပါ၊ အရေးပေါ်ကိုသာလိုက်ခဲ့ပါ"

"အခု ... အခု ဘယ်သူလဲခင်ဗျာ"

"ကျွန်တော်တို့ဘေးက လိုက်ကူညီပြီး ဆေးရုံပို့ပေးတာပါ၊ အမျိုးသားက သတိမရဘူး ခင်ဗျ၊ အမျိုးသမီးကတော့ သတိတော့ရပါတယ်၊ အခုတော့ ဒဏ်ရာပြင်းထန်ပုံရလို့ မောနေတယ်ခင်ဗျ"

"ကျေးဇူးပဲ"

မင်းဒီပ ဖုန်းကို ဖျတ်ခနဲ ပိတ်ချလိုက်ကာ ကားသော့ကို စင်ပေါ်က သွားပြေးယူလိုက်ပါသည်။

"ဒ္ဒီ"

"ဒ္ဒီ"

မေမေနှင့် တာရာထံမှ ခေါ်သံ သံပြိုင်။

"မေမေ ကိုကိုနဲ့ မရီး အက်ဆစ်ဒဲန့်ထ်ဖြစ်တယ်"

"ဘာ ..."

"သား ... ဘာဖြစ်တယ်"

ဖေဖေက ဧည့်ခန်းနံဘေး ဝရန်တာလေးမှ ဝင်လာပါသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ကိုကိုနဲ့မရီး ကားတိုက်လို့ အရေးပေါ်ကိုလိုက်ရမယ်၊ ဖေဖေ ပိုက်ဆံဘာညာလိုအပ်တာယူပြီး နောက်က လိုက်ခဲ့၊ ကျွန်တော် အရင်သွားနှင့်မယ်"

"သား ... သားကြီး ဘာဖြစ်သွားလဲ၊ ဒီဒီ မေမေ့ကို တစ်ခါတည်းခေါ်"

"မေမေ မလိုက်နဲ့၊ တာရာ မေမေ့နားမှာစောင့်နေပေးပါကွာ၊ ကိုယ် သွားမယ်"

"စိတ်ချ ဒီဒီ၊ တာရာ ဒီမှာပဲ ရှိနေမယ်"

အိမ်ပေါ်ကနေ ဒိုင်ဗင်ထိုး ဆင်းမတတ် လွှားခနဲ လွှင့်ပျံထွက်သွားသလို အိမ်ပြင်ရောက်သွားတဲ့ ဒီဒီကို တာရာက တံခါးဝအထိ နောက်ကပြေးကာ ...

"ဒီဒီ ဂရုစိုက်မောင်း"





၆

မေမေ ဘုန်းကြီးငါးပါးဆွမ်းကျွေးမယ်လို့ ရည်မှန်းထားတဲ့ မင်းဒီပရဲ့မွေးနေ့ပေါ်မှာ တကယ်ပဲ ဘုန်းကြီးငါးပါးဆွမ်းကျွေးလိုက်ရတော့သည်ပေါ့။ ရက်လည်ဆွမ်းလေ။ အိမ်မှာတော့ ဟုတ်။ ရွှေရုပ်တို့အိမ်မှာ။ မေမေ မလာချင်တဲ့အိမ်မှာ မေမေ ညပါအိပ်ဖြစ်ခဲ့တော့တာ။

"မယုံနိုင်ဘူး ... မယုံနိုင်ဘူး၊ သားကြီးရေ ... ဝဏ်ဝဏ်"

နေ့စဉ် ရက်ဆက် တက်ချက်မတတ် ငိုနေသူမှာ မေပင်။ လင်းဝဏ္ဏက ပွဲချင်းပြီး သေဆုံးခဲ့တာဖြစ်ပါသည်။

"ဒီကုန်ကားကြီးက ဘရိတ်ပေါက်ပြီး အရှိန်ကလည်းပြင်းပြင်းနဲ့ မြွေလိမ်မြွေကောက်လာတာ၊ ကားနှစ်စီးသုံးစီးကို ရှောင်ရင်းချိုးရင်း ပွတ်ရုံပွတ်တိုက်သွားတာ၊ ဒီကားကျမှ ကုသိုလ်ကံဆိုးတာဗျ၊ ဒီကားနဲ့တိုက်ပြီးမှပဲ ကုန်ကားအရှိန် လျော့တာ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီကားအဖို့က ရှောင်ဖို့အခွင့်အရေးသိပ်မရှိဘူး၊ ဆေ
လိုင်းတွေမှာလည်း ကားတွေရှိနေတာ၊ တည့်တည့်ကြီးဆ
ရသလိုပဲ၊ ဒါပေမဲ့ဗျာ ဒီလူက အမျိုးသမီးဘက်ကို ဆ
သာအောင် သူ့ဘက်ကို ရသလောက်ခေါင်းလှည့်ခဲ့လို
တာပါ၊ တည့်တည့်လောက်ဝင်လာတော့ ကားက ဘ
မောင်းဆိုတော့ သူ ညာနည်းနည်းချိုးပြီးခဲ့ရင် သူ့ဘက်ခြ
ပိုထိမိမယ်၊ ဘယ်ဘက်နည်းနည်းချိုးထားရင် အမျိုးသ
ဘက်ခြမ်း ထိမယ်လေ"

လျှပ်တစ်ပြက် မျက်စိတစ်မှိတ်အတွင်းမှာ မသိစ
နဲ့ပင် သက်သေပြသွားတဲ့ လင်းဝေဠုရဲ့ချစ်ခြင်းမေတ္တာကို မင်း
ဂုဏ်ပြုမိပါသည်။ သေသွားလို့ ထိခိုက်ပူဆွေးရတာနှင့် တစ်ပြ
နက်မှာ ဂုဏ်လည်းယူမိတာ။ ကားဟာ နောက်ထဲချိုင့်ဝင် ခေါ
တိုသွားတာမို့ မိမိရရ ထိတဲ့ဘက်ကလူဟာ ပွဲချင်းပြီး သေ
ပင်။

ရွှေရုပ်ဟာ အင်မတန်ကံကောင်းလှစွာ ချိုင့်ဝင်သွ
တဲ့ဘက်ရဲ့တစ်နေရာကြားထဲ ဘယ်ဘက်ခြေထောက်သာ ညပ်
ပါသည်။ ဒါတောင် ဆိုးဆိုးရွားရွား သွင်သွင်ကျိုးတာမျိုးမဟု
ခြေမျက်စိနားတစ်ဝိုက်ပတ်လည် အသားတွေ ကွဲထွက်သွားတ
သာ။ သွေးထွက်များခဲ့၍ သွေးသွင်းရသည်။





မင်းဒီပ ရောက်ရောက်ချင်း လိုအပ်တဲ့သွေးကို လှူ
ရတာပင်။ သူ့သွေးနှင့် မရီးရဲ့သွေးတူတာမို့ အစကတည်းကသိ
သည်။ ပြီးတော့ AB။ ရှားကဲသွေး။ ကိုကို့အတွက် မျက်ရည်တွေ
ရင်း သွေးအရင်ထုတ်ရသည်။ သွေးထုတ်အပြီး မရီးထံပြန်
က်တော့ ကိုကို့အကြောင်း ဘယ်လိုပြောရမလဲ ဖုံးထားရမလား
စားဆဲပင် ...

"လင်းဝေဠု ဆုံးပြီ မဟုတ်လား ဒီဒီ"

မရီးက စတင်မေးခဲ့သည်။

"ဒီဒီ ... တို့ကို အမှန်ပဲပြောပါ၊ တို့ ခံနိုင်ရည်ရှိပါတယ်၊ သူ ဘယ်လိုမှမရနိုင်တာ တို့သိတယ်၊ တို့ကို ကယ်သွားတယ် ဒီဒီရယ်၊ သူ အသေခံသွားတယ်၊ သူ ရုပ်ပျက်သေးလား ဒီဒီရယ်"

ဒဏ်ရာတစ်ဖက်နှင့် ရှိုက်ကာရှိုက်ကာ ငိုနေတဲ့မရီး
ပြိုင် သူလည်းပဲငိုရသည်။ ကိုကိုဟာ အောက်ပိုင်းတစ်ပိုင်းလုံး
ကြေမွကုန်တာပါ။ ရွှေရုပ်က ဆေးရုံပေါ်မှာမို့ အသုဘအိမ်ဖြစ်တဲ့
ကိုလင်မယားအိမ်မှာ သွားပြီး အိပ်စား စီစဉ် စောင့်ရှောက်ပေးရ
သည်။ ရွှေရုပ်အမေ အဖေတို့နှင့် မင်းဒီပပင် အသုဘရှင်လုပ်ရ
သည်။

ရက်လည်နေ့မှာတော့ ရွှေရုပ်ဟာ မရမက ဆေးရုံက
ဆင်းခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လင်းဝဏ်အတွက် အမွေအတန်း ပေးချင်လို့ပါ"

ထိုအချိန်ထိ ရွှေရုပ်က ငိုးချုံနှင့်။ ဒေါ်ခင်လေးသီ လှုံးလိမ့်ပြီး ရင်ကွဲအောင်ငိုနေသလောက် ရွှေရုပ်ကမငိုတော့ပါ။ ဆေးရုံတုန်းကတော့ သည်းသည်းခိုက်ခိုက် ငိုခဲ့ပါပြီ။ ခုတော့ ငိုပဲမငိုနိုင်တော့တာလို ရင်ထဲနင့်ပြီး နာနေတာအပြင် မျက်ရည် မထွက်တော့။

"သူကတော့ မျက်ရည်တောင်မကျတော့ဘူးတွေ့လား၊ သူက မယားကိုး၊ ငါကတော့ အမေမို့ ဖြေမဆည်နိုင်ဘူးဟဲ့ သားကြီးရေ ... သားကြီးရဲ့၊ သူ့ကိုကယ်လို့ သူချမ်းသာရာရဖို့ ငါ့သားကြီး အသက်စွန့်ရတာ"

အိမ်ကြီးက ကျယ်ဝန်းလှ၍ ဒေါ်ခင်လေးသီအတွက် သီးသန့်အခန်းရှိ၍ တော်ပေတော့သည်။ ဒေါ်ခင်လေးသီဟာ ထပ်ခါ ထပ်ခါ ဒီလိုသာပြောနေ၍ သားအဖနှစ်ယောက်မှာ ဒေါ်ခင်လေးသီရဲ့မောင်နှမ တူတွေမအချို့ပါ ချော့မော့ဖျောင်းဖျ ကြရပါသည်။

"သူ့ကြောင့် သားကြီးသေတာ"

"ဒီလိုမပြောပါနဲ့ မေမေရယ်"

"ပြောတော့ ဘာဖြစ်သလဲ"

"ဒီလိုတွေးနေမိတာ မေမေ ပိုခံစားဖို့ ပိုရင်နာဖို့ဖြစ်စေပါ ပါ၊ ဒီအတွေးကို ခေါင်းထဲကဖျောက်ပါ မေမေရယ်"





"ဟင် ... မိန်းမကို အသက်ကယ်သွားတဲ့သူကြီးကဲ့ ကြည့်စမ်း၊ ငိုင်းပြီး စုတ်တသတ်သတ်နေလိုက်ကြသာ၊ ဒီလောက် ကောင်းပဲ မင်းမိန်းမကိုချစ်ရသလားဟဲ့ ဝဏ်ဝေကဲ့ရဲ့"

"ဖေဖွာ် ... ခင်လေးရယ်၊ မိန်းမဘက်ကသိမ်အောင် မသိစိတ်နဲ့ ကားခေါင်းလှည့်ခဲ့လိုက်ပါမိရင်တောင် ဘေးကမြင်လိုက်ရတဲ့သူတွေက ကြည့်စမ်း မိန်းမဘက်နဲ့ လှည့်ခံတယ်ဆိုပြီး အထင်သေးပြောတာခံနေရဦးမှာ၊ ကိုယ့်မိန်းမအသက် မသိစိုက်အောင် ကိုယ့်အသက်ကိုယ်စတေးသွားတာ၊ ကိုယ့်မိန်းမတင် မဟုတ်ပါဘူး ဘယ်မိန်းမ ဘယ်အမျိုးသမီးတစ်ယောက်အတွက်ဖြစ်ဖြစ် ကိုယ်က ဝင်ကာကွယ်စတေးသွားရတာ မြတ်ပါတယ်မိန်းမရယ်၊ ဂုဏ်ရှိပါတယ်၊ မြင့်မြတ်ပါတယ်ကွာ၊ မင်းသားက ယောကျ်ားကောင်းယောကျ်ားမြတ်ပါ"

"ဂုဏ်လည်းမလိုချင်ဘူး မြင့်မြတ်ရင်လည်းနေ၊ ကျွန်မ သားကြီးပဲ ပြန်လိုချင်ပါတယ်၊ သားကြီးရေ ..."

ရက်လည် တရားနာရေစက်ချဖို့ ထွက်လိုင်တော့ ဒေါ်ခင်လေးသီကို အထပ်ထပ် ဖျောင်းဖျချော့မော့ပြီး ဘာတွေမှ မပြောဆိုဖို့ အားလုံးက ပိုင်းနှားချခဲ့ရပါသည်။ ရွှေရုပ်ကတော့ ငိုးချုံပေါ်မှာပင် အသက်ဝိညာဉ်ကင်းမဲ့နေသူလို။

❦ ✿ ❦



www.burmeseclassic.com

www.burmeseclassic.com



"အန်တီတို့အိမ် ပြန်နေဖို့ ခေါ်လို့လည်းမရပါဘူး ဒီဒီရယ်"

မရီးရဲ့အမေက မင်းဒီပကို တိုင်တိုင်တည်တည်ပြောပါသည်။ သူ့သမီးကို အစ်မရင်းတစ်ယောက်လို ချစ်ခင်ရှိသေတဲ့ အမြဲကူညီစောင့်ရှောက်တဲ့ မင်းဒီပကို ရွှေရုပ်ရဲ့အမေ ဒေါ်သဇင်က ရင်းနှီးခင်မင်ပါသည်။

"ကျွန်တော်လည်း တိုက်တွန်းပါတယ် အန်တီ၊ ဒါပေမဲ့ မရီးက ဒီအိမ်ကပြောင်းရမှာက ကိုကို့ကိုထားခဲ့ရမလိုခံစားနေရတာတဲ့"

"အင်းလေ ... သူ စိတ်ပြေလက်ပျောက်တဲ့အထိ စိတ်တည်ငြိမ်တဲ့အထိတော့ ပေးနေဦးမှပဲပေါ့၊ တဖြည်းဖြည်းမှပဲ ချော့မော့နားချရမှာပဲ"

အဲဒီအိမ်ကြီးမှာ အရင်ကတည်းကရှိတဲ့ အိမ်ဖော် အမျိုးသမီးနှစ်ယောက်၊ မာလီ၊ ရွှေရုပ်ရဲ့ဆိုင်ကဝန်ထမ်းနှစ်ယောက်။ နယ်သူတွေမို့ အဆောင်မှာနေကြတဲ့ မိန်းကလေးနှစ်ယောက်ကို ရွှေရုပ်က အိမ်ခေါ်ထားလိုက်တာပါ။ အိမ်ပေါ်မှာ အမျိုးသမီးငါးယောက်။ ခြံထဲမှာ မာလီ။

သို့ပေမဲ့ မာလီတို့အိမ်ဖော်တို့က ဦးမင်းနိုင်ရဲ့နှစ်ရှည်ကြာ လူရင်းလူယုံတွေကတစ်ဆင့် တော်စပ်တဲ့ဆွေမျိုးဆင်းရဲ





သားလေးတွေထဲကမို့ အစိမ်းသက်သက်တွေမဟုတ်ပါ။ ယုံကြည်စိတ်ချလောက်သူတွေသာ။ နေ့လယ်နေ့ခင်းဆိုရင် အိမ်မှာ အိမ်ဖော်နှစ်ဦးနှင့် မာလီပဲကျန်တာ။ ရွှေရုပ်က လမ်းစလျှောက်နိုင်သည်မှ တစ်ပတ်အကြာမှာ ဆိုင်ပြန်ဖွင့်ပါသည်။

ဒီတော့ တစ်ခါတစ်ရံတွေမှာ ရုံးကိစ္စနဲ့ အပြင်တစ်ချက် ပြေးရရင်ပဲဖြစ်ဖြစ် မင်းဒီပ ရွှေရုပ်ရဲ့ခြံဘက် တစ်ချက်ဝင်တာ ...

"ဦးရာဂျူး ဘယ်သူ့မှ ခြံတံခါးဖွင့်မပေးနဲ့နော်၊ အရေးကြီးတယ်ဆိုရင် ဂိတ်ရုံကဖုန်းနဲ့ မရီးဆီ ဆက်ပေးလိုက်"

"ဟုတ်ကဲ့ ဆရာလေး"

ရွှေရုပ်ရဲ့ဆိုင်ကိုလည်း မင်းဒီပ မကြာမကြာရောက်သလို တစ်ပတ်တစ်ခါ ရွှေရုပ်ရဲ့ဆိုင်ပိတ်ရက်တစ်ရက်ဟာ သူ့ရဲ့ရုံးပိတ်ရက်နဲ့လည်း တိုက်ဆိုင်နေတာမို့ အဲဒီရက်မှာ မရီးထံ အတဖြုတ် အမြဲသွားပါသည်။ တစ်ညနေ မိသားစုထမင်းဝိုင်းမှာတော့ ...

"ဒီဒီ ... မင်း ရွှေရုပ်အိမ်ကို သွားသွားမနေနဲ့တော့"

"ဘာဖြစ်လို့လဲ မေမေ"

"အစ်ကိုမှမရှိတော့ဘဲနဲ့ မရီးဆီမတ်က ဒီလောက်ဝင်ထွက်နေတာ ပတ်ဝန်းကျင်က ဘာပြောမလဲ၊ ငါလည်း မကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မေမေကလည်း မရီးနဲ့ ကျွန်တော်က မောင်နှမရင်းချာလိုဖြစ်နေပြီ၊ မေမေ ဒီလိုမပြောသင့်ပါဘူး၊ သူများပြောတောင် မေမေက မပြောသင့်ဘူး၊ ကိုကိုမှမရှိတော့ဘဲ ကျွန်တော်တို့မိသားစုက မရီးကို စောင့်ရှောက်ရမယ့်ဝတ္တရားရှိတယ်လေ"

"သူ့မိဘစောင့်ရှောက်လိမ့်မယ်၊ ငါ့သားကြီးလည်း သူ့ကိုအသက်ပေး စောင့်ရှောက်သွားပြီးပြီ၊ လုံလောက်ပြီ"

"ဒီလိုဘယ်ဟုတ်ဦးမလဲ ခင်လေး၊ ကိုယ်တောင် တစ်ပတ်တစ်ခါ ဆယ်ရက်တစ်ခါလောက် ဖုန်းလှမ်းဆက်ပြီး သမီးဘယ်လိုလဲ မေးဖြစ်တယ်၊ မင်းက မိန်းမချင်းဖြစ်သေမယ့်မဆက်တော့ ကိုယ်ပဲ ဖအေနေရာက ဆက်လိုက်တယ်သားဆုံးသွားလည်း ချွေးမကချွေးမပဲ၊ ချွေးမထဲမှာတောင်တာဝန်သိသိကျေတဲ့ချွေးမကောင်း၊ ရွှေရုပ် နောက်အိမ်ထောင်မပြုသေး၊ ကိုယ်တို့ချွေးမပဲ၊ မေးမြန်းစောင့်ရှောက်ရမယ်နောက်အိမ်ထောင် ပြုသွားရင်သာ နောက်အိမ်ထောင်ကသဘောမကျမှာစိုးလို့ ဆင်ခြင်တဲ့အနေနဲ့ အနေစိမ်းလိုက်ရမှာ"

"အမယ်လေး ... သူကတော့ အသက်ကဘာရှိသေးလို့တုံးနောက်ယောက်ျားယူမှာပါ၊ ငါ့သားကြီးမှာသာ သူ့ကြောင့်သေရတာ၊ ငါ့မှာ ငါ့သားကိုယ်စား ဖြေသိမ့်စရာ မြေးလေးဘာလေးတောင် မကျန်ရစ်ဘူး"



ဒေါ်ခင်လေးသိက ငိုချင်းချပြန်ပါသည်။

"အဲဒီ သားကြီး သူ့ကြောင့်သေရတယ်ဆိုတဲ့ မဟုတ်တဲ့အစွဲကိုလည်း မင်းခေါင်းထဲကချွတ်စမ်းပါ ခင်လေးရယ်၊ လုံးဝမဟုတ်တဲ့ကိစ္စကွာ"

"အို ... ဘာပဲဖြစ်ဖြစ် ဒီဒီ ချောင်းပေါက်နေတာတော့ မကြိုက်ဘူး၊ မရီးနဲ့မတ် အနေအထိုင်ဆင်ခြင်၊ ဟိုကလည်း အားကိုးရာမဲ့နေတော့ မိုစရာ နီစရာ ရှာချင်ချင်ဖြစ်နေမှာ၊ အရင်ကတည်းက ဒီဒီ ... မောင်လေးနဲ့ ဖြစ်နေတာ၊ ကြာရင် တာရာလည်း ကြိုက်မှာမဟုတ်ဘူး"

မင်းဒီပ မျက်နှာညိုကာ ...

"ကျွတ် ... မေမေကလည်းဗျာ"

ထမင်းဝိုင်းက ထထွက်သွားပါသည်။

❣ ✑ ❣

"သူက ခဏလာဦး ဆိုရင် ဒီဒီက ခုလိုပဲ ကောက်ခနဲထ,သွားရတာပဲလား"

မင်းဒီပက ကားမောင်းရင်းက တာရာဘက်လှည့်ကြည့်လိုက်ပါသည်။ ဒီစကားကို သဘောမကျ၍ ချက်ချင်းဒက်ခနဲ တုံ့ပြန်ပြောလိုက်မိလျှင် အမှားပါမှာစိုးရိမ်ပြီး တစ်ဖော

www.burmeseclassic.com

www.burmeseclassic.com



စကားမပြန်သေးဘဲအောင့်ပြီး စိတ်ပြေသွားအောင် သက်ပြင်းကြီးတစ်ချက် ကျိတ်၍ မှုတ်ထုတ်လိုက်ရသည်။

"မရီးက ခဏလာဆိုရင် ကိုယ်သွားရမှာပဲ တာရာ၊ မရီးက ကိုယ့်အစ်မပါ၊ ကိုယ့်ကို ကိုယ်ငယ်ငယ် ရှစ်တန်းကိုးတန်းကတည်းက သူကလည်း မောင်လေးတစ်ယောက်လို အမြဲစောင့်ရှောက်တာ၊ ဒါ့အပြင် အခု ကိုကိုလည်းမရှိတော့ဘူး၊ သူက ကိုယ့်အစ်ကိုဇနီး ဖြစ်ခဲ့တဲ့ မုဆိုးမလေ"

"မုဆိုးမမို့လို့ ပြောနေတာပေါ့"

"ဘာအဓိပ္ပာယ်လဲ တာရာ"

"လူလွတ်ဖြစ်နေတယ်လေ"

"ကျွတ် … လွတ်လွတ် မလွတ်လွတ် မောင်နှမရင်းကို သပုပ်လေလွင့်ပြောရိုး ထုံးစံရှိလား"

"မောင်နှမရင်းမှ မဟုတ်ဘဲ"

"ကိုယ့်စိတ်ထဲမှာ မောင်နှမရင်းပဲ၊ အရင်းလိုသဘောထားတယ်၊ ကိုယ့်အစ်မ၊ အဲဒါကို တာရာပါ ဦးနှောက်ထဲစွဲမြဲထားပြီး တာရာ ယောက်မရင်းလိုမျိုး သဘောထားပေးပါ"

"သဘောထားနိုင်ပါတယ် ဒီဒီ၊ ဒါပေမဲ့ တစ်ခါတလေတော့ ဒီဒီက သူ့ကို ဂရုစိုက်လွန်းလို့ အံ့ဩသလိုလို အောင့်သက်သက်ဖြစ်မိတယ်၊ မနာလိုသလိုလိုပဲ"





"မနာလိုရအောင် ကိုယ်က တာရာ့ကိုကျတော့ ဂရုမစိုက်လို့လား"

"ဂရုစိုက်ပေမယ့် တစ်မျိုးပဲ၊ သူ့အပေါ် သိပ်သံယောဇဉ်နက်ရှိုင်းတာ တာရာ သိနေမြင်နေရတယ်၊ တာရာ့ကိုတော့ ဒီဒီက ချစ်သူတစ်ယောက်ဆိုတဲ့ သဘောလောက်ပါ"

"ဟောဗျာ၊ ချစ်သူဆိုရင် သိပ်ချစ်ဖို့မလိုဘူး၊ သိပ်မချစ်ကြဘူး၊ အဲလို တာရာ ဆိုလိုတာလား"

"ဒွဒ္ဒ"

"……"

"ဒီဒီ့ကို တာရာ သိပ်ချစ်တယ်၊ အရမ်းချစ်တာနော်၊ တခြားသူစိမ်းမိန်းမတစ်ယောက်နဲ့ ဂရုစိုက်ခံရမှုကို မမျှဝေချင်ဘူး၊ ဒီဒီ့အမေကို ဒီဒီ ဘယ်လောက်ဦးစားပေးပေး တာရာ ဘယ်တော့မှ ဘာမှမပြောပါဘူး၊ တာရာပါ ဒီဒီ့အမေကို ဂရုစိုက်မှာပါ၊ သူစိမ်းမိန်းမတစ်ယောက်နဲ့တော့ မပြိုင်ဆိုင်ချင်ဘူး"

"သူစိမ်းမိန်းမ မဟုတ်ဘူး၊ ကိုယ့်မရီးက ကိုယ့်အစ်မလို့ ပြောပြီးပြီ"

"ဒီဒီ စကားကို ကပ်ပြောနေတာပဲ"

"တာရာ ဒီကိစ္စကို ငြင်းခုန်ရတာ ကိုယ် စိတ်အနှောင့်အယှက်ဖြစ်လို့ပါ၊ မေမေကလည်း ဟိုတုန်းကတည်းက မရီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ရင် ကိုယ်တို့ညီအစ်ကိုကို ပြစ်တင်ပေဖန်ခဲ့တာ အချိန်ပြည့်ပဲ၊ ကိုယ် ဒီကိစ္စနဲ့ စိတ်အနှောင့်အယှက်မဖြစ်ပါရစေနဲ့"

"ဒီဒီ့အစ်ကိုက သူ့ကိုကြိုက်နေလို့ သူ့ရည်းစားမို့ ဒီဒီ့အမေက သဘောမကျဖြစ်ပြီး ပြစ်တင်ခံရတာထားတော့ ဒီဒီကပါ မဆီမဆိုင် အပြစ်တင်ခံရလောက်အောင် သူ့အပေါ်ဘာဖြစ်လို့ သည်းခံခဲ့တာလဲ၊ တာရာ သိတယ်၊ ဒီဒီ့အမေက သူ့ကိုမကြိုက်ဘူး၊ မချစ်ဘူး၊ သူနဲ့ ရင်းနှီးခင်မင်ဝင်ထွက်နေတာ သံယောဇဉ်ကြီးကြတာကိုလည်း မကြိုက်ဘူး၊ ဟုတ်တယ်မို့လား"

"ဟုတ်တယ်၊ မေမေက မရီးကို မျက်နှာကြောမတည့်ဘူး၊ မရီးရဲ့မိဘတွေနဲ့ မေမေနဲ့က ပြဿနာဖြစ်တာမရှိပေမယ့် အချင်းချင်း အလိုလိုမကျေမနပ်တွေရှိကြတယ်၊ ဒါကြောင့် မရီးကိုပါ မေမေက ဘာအပြစ်မှမရှိဘဲနဲ့ အလကားနေရင်း မျက်စိစပါးမွေးစူးတယ်၊ မေတ္တာသက်ဝင်မှုမရှိဘူး ..."

တာရာလည်း တစ်နေ့ မေမေ့ချွေးမနေရာ ရောက်ရမှာလေ၊ တာရာ ကိုယ်ချင်းစာကြည့်စမ်းပါ၊ ကိုယ့်ဘက်က ပြီးပြည့်စုံရက်နဲ့ တာဝန်ကျေရက်နဲ့ ယောက္ခမက မျက်နှာသာမပေးတာကို ဘယ်လိုခံစားရမလဲ၊ မေမေ့အပေါ် မရီးဘက်က ဘာအမှားအပြစ်မှ မရှိခဲ့ဖူးဘူး၊ သူ့မိဘကို အမြင်





ကတ်တာကနေ သူ့ကိုပါ ကြည့်မရတဲ့အစွဲက ခုထိ ခိုင်မြဲနေတာ"

တာရာက ခပ်ငိုင်ငိုင် စဉ်းစားနေပါသည်။

"မေမေ့ဆီကနေ တစ်စွန်းတစ်စအကြားနဲ့ မေမေနဲ့သံယောင်လိုက်ပြီး မရီးကို မကြည်ဖြူတဲ့အမြင် မဝင်ပါနဲ့တာရာ၊ ကိုယ့်အခ်မလို့ပဲမှတ်ထားပေးပါ၊ တာရာ ကိုယ့်ကို ဒီလောက်တော့ ယုံကြည်မှု ရှိသင့်တယ်"

"ဒီဒီ့ကို ယုံပါတယ်"

"ဒါဆိုပြီးတာပဲ တာရာရယ်"

"သူ့ကို မယုံဘူး"

မင်းဒီပ မျက်နှာက စိတ်ပျက်လက်ပျက် ညိုမှောင်သွားပါသည်။

"မတ်ကို ဆယ်သိန်းကျော်တန် မွေးနေ့လက်ဆောင်ဝယ်ပေးတဲ့ မရီးတစ်ယောက်ရဲ့ရက်ရောမှုကို အံ့အားသင့်တယ်"

"ကိုယ် အလုပ်မဝင်ခင်တွေက မုန့်ဖိုးတောင်ပေးတာ၊ သူက သူဌေးမလေ တာရာ၊ ပိုက်ဆံက ထားစရာနေရာမလုံလောက်အောင်ရှိနေတာ၊ သူ့အတွက်က ဆယ်သိန်းမဟုတ်ဘူး၊ သိန်းတစ်ရာ သိန်းတစ်ထောင်လည်း ဘာမှမရှိဘူး၊ ကိုယ်ကသာ အားနာစရာဖြစ်တာ၊ သူက ဘာမှမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... တာရာလည်း မပြောတတ်တော့ဘူး၊ စိတ်ထဲမှာတော့ရှိနေတယ်၊ တစ်မျိုးပဲ၊ တအုံ့နွေးနွေးလေး ဖြစ်နေတယ်"

"ဖျောက်လိုက်ပါ တာရာ၊ ဒါမှ ကိုယ်တို့နှစ်ယောက်ကြားမှာ စိတ်ဆင်းရဲစရာပြဿနာ မရှိမှာ၊ ကိုယ်တင်မကဘူး ဖေဖေလည်း မရိုးကို သမီးရင်းလို ချစ်တယ်၊ မေမေပဲ အမြင်မကြည်နိုင်တာ၊ ဒီတော့ တာရာကိုယ်တိုင်ပါ အစ်မရင်းလို ယောက်မရင်းလိုသာ ရင်းနှီးချစ်ခင်လိုက်ပါ"

တာရာက လက်ကလေးပိုက်ထိုင်ကာ တစ်ဖက်လှည့်နေပါသည်။ ရွှေရုပ်နဲ့ မင်းဒီပကို မရိုးသားစွာ သံသယဖြစ်တာလားဆိုတော့လည်း လုံးဝ မဟုတ်ပါ။ ဘယ်လိုပြောရမှန်း မသိတာ။ တစ်ယောက်အပေါ်တစ်ယောက် ဒီလောက်ချစ်ခင်သံယောဇဉ်ကြီးကြတာကို အံ့အားတသင့် မကျေနပ်တာပင်။ မရိုးနဲ့မတ်လေး သိပ်ချစ်ဖို့လိုလား။

"တာရာ ပြောစရာမဖြစ်အောင် ကိုယ်လည်း ခုဆို တာရာ့ကို မကြာမကြာ ခေါ်သွားတယ်မဟုတ်လား တာရာ"

"ဆယ်ခါမှာ တာရာ ငါးခါလောက်ပဲ ပါတာပါ"

"ဟူး ..."

မင်းဒီပ သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ပါသည်။ မင်းဒီပ အတော်စိတ်အနှောင့်အယှက်ဖြစ်နေပြီကိုသိ





တာရာက သူ့ပါ သက်ပြင်းတစ်ချက်နှင့် စိတ်ကို လျှော့ချလိုက်ရင်း ...

"တာရာ သဘောသေးတဲ့မိန်းမတစ်ယောက် မဟုတ်ပါဘူး ဒီဒီ၊ ဒါပေမဲ့ ဒီဒီကို သိပ်ချစ်တဲ့မိန်းမ၊ အဆင့်တွေ အတန်းတွေ အကြောင်းပြပြီး ဒီဒီရှောင်ဖယ်ဖယ်လုပ်တာကိုတောင် ဇွတ်ရှေ့တိုးခဲ့တဲ့သူနော်၊ မိဘကိုတောင် ရင်ဆိုင်ဖို့ သတ္တိအပြည့်ရှိတာ၊ တခြားဘယ်သူ့ကိုမဆိုလည်း ရင်ဆိုင်ဖို့ အသင့်ပဲ ဒီဒီ၊ လိုအပ်လာရင်ပေါ့"

"တာရာ .... ညီမလေး၊ လာ ... ထိုင်"

ရွှေရုပ်ရဲ့ ရုံးခန်းကျယ်ကြီးထဲက ဆိုဖာဆက်တီများမှာ သူတို့သုံးယောက် ထိုင်ကြပါသည်။

"မမ နည်းနည်းပိန်သွားသလိုပဲ"

"အင်း ... ပြောကြတယ် တာရာ၊ ညကျ အိပ်မပျော်တာတွေ၊ သိပ်လည်း စားချင်သောက်ချင်စိတ် မရှိလှဘူး"

"ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ မမရယ်"

တာရာသည် ကိုယ်ချည်းဆိုရင်ဖြင့် ဒီရွှေရုပ်ဆိုတဲ့ အစ်မကြီးကို အထင်ကြီး ခင်မင်သည်။ တည်ငြိမ်ဣန္ဒြေရပြီး



www.burmeseclassic.com

www.burmeseclassic.com



တော်တဲ့ထက်တဲ့ ရင့်ကျက်တဲ့ဟန်ပန်သဏ္ဌာန်ကို မသိမသာလေး တောင် အတုခိုးချင်သေးသည်။ လှတာအပြင် ကျက်သရေရှိတာ ရော စိတ်သဘောကောင်းလေးပါ မျက်နှာမှာ ထင်ဟပ်နေသေးတာ။

ကိုယ်ချည်းပဲတော့ အင်မတန်နှစ်လိုမိတာအမှန်ပါ။ ဒီဒီ ဂရုစိုက်တာကိုသာ သဘောမကျနိုင်တာပါ။

"မရီး ဘာလုပ့်စရာရှိလို့လဲ ပြော"

"လုပ်စရာမရှိပါဘူး"

"လာဦး ဆိုတာလေ၊ ခိုင်းစရာရှိလို့လား မရီး"

ရွှေရုပ်က ခေါင်းလေးယမ်းလိုက်ရင်း ...

"အခု တာရာပါ ပါလာတော့ တာရာ့ကို မမ အရင်မေးချင် သေးတယ်၊ တာရာမပါရင်တော့လည်း မေးဖြစ်ချင်မှမေးဖြစ် မှာ"

"ဘာလဲ မမ"

"အခု တာရာ့အဖေကုမ္ပဏီမှာ သူ ဒီနေရာ ဒီအဆင့်က လုပ်နေတာ တာရာ သဘောကျလား"

တာရာက ရွှေရုပ်ကို ခပ်ငေးငေး အကဲခတ်ပြီးမှ ...

"အမှန်တိုင်းပြောရရင် တာရာ ဘယ်သဘောကျမလဲ မမ"

တာရာက မင်းဒီပဘက် လှည့်ကြည့်ရင်း ...

"တာရာ ဒီလိုပြောရင် သူ့အပေါ် မလေးစားရာကျမှာစိုး လို့မပြောတာပါ၊ အခုက သူချစ်ခင်လေးစားသော မမက





မေးတာမို့ တာရာ ဖြေရဲတာ၊ သူ့အဖေက သူ လတ်လျား လတ်လျားဖြစ်နေမယ့်အစားဆိုပြီး ဒက်ဒီဆီ အလုပ်တောင်း ပြီး ဘယ်နားရရ ထည့်ထားလို့သာလေ၊ တာရာ ဘယ် သဘောကျမလဲ ...

ရာထူးနေရာလည်း ဘာမှရှိတာမဟုတ်၊ လခလည်း ဘာမှရှိတာမဟုတ်၊ မာမီတို့က သဘောမတူရတဲ့ကြားထဲ သူ ဒီနေရာလုပ်နေတာက ပိုပြီးတောင် Look down လုပ် စရာဖြစ်နေတာ၊ ဒါပေမဲ့ သူ့အဖေစီစဉ်ထားတာကိုတာရာက ဝင်ဖျက်ဖို့မသင့်လို့ ဘာမှမဝေဖန်ပါဘူး၊ သူ့ကိုလည်း မလုပ်ပါနဲ့လားလို့ ဒီနေ့ထိ တစ်ခါမှ မပြောဖူးဘူး မမ ...

အမှန်အတိုင်းဖြေရရင်တော့ သူ့ကို ဒက်ဒီလုပ်ငန်း မှာကို မရှိစေချင်တာ၊ တခြားတစ်ခုခု သူ့မှာ အဆင်ပြေပြေ ရှိစေချင်တာ၊ ဒါပေမဲ့ တာရာက သူ့ရည်းစားလေ၊ သူ့ အဖေ အမေ အမြင်နဲ့ ဆန့်ကျင်တာ မလုပ်ချင်ပါဘူး"

ရွှေရုပ်က တာရာ့မျက်နှာလေးကို ပြုံးကာကြည့်ရင်း ...

"တာရာက အသိစိတ်ရှိတဲ့ လိမ္မာတဲ့ မိန်းကလေးတစ် ယောက်ပဲ၊ ကလေးပုံစံလိုမြင်ရပေမယ့် တွေးတတ်တယ်၊ မမက တာရာ့သဘောထားနဲ့ ဆန့်ကျင်မိမှာစိုးလို့ တာရာ့ကို အရင်ဆုံး မေးကြည့်တာပါ၊ ခုလို တာရာ့သဘောထားသိရ တော့ မမနဲ့ ထပ်တူပဲမို့လို့ ဝမ်းသာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ်က ဆိုဖာဆက်တီတွေရှေ့က ကျောက်ပြ
စားပွဲကြီးမှာ အောက်ဘက်မှာပါရှိတဲ့ အံဆွဲတစ်ခုကို ဆွဲဖွင့်ပြ
ဖိုင်လ်တစ်ချပ် ဆွဲယူလိုက်ပါသည်။

"ဒီဒီ"

"ဗျာ ..."

"မင်းမွေးနေ့တုန်းက လက်ဆောင်မပေးခဲ့ရဘူး၊ မင်းမွေးနေ
က လင်းဝဏ် ရက်လည်နေ့ဖြစ်သွားခဲ့တယ်၊ ပူဆွေးရတာ
တွေနဲ့ အမေ့မေ့အလျော့လျော့ဖြစ်ခဲ့ကြတယ်၊ မင်းအတွက်
မွေးနေ့လက်ဆောင်အဖြစ် မင်းလည်း အကျိုးရှိမယ့်အရာ
တစ်ခုခု လုပ်ပေးဖြစ်ချင်ခဲ့တာ"

"အာ ... မရီးကလည်းဗျာ၊ မွေးနေ့ပြီးခဲ့တာ နှစ်လကျော်
ပြီ၊ ခုမှ Back Date နဲ့ လက်ဆောင်လာလုပ်နေပြန်ပြီ"

"ဟုတ်တယ်၊ တစ်ထိုင်တည်း ဝယ်လိုက်လို့ရတာလည်း
မဟုတ်တော့ စဉ်းစားနေတာပါ၊ ခုတော့ စဉ်းစားမိလို့ပေ
ရော ... စာချုပ်၊ ဝယ်ပေးတာ မဟုတ်ဘူးနော် ... ဟင်း
ဟင်း ... ငှားပေးတာပါ"

"ဘာလဲ ..."

မင်းဒီပက ဓဝေဓဝါနှင့် ရွှေရုပ်လက်ထဲက ဖိုင်လ်
ကို လှမ်းယူဖွင့်ကြည့်လိုက်ပါသည်။ ဆိုင်ခန်းအဆောက်အအုံ
ငှားရမ်းစာချုပ်။





"မရီး"

"ဒီဒီ မငြင်းပါနဲ့နော်၊ အဲဒါ တို့နဲ့သိပ်ခင်တဲ့ အစ်မကြီး
ရဲ့ နေရာပါ၊ သူကတော့ အခု အမေရိကားမှာ၊ အဲဒီ
သူတို့ခြံရှေ့မျက်နှာစာဆိုင်ခန်းအဆောက်အအုံကို အစက
Gift Shopတစ်ခုကိုငှားထားတာ၊ မြန်မာ့ရိုးရာလက်မှုပစ္စည်း
တွေ လက်အောင်ပစ္စည်းလေးတွေရောင်းတဲ့ဆိုင်ပေါ့၊ အခု
အဲဒီဆိုင်က ဆက်မငှားတော့ဘဲ ပြန်အပ်တာနဲ့ သူတို့ပိတ်
ထားတာ သုံးလရှိသွားပြီ၊ ပစ်ထားရင်ပျက်စီးတော့ သူက
လည်း ပြန်မငှားရရင်တောင် တို့ကိုပဲဖြစ်ဖြစ် ဆိုင်ခွဲခဏ
တဖြုတ် သွားဖွင့်ခိုင်းနေတာ၊ အငှားရရင် ပြန်ဖယ်ပေါ့"

မင်းဒီပနှင့် တာရာက ရွှေရုပ်ကို စူးစိုက်ကြည့်နေ
ကြပါသည်။

"သူ့ဆိုင်ခန်းက အထဲမှာ အချိုးအကွေ့လေးတွေနဲ့ တော်
ရုံဒက်ကရေးရှင်းတော့ပါတယ်၊ အသေးစိတ်ကတော့ ဒီဒီ
စိတ်တိုင်းကျပြင်ပေါ့၊ ဒီဒီ တစ်ခါပြောဖူးတာ၊ ကော်ဖီဆိုင်
ဖွင့်ဖို့ မတတ်နိုင်တာက ဆိုင်ငှားခဆိုတာလေ၊ အခု တို့
ဒီဆိုင်နေရာကို သုံးနှစ်စာချုပ်ချုပ်ပြီး ငှားလိုက်တယ်"

"မရီး !"

"နှစ်နှစ်စာတော့ ငွေချေလိုက်ပြီ၊ နောက်တစ်နှစ်စာက
နောက်မှ နှစ်ပြည့်မှထပ်ပေးရမယ်၊ ကော်ဖီဆိုင်တစ်ဆိုင်
လုပ်ဖို့ အရမ်းအဆင်ပြေတဲ့နေရာပဲ၊ ဒီဒီ မြင်ရင်ကြိုက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



မင်းဒီပ ခေါင်းငုံ့ကာ စာချုပ်တွေကို ကြည့်နေရင်း တုံ့နှေးနှေးနှင့် ...

"ကျွန်တော် အဲဒီနေရာကိုသိပါတယ်၊ Gife Shopဖွင့်ထား တုန်းကလည်း ရောက်ဖူးတယ်၊ အထဲမှာ ပြင်ဆင်ထားတာ က ကျွန်းများများနဲ့ အဆင့်အတန်းမြင့်တဲ့ဆိုင်တစ်ဆိုင်ပါ ဗျား။ ခက ဈေးနည်းမှာမဟုတ်ဘူး၊ နှစ်နှစ်စာချုပ်က နှင့်နေမှ မရီး ဘာဖြစ်လို့ ..."

"မငြင်းပါနဲ့ ဒီဒီ"

တာရာက နှုတ်ဆိတ်ပြီး ရွှေရုပ်ကို စိုက်ကြည့်နေ သည်။

"ဒါပေမဲ့ မရီး"

"မငြင်းပါနဲ့ ဒီဒီ၊ ကျေးဇူးပြုပြီးတော့"

မင်းဒီပ နှုတ်ပိတ်ပြီး ငြိမ်သက်နေ၍ တာရာ မင်းဒီပကိုတစ်လှည့် ရွှေရုပ်ကိုတစ်လှည့်ကြည့်နေမိရင်းက ...

"မမ ဒီလက်ဆောင်ကြီးက လူ၀ေဖန်စရာကြီးဖြစ်နေမလား မမ"

"မမ မသိပါဘူး တာရာရယ်၊ ၀ေဖန်စရာဖြစ်မဖြစ် မစဉ်းစားပါဘူး၊ ကိုယ်လက်ဆောင်လုပ်ပေးချင်တာလေးကို လုပ်လိုက်တာပါ"

"မမ ခုနက တာရာကိုမေးတယ်၊ ဒက်ဒီဆီမှာ ဒီဒီလုပ်နေ တာ သဘောကျလားတဲ့"





"အင်း"

"သူ့ကိုကျတော့ မမ မမေးတော့ပါလား၊ သူကမှ ကာယကံ ရှင်လေ၊ မင်း ဟိုမှာလုပ်ရတာ သဘောကျရဲ့လား မကျဘူး လား သူ့ကိုအရင်မေးရဦးမယ် မဟုတ်လား"

"သူ သဘောမကျတာ မမ သိတာပဲ"

တာရာက နှုတ်ဆွံ့သွားပြီးမှ ...

"ဒါပေမဲ့ ထွက်ချင်ရဲ့လား !... တခြားဘာလုပ်ချင်လဲ !... ဒီဆိုင်လုပ်ပေးရင် သဘောကျမလား !..."

"ညီမလေး သူ မလုပ်ချင်ဘူး၊ ထွက်ချင်တယ်၊ သူ့အဖေ စီစဉ်လို့တစ်ချက်၊ ညီမလေးတို့ဘက်ကအမြင်မှာ ဘာပဲ ဖြစ်ဖြစ် အလုပ်တာ၀န်တစ်ခုကို သေချာထမ်းဆောင်နေတဲ့သူ တစ်ယောက်ဖြစ်တယ်ဆိုတာ ထင်ရှားဖို့တစ်ချက်၊ အဲဒါ ကြောင့်သာ သူ ၀င်လုပ်နေတာပါ၊ သူ့အဖေကလည်း သူ ကိုယ်တိုင် တစ်ခုခု လုပ်ချင်ရင်တောင် ငွေရင်းငွေနှီးကို တစ်ချိတည်းတစ်ပုံကြီး မထုတ်ပေးချင်ဘူးပေါ့၊ နည်းနည်းနဲ့ ပဲ စမ်းကြည့်စေချင်တာ၊ သူလုပ်ချင်တာနဲ့က နည်းနည်းနဲ့က အဆင်မပြေတာ၊ ဒါဟိုတုန်းကတည်းက အခြေအနေတွေ ပါ"

"ဒါပေမဲ့ မမ၊ ခုချက်ချင်း အလုပ်ထွက်ပြီး ကော်ဖီဆိုင်ဖွင့် မလားဆိုတဲ့ မေးခွန်းလေးတစ်ခွန်းတည်းလောက်တော့ နှစ် နှစ်စာငွေမချေခင် မေးရမှာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီဆိုင်ကောင်းကောင်းလေးတစ်ဆိုင်ဖွင့်ဖို့က သူ့ရဲ့ ငယ်ငယ်ကတည်းက ဆန္ဒပါ၊ သူ့အိပ်မက်ပေါ့"

တာရာက မင်းဒီပဘက် လှည့်ကြည့်လိုက်ရင်း ...

"ဒီဒီ တကယ်ပဲ ခုချက်ချင်းဆိုင်ဖွင့်ဖို့ စိတ်ရောကိုယ်ပါ အသင့်တက်ကြွနေတာလား"

မင်းဒီပက အနေခက်သလို ကိုယ်ကို တွန့်လိန်လှုပ်ရှားရင်း ခေါင်းကုတ်ပေါင်ကုတ်နှင့် သက်ပြင်းတွေရှိုက်ရင်း ...

"ကိုယ် အချိန်တိုင်းမှာ ဆန္ဒရှိနေတာ၊ ဒါပေမဲ့ ခုလိုတော့ ကြိုပြီးမတွေးမိဘူး၊ မရီး ခုလိုစီစဉ်မယ်လို့တော့ ဘယ်လိုမှ မတွေးမိခဲ့ဘူး၊ အဲဒါကြောင့် မရီး !...၊ သိန်းရာချီနေတဲ့ စိုက်ထုတ်မှုကို ကျွန်တော်က ဘယ်လိုလုပ်ပြီးတော့ လက်သင့်ခံလို့ရမလဲ"

"ဒီဒီ စိုက်ထုတ်မှု မဟုတ်ပါဘူး၊ လက်ဆောင်ပါ၊ မင်းက လင်းဝဏ်ရဲ့ ညီလေး၊ တို့ရဲ့မောင်လေးပါ၊ မင့်မှာ အိပ်မက်တွေနဲ့ ဒီအိပ်မက်တွေကို အကောင်အထည်မဖော်နိုင်သေးဘဲ အောင့်အည်းထိုင်နေရချိန်မှာ တို့မှာလည်း အရမ်းပိုလျှံနေတဲ့ငွေတွေနဲ့၊ တစ်နေရာမှာမှ မသုံးရင် ဘဏ်တိုက်မှာ ငြိမ်ပြီးသေနေမယ့်ငွေတွေပိုက်ပြီး ကိုယ့်မောင်လေးတစ်ယောက်ရဲ့အိပ်မက်ကို မသိချင်ယောင် ဆောင်နေမှာက ဘာအဓိပ္ပာယ်မှ မရှိဘူး"





"ဒါပေမဲ့ မရီး ငွေပမာဏက ..."

"နည်းတာများတာ ပြဿနာမှမဟုတ်တာ ဒီဒီ၊ ဟိုးအရင်ကတည်းက လင်းဝဏ်နဲ့ ဒီကိစ္စ တိုင်ပင်ဖူးပြီးသားပါ၊ အခုလည်း လင်းဝဏ်ရှိရင် လင်းဝဏ်သိရင် အရမ်းဝမ်းသာကျေနပ်နေမှာ ဒီဒီ"

ရွှေရုပ် အသံလေးက တုန်ယင်လှိုက်ခတ်နေသည်။

"အင်တီးရီးယားဒက်ကရေးရှင်းက နည်းနည်းပဲ အပေါ်ယံရုပ်အလှဆင်ဖို့လောက်ပဲလိုတာ၊ တခြားလိုတာက ဖျော်စက်တွေ၊ ပန်းကန်ခွက်ယောက်တွေပဲ၊ ဒီဒီ တစ်ခါက တို့ကိုပြဖူးတဲ့ ဒီဒီခင်းကျင်းချင်တဲ့ကြိမ်နဲ့လုပ်ထားတဲ့ ဆက်တီစားပွဲစုံတွေ ရှစ်စုံမှာထားတယ်"

"မရီး !..."

"ဈေးအရမ်းမကြီးဘူး ဒီဒီ၊ အခုပေါ်တဲ့ ကြိမ်အတုပေါ့၊ ကြိမ်အတိုင်းပဲ၊ ဒါပေမဲ့ ကြိမ်ထက်ဈေးသက်သာပြီး အသုံးပိုခံတယ်၊ ဖေဖေ့မိတ်ဆွေစက်ရုံက တစ်ပြိုင်နက် ရှစ်စုံအော်ဒါမှာတာမို့ အများကြီးဒစ်စကောင့်ရပါတယ်၊ ဒီဒီပြတဲ့ကတ်တလောက်ပုံကိုပဲပြပြီးအပ်လိုက်တယ်၊ အောက်ခြေထိ အပိတ်ပုံလေ၊ စားပွဲလည်းခြေထောက်နဲ့မဟုတ်ဘူး၊ ကွင်းပတ်အထိုင်နဲ့လေ၊ တစ်စုံကို ခုံလေးလုံး၊ စားပွဲတစ်လုံး"



www.burmeseclassic.com

www.burmeseclassic.com



မင်းဒီပက ဆံပင်တွေကြားထဲ လက်ထိုးသွင်း ဖွကာဖွကာ စိတ်ဒိုက်နေမိ၍ အရမ်းပျော်ရမှာကိုပင် နောက်ပို့ထားမိသည်။ ဝမ်းလည်းသာသည်။ လက်ခံဖို့တာလည်း နည်းနည်းတွန့်ဆုတ်ခက်ခဲသည်။ ကိုယ်က အစ်မတစ်ယောက်အဖြစ် ဘယ်လိုပဲ သဘောထားပါတယ်လို့ လမ်းမှာတောင် တာရာကိုပြောခဲ့သေးသည်မှန်သော်လည်း ဒီလောက်ငွေပမာဏကိုတော့ ဘယ်လိုလုပ်ပြီးတော့ အလကားနေရင်း လက်သင့်ခံနိုင်မလဲ။

"တာရာ"

"……"

"ညီမလေးက ဒီဒီ့ကို တိုက်တွန်းပေးပါ၊ သူ တကယ်ဆန္ဒပြင်းပြပြီး အိပ်မက်မက်ခဲ့ရတဲ့ အခြေအနေတစ်ခုဖြစ်ပေမယ့် မရီး လုပ်သူက စိစဉ်ထူထောင်ပေးတယ် ဆိုတာကျတော့ သူ လက်သင့်ခံဖို့ တွန့်ဆုတ်နေတာပါ၊ တာရာက ပွင့်ပွင့်လင်းလင်းပြောရရင် သူနဲ့ နှစ်ယောက်တစ်ဘဝတည်ဆောက်မယ့်သူဆိုတော့ တာရာ တိုက်တွန်းသဘောတူမှုက သူ့အတွက် တစ်စုံတစ်ရာ အရေးပါအရာရောက်ပါတယ်"

ရွှေရုပ်ရဲ့ဒီစကားကိုတော့ တာရာ ဘဝင်ခိုက်မိတာ အမှန်ပေ။

"နောက်ပြီး တာရာမိဘတွေက တာရာနဲ့ ဒီဒီ့ကိစ္စကို သဘောမတူကြဘူးလို့လည်း မမ ကြားပါတယ်၊ ဒီဒီ့ရဲ့





အသက်မွေးဝမ်းကြောင်း အလုပ်အကိုင်၊ ဒီဒီ့ရဲ့ဝင်ငွေတွေဟာလည်း ညီမလေးတို့နှစ်ယောက်ရဲ့ကိစ္စအပေါ် လူကြီးတွေရဲ့ဆုံးဖြတ်ချက်ကို တစ်နည်းတစ်ဖုံ သက်ရောက်မှု ရှိမှာပါ"

ဒီစကားကလည်း တာရာ့နားထဲ ကောင်းကောင်းကြီးဝင်ပြန်ပါသည်။ တာရာသည် သူ့ချစ်သူ မင်းဒီပကို သူ့မရီးမရွှေရုပ်က လူတစ်လုံးသူတစ်လုံး မြင့်မားအောင် မြှင့်တင်ပေးမှာကိုလည်း ရင်ထဲမှာ တစ်မျိုးလေး လာနင်နေပါသည်။ မဆီမဆိုင် သူ့ဒက်ဒီနှင့်မာမီကိုပင် မကျေမချမ်း ဖြစ်မိပါသေးရဲ့။

ဟုကယ်ဆိုရင် တာရာ့အစ်ကိုကြီးလည်း အိမ်ထောင်ကျပြီး ဒက်ဒီ ခွဲဝေထူထောင်ပေးလိုက်တဲ့ သီးသန့်ဆောက်လုပ်ရေးကုမ္ပဏီနှင့်။

ဒီသမီးအငယ်ကလေးရဲ့ချစ်သူဟာ အနည်းငယ်တော့ ကိုယ့်ထက်နိမ့်ပါးနေသော်လည်း သမီးအတွက်ငဲ့ညှာပြီး သမက်ကို ခလိုကြည့်ရှုမြှင့်တင်ပေးလို့မဖြစ်နိုင်ဘူးတဲ့လား။ ပြီးရင် ဒီသမီးကိုပဲ ဒီအလုပ်နဲ့ ဆက်ရှာကျွေးရမှာပဲ မဟုတ်လား။

ဒက်ဒီကမှပျော့ပျောင်းဦးမည်။ မာမီကတော့ ဒီစကားသာကြားလို့ကတော့ တာရာ့ကိုတောင် နားရင်းအုပ်လိုက်ပါဦးမည်။ တကယ်တော့ မရွှေရုပ် ထူထောင်ပေးမည်ဆိုတဲ့ ကော်ဖီဆိုင်ဟာ လက်ဆုပ်လက်ကိုင် အလုပ်အကိုင် ဟန်ဟန်ပန်ပန်လေးတစ်ခုပို



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ပြနိုင်ပေမယ့် ဝင်ငွေလည်း များပေမယ့် ဘဝတစ်သက်တာအတွက် သူဌေးကြီးဖြစ်နိုင်တဲ့ စီးပွားရေးမျိုးမှမဟုတ်တာ။ ဝါသနာအရင်းခံတဲ့ ကိုယ့်စိတ်ချမ်းသာမှုပါပါတဲ့ စီးပွားရေးမျှသာ။

တကယ်တမ်းက တခြားစီးပွားရေးတစ်ခုလုပ်ရင်း ဒီဘက်က ဝါသနာအကာဗီဆိုင်ကလေးကို တစ်ဖက်တစ်လမ်း အပျော်လုပ်ဖို့လောက်သင့်တာ။ ဝင်ငွေမကောင်းဘူးတော့လည်း မဟုတ်ပေမယ့် ဒက်ဒီတို့ ကွန်စထရပ်ရှင်ကြီးတွေလိုတော့ ဘယ်နိုင်မာမလဲ။

သို့သော် တာရာသည် ဟိုပြေးဒီပြေး ရှုပ်ယှက်နေတဲ့ အတွေးစတွေထဲမှာ မကြာမကြာ အပေါ်ဘက် တိုးထွက်ရောက်ရှိလာတဲ့ အတွေးတစ်စအရတော့ဖြင့် မင်းဒီပကို သူ့အဖေရုံးခန်းက ကွန်ပျူတာဝန်ထမ်းဘဝက နုတ်ထွက်ကာ လောလောဆယ် ရုပ်ပြကောင်းတဲ့ ကိုယ်ပိုင်အလုပ်ကလေးတစ်ခုလောက် အပြရှိချင်တာအမှန်။

"မရီး တကယ်တော့ ကိုကိုမရှိတဲ့အခါမှာ ကျွန်တော်တို့ကသာ မရီးအပေါ် ပိုပြီးစောင့်ရှောက်ကူညီကြရမှာပါ၊ ခုတော့ ကျွန်တော် စိတ်မကောင်းတာက ကျွန်တော်က စောင့်ရှောက်နိုင်တယ်ဆိုတာ ဘာမှသိပ်မရှိဘဲ မရီးကသာ ..."

"ဒီဒီ"

"......"





"စောင့်ရှောက်တယ်ဆိုတာ ဘာကိုခေါ်တာမို့လဲ၊ ကူညီတယ်ဆိုတာကရော၊ ငွေတွေကြေးတွေပေးမှ ကူညီစောင့်ရှောက်တာမှမဟုတ်တာ၊ ဒီဒီ အစ်မအပေါ် ဒီလောက်စောင့်ရှောက်တာ၊ တို့မှာ မောင်အရင်းတစ်ယောက်ရှိရင်တောင် ဒီလောက်ထက် လုံးဝမစောင့်ရှောက်နိုင်ပါဘူး၊ ငါကာကွယ်စောင့်ရှောက်ပေးရမယ့် ငါ့အစ်မဆိုတဲ့အသိက ခေါင်းထဲရင်ထဲမှာ အမြဲတမ်းရှိနေတာက စောင့်ရှောက်တာပဲပေါ့ ဒီဒီ"

တာရာသည် သင်းတို့နှစ်ယောက်ရဲ့ Emotion တွေထဲ ငါ့အခန်းကဏ္ဍက ဘယ်မလဲရယ်လို့ နည်းနည်းပင်ကျဲမြီးတိုချင်လာသည်။

"ဒီဒီ တို့ကို အမြဲစောင့်ရှောက်ခဲ့တာ၊ အမြဲကူညီခဲ့တာ၊ တို့နဲ့ လင်းဝဏ် ချစ်သူဖြစ်ဖို့ကနေစပြီး ခိုးပြေးဖို့ လက်ထပ်ဖို့ အစစအရာရာ တောက်လျှောက်ပဲ၊ တို့ရဲ့အရေးကြီးကိစ္စတွေမှာ ဒီဒီ ကင်းကင်းနေခဲ့တဲ့ကိစ္စလို့မှ မရှိခဲ့တာ၊ ပြီးတော့ Car accident တုန်းကလည်း တို့အသက်ကို ဒီဒီ ကယ်ခဲ့ရသေးတာပဲ၊ လင်းဝဏ်ကြောင့် မသေခဲ့ရတဲ့ အသက်ကို ဒီဒီ ဆက်ကယ်ခဲ့တာပဲလေ၊ တို့ဒဏ်ရာက မပြင်းထန်ပေမယ့် သွေးလွန်သွားရင်တော့ သေနိုင်တဲ့နေရာ၊ သွေးကြောပေါ်ကျနေတာလို့ ဆရာဝန်ပြောသားပဲ၊ ဒီဒီ ချက်ချင်းတို့အတွက် သွေးလှူပေးနိုင်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... ဒါတွေထည့်ပြောမနေပါနဲ့ မရီးရာ"

"ဟုတ်ပါတယ်၊ တကူးတက ပြောပြနေရမှာတွေမဟုတ်တာ တို့သိပါတယ်၊ အဲဒါကြောင့် လုပ်ပေးချင်တာကိုလည်း ဒီဒီ မငြင်းပါနဲ့၊ လက်ဆောင်ပါ ဒီဒီ"

မင်းဒီပက မျက်နှာကို လက်ဖဝါးနှင့်ပွတ်နေပါသည်။ တာရာက သက်ပြင်းတစ်ချက်ခိုးရှိုက်လိုက်ပြီး ဘာကိုမကျေနပ်ရမှန်းမသိ ဘယ်သူ့ကို ပုံချရမှန်းမသိ ခိုးလိုးခုလုခံစားချက်တစ်မျိုးနှင့် မကျေမချမ်းဖြစ်နေမိပါသည်။

လိုက်လာမိတာ မှားတာပဲ။

သူတို့ပုံစံတွေကိုမြင်ရတာ ပင်ပန်းလိုက်တာ။ နည်းနည်းကလေးကို ပိုနေကြသလိုပဲ။ တကယ်တော့ ပိုနေတာလည်း မဟုတ် အရင်းအတိုင်း အရှိအတိုင်းပဲ ဆိုတာလည်း စိတ်ထဲကသိနေသည်။ ရန်လုပ်ရအောင်လည်း မရီးသားဘူးလို့စွပ်စွဲဖို့ရာခက်နေသည်။

ရိုးသားတဲ့လမ်းကြောင်းပေါ်မှာတော့ လျှောက်နေကြတာသိပါရဲ့။ နားလည်ပါရဲ့။ ဒါပေမဲ့ ရိုးပဲရိုးသားစွာဖြစ်ပါစေဦး တစ်ယောက်ကိုတစ်ယောက် ဒီလောက်တောင်ပဲ စေတနာထားနိုင်ကြရသလား။ နည်းနည်းတော့ စေတနာတွေ ဘာတွေ လျှော့ဦးပေါ့။

အင်း ... ဘာပြောရမှန်းကို မသိတော့ဘူး။

❦ ၁ ❦





၁၀

ဒေါ်ခင်လေးသီ ဖုန်းဖွင့်လိုက်သည်နှင့် ကိုယ်ဘာမျှ ပြောရသေးမီ ...

"ဒီဒီလား"

ရွှေရုပ်မှန်း အသံကြောင့် ချက်ချင်းသိလိုက်ပါသည်။ ချွေးမကို ဘယ်လောက်စိတ်ဝင်စားတယ် မဝင်စားတယ် ရွှေရုပ်ရဲ့ ဖုန်းနံပါတ်ကို ခေါ်ခင်လေးသီ မသိပါ။ မင်းဒီပရဲ့ဖုန်းပေါ်ပေါ်နေပေမယ့်လည်း သေချာလည်း မကြည့်မိပါ။

ဒေါ်ခင်လေးသီက မင်းဒီပရဲ့ကော်ဖီဆိုင်မှာ ရောက်နေတာပါ။ ဆိုင်ခန်းတစ်ခန်းလုံးကို နှစ်နှစ်စာ ငှားရမ်းပေးပြီး စားပွဲကုလားထိုင်ပါ ဝယ်ပေးတယ်ဆိုတဲ့ ရွှေရုပ်ရဲ့ရက်ရောလှတဲ့ အံ့ဖွယ်စေတနာကို မယုံကြည်နိုင်အောင်ဖြစ်နေခဲ့ပြီး တစ်မျိုးကြီး မျက်နှာပူနေသလိုလိုလည်း ဖြစ်နေခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



သူများတွေအတွက် မျက်နှာပူစရာဖြစ်ဖြစ်မဖြစ်ဖြစ် ဒေါ်ခင်လေးသီအတွက်ကတော့ ချွေးမကို ဘုတစ်လှည့် ဘောက်တစ်လှည့် ထေ့တစ်လှည့် ငေါ့တစ်လှည့် ဆက်ဆံခဲ့ပြီး သားကို ဆိုင်တစ်ဆိုင်ထူထောင်ပေးတော့မှ ပြုံးရယ်ပြတော့တယ်ဆိုတာမျိုးလည်း မဖြစ်ချင်၍ ဖွင့်ပွဲနေ့က ဒေါ်ခင်လေးသီ မလာခဲ့ပါ။

ဆိုင်းဘုတ်ဖွင့်တာ ဖဲကြိုးဖြတ်တာတွေ လုပ်သေး၍ ရွှေရုပ်နှင့် မင်းဒီပ အတူဖြတ်သည်။ ရွှေရုပ်က ဘာပဲဖြစ်ဖြစ် အရေးပါပါဖြစ်နေမည့်နေရာမှာ ကိုယ်တ ချောင်ရောက်နေတာ လည်းမဖြစ်ချင်၍ ဖွင့်ပွဲကို မသွားခဲ့တာပါ။ ရွှေရုပ်က စာရွက်စာချုပ် တွေပေးအပ်လိုက်သည်မှ နှစ်ပတ်အတွင်းပြီးအောင် တွန်း၍ ပြင်ဆင်ကာ ရက်နှစ်ဆယ်မပြည့်မီ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ခုမှ ဆိုင်ဖွင့်တာ တစ်ပတ်အကြာ။

ဒီနေ့မှ မင်းဒီပက ဖွတ်အတင်းခေါ်သဖြင့် ဒေါ်ခင်လေးသီ ခဏတဖြုတ် လိုက်ကြည့်ဖြစ်တာပင်။ အရင်က Gift Shop ဆိုတော့ အထဲမှာ ကျွန်းနှင့်ပြုလုပ်ထားတဲ့ နံရံကပ်စင်တွေ ဗီရိုလေးတွေ အကန့်လေးတွေရှိသည်။ အတွင်းတစ်ခန်းလုံးလုံးက ကျွန်းရွှေရောင်တောက်နေသည်။ မီးကိုပင် အလင်းအမှောင် လ အောင်ချိန်ထားတာမို့ မလင်းလွန်းမမှောင်လွန်းဘဲ ကဗျာဆန်ဆန် ကလေး။ ကြမ်းခင်းက ကျွန်းလျှာထိုးပြားကြီးကြီးတွေ။





ဆိုင်လေးက ကျယ်ကျယ်ဝန်းဝန်းလည်းရှိကာ တစ်မျိုးလေးအဆင့်မြင့်နေသည်။ မင်းဒီပ နည်းနည်းပါးပါးပဲ ထပ်ရှိုင်းရတာရှိကာ ဒက်ကရေးရှင်းလည်း အနည်းငယ်ပဲ ထပ်မံပြုပြင်ရပါသည်။ ဗီရိုနှင့် နံရံကပ်စင်တွေမှာ မင်းဒီပက စာအုပ်တချို့ထားထားကာ ကော်ဖီထိုင်သောက်ရင်း ယူဖတ်နိုင်ဖို့ စီစဉ်ထားပါသည်။

ဆိုင်လေးဟာလှပပြီး စိတ်ကူးယဉ်အိပ်မက်ထဲက နေရာလေးတစ်ခုလို ကဗျာဆန်လှတာပါ။ '......'ဟိုတယ်မှာ နိုင်ငံတကာကော်ဖီမျိုးစုံဖျော်စပ်နည်းသင်တန်းကို တက်ထားအောင် ထားပြီးဖြစ်တဲ့ မင်းဒီပက သူကိုယ်တိုင်လည်း တစ်ခါတစ်ရံ ဝင်ပြ ဝင်စစ်နေတုန်း ဒေါ်ခင်လေးသီနှင့် တာရာတို့က ရှေ့ဘက်ခန်းနားက စားပွဲတစ်စုံမှာ ဝင်ထိုင်ပြီး ကော်ဖီသောက်နေကြတုန်း စားပွဲပေါ်ထားခဲ့တဲ့ မင်းဒီပဖုန်း မြည်လာတာမို့ ဒေါ်ခင်လေးသီက ဖွင့်ကိုင်လိုက်တာပါ။

"ဩော် ... ရွှေရုပ်ထင်တယ်"

"ဟင် ... မေမေလား"

"ဟုတ်တယ်၊ ဆိုင်ခဏရောက်နေတာ"

"မေမေ ဆိုင်ကိုသဘောကျရဲ့လား"

"အင်း ... သဘောမကျစရာ မရှိပါဘူး၊ ဆိုင်က အရမ်းကောင်းတာပဲဟာ၊ ဒီနေ့မှ ဒီဒီက ခေါ်လွန်းတာနဲ့ လိုက်လာကြည့်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဒီတော့ အလုပ်တွေ များနေပြီ ထင်တယ်"

"နေရာတိုင်းဝင်ပါနေတာ၊ ဘာပဲဖြစ်ဖြစ် သူ စိတ်ပါဝင်စားတာကို ဝမ်းသာရမှာ၊ အခု ကော်ဖီဖျော်တဲ့ဆီရောက်နေလို့ ဘာပြောစရာများရှိလို့လဲ"

"မေမေနဲ့တွေ့လိုက်တော့ ပိုအဆင်ပြေတယ် မေမေ၊ နို့မို့ တစ်ဆင့်ပြောခိုင်းနေရမှာ"

"ဘာပြောမလို့လဲ"

"သမီး လူချင်းတွေ့ပြီး ပြောချင်လို့ပါ၊ ဖေဖေနဲ့မေမေရော ဒီဒီပါ ဒီနေ့ည သမီး ဒင်နာကျွေးလို့ရမလား မေမေ ဖေဖေအားအောင် နောက်ကျုကျလေးမှ လုပ်လိုက်မယ်လေ ဟိုတယ်တစ်ခုခုပေါ့၊ မေမေ အဆင်ပြေမလား မသိဘူး"

ဘာကိစ္စပါလိမ့်ဟု ဒေါ်ခင်လေးသီက သိချင်စိတ်ပြင်းပြကာ စိတ်တွေပင် လှုပ်ရှားရပါသည်။

"မေမေကပြောပါတယ်၊ ဖေဖေ့ကိုလည်း ဖုန်းဆက်ပြီး ကြိုမေးထားလိုက်မယ်၊ နောက်ကျမှ ဖြစ်မယ် ဆိုရင်တော့ ဖေဖေလည်း လာနိုင်မှာပါ"

"ဟုတ်ကဲ့ မေမေ၊ ဒီဒီ့ဆိုင်ကတော့ မိုးချုပ်မှ ပိတ်မှာဆိုတော့ သူ့ဆိုင်ထိုင်မန်နေဂျာနဲ့ ထားခဲ့ရမယ် မဟုတ်လား သူ ဆိုင်ကိုပြန်ရင်နီးအောင် ကိစ္စတစ်ခုခု ဆိုရင်လည်း သွားလို့ရအောင် အဲဒီနားနဲ့မဝေးတဲ့ '......'ဟိုတယ်မှာ လုပ်လိုက်မလား မေမေ"





"အင်း ... လုပ်လေ၊ မေမေကတော့ သိပ်မသိပါဘူး၊ အဆင်ပြေသလိုသာလုပ်ပါ"

"အဲဒီဂျပန်စာကို ဒီဒီလည်းကြိုက်ပါတယ်၊ လင်းဝဏ်ရော သမီးရော ဒီဒီရော အတူတူသွားစားဖူးကြတယ်၊ အဲဒီနေရာလေးမှာ အမှတ်တရ လုပ်ချင်တာပါ"

ထူးခြားတဲ့ ရွှေရုပ်ရဲ့စကားတွေကြောင့် ဒေါ်ခင်လေးသီက သိချင်စိတ်ဇောနှင့်' ရင်များပင်မောကာ ...

"ဟုတ်ပြီလေ၊ ညကျတွေ့ကြမယ်လေ သမီး"

ခါတိုင်းထက် နူးညံ့ချိုသာလိုက်မိပါသည်။

"မမရွှေရုပ်က ဘာတဲ့လဲဟင်"

"သြော် ... ညကျ အန်တီတို့သားအမိသားအဖသုံးယောက်ကို ဒင်နာကျွေးဖို့တဲ့ ဖိတ်တာ"

တာရာက ယောက္ခမလောင်းကို အကဲခတ်ရင်းက မယုတ်မလွန် လေသံလေးနှင့် ...

"အဲဒီမမရွှေရုပ်က သဘောကောင်းတာလား ရက်ရောတာလား၊ ရက်ရောတယ် ဆိုရင်ကော လူတိုင်းအပေါ်လား၊ ဒါမှမဟုတ် သူရက်ရောချင်တဲ့သူလောက်ကိုပဲ ..."

"သူက ပိုက်ဆံကလည်း သိပ်ပေါတယ်မဟုတ်လား သမီးရယ်၊ သူတို့မိသားစုက အလှူအတန်းတွေတောင်တစ်နေရာတစ်နေရာ သိန်းရာချီ သိန်းထောင်ချီ လှူနေကြတာပဲဟာ၊ ငွေပေါတော့လည်း ပေးကမ်းနိုင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်လေးသိက သူကိုယ်တိုင် ချွေးမကို သိပ်လည်းမချစ်ခင် သားငယ်ကိုလည်း ခုချိန်မှာ တရင်းတနှီးဝင်ထွက်လွန်းတာ မနှစ်သက်ဘူးဆိုပေမယ့် တာရာစိတ်ထဲ မယုံသင်္ကာအတွေးမျိုး ရှာရှာဖွေဖွေတွေးမိမှာမျိုးတော့ မနှစ်မြို့နိုင်ပေ။ သံသယတွေမဝင်စေလိုပေ။ ဒါကိုတော့ တတ်နိုင်သမျှ ကာကွယ်ရမည်မို့ စကားပင်မပြတ်သေးခင်ဖြတ်ကာ နှစ်သိမ့်တဲ့အဖြေမျိုးပေးလိုက်ပါသည်။

"ခါတိုင်းရော အန်တီတို့ကို ဒီလိုပဲ ဒင်နာတွေ အမြဲဖိတ်ကျွေးနေကျလား"

"အင်း … အမြဲတော့လည်း မဟုတ်ပါဘူး သမီးရယ် အထိမ်းအမှတ်တစ်ခုခု ရှိတာတို့ ဘာတို့ ခေါင်းစဉ်ရှိမှပါ"

"ဒါဆို ဒီနေ့ ဘာခေါင်းစဉ်ရှိလဲ မသိဘူးနော်"

ဒေါ်ခင်လေးသီသည် ဒီချွေးမလောင်းကို နဂိုအစ[...] ပေးရင်းစွဲနှင့် ချစ်ခင်မှုလည်းရှိတာမို့ လိုက်လျောဂရုစိုက်[...] သော်လည်း တစ်ခါတစ်ရံ ကလေးလို စကားများတာ အမေးမြန်[...] ထူတာ မသိတတ်တာမျိုးတွေကို စိတ်တိုတောင်းချင်မိတတ်ပြ[...] သည်။

"အမှန်အတိုင်းပြောရရင် တာရာကလေ ဒီဒီ ရုံးကအလု[...] ထွက်လိုက်ပြီး ခုလို ကိုယ်ပိုင်ဆိုင်ကလေး သားသားနားနား[...] လုပ်ကိုင်နိုင်သွားတာကို ကိုယ့်မိဘမှာ မျက်နှာပိုပွင့်[...]





တဲ့အတွက် သဘောကျတာလည်းကျတာပဲ၊ ဒါပေမဲ့ ဒီဆိုင်က မမရွှေရုပ်က ဒီဒီ့ကို အလကား စိုက်ထုတ်ကုန်ကျပြီး လက်ဆောင်ပေးသလို ထူထောင်ပေးတာ ဆိုတဲ့အဖြစ်ကိုလည်း ကစ်မျိုးပဲ စိတ်ထဲမှာ နင်နေတယ်"

အင်း …။ ငါလည်း ညည်းကလေးလိုပါပဲ ရယ်လို့ ဒေါ်ခင်လေးသီ ကျိတ်ပြီးတွေးနေမိပါသည်။

❦ ❧ ❦

ရွှေရုပ်က စားလက်စဖွန်းခက်ရင်းလေးကို ပန်းကန်[...]ာ ဖြည်းညင်းစွာချလိုက်ပါသည်။ တို့တိတို့တိ စားနေရာမှရုပ်ကာ [...]ကြက်လွှာကလေးချရင်း …

"ဖေဖေ ကန်တော့ပါ၊ ပြောစရာရှိလို့ပါ၊ မေမေ သ … သမီး … သမီးမှာ ကိုယ်ဝန်ရှိနေပါပြီ"

"……"

"……"

"……"

"ဟင်"ခနဲ တအံ့တဩ အာမေဋိတ်မျိုးပင် ဘယ်[...] ထဲကမှ ထွက်မလာနိုင်ဘဲ 'ဟင်'ခနဲ ရေရွတ်မိတာမျိုးထက် [...]အံ့ဩအငိုက်မိသွားတာမို့ အသံတွေ တိတ်ဆိတ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးပင့်၊ မျက်လုံးဝိုင်း၊ ပါးစပ်အဟောင်းသားတွေနှင့် သုံးယောက်စလုံး ရွှေရုပ်ကို မှင်သက်မိသလို ငိုင်စိုက်ကြည့်နေမိကြသည်။

မျက်လွှာချပြီး ခေါင်းလေးပါ မသိမသာငုံ့ငဲ့ထားတဲ့ ရွှေရုပ်ရဲ့ပါးပြင်ပေါ် မျက်ရည်ဥကလေး စီးသွယ်ကျလာပါသည်။ လင်းဝဏ်ရဲ့အဖေအမေနဲ့ ညီလေးတို့ကို ဖွင့်ပြောရချိန်မှာ ဝမ်းနည်းစိတ်က ရင်ထဲ လှိုက်လှဲလာသည်။ သူ့အဖြစ်ကိုလည်း သူ့မှာ ဝမ်းသာတစ်ဝက် ရင်နာတစ်ဝက် ဖြစ်နေပါသည်။

ယောကျ်ားဖြစ်သူ ကွယ်လွန်ပြီး မုဆိုးမ ဖြစ်လာရပြီးခါမှ ကိုယ့်မှာ ကိုယ်ဝန်ကျန်ရစ်တာကို နောက်ကျကျသိရတဲ့အဖြစ်။ လင်းဝဏ် ကွယ်လွန်ပြီးနောက် ကိုယ့်ကိုယ်ကိုယ် ဘာမှကို သေချာဂရုမပြုမိခဲ့တာပါ။ အရင်ကတည်းကလည်း အမျိုးသမီးကိစ္စမှာ သိပ်ပြီးတိကျမှန်ကန်သူမဟုတ်၍ ရက်ကျော်လကျော်တာတွေ အကြိမ်ကြိမ်ဖြစ်ဖူးပါသည်။

အကြိမ်ကြိမ်ဖြစ်ဖူးတယ် ဆိုတာတက် အမြဲလိုလိုကို ဖြစ်နေတတ်တာပါ။ အခုတော့ ကားတိုက်မှုကြောင့် လူရောစိတ်ပါ အကြီးစား Shockရလိုက်သလိုရှိကာ သတိလက်လွတ်နေမိခဲ့တာပါ။ လွန်ခဲ့တဲ့သုံးလေးရက်ကမှ ကိုယ့်ကိုယ်ကိုယ် သတိပြုမိကာ သက်မကင်းနှင့် နံနက်ခင်းဆီးကို စစ်ဆေးကြည့်တဲ့အခါ ပန်းရောင်နှစ်ရစ်

ဒိတ်ခနဲ အလန့်တကြား ဖြစ်သွားရပြီး သေချာအောင် နောက်တစ်ရက်မနက်မှာ နောက်တစ်ကြိမ် ထပ်မံစမ်းသပ်ပါသည်။





ဒီအတိုင်းပါပဲ။ အဲဒီတော့မှ အိုဂျီကို ရက်ချိန်းယူ၍ မနေ့ညက သွားရောက်ပြသ စမ်းသပ်ပါသည်။

အားလုံးစကားပြန်မရ တိတ်နေ၍ ရွှေရုပ်က တစ်ကြိမ်ထပ်ကာ ...

"သမီးမှာ ကိုယ်ဝန်ရှိနေပါပြီ"

"ဟုတ် ... ဟုတ်မှ ဟုတ်ရဲ့လား၊ သေ ... သေချာပြီလား"

ဒေါ်ခင်လေးသီအသံက အထစ်ထစ်အငေါ့ငေါ့ထွက်လာသည်။

"ဟုတ်ကဲ့ သေချာပါတယ် မေမေ"

"ဆရာဝန်နဲ့ ပြကြည့်တာလား"

"ဟုတ်ကဲ့"

"ဒါဖြင့် သေချာတာပေါ့"

"ဟုတ်ကဲ့"

ဦးအောင်ခင်က လည်ချောင်းတစ်ချက် ရှင်းရင်း ..

"ဘယ်လောက်ရသွားပြီတဲ့လဲ"

"ဆယ့်ခုနစ်ပတ်ပါ ဖေဖေ"

"ဆယ့်ခုနစ်ပတ် !!"

"လေးလတောင် ရှိပြီပေါ့ !"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်လေးသီသည် ရင်ထဲလှိုက်ခတ်ကာ မျက်ရည်ကြည်ရစ်ဝဲလာသည်။ သားကြီးရဲ့ရင်သွေး။ သားကြီးကိုယ်ပွားလေးပေါ့။ သားကြီး လင်းဝဏ္ဏကို သတိတရတမ်းတလိုက်မိကာ ဝမ်းနည်းသွားလို့ပင်။

"ဟ ... မင်းက ဘယ့်နှယ် မျက်ရည်ရောကျရတာလဲ အမေကြီးရဲ့"

"ကျွန်မသားကြီးကို သတိရလို့ပါရှင်"

"ဟောဗျာ ... ဒီတစ်ကောင်ကရော ငိုဦးမှာလား"

မျက်ရည်လည်နေတဲ့ မင်းဒီပက သူ့အဖေပြောမှ မျက်တောင်ပုတ်ခတ်ကာ နှပ်ရှုံ့လိုက်ပါသည်။ ခေါင်းငုံ့ပြီး မျက်ရည်ကျနေတဲ့ မရီးကို သနားလှ၍ သူ့ရင်ထဲနင့်နေသည်။ သူက စိတ်မကောင်းပြီးမျက်ရည်ကျနေရင် မရီးအဖို့ ပိုပြီးငိုချင်ရက်လက်တို့စရာဖြစ်မှာစိုး၍ သူ့စိတ်ကိုတင်းထားရတာပါ။

ခင်ပွန်းသည် ကွယ်လွန်ပြီးမှ ကိုယ့်ဗိုက်ထဲ ရင်သွေးကလေးလွယ်ကာ ကျန်ရစ်တာကို သိရတဲ့အဖြစ်က မိန်းမတစ်ယောက် ဘယ်လောက် ဝမ်းနည်းအားငယ်စရာ ဖြစ်လိမ့်မလဲ။

"သမီး ဘာမှအားမငယ်နဲ့နော်၊ ဦးမင်းနိုင်တို့သိပြီးပြီလား၊ ဒေါ်သဇင်တို့"

"မသိသေးပါဘူး ဖေဖေ"





"သမီးမှာ ဂိဘအစ်ရှိတယ်၊ ယောက္ခမလည်းအစုံအလင်ရှိတယ်၊ ဟောဒီမှာ ခိုင်ချင်းရာခိုင်းလို့ရတဲ့ မောင်တစ်ယောက်လည်းရှိတယ်၊ သူငယ်ချင်း၊ မိတ်ဆွေအပေါင်းအသင်းအသိုင်းအဝိုင်းဆိုတာ သမီးမှာအများကြီး၊ ဒီတော့ သမီးဘာမှအားငယ်စရာမရှိဘူး"

"သမီး အားမငယ်ပါဘူး ဖေဖေ၊ ဝမ်းလည်းသာပါတယ်၊ မျက်ရည်ကျတာကာ ဝမ်းနည်းတာလည်းတစ်ဝက်ပါလို့ပါ၊ လင်းဝဏ် သိမသွားရှာဘူးဆိုပြီး ဝမ်းနည်းမိလို့ပါ"

ဒေါ်ခင်လေးသီက ခေါင်းငုံ့ မျက်ရည်သုတ်နေပါသည်။ ချွေးမကို မချစ်ခင်လှဘူးဆိုပေမယ့် မုန်းတီးနေတာတော့လည်းမဟုတ်လေရာ သူ့အဖို့လည်း ခုချိန်မှာ ဝမ်းသာဝမ်းနည်းပင်။ သားကြီးကို သတိရပြီးဝမ်းနည်းရသည်။ သားကြီးရဲ့ကိုယ်ပွားအဖြစ်မြေးကလေးတစ်ယောက်ရတော့မှာကို ဝမ်းသာရသည်။ ချွေးမကိုသည်း ပထမဆုံးအကြိမ် ဂရုဏာသက်မိပါသည်။

❦ ❧ ❦

"လတိုင်း ဆရာဝန်ဆီသွားမယ်နေ့ ကျွန်တော့်ကိုခေါ်မယ်လို့ မရီး ကတိပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျောက်စိမ်းရိုင်းလေးတစ်တုံးကို ဇန်းအဖြူထဲမှာ ထည့်ကာ မှန်ဘီလူးနှင့် စေ့စေ့စပ်စပ်ကြည့်နေရာက ရွှေရုပ်က ခေါင်းထောင်ကာ မင်းဒီပကို မျက်စောင်းထိုးပစ်လိုက်ရင်း ...

"နင် အတော်ဂျီကျပါလား ဒီဒီရယ် ဟင်"

"ခေါ်သွားရမယ်"

"ဘာလို့ခေါ်ရမှာလဲ"

"ဘာလို့မခေါ်ရမှာလဲ"

"ကျွတ် ..."

"အားနာလို့ မဟုတ်လား"

"အားမနာပါဘူး၊ မင်းကိုများ အားနာနေစရာလား၊ တခြား အလုပ်တွေလည်း မင်းကို အကူအညီတောင်းရတာတွေရှိ တာပဲ၊ အားနာနေလို့လား"

"ခုဟာက ဗိုက်ကြီးသည်တွေကြားထဲ ခေါ်သွားရမှာမို့လို့ မဟုတ်လား"

"ကျွတ် ... ရယ်တောင်ရယ်ချင်လာပြီ၊ သူ့ဟာနဲ့သူ ထင် နေလိုက်သေးတယ်၊ မင်းကို ဗိုက်ကြီးသည်တွေကြားထဲ ခေါ်သွားရမှာ ဘာကိစ္စ ကျုပ်က အားနာရမှာလဲ၊ စဉ်း တောင်မစဉ်းစားမိဘူး"

"ဟိုဒင်းလေ၊ ကျွန်တော် ဘုန်းနိမ့်မှာစိုးပြီးတော့လေ"





"အမယ်လေး ... ဟား ဟား ... ရယ်လိုက်ရတာ၊ ရယ် လိုက်ရတာ ဒီဒီရယ်၊ သူ့ကို ဘုန်းနိမ့်မှာစိုးလို့တဲ့၊ ဗိုက်ကြီး သည်တွေနားကပ်ရင် ဘုန်းနိမ့်တတ်တယ်လို့ မင်းကိုဘယ် သူကပြောလဲ၊ ဘယ်ကကြားဖူးလဲပြော"

"မသိဘူးလေ၊ ဒါဖြင့် ဘာလို့မခေါ်တာလဲ"

"ဩော် ... ကိုယ့်ဟာကိုယ်သွားလို့ဖြစ်နေတာကို၊ အိမ်က ဒေါ်ဝင်းရီတို့ကိုလည်း ခေါ်သွားလို့ရတယ်၊ မွန့်မွန့်ကိုပဲ ဖြစ်ဖြစ် ခေါ်ရင်လည်းရတာပဲ၊ မင်းကို ခေါ်သွားဖို့မှမလို အပ်တာ"

"ကျွန်တော်ကလည်း ကျွန်တော့်ကို မရီး ခေါ်သွားဖို့လိုအပ် တယ်လို့ ပြောနေတာမှ မဟုတ်လို့လား၊ လိုလိုမလိုလို လိုက်ခဲ့မယ် ခေါ်ပါလို့ပဲ ပြောနေတာ"

"မခေါ်ဘူးဆို"

မင်းဒီပက ထိုင်ရာမှထ,ကာ အခန်းတွင်းမှာ ခါး ထောက်လျက် ဟိုကဒီ ဒီကဟို လျှောက်နေပါသည်။ ရွှေရုပ်မှာ အလုပ်လုပ်ရတာ အာရုံမရ။

"အမယ်လေး မူးလိုက်တာ ဒီဒီရယ်၊ မင်း ဘယ်လိုဖြစ်နေ လဲ"

"ဆောရီး ... ဆောရီး ... မရီး တကယ်မူးသွားလား"

"ဒွဒ္ဒ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ်က မုန့်ဘီလူးကို စားပွဲပေါ်ချကာ မင်းဒီပကို မျက်ခုံးပင့်ကာ မော်ကြည့်လိုက်ရင်း ...

"ဒီဒီ... မင်းနဲ့ ငါနဲ့ နှစ်ယောက်တွဲတွဲပြီး အိုဂျီဆီမှာ ကိုယ်ဝန်သွားသွားပြတော့ လူတွေက ဘာပြောမလဲ၊ ကဲ ... ငါ ရှင်းရှင်းပဲပြောမှ မင်းကဲရမယ်၊ ခဲအို ခယ်မတို့ မရီးနဲ့ မတ်တို့ဆိုတာ မောင်နှမနေရာမှာရှိတာလည်း မှန်ပေမယ့် လူတွေက ခြေလှမ်းများရင် သပုပ်လေလွင့် သိပ်ပြောချင်ကြတဲ့အမျိုးအစားဟဲ့၊ နားလည်လား ...

မင်းအစ်ကိုက ရှိတော့တာမဟုတ်ဘူး၊ တို့က မင်းနဲ့ တွဲတွဲပြီး ဟောဒီဗိုက်ကို သွားသွားအပ်နေလို့ ဖြစ်မလား ဒီဒီ၊ ငါ မဟုတ်တမ်းတရားတွေ မဖြေရှင်းချင်ဘူး၊ အထင်မြင် မခံနိုင်ဘူး၊ အပြောမခံနိုင်ဘူးဟဲ့"

ရွှေရုပ်သည် အခါများစွာ သူ့ရင်ထဲလစ်ဟာလျက် အားကိုးအားထားရာ တစ်စုံတစ်ရာထံတွင် အမောဖြေ ရွှေးသိပ်ချင်သော်လည်း စိတ်ကိုတင်း၍ ဆောက်တည်ထားသောလေသံနှင့် တစ်လုံးချင်း တစ်ခွန်းချင်း တင်းတင်းမာမာ စီးစီးပိုင်ပိုင်ပြောပစ်လိုက်ပါသည်။

"ပြောတဲ့လူ အောက်တန်းစားပေါ့"

"ကျွတ် ... လက်ပေါက်ကပ်လိုက်တာဟယ်"





"ကိုကိုမရှိလို့ပဲ ကျွန်တော်က လိုက်မှာပေါ့၊ ကိုကိုရှိရင် ကိုကို လိုက်လိမ့်မှာမို့လို့ ကျွန်တော်က လိုက်စရာလား"

"မလိုက်ရဘူးဆိုရင် မလိုက်ရဘူးဟာ၊ စိတ်ရှုပ်ဖို့ကောင်းတယ် သူက တစ်မျိုး၊ သွား ပြန်တော့၊ လာနားပူမနေနဲ့"

မင်းဒီပက လက်ပိုက်၍ ရွှေရုပ်ကို တစ်ခဏစိုက်ကြည့်နေပြီး ဘာမှထပ်မပြောတော့ဘဲ အခန်းထဲက ထွက်ခွာသွား၍ ရွှေရုပ်က သက်ပြင်းကလေးရှိုက်ရင်း ကျန်ရစ်ခဲ့ပါသည်။

❣ ∞ ❣

ရွှေရုပ်သည် ဆေးရုံရဲ့ခန်းမကြီးထဲ လက်ချိတ်တွဲဝင်လာတဲ့ မင်းဒီပနှင့် တာရာ့ကိုမြင်လျှင် မျက်နှာက ပြုံးသွားရပါသည်။ ဒီဒီ စိတ်ကောက်သွားတယ်ထင်ထားတာလေ။ "သြော် ... ငါကလည်း သူ့အလိုလိုက်ပြီး သူလိုက်ခဲ့ချင်တာကို ခေါ်လိုက်ရင်ပြီးရဲ့သားနဲ့ ပတ်ဝန်းကျင်ကို သိပ်ဂရုစိုက်နေမိတာကိုး"လို့ သက်ပြင်းတချချနှင့် နောင်တတွေ ရနေခဲ့ရတာ။

"ဒီဒီ"

"အင်း"

"ရှင့်ကို လှမ်းမြင်တာနဲ့ မမရွှေရုပ်လွှာမျက်နှာက ပီတိတွေ စိမ့်ပျံ့သွားလိုက်တာ၊ ရှင်ပြောတာနဲ့ တခြားစီပါလား၊ ကိုယ့်ကိုတွေ့ရင်တော့ မရီးတော့ စိတ်ဆိုးတော့မယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



မင်းဒီပက ပြုံးစိစိနှင့် ...

"အင်း ... စိတ်ဆိုးမယ်ထင်တာ"

"အခု စိတ်မဆိုးတဲ့အပြင် ပျော်သွားပါလား"

"မရီးက သဘောကောင်းတာ၊ စိတ်လည်းပြေလွယ်တာ၊ ဟိုနေ့က ကိုယ်ကျိုကျနေလို့ စိတ်တိုနေတာလေ၊ ကိုယ်နဲ့ တစ်ပတ်ရှိပြီ မတွေ့တာ"

မင်းဒီပက ရွှေရုပ်နံဘေးမှာထိုင်နေတဲ့ ဒေါ်ဝင်းရီကြီး ကိုကြည့်ကာ ရင်ထဲမကောင်းပေ။

"မင်းအစ်မက အန်တီလိုက်ပေးမယ်ဆိုလည်း မဟုတ်ဘူး၊ အမေလိုက်တာကို မကြိုက်ဘူးပေါ့လေ၊ သူ့ဟာသူ ရပ်တည် ချင်တယ်ဆိုတာမျိုး၊ မေမေကလည်း သမီးက ကလေးလေး ကျနေတာပဲတဲ့၊ အန်တီ့အတွက်တော့ သူက ကလေးပဲလေ ဒီဒီ"

ရွှေရုပ်ရဲ့အမေ ဒေါ်သဇင့် စကားသံကို မင်းဒီပ ကြားယောင်သည်။ အဲဒါဟာ မရီး အားတင်းနေတာ။ သူ့မှာ ဖွင့် ဟဝန်မခံချင်တဲ့အားငယ်စိတ် ရှိကိုရှိနေသည်။ ဒါကို အတင်းဖုံး ကွယ်ပြီး သူ့မှာ ဘာမှမလိုအပ်ဘူးရယ်လို့ ဟန်ဆောင်နေတာ။ အိမ်ဖော်လောက်နဲ့သွားလည်း ရတာပဲရယ်လို့ သူ့ကိုယ်သူ အဆိုပြု ပြီး အရေးမကြီးတဲ့ကိစ္စလို ပြုမူနေတာ။





ဒီလိုပြုမူနေတာကိုက သူ့ရဲ့အားငယ်စိတ်ကို သူ ဆယ်မတ်နေတာပဲ။ ဒါကို ထွင်းဖောက်နားလည်နေမိ၍ မင်းဒီပ စိတ်မကောင်း ဖြစ်ရတာပင်။

"ဟင် ... ဟာ ... မရီးပါလား"

မင်းဒီပက ခုမှ အလန့်တကြားတွေ့တဲ့ဟန် စပ်ဖြဲဖြဲ လေးလုပ်လိုက်၍ ...

"ငါ လုပ်လိုက်လို့ နာဦးမယ်၊ ဒီကောင်လေးတော့"

"တကယ် ခုမှမြင်တာ အဟား ဟား ဟား"

ရွှေရုပ်က 'တွေ့တယ်မဟုတ်လား' မျက်နှာပြောင် တာ'ဆိုတဲ့ မျက်နှာပေးနှင့် တာရာကို မေးငေါ့ပြလိုက်ပါသည်။ ထိုမေးအငေါ့လေးထဲက ချစ်စနိုးအကြည့်လေးကို တာရာက သတိ ပြုဖြစ်အောင် ပြုမိသည်။

"ဘယ်လိုလုပ် သိလာလဲ"

"အန်တီ့ကိုလှမ်းမေးကြည့်တာ၊ မနေ့က အန်တီက ဒီနေ့ ရက်ချိန်းထားတာလို့ ပြောပြတယ်"

"ထိုင်လေ၊ ထိုင်လေ တာရာ"

တာရာက ဝင်ထိုင်လိုက်ရင်း ...

"မမက မလိုက်နိုင်ဘူးတဲ့၊ သူက ဇွတ်အတင်းသွားမယ် လုပ်နေတာနဲ့ တာရာက ပြောလိုက်တယ်၊ ရှင်တို့နှစ်ယောက် ကို သူများတွေက လင်မယားထင်ကြမှာပေါ့လို့"



www.burmeseclassic.com

www.burmeseclassic.com



မင်းဒီပ မျက်နှာက ညိုသွားကာ ...

"တာရာကကွာ၊ ဘယ်လိုပြောလိုက်တာလဲ"

"ဟုတ်တယ် မမရယ်၊ တာရာက အဲလိုပဲပြောလိုက်တာ၊ သူက မျက်နှာကြီးပုပ်သွားတယ်၊ မရီးဗိုက်ကို မတ်လိုက်အင်ပေးရိုးထုံးစံမရှိဘူး၊ တစ်ခါမှကို မကြားဖူးဘူး၊ လူတွေက ဘာပြောမလဲ၊ တာရာ ပြောတာ မဟုတ်လား"

ရွှေရုပ်က ပြုံးရင်း ...

"ဟုတ်တာပေါ့၊ မမလည်း ဒီအတိုင်း သူ့ကိုပြောတာပဲ"

"ဒါကို ခေါင်းတွေမာနေတာ၊ သွားမှာပဲဆိုတာနဲ့ တာရာလည်းလိုက်လာတာ၊ သူ့ကိုလည်း မဆန့်ကျင်ချင်ဘူးလေ၊ သူလုပ်ချင်တာကိုမလုပ်နဲ့လို့ တာရာလည်းမတားချင်ဘူး၊ တားလည်းရမှာမဟုတ်ဘူး၊ ဒီတော့ တာရာပါ လိုက်လာတယ်၊ ဒါပေမဲ့ အခု မမကို ခုလို အိမ်ကအဒေါ်ကြီးနဲ့ နှစ်ယောက်တည်းတွေ့ရတော့ တာရာလည်း စိတ်မကောင်းဘူး၊ မမ ဘာမှ အားနာမနေနဲ့၊ သူ့တစ်ယောက်တည်း မဟုတ်ဘူး တာရာပါ ပါမယ်၊ နောက်လတွေကျ အမြဲလိုက်ခဲ့မယ်သိလား မမ"

ရွှေရုပ်က တာရာ့ကို ပြုံး၍ကြည့်နေမိပါသည်။ ပွင့်လင်းပြီး စိတ်ထဲရှိတာကို ဖွင့်ချပြောပစ်လိုက်တတ်တဲ့ တာရာ့စရိုက်လေးကိုလည်း နှစ်လိုသဘောကျမိပါသည်။





"တစ်လ တစ်ခါလား မမ"

"ဟုတ်တယ် တာရာ"

"မမအားမနာနဲ့နော်၊ တာရာ လိုက်ပေးနိုင်ပါတယ်၊ တစ်လမှ တစ်ရက်တည်းဟာကို"

"ခုတောင် ညနေစောင်းလွန်ပြီ မဟုတ်လား၊ တာရာ အပြန်နောက်ကျနေမှာပေါ့"

"ကိစ္စမရှိဘူး မမ၊ တခြားရက်တွေ နောက်မကျအောင်နေလိုက်မှာပေါ့၊ တစ်ခုပဲရှိတယ် ... ဟား ဟား၊ ဟိုနားက အခန်းမှာ မာမီ့အစ်ကိုဝမ်းကွဲ နှလုံးအထူးကုသမားတော်ကြီးထိုင်တယ်လေ၊ အလကားပြောတာပါ၊ သူနဲ့တွေ့လည်း ကိစ္စမရှိပါဘူး၊ သူက ဒီဒီကိုမှမသိတာ၊ သူနဲ့လည်း တွေ့စရာအကြောင်းမရှိပါဘူး၊ သူက သူ့ဆေးကုခန်းထဲ လူနာကြည့်နေရမှာပဲဟာ"

ခေါင်းကလေးစောင်းကာငဲ့ကာ ရွှင်ရွှင်ပျပျပြောနေတဲ့ တာရာက ထိုင်လျက်မှ သူ့နံဘေးမှာ မတ်တတ်ရပ်နေတဲ့ မင်းဒီပ လက်တစ်ဖက်ကို ဆုပ်ဆွဲလှုပ်ယမ်းနေပါသည်။ ထိုသို့လှုပ်ယမ်းရာမှ ရုတ်တရက် တာရာ့လက်က တုံ့ခနဲရပ်ကာ လူကလေးပါ တောင့်တောင့်တင်းတင်း ဖြစ်သွားရပါသည်။

တာရာ့မျက်လုံးလေးများက ခုန သူညွှန်ပြပြောဆိုတဲ့ သူ့ဦးလေးဝမ်းကွဲရဲ့အခန်းတံခါးဝဆီမှာ။ အဲဒီအခန်းဝမှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ တာရာမာမိနှင့် နောက်ထပ်အမျိုးသမီးကြီးတစ်ယောက်။ မိတ်ဆွေအမျိုးသမီးကြီးကို အစ်ကိုဝမ်းကွဲ နှလုံးအထူးကုထံ လိုက်လံအပ်နှံပြသပေးရင်း ရောက်လာတာဖြစ်တဲ့ တာရာမာမိကလည်း အခန်းထဲက ပြန်ထွက်အလာမှာပဲ မလှမ်းမကမ်းမှ တာရာ့ကို တည့်တည့်ကြီး တန်းကာမြင်လေပြီ။

"ဒွိဒွိ"

"ဟင်"

"ဟိုမှာ မာမိ"

မင်းဒီပက တာရာပြမှပဲမြင်ကာ တာရာနှင့်တွဲကိုင်ထားတဲ့လက်ကို ဖြုတ်လိုက်ပါသည်။ ကြောက်လို့တော့မဟုတ်ပေမယ့် တစ်ဖက်လူကြီးမိဘရဲ့အမြင်မှာ ကိုယ့်အပြုအမူက မရိုင်းပျလိုပါ။ သူ့ကိုပါလှမ်းကြည့်လိုက်တဲ့ ဖေဖေ့အလုပ်ရှင်ကတော် သူ့အလုပ်ရှင်ဟောင်းကတော် ချစ်သူရဲ့မိခင်ဖြစ်သူကို အဝေးကနေပဲ ခပ်ယို့ယို့ ကိုယ်ညွတ်ကာ လှမ်း၍ဂါရဝပြုလိုက်ပါသည်။

တာရာ့အမေဟာ ထောင်းခနဲဒေါသထွက်သွားဟန်ရှိပြီး ဘေးကအမျိုးသမီးကြီးကို တစ်စုံတစ်ရာပြောလိုက်တဲ့အတွက် အမျိုးသမီးကြီးက ဆေးဝယ်ခြမ်း ထုတ်ယူရမည့် ကောင်တာသို့ လျှောက်သွားပါသည်။ တာရာ့အမေက သူတို့ရှိရာအနားကို ဒေါ်မာန်တကြီး တိုးကပ်လာကာ ...

"တာရာ"





"မာမိ"

"ဒီမှာဘာလုပ်နေတာလဲ၊ ခုဘယ်အချိန်တောင်ရှိနေပြီလဲ၊ ညခုနစ်နာရီခွဲနေပြီ၊ နင်ပြောတော့ နူးနူးတို့နဲ့ သွားစရာရှိတာဆို"

"မာမိ ... ဟိုလေ တာရာက ဒီက အစ်မတစ်ယောက် ဆရာဝန်ပြဖို့ အဖော်အဖြစ်လိုက်လာတာပါ၊ မာမိ ရောက်တာကြပြီလား၊ တာရာတို့ ခုပဲရောက်ကြတာ"

"အပိုတွေပြောမနေနဲ့ တာရာ၊ အခုထ လိုက်ခဲ့"

"အို ... မာမိကလည်း တာရာ့ဘာသာ သတ်သတ်လာတာပဲ၊ တာရာ့ဘာသာပဲ ပြန်မှာပေါ့၊ ခဏနေပြန်ခဲ့မှာပါ"

မင်းဒီပက လက်နှစ်ဖက် နောက်ပစ်ခေါင်းငုံ့ကာ တာရာ့မာမိရှေ့မှာ ယို့ယို့ကလေးနေပါသည်။ တိုက်ရိုက် ကိုယ့်လူကြီးမဟုတ်ပေမယ့် သူဌေးကတော်ဆိုတော့ အထက်ကလူကြီးနက်တောင်ရှိကျိုးရပါသည်။ သူကလည်း တစ်ခါတစ်ရံရုံးခန်းထဲဝင်လာပြီး ဆူပူကြိမ်းမောင်း နိုင်းစေသွားတတ်သေးတာမို့ သူလာချင် ဝန်ထမ်းတွေ ပျာပျာသလဲ လန့်ဖျပ်ကြရစမြဲပါ။

"မင်းဒီပ"

"ဟုတ်ကဲ့ အန်တီ"

"မင်းက တာရာနဲ့အတူ ဆေးရုံကိုလာတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကျွန်တော့်အစ်မ ဆေးခန်းပြဖို့ ကျွန်တော်နဲ့ တာရာက အဖော်ရအောင် လိုက်လာပေးတာပါ"

"ထားပါတော့ ဘယ်ကိုပဲလာလာ၊ ဘယ်ကိုမှ တာရာနဲ့ သွားဖို့လာဖို့အကြောင်းမရှိတာ မင်းကို ငါ ပွင့်ပွင့်လင်းလင်း မပြောထားမိဘူး၊ တာရာ့ကိုပဲပြောထားတယ်၊ မင်းကိုလည်း ငါ ပြောစရာ ဘာအကြောင်းမှ မရှိဘူးလေ၊ ကိုယ့်ဘက်ကိုပဲ ကိုယ်ပြောရမယ့်ဝတ္တရားကို ငါတို့နားလည်ပါတယ် ...

ဒါပေမဲ့ ခုတော့ မင်းတို့နှစ်ယောက်က ပိုပိုရဲတင်းလာတယ်၊ သွားချင်တိုင်း သွားလာတယ်၊ တာရာဆိုလည်း စကားနားမထောင်လိုက်တာမှ၊ ဒီတော့ မင်းကို မပြောဘူးလို့ ငါကဆင်ခြင်မနေနိုင်တော့ဘူး၊ မင်းကိုပါ ပြောရတော့မယ်"

"ဟုတ်ကဲ့ အန်တီ၊ ပြောနိုင်ပါတယ်ခင်ဗျာ"

"အေး ... ပြောမှာ၊ မင်းနဲ့တာရာ တွဲနေတာ အန်တီ သဘောမကျဘူး မင်းဒီပ၊ တာရာ့ကိုလည်း အန်တီတို့ ရည်းမှန်းထားတဲ့သူ ရှိပြီးသားပါ၊ သူ အသိပဲ"

ရွှေရုပ်သည် တာရာ့အမေရဲ့မျက်နှာကို ထိုင်နေရင်းကပဲ မှန်းမှန်းတီးတီးစိုက်ကြည့်နေမိပါသည်။ ဒီဒီအပေါ် ပစ်ပစ်ခါး ပြောနေတဲ့သူ တစ်ယောက်ကို မျက်ဝါးထင်ထင်မြင်နေရပြီး ကိုယ့် အနေနဲ့ ဘာမှ ဝင်ပြောဖို့ မသက်ဆိုင်သလိုလည်း ရှိနေတာ နှုတ်ပိတ်သည်းခံနားထောင်ရသည်မှာ နားထဲပူလောင်ကာ ရင်ခုန်သံ တွေ ဆူညံမြန်ဆန်နေပါသည်။





"မာမီ ... တာရာ စိတ်မဝင်စားဘူး"

"ညည်းပါးစပ်ပိတ်ထားစမ်း တာရာ၊ ရှန်းရင်းဆန်ခတ်မဖြစ်ချင်စမ်းနဲ့"

"မာမီ ..."

"မင်းဒီပ ရှင်းရှင်းပဲ အန်တီ ပြောမယ်၊ ဦးအောင်ခင်ကိုတော့ ခင်မင်ပါတယ်၊ အလုပ်တာဝန်ပိုင်းအရ အားလည်း ကိုးရပါတယ်၊ ဒါပေမဲ့ မင်းနဲ့ တာရာကိုတော့ အန်တီ သဘောမတူနိုင်ဘူး၊ ခွင့်ပြုမှာမဟုတ်ပါဘူး၊ မင်း နောက်ဆုတ်လိုက်ပါ၊ တာရာ့ကို ပြောပြီးပါပြီ၊ သူက ခေါင်းမာမာ ဂျစ်ကပ်ကပ်နဲ့ ခုထိ ပြောလို့မရဘူး၊ သူကရှေ့တိုးနေလည်း မင်းက နောက်ဆုတ်လိုက်ပါ မင်းဒီပ"

"မာမီ ဘာတွေလာပြောမှန်း မသိဘူး၊ တာရာ ဒီဒီ့ကိုပဲချစ်တယ်၊ ဒီဒီနဲ့ မခွဲနိုင်ဘူးလို့ ပြောပြီးပြီ မဟုတ်လား"

တာရာ့အသံက စူးကျယ်သွား၍ အနီးအနားတွေက စူးစူးစမ်းစမ်းငဲ့ကြည့်ကြသလို ရွှေရုပ်ကလည်း တအံ့တသြငဲ့ကြည့်လိုက်မိပါသည်။ အမေထံမှာပင် ရဲရဲတင်းတင်း ခေါင်းမာဝံ့ကာ ဒီဒီ့ဘက်ကရပ်တည်နေတဲ့ကောင်မလေးပဲ။ ဒီဒီ့ကို အသည်းစွဲချစ်ရှာပုံနှင့်။

"မင်းဒီပ အန်တီ ပြောတာ ကြားတယ်နော်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တာရာမှာ ရည်မှန်းထားတဲ့သူရှိပြီးသား၊ သူနဲ့ စင်ကာ
မှာကတည်းက ကျောင်းနေဖက်တွေ၊ ဒါလည်း မင်း သိ
နော်"

"ဟုတ်ကဲ့"

"ဒီတော့ တာရာနဲ့ အဆက်ဖြတ်လိုက်ပါ"

"......"

"မိတာရာ၊ ခုချက်ချင်းထ,စမ်း"

တာရာ့မိခင်က တာရာကို လက်မောင်းမှ ဆုပ်ကိုင်ပြီး ထ,လာအောင်ဆွဲထူမလိုက်ပါသည်။ တာရာက နောက်ပြန်လှည့်ကာ ထိုင်ရာမှမထ။

"တာရာ ညီမလေး"

ရွှေရုပ်က တာရာ့ကိုကြည့်ကာ ဖျောင်းဖျောင်းဖျ လေးခေါ်လိုက်ပါသည်။

"လူတွေနဲ့ ရုပ်ဆင်းပျက်ပါတယ်၊ ပြန်လိုက်သွားလိုက်ပါ
အမေကို ပြန်ဆွေးနွေးချင်လည်း အိမ်မှာသေချာဆွေးနွေး
ပေါ့၊ ဒီမှာ အကြာကြီးဆက်ဖြစ်နေရင် အလကား သိက္ခာ
ပါတယ်၊ ဖူးစာပါရင် ကြံဖန်ပေါင်းရဖို့ဖြစ်လာပြီး ဖူး
မပါရင်လည်း ကြံဖန်ပြီးကွဲသွားရမှာပါ၊ အချိန်တွေရှိ
တယ်၊ ပြန်လိုက်သွားနော် ညီမလေး၊ လိမ္မာတယ်"

တာရာသည် ဂျစ်မယ့်သာဂျစ်နေသော်လည်း ရှေ့ကြီး ဆက်ပေကာ ထိုင်နေဖို့ မဖြစ်နိုင်တာ နားလည်ပုံရပါသည်





ရွှေရုပ်ပြောစကားကို သေချာငဲ့ကြည့်နားထောင်နေကလေးကြိမ်လျှင် ထ,ရပ်လိုက်ပါသည်။

"ဒီဒီ ... တာရာ လိုက်သွားလိုက်တော့မယ်"

"လိုက်သွားလိုက်ပါ တာရာ"

"မမ နောက်မှတွေ့ကြစို့နော်"

"ကောင်းပြီ တာရာ"

တာရာက ဖျပ်ခနဲ ဖျပ်ခနဲနှင့် ရှေ့ကထွက်သွားပါတော့သည်။ တာရာ့မာမိက လိုက်မသွားနိုင်သေးဘဲ မင်းဒီပကို စေ့စေ့ကြည့်ကာ ...

"ပြောတာတွေ ခေါင်းထဲထည့်ပြီး ကင်းကင်းနေပေးပါ
မင်းဒီပ"

ဆေးဝယ်ပြီးနေတဲ့ မိတ်ဆွေအမျိုးသမီးကြီးကိုပါ သွားကြစို့ဆိုတဲ့ပုံ ခေါင်းဆတ်ခေါ်ပြီး တာရာ့အမေက အားလုံး အနားမှထွက်ခွာသွားပါသည်။ အနားမှာ တာရာတို့သားအမိမရှိတော့မှ မင်းဒီပက ရွှေရုပ်ရဲ့နံဘေးခုံမှာ ဝင်ထိုင်လိုက်ပါသည်။ မင်းဒီပရဲ့မျက်နှာ ရုပ်ပျက်ဆင်းပျက် ဝမ်းနည်းနာကျင်ပုံရနေတာကို တစိမ့်စိမ့်ကြည့်ရင်း ...

"ဒီဒီ စိတ်ပူမနေစမ်းပါနဲ့၊ တာရာက မင်းကို ခွဲမယ့်သူမှ
မဟုတ်တာ"

❣ ❧ ❣



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ရွှေရုပ်သည် ကော်ဖီဆိုင်ရဲ့ မှန်ဆလိုဒ်ဒ်တံခါးကို တွန်းဖွင့်ဝင်ပြီး နောက်ပြန်ပြန်ပိတ်လိုက်ပါသည်။ အေးစိမ့်မွှေးပျံ့၍ ငြိမ်းချမ်းအထက်တန်းကျနေတဲ့ ကော်ဖီဆိုင်ကလေးမှာ အခန်းပိတ်တွေ ဖွဲ့မထားပေမယ့် တစ်ဝက်တစ်ပျက် ပါတေးရှင်းလေးတွေ အများသားနှင့် စားပွဲကုလားထိုင်တို့က အချိုးအကွေ့အကွယ် အကာကလေးတွေမှာ သီးသီးသန့်သန့် ရှိကြသည်။

မြင်လည်းမြင်ရ ခပ်ကွယ်ကွယ်လည်းရှိနေတဲ့ဒီဇိုင်းပင်။ မီးရောင်နီကျင်ကျင်ထဲမှာ ပန်းကန်သံ ဇွန်းသံလေးတွေ တစ်ချက်တလေကလွဲ၍ တိတ်တိတ်ဆိတ်ဆိတ်ရှိနေသည်။

ရွှေရုပ်ကို ဆီးကြိုခါးညွတ်လာသော ဝန်ထမ်းကလေးကို ရွှေရုပ်ကပြုံးပြရင်း ...

"ဒီဒီ ရှိလား"





ဖွင့်ပွဲတုန်းက လာဖွင့်ပေးသွားပြီး သုံးလေးကြိမ်လည်းရောက်လာဖူးတဲ့ ရွှေရုပ်ကို သူဌေးရဲ့အစ်မလို့ သူတို့သိကြပြီးသားပင်။

"ဟုတ်ကဲ့"

ကောင်လေးက လက်ဝါးညွှန်ပြကာ မင်းဒီပ ရှိတဲ့နေရာကို ဦးဆောင်ခေါ်သွားပါသည်။ အကန့်ငယ်တစ်ကန့်မှာ သူ့ရုံးခန်းစားပွဲလေးကို ကြိမ်ပါတေးရှင်းတို့နှင့် အခန်းဖွဲ့ယူထားပြီး အဲဒီမှာ မင်းဒီပက ရှိတတ်သည်။ ရွှေရုပ် ရောက်သွားတော့ မင်းဒီပက သူ့စားပွဲနံဘေး ပြတင်းပေါက်ခပ်သေးသေးလေးမှ ခန်းဆီးစသိုနန့်ကို ခွဲဖယ်ကာ အပြင်ဘက်သို့ ခါးတစ်ဖက်ထောက်ငေးနေပါသည်။

"ဒီဒီ"

မင်းဒီပ လှည့်ကြည့်လာပြီး ...

"ဩော် ... မရီး၊ ဘယ်ကလှည့်လာလဲ"

ရွှေရုပ်က ခပ်နွမ်းနွမ်းရုပ်နှင့် ရှိနေတဲ့ မင်းဒီပကို မြင်လျှင် စိတ်မကောင်းပါ။ မင်းဒီပက ဒီလိုရုပ်ရည်မျိုးနှင့် အသားကျတဲ့သူမျိုးမှ မဟုတ်ဘဲ။

"ဆိုင်ကလူပြည့်နေပါလား ဒီဒီ"

"ဟုတ်တယ် မရီး လူဝင်တယ်၊ ညနေဘက်ဆိုပိုဝင်တယ်၊ ကျွန်တော် ... ဒီကြိမ်ခုံတောင်နှစ်ဆက်ထပ်မှာထားတယ်"



www.burmeseclassic.com

www.burmeseclassic.com

"နေကောင်းရဲ့လား"

"ကောင်းပါတယ် မရီးရာ၊ စိတ်တွေကို ရှုပ်နေောက်နေတာ
မို့ပါ၊ တာရာ့အိမ်က တာရာ့ကို ဘယ်မှမလွှတ်တော့ဘူး
အိမ်ထဲကမထွက်ရဘူးဆိုပြီး စောင့်ကြည့်နေတယ်၊ သူ့အ
ထဲပဲ သူနေတော့ ဖုန်းတော့ပြောရပါတယ်၊ ဖုန်းကို
သိမ်းမသွားဘူး၊ သူ့အရမ်းစိတ်မကောင်းဖြစ်ပြီးငိုနေ
ကျွန်တော်လည်း ရင်ထဲမှာတစ်မျိုးကြီးပေါ့ မရီးရာ"

ရွှေရုပ်သည် စားပွဲပေါ် မေးထောက်ရင်း မင်းဒီ
ကရုဏာသက်စွာ ငေးစိုက်ကြည့်နေပါသည်။

သူ့မျက်နှာ ဒီလိုဖြစ်နေတော့ ရွှေရုပ်ရင်ထဲမှာလည်
အလိုအလျောက် ဝမ်းနည်းကြေကွဲမိပါသည်။ ဒီကောင်လေး
လန်းဆန်းကြည်လင်ရွှင်ပျနေတာပဲ မြင်ချင်တာပါ။ အမြဲပျော်
စိတ်ချမ်းသာနေစေချင်တာပါ။ အဲသလိုဖြစ်နေအောင်လည်း
နိုင်သလောက် ကူညီဖြည့်ဆည်းချင်တာပါ။

"ကျွန်တော်စိတ်မကောင်းဖြစ်တာက ငယ်ငယ်က ကျွန်
သေချာစာမကျက် ပေါ့တီးပေါ့ဆ ဟေးလားဟားလား
ပြီး ကျောင်းပညာရေးကို ဆယ်တန်းကျနဲ့ပဲ ရပ်တန့်လို
မိတဲ့ အလေးအနက်မရှိခြင်း၊ ဝီရိယမရှိခြင်း၊ ကြိုးစာ
စိတ်မရှိခြင်းတွေပေါ့နော်၊ အဲဒါတွေဟာ တစ်ချိန်မှာ
ငယ်စရာ မျက်နှာငယ်စရာတွေဖြစ်ပြီး ကျွန်တော့်ချစ်သူ
လာရတဲ့ တာရာ့အပေါ် သွားရိုက်ခတ်ခဲ့ရတာကိုပဲ"





မင်းဒီမက သက်ပြင်းမှုတ်ထုတ်ရင်း ...

"တာရာ့ကို သနားမိတယ်၊ ကျွန်တော့် အတွက်ကြောင့် မျက်နှာငယ်ရရှာတယ်၊ သူတို့လောက် ပိုက်ဆံမရှိပေမယ့် ကိုကို့လို ပညာတွေတတ်ပြီးတော်တဲ့သူတစ်ယောက်ဖြစ်နေရင် တော်ပါသေးရဲ့၊ ခုတော့ ငွေလည်းမရှိဘူး၊ ပညာကလည်းမတတ်၊ သူ့အတွက် ဘာမှမျက်နှာမရစေတဲ့ ချစ်သူတစ်ယောက်ဖြစ်အောင် လုပ်ခဲ့မိတဲ့အတွက် တာရာ့အပေါ် အားနာမိတယ် ...

အခု ဒါတောင်မှ မရီးထောင်ထားပေးတဲ့ ဆိုင်တစ်ဆိုင်ကို လက်တင်လေးဖွင့်နိုင်နေတာ၊ ဒါကိုတောင် တာရာက ကျွန်တော် စီးပွားရေးလုပ်နေပါတယ်ဆိုပြီး သူ့အမေဆီ မျက်နှာရအောင်ပြောရှာသေးတယ်၊ ဒါပေမဲ့ သူတို့အမေမှန်းထားတာက အနိမ့်ဆုံး စင်ကာပူကဘွဲ့ရထားတဲ့ သူဌေးသား သို့မဟုတ် လုပ်ငန်းရှင် အဲဒါမျိုး"

"သိပ်လည်း စိတ်ပျက်မနေပါနဲ့ ဒီဒီရယ်၊ တာရာ တစ်ယောက်လုံးက မင်းဘက်ကပဲဟာ"

"တာရာက ကျွန်တော် နောက်ဆုတ်လိုက်တယ်၊ ရှောင်ပေးလိုက်တယ်ဆိုရင် အဲဒါ သူ့ကို စော်ကားတာနဲ့တူတူပဲတဲ့၊ နောက်ဆုတ်ခွင့်မပေးဘူး၊ ရှေ့ပဲတိုးမယ်တဲ့၊ တစ်နည်းနည်း စွန့်စားမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ်က ပြုံးရင်း ခေါင်းတဆတ်ဆတ် ညိတ်မိသည်။ အဲဒီကောင်မလေးကို ရွှေရုပ် သဘောကျမိသည်မှာ မင်းဒီပအပေါ် ဘာကိုမှ မမြော်မြင်ဘဲ စစ်စစ်မှန်မှန်ချစ်လွန်းအားကြီးသောကြောင့် တည်း။

"တာရာက သတ္တိရှိတယ်၊ တာရာပြောတာ ဟုတ်သားပဲ ဒီဒီ၊ မင်းတို့ချင်း ပေါင်းကြရမှာပဲဟာ"

"ဒါပေမဲ့ မရီးရာ၊ တာရာ့ကို ကျွန်တော် ဖွတ်ခိုးပြေးရင် သူ့အိမ်ကလည်း စွန့်လွှတ်မှာပဲ၊ အဲဒီအခါ တာရာဟာ သူနေခဲ့ရတဲ့ သူဌေးသမီးဘဝက လျှော့ကျရမှာလေ"

"အမယ်လေး ဒီဒီရယ်၊ သူများကြားရင် မင်းကို တဲပုတ်နဲ့နေပြီး မိဘကလည်း အလုပ်လက်မဲ့ဆင်းရဲငတ်ပြတ်နေသူ ထင်တော့မှာပဲ၊ သူတို့လောက်တော့ မလျှံပယ်ပေမယ့် မင်းက စုတ်ပြတ်နေတာမို့လို့လား၊ မင်းရဲ့ဒီဆိုင်ကဝင်ငွေက တာရာနဲ့မင်း နှစ်ယောက်စရိတ် ပြည့်စုံပိုလျှံပါတယ် ဒီဒီရာ"

"ဒါက မရီးဆိုင်ပဲ"

"ဒီစကားမပြောနဲ့ ဒီဒီ၊ ငါ့ဆိုင် လုံးဝမဟုတ်ဘူး၊ မင်းကို လုပ်ပေးတာလို့ပြောပြီးပြီ၊ မင်းဆိုင်ပဲ၊ ဒီထက်ကြီးတဲ့စီးပွားရေးလုပ်ငန်းမျိုးပိုင်မှ သဘောတူနိုင်မယ်ဆိုရင် ဒီထက်ကြီးတဲ့ လုပ်ငန်း ထူထောင်ပေးနိုင်သေးတယ်"





"အာ ... မရီးက တစ်မျိုးဗျာ၊ နတ်ပြည်တက်ရမလိုလို အမှိုက်ပုံဖြစ်စားရမလိုလို ဖြစ်နေပြီဗျာ"

"ဒီဒီ မင်းက ငါ့မောင်လေးလေ၊ အစ်မက တစ်ဦးတည်းသောသမီး၊ ဖေဖေ့အလုပ်တွေအားလုံး တစ်ချိန်မှာ အစ်မယူရမှာ၊ အားလုံး ကျုံးယူပြီး မလုပ်နိုင်ပါဘူး၊ မင်းပဲကူညီရမှာပေါ့"

"အာ ... ကူတာက ကူတာပဲလေ၊ မရီးကလည်း ဘာဆိုင်လဲ"

"ဘာပဲဖြစ်ဖြစ်ပါဟယ်၊ ဒီမိန်းမကြီးက အဆင့်အတန်းခွဲလွန်းပါတယ်၊ မင်းတို့လည်း ဒီလောက်နိမ့်ကျနေတာမဟုတ်ဘူး၊ တို့သိစေချင်တာက သူတို့ဘက် ကျေနပ်မယ့်ပုံစံအတိုင်းအတာဆိုတာကို တို့လည်း လုပ်ပေးနိုင်ပါတယ်"

"မရီး"

မင်းဒီပက ခေါင်းယမ်းကာ ရွှေရုပ်ကို နှစ်သိမ့်ပြုံးပြလိုက်ပါသည်။

"စိတ်လျှော့၊ သိပ်မတက်ကြွနဲ့"

"မင်းတို့ ကွဲသွားမှာ မလိုလားဘူး ဒီဒီ"

"မကွဲပါဘူး၊ မရီးရဲ့ပါးစပ်ကြီးကလည်း၊ အတော်ပုပ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"မကွဲရင်ပြီးရော"

"ကျွန်တော် တစ်ခုခု ဖွတ်လုပ်လိုက်ရင် ဖေဖေ့အလုပ်ကို သွားထိခိုက်မှာလည်းကြောက်တယ် မရီးရ"

"ဟား ဟား ... ထိခိုက်လေကောင်းလေ၊ အစ်မအဖေက ဟိုတစ်နေ့လေးကပဲပြောနေတာ၊ ဖေဖေက အခု ကွန်စထရပ်ရှင် စ,လုပ်နေပြီလေ၊ သူ့တွင်းတွေရှိတဲ့နယ်က သူ့ဝန်ထမ်းမိသားစုတွေ ဆွေမျိုးတွေ များများစားစား အလုပ်ရကြစေချင်လို့ ခြေလှမ်းကြီးတာ၊ ခုတော့ လုပ်ငန်းစနိုင်ဖို့ စ,လုံးပန်းတုန်းရှိသေးတာပါ၊ အဲဒီတော့ ဖေဖေကပြောတယ် ...

ငါတို့ခမည်းခမက် ကိုအောင်ခင့်လို အတွေ့အကြုံအရည်အချင်းတွေ ပညာရည်ဝနေတဲ့ အင်ဂျင်နီယာချုပ်မျိုးလိုချင်တယ်တဲ့၊ သူ လုံးဝမျက်နှာလွှဲထားမှာလေ၊ ဖေဖေက ဝင်ပါချင်တာ မဟုတ်ဘူး၊ အလုပ်တစ်ခုအနေနဲ့သာ ထူထောင်ပြီး မျက်နှာလွှဲထားချင်တာ၊ သူ့ဟာသူ သူ့ကုမ္ပဏီမှာ နှစ်ရှည်လများ အဆင်ပြေနေတာမို့လို့ အကူညီမတောင်းသင့်လို့သာတဲ့၊ ဟိုမှာများ ပြဿနာတစ်ခုခုဖြစ်ပြီး ဖေဖေအလုပ်ထွက်ပစ်ရရင် အစ်မတို့အဖေ ဝမ်းသာနေမှာ"

"ပြောသာပြောရတာပါ၊ ကျွန်တော် အဲသလိုဖြစ်နေတာကို မေမေကတစ်ဆင့် ဖေဖေက အကျိုးအကြောင်းသိပါတယ်၊ ကျွန်တော်က ဘာမှဖွင့်မပြောပေမယ့် ဖေဖေက အကဲခတ်မိ





နေလား မသိပါဘူး မရီးရာ၊ မင်းဘဝရေ့ရေးကောင်းဖို့ စဉ်းစားတဲ့နေရာမှာ အဖေတို့ အမေတို့ကို ထည့်မစဉ်းစားနဲ့ ဒီဒီတဲ့၊ ဖေဖေ့ကိုငဲ့တဲ့အတွေးရှိတာလည်း ဖေဖေ သိပ်ရတယ်၊ ဖေဖေက အသက်အရွယ်လည်းရလာပြီတဲ့၊ မင်းရာကျွေးရင်တော့ ထိုင်ပဲစားတော့မှာပဲတဲ့၊ အဟင်းဟင်း ... အဲလိုပြောတော့ ပိုဝမ်းနည်းတယ် မရီးရာ၊ ကျွန်တော် တာရာ့ကိုရဖို့ ဖေဖေက သူ့အလုပ် ထိခိုက်ပလေ့စေလို့ သဘောထားပါတယ်"

"တို့သိသလောက် တာရာ့အဖေက သဘောထားပြည့်ဝတဲ့ သူတစ်ယောက်တဲ့၊ နောက်ပြီး သူ့အဖို့ နှစ်နှစ်ဆယ်ကျော် လက်တွဲလာတဲ့ သစ္စာရှိရှိ ဘယ်မှလဲမရွေ့တဲ့ ဒီဒီ့တို့အဖေကို ပစ်ပစ်ခါခါမလုပ်နိုင်ပါဘူး ဒီဒီရယ်"

"ဘာလုပ်ရမှန်း မသိဘူး မရီးရာ"

"တို့အထင်တော့လေ မြောက်ပေးတယ်တော့ မထင်နဲ့နော်၊ ခိုးပြေးလိုက်တာကောင်းတယ်၊ သူတို့လည်း သမီးငယ်လေးပဲကွယ်၊ အခုပစ်ထားတောင်မှ မြေးတွေ ဘာတွေရရင် တင်းထားနိုင်ပါ့မလား၊ တစ်သက်လုံးတော့ မပြတ်လောက်ပါဘူး၊ အစ်မတို့တုန်းကလည်း ဒီလိုပဲဟာ ဒီဒီရယ်၊ ပြန်အပ်ပြီးတော့လည်း အောင့်သက်သက်နဲ့ပဲ ခွင့်လွှတ်လိုက်တာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခုဆို ကျွန်တော့်မှာ ခိုးပြေးစရာနေရာတောင်မရှိဘူး မရီးရဲ့ မရီးတို့တုန်းက ကျွန်တော် စီစဉ်ပေးတဲ့ မော်ဘီခြံလေးမှာ အောင်သက်ရဲ့ဦးလေးက ပြန်နေနေပြီ၊ သူတို့ကုမ္ပဏီက ဆောက်တဲ့ဟာတွေထဲက ဖေဖေ ကြိုပွိုင့်စနစ်နဲ့ ဝယ်ဝယ်ထားတဲ့ အခန်းနှစ်ခန်းရှိတယ်၊ ဒါပေမဲ့ အဲဒီအခန်းလွတ်နှစ်ခန်း ဖေဖေ့မှာရှိတာ တာရာ့အဖေအမေ သိတယ်ဗျ၊ ဘယ်ကိုခိုးရမှန်းတောင် မသိတော့ပါဘူး"

ရွှေရုပ်က ပြုံးလိုက်ပါသည်။ နွမ်းတဲ့ရုပ်ကို ဟန်ဆောင်ဖုံးအုပ်ထားတဲ့ ခပ်ယဲ့ယဲ့အပြုံးမျိုးနှင့်ပြောနေတဲ့ မင်းဒီပ မျက်နှာလေးကို ရင်ထဲမှာ ကရုဏာသက်လှသည်မှာ နင့်နေပါသည်။

"ဒီဒီ ... ဒီတစ်ခါ တို့အလှည့်ပေါ့၊ မင်း ဘာမှပူစရာမရှိဘူး"

"ဘာဖြစ်လို့လဲ"

"မင်းတို့ပြေးဖို့ နေရာလေး အစ်မမှာ ရှိတယ်"

"ဘယ်မှာလဲ"

"အဟင်း ... မော်ဘီမှာပဲ"

"တကယ် !"

"တကယ်ပေါ့"

မင်းဒီပက သဘောတကျ ရယ်မိသည်။

"ဆိုင်က ကောင်မလေးတစ်ယောက်က သူတို့မြေနဲ့အိမ်လေးကို ရောင်းနေတာကြာပြီ၊ ရောင်းမထွက်ဘူး၊ ရောင်းထွက်မှ သူတို့မောင်နှမလေး အမွေခွဲလို့ရမှာဆိုတော့ ဈေးလျှော့ရောင်းလည်း ရောင်းမထွက်ဘူး၊ မြို့ထဲမကျတော့ ဝယ်မယ့်သူ မရှိတာကြာတာနဲ့ သူ့ကိုသနားလို့ပါ၊ သူတို့မောင်နှမ ငွေလိုနေတာကို ကူချင်တာနဲ့ ဈေးလေးကလည်း ဘာမှမရှိတော့ အစ်မ ဝယ်ထားလိုက်တာ ...

အဲဒီကို သွားကြည့်တော့ စိတ်ထဲမှာ ဟိုခြံလေးကို သတိရတယ်၊ အဲဒီအတိုင်းပဲ၊ ချစ်စရာဆိတ်ဆိတ်ငြိမ်ငြိမ်လေး ဒီဒီရယ်၊ အိမ်လေးကို နည်းနည်းပြင်ရင်း ခုတော့ သပ်သပ်ရပ်ရပ်နေချင်စရာလေး ဖြစ်နေပြီ၊ အဲဒီနား မလှမ်းမကမ်းကပဲ ကောင်မလေးရဲ့အမျိုးအဆွေတစ်အိမ်ကိုလည်း လခလုံမျိုး မှန့်ဖိုးပေးထားလိုက်တယ်၊ အိမ်ကို သွားသွားကြည့်၊ ခြံရှင်း၊ ပေါင်းသင်၊ အမြဲသန့်နေအောင်လုပ်ထားပေးဖို့ မှာထားတယ်"

"မရီးကတော့ဗျာ၊ အိုက်ဒီယာတွေက သစ်ပြီးပြေးနေတာပဲ၊ ကျွန်တော်လည်း ပိုက်ဆံရှိလာ ပိုလာရင် အဲဒီလိုနေရာလေး တစ်အိမ်သွားဝယ်ထားပစ်လိုက်ဦးမယ် ... ဟား ဟား"

"ပရိဘောဂလေး တွေလည်း အထိုက်အလျောက် ရှိတယ်၊ ဟိုတုန်းကလိုပဲ အိပ်ရာရယ် စားဖို့သောက်ဖို့ အဆင်ပြေဖို့ လိုတာလောက်ရယ်ပဲ ဝယ်ရမယ်၊ အို ... အဲဒီအိမ်ဘက်ဖြည့်ဆည်းဖို့တာဝန်က တို့တာဝန်ထားလိုက်ပါ၊ ဒီဒီက တာရာ့ဘက်မှာလိုအပ်တာပဲစီစဉ်ပါ"





စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ မရီး၊ ဒီလောက်အဆင်တပြေ အရန်သင့်ဖြစ်နေ
ရင်လည်း ကျွန်တော် ရှေ့ပဲတိုးလိုက်ပါတော့မယ် မရီး
နော်၊ မရီးရော ဘယ်လိုသဘောရလဲဟင်"

"ကိုယ့်ချစ်သူနဲ့ပေါင်းရဖို့ ကြိုးစားတာပဲ ဒီဒီ၊ အဲဒါမှန်တာ
ပေါ့"

ရွှေရုပ်က မင်းဒီပရဲ့မျက်ဝန်းထဲ စူးနစ်စွာစိုက်ကြည့်
ရင်း လေးလေးနက်နက်ပြောလေလျှင် ...

မင်းဒီပက ရွှေရုပ်ကို အပြုံးနှင့်စိုက်ကြည့်ရင်း
လက်မလေးတစ်ချောင်း မတ်မတ်ထောင်ပြလိုက်ပါသည်။

❣ ဓ ❣

"ရွှေရုပ် နင် ခုတလော ယောက်ယက်ကိုခတ်နေတာပဲ
လွန်လွန်းပြီ"

"ဒီဒီ မိန်းမခိုးဖို့စီစဉ်ထားတာ နင့်ကို ပြောပြီးပြီမို့လား"

မွန်မွန်က ကားသော့ကိုင်ကာ ကားပေါ်တက်
အသင့်ဖြစ်နေတဲ့ ရွှေရုပ်နံဘေးရပ်ကာ ...

"နင့်ကို ငါက အကြောင်းပြချက်တောင်းနေတာများ မ
လို့လား"

"ဒါဖြင့် ဘာကိုပြောတာလဲ မွန်မွန်ရဲ့"





"နင့်ကိုပြောတာ၊ ပြေးဟယ်လွှားဟယ် ဝယ်ဟယ်ခြမ်းဟယ်၊
သွားဝယ်လိုက် သွားပို့လိုက်နဲ့ နင် ဘယ်အထိ သွားသွား
ပို့နေတာလဲ၊ တော်တော်နဲ့ပြန်ရောက်မလာတတ်ပုံထောက်
ရင် ဝေးမှာပဲ၊ နင့်ဒီဒီ မိန်းမယူတာ မယူတာ ငါ စိတ်မဝင်
စားဘူး၊ နင့်ကိုပဲ စိတ်ပူလို့ ပြောနေတာ"

"ဘာကိုစိတ်ပူတာလဲ"

"ဟဲ့ ... နင့်ဗိုက်က ငါးလကျော်လေ၊ ဗိုက်က သိပ်မထွက်
တာနဲ့ပဲ နင်က ဂရုကိုမစိုက်ဘူး"

"ဂရုစိုက်ပါတယ် မွန်မွန်ရယ်၊ ဂရုမစိုက်ဘဲနဲ့နေပါ့မလား၊
ငါ့ဗိုက်ပဲဟာ၊ ငါနဲ့ လင်းဝဏ်ရဲ့ရင်သွေးပဲဟာ၊ အခုဟာက
ဒီဒီက ..."

"ဟဲ့ ... သူယောကျ်ားလေးပဲ ရွှေရုပ်ရယ်၊ သူ့ဟာသူလုပ်
မှာပေါ့၊ နင် လုပ်ပေးစရာ မလိုပါဘူး"

"ငါတို့တုန်းက ..."

"နင်တို့တုန်းက သူ့အစ်ကိုကိစ္စလေ၊ သူ့အစ်ကိုက အလုပ်
အလုပ်ပဲ အရေးကြီးနေတော့ သူလုပ်ပေးရတာပေါ့၊ နင်က
လည်း မိန်းကလေးကိုး၊ အခုက သူ့ကိစ္စပဲဟာ၊ သူ့မှာလည်း
သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ပဲ၊ သူ့ဟာသူလုပ်လည်း
ရတာ၊ နင် လုပ်ကိုလုပ်မှ ဖြစ်မှာတွေဆိုရင်လည်း တစ်မျိုး
ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တချို့က ငါလုပ်ကိုလုပ်မှ ဖြစ်မှာမို့ပါဟာ"

မွန်မွန်က မျက်စောင်းစွေကြည့်ရင်းက ...

"ဘာမို့လို့လဲ"

"ဥပမာ အဲဒီမှာ ရေခဲသေတ္တာမရှိသေးဘူးဟယ်၊ ငါလည်း ကြာကြာသွားနေတာမျိုး မဟုတ်တော့ ရေခဲသေတ္တာမထား ထားမိဘူးပေါ့၊ ဒီဒီတို့က တစ်လနေဖြစ်မလား နှစ်လ ဖြစ်မလားမသိ၊ ရေခဲသေတ္တာ လိုကိုလိုတာပေါ့၊ အဲဒါ သူ့ဟာသူလုပ်ဖို့ထားလိုက်ရင် သူ ရေခဲသေတ္တာကြီးတစ် ဝယ်နေရမှာပေါ့၊ ပြီးရင် ဘယ်ကိုသယ်ရမယ်မသိ။ ငွေ ကြေးကျလည်းဝင်တယ်၊ ငါ့အိမ်မှာ ငါ့ဟာငါ ရေခဲသေ တစ်လုံး ဝယ်ဖြည့်ထားလိုက်တော့ သူတို့မရှိတော့လည်း ငါ့ဟာပဲ၊ ဒီတိုင်းထားခဲ့ရုံပဲ"

"ကဲပါ နင့်ပိုက်ဆံနဲ့ဝယ်မှဖြစ်မယ်ဆိုလည်းထားဦး၊ သူ ပိုက်ဆံပေးပြီး ဝယ်ခိုင်းလိုက်ပေါ့၊ နောက်ဆုံးဟယ် သူ ပိုက်ဆံယူမနေဘဲ သူ့ဟာသူ ဝယ်လိုက်မှာစိုးလို့ဆိုလည်း ငါတို့လို ဒီကဖြူဖြူတို့ မူယာတို့လို ဝန်ထမ်းလေးတွေ ကလည်း ကူညီနိုင်တဲ့လူတွေ ရှိပါတယ်၊ ယောကျ်ား ထဲကလည်း ကိုဝင်းမြင့်တို့ ကိုစိုးတို့ ဘာကိစ္စမဆို ခိုင်း ရတဲ့လူတွေပဲ"





"ကျယ်ကျယ်ပြန့်ပြန့် ဟိုလူသိ ဒီလူသိနဲ့ဟာ အဲဒီမှာ ငါ့အိမ်တစ်လုံးရှိတယ်ဆိုတာတောင် တော်ရုံလူသိတာ မဟုတ်ဘူး၊ နင်တောင် ခုထိ နေရာအတိအကျ သိလို့လား၊ စမ်းတဝါးဝါးပဲသိတာ"

မွန်မွန်က ခေါင်းလေးယမ်းရင်း ...

"ငါ့ဦးတည်ချက်က နင် ကိုယ်ဝန်ကြီးတစ်ဖက်နဲ့ တပင်တပန်း လှုပ်ရှားသွားလာနေတာကို ပင်ပန်းမှာစိုးရိမ်တာ၊ တခြားကိစ္စတွေ ငါ ဘာမှမပြောချင်ဘူး ရွှေရုပ်၊ နင့်ကို ဆရာဝန်က ဒီကိုယ်ဝန်ကို ဂရုစိုက်ရမယ် ပြောထားတယ် မဟုတ်လား၊ ကိုယ်ဝန်နုနုကလေးမှာ အက်ဆစ်ဒဲန့်ထဲဖြစ် ထားတယ်၊ အခုလည်း သန္ဓေသားက နှလုံးခုန်နေတာ နှေးကွေးပြီး အရွယ်လည်းသိပ်သေးတယ်လို့ပြောထားတယ် မဟုတ်လား ရွှေရုပ်ရယ်"

ဟုတ်ပါသည်။ ရွှေရုပ်ရဲ့သန္ဓေသားဟာ ရှိနေတဲ့ရက် ပတ်နှင့်နှိုင်းစာလျှင် အရွယ်သေးပြီး ဖွံ့ဖြိုးနှုန်းနှေးနေသည်လို့ ဝန်ကပြောထားပါသည်။ ဒါပေမဲ့ ရွှေရုပ်အဖို့ တပင်တပန်း ပ်နေရတာမျိုး လုံးဝမဟုတ်ပါ။

"ငါ ကားမောင်းနေရတာလောက်ပဲ လုပ်တာပါ မွန်မွန်ရာ"

"ကားမောင်းနေရတာလည်း အကြာကြီးတောက်လျှောက်ဆို ရင် ဘယ်ကောင်းပါ့မလဲ၊ ပြီးတော့ နင် ပစ္စည်းတွေဝယ်ခြမ်း



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုကတည်းက လျှောက်ကြည့်ရသေးတာပဲ၊ ဘာမှ လျှောက်မကြည့်ဘဲနဲ့ ပစ္စည်းက ဝယ်ပြီးသား ဖြစ်နေတာမှ မဟုတ်ဘဲ၊ လမ်းတွေလျှောက်နေရတာလည်း ဘယ်ကောင်း မလဲ"

"ထိုင်ပဲနေရမှာပေါ့"

"စွဲ့မပြောနဲ့၊ အကြာကြီးထိုင်နေလည်း ကောင်းတာမဟုတ် ဘူး"

"ဒီလောက်တောင် မကောင်းတာတွေ များနေမှတော့ဟယ် ကိုယ့်ဟာကိုယ် ကိုယ်လုပ်ချင်တာပဲ လုပ်တော့မယ်၊ စိတ် မပူပါနဲ့ မွန်မွန်ရယ်၊ ငါ တကယ်မပင်ပန်းတာပါ၊ ဒီဒီတို့ နှစ်ယောက်သွားနေတဲ့အချိန်မှာ လိုလေသေးဆိုတာ မရှိစေ ချင်တာ"

မွန်မွန်က ခေါင်းတညိတ်ညိတ်ပြုရင်း ...

"နင့်မေတ္တာစေတနာတွေဟာ ခုချိန်ထိ မင်းဒီပအပေါ် ဝ ကြီးတုန်းပါလားရွှေရုပ်၊ မင်းဒီပနဲ့ပတ်သက်လာရင် ခွ လွတ်ကြင်နာပြီး အနွံအတာခံနိုင်မှုဟာ အုံမခန်းအင်အာ ကြီးနေတာ ခုချိန်ထိပဲ"

ရွှေရုပ်သည် ဒီစကားကြားတိုင်း ဖြစ်တတ်မြဲလိုပ မျက်နှာနီမြန်းရဲလွှင်သွားပြီး မျက်စိစုံမှိတ် သက်ပြင်းချလိုက် ပြီး ...





"နင် လာပြန်ပြီလား ဒီစကားမျိုး၊ အခုက ဒီဒီ မိန်းမယူဖို့ ငါက ကူညီနေတာနော်၊ ဒါကိုမမေ့နဲ့"

"မမေ့ပါဘူး၊ ဘာပဲဖြစ်ဖြစ် ဒီဒီ့ကို နင်ချစ်တာကတော့ ချစ်တာပဲ၊ (Platonic Love)ပလက်တိုးနစ်လဗ်လို့ခေါ်ကြ တဲ့ အချစ်မျိုးဟာ ဒါမှအစစ်ပဲ"

"Platonic Loveဆိုတာ တဏှာရာဂမပါတဲ့ သန့်ရှင်းဖြူစင် တဲ့အချစ်တဲ့၊ အဲသလို ချစ်တယ်ဆိုရင်ကော ဘာဖြစ်လဲ၊ ဘယ်သူ ဘာပြောချင်လဲ၊ သန့်ရှင်းဖြူစင်တဲ့အချစ်ပဲဟယ် ချစ်လို့မရဘူးလား"

နှုတ်ခမ်းလေးက ပြုံးလျက် တဖျပ်ဖျပ်လက်ဖြာ ဆာက်ပနေသော မျက်ဝန်းကလေးများနှင့် ရွှေရုပ်က ကျီစယ်သလို ားပေမယ့် မွန်မွန်ကတော့ ဒါဟာ သူ့တစ်စိတ်တစ်ပိုင်း တစ်ဝက် ာစ်ပျက် ဝန်ခံခြင်းရယ်လို့ပဲ စွဲမှတ်ပါသည်။

"မပြောတော့ဘူး"

ဘယ်သူတွေ ဘာတွေပြောပြော ရွှေရုပ်တစ်ယောက် ျက်စိနောက်ရလောက်အောင် တကယ်ပင် ယောက်ယက်ခတ် ြးလွှားနေတာ။ ဘာလေးတစ်ခုတော့ လိုအပ်လိုက်တယ်ဆိုတာ မျိုး မရှိရလေအောင် ထောင့်စေ့ရဲ့လား အကွက်စေ့ရဲ့လား ဖြည့် ည်းရင်း ဖြည့်ဆည်းရင်းက မီးဖိုချောင်ပစ္စည်းတွေကအစ တဖြည်း ည်းပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုချောင်ပစ္စည်းဆိုတာက ဝယ်ရင်ဝယ်သလောက် ဝင်တာမျိုး။ ဓား၊ စဉ့်တီတုံး၊ ငရုတ်ဆုံ၊ ကျည်ပွေ့ဆိုတာမျိုးတွေ လက်လီစိတ်ကာ လိုအပ်ချက်များလှသည်။ တစ်ကြိမ်စာရင်းလုပ်လို့လည်း ပြည့်စုံတယ်မရှိ။ အခေါက်ခေါက်အခါခါကို ရောက်ဖြစ်နေတော့သည်။

တစ်ရက်မှာ ရွှေရုပ် ရုံးခန်းဆိုင်ခန်းကို မင်းဒီပရောက်သွားတဲ့အခါကျမှ မွန်မွန်ထံကတစ်ဆင့် ဒါတွေကိုသိရပါသည်။

"ဟာ ... ဒါတွေ ကျွန်တော့်ဘာသာဝယ်မှာပေါ့၊ လိုတာဝယ်မှာပေါ့၊ တချို့ပစ္စည်းတွေက ဟိုရောက်ရောက်ချင်း လိုတာမှမဟုတ်တာ၊ နောက်ရက်လောက်မှ မော်ဘီဈေးသွားဝယ်လည်း ရတာပဲ"

"အေး ... အဲဒါကို ကျုပ်လည်း တားတာမရလို့ ဒီဒီရေ့၊ အိုးကုံးစက္ကူလိပ်ကအစ မေ့နေလို့ဆိုပြီး တဖျစ်တောက်တောက်နဲ့၊ ငါကပြောရတယ်၊ ဟဲ့ ... ဒီဒီတို့ကအဲဒီမှာ တစ်သက်လုံးနေမှာ မဟုတ်ဘူးလို့၊ ဓားတောင်မှအကြီးရယ် အသေးရယ် လုပ်နေတော့ ငါကအမြင်ကတ်ပြီး ပွစိပွစိ လုပ်တော့ ကြက်သွန်လှီးတဲ့ဓားနဲ့ ကြက်သားခုတ်ဖို့မဖြစ်ဘူးတဲ့၊ ကဲ ...၊ ဟဲ့ ... သင်းတို့ ကြက်သားချက်ချင်ရင် သူတို့ဟာသူတို့ ဓားကြီးဝယ်လိမ့်မယ်၊ ဒါမှမဟုတ် ဈေးမှာခုတ်ခိုင်းလိမ့်မယ်လို့ အမြင်ကတ်ပြီးအော်ရတယ် ...





အဲဒီအိမ်နဲ့ ရန်ကုန်နဲ့ ချောင်းပေါက်တော့မှာ၊ နေ့တိုင်းနီးပါးရောက်တာ၊ ခြားသွားရင်တစ်ရက်ပဲ၊ ငါလိုက်ပေးမယ်ဆိုလည်းမဟုတ်ဘူး၊ အိမ်ကို လှူ့ဝှက်ထားချင်သေးတာ၊ နင့်အိမ်လေးက ဘယ်နှပေပတ်လည်ကျယ်တာမို့လဲလို့မေးရသေးတယ်၊ ဝယ်ထည့်ထားတဲ့ပစ္စည်းနဲ့ အိမ်နဲ့ဆိုရင် ဒီဒီတို့လင်မယား မတ်တတ်များ အိပ်ရမလားလို့တောင် ရွဲ့ပြောရသေးတယ်"

"မရီးကလည်းဗျာ၊ ကိုယ်ကမပေါ့မပါးနဲ့ကို၊ ကျွတ်၊ မဖြစ်ဘူး၊ ဒီနေ့ကစပြီး လုံးဝသွားခွင့်မပေးတော့မှ၊ ကျွန်တော်ခုကတည်းက သော့ယူထားလိုက်တော့မယ်"

မင်းဒီပက ရွှေရုပ်ထံ တကယ်ပင်သော့တောင်းထား...ကဲသည်တွင် ရွှေရုပ်ကလည်း မငြင်းမဆန် အသာတကြည်သော့ထုတ်ပေးပါသည်။ သူ့မှာ အပိုတစ်စုံ သတ်သတ်ရှိနေတာပဲ။

"မရီး လုံးဝ မော်ဘီမသွားတော့ဘူးလို့ ကတိပေး"

"အင်း ... ပေးတယ်"

"ဟာ ... ကတိပေးတာကလည်းမြန်လိုက်တာ၊ မယုံဘူး"

"ရော် ... ငါက Slow speed နဲ့များ ကတိပေးရဦးမယ်"

သူတို့နှစ်ယောက် တဝါးဟားဟား ရယ်မိကြပါသည်။

"ဒီရက်ပိုင်း မရီးကို လုံးဝဖမ်းမမိဘူးလို့ မမမွန်ကပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက မင်းကိစ္စတစ်ခုတည်း မဟုတ်ပါဘူး ဒီဒီရယ်၊ ဖေဖေနဲ့မေမေကလည်း တရုတ်ပြည်သွားသေးတယ်လေ၊ သူတို့လက်ဆောင်ပေးဖို့ ယူသွားချင်တာတွေလည်း စီစဉ်ပေးရသေးတယ်၊ လိုတာတွေအားလုံး ဝယ်ခြမ်းထုပ်ပိုးပေးလိုက်ရတာ"

"ဩော် ... အန်တီသဇင်တို့ မရှိကြဘူးလား"

"ဟင့်အင်း ... တစ်နေ့ကသွားကြတယ်၊ နှစ်ပတ်ကြာမယ်"

"ကြာတာပေါ့"

"အင်း ... အဲဒါတွေပါ ရောရှုပ်နေတာပါ၊ အခု မေမေတို့ကလည်းသွားပြီ၊ ဟိုအိမ်မှာလည်း အတော်ပြည့်စုံသွားပါပြီ၊ နားနားနေနေပဲ နေတော့မှာပါ၊ တာရှာဘက်ကကော အဆင်ပြေလား၊ အားလုံးစီစဉ်ပြီးပြီလား"

"သူသာ အပြင်မထွက်ရပေမယ့် သူ့သူငယ်ချင်းတွေပဲ ဝင်ထွက်လို့ရနေတာ တော်သေးတယ်၊ သူ့အဖို့က တိတ်တိတ်ခိုးထွက်မှ ရမှာဆိုတော့ မရှိမဖြစ်လိုတဲ့ အရေးကြီးတဲ့ သော့နှစ်ချောင်းလည်း ကော်ပီပွားပြီးပြီ၊ အိမ်ရှေ့တံခါးမကြီးမှာ အတွင်းက ဒိုးလော့ဂ်၊ အပြင်က သော့ခလောက်၊ ခြံတံခါးမှာက သော့ခလောက်၊ အဲဒီသော့ခလောက်နှစ်ခုရဲ့ သော့နှစ်ချောင်း ရပြီးပြီ၊ သူလိုအပ်တာလေးတချို့လည်း သူ့သူငယ်ချင်းတွေနဲ့တစ်ဆင့် အပြင်ထုတ်ပြီးပြီ ဆိုတော့





ကျွန်တော်တို့ ရက်ချိန်းလို့ရပြီ မရီး၊ ဒီတစ်ပတ်အတွင်း ပဲဖြစ်လိမ့်မယ်"

ရွှေရုပ်က လန်းဆန်းတက်ကြွရွှင်ပျနေသော မင်းဒီပ မျက်နှာလေးကို ကြည်နူးပီတိကလေးနှင့် ချစ်စနိုးလေးကြည့်နေမိပါသည်။ ဩော် ... သူ့နောက်ကနေ ဘောင်းဘီတိုစက ကိုးရိုးကားရားနှင့် အပြေးလိုက်ရင်း သူ့အစ်ကိုနဲ့ မမောနိုင်မပန်းနိုင် အောင်သွယ်တတ်ခဲ့တဲ့ လူငယ်ကလေးဟာ မိန်းမတစ်ယောက်ကို ချစ်မိ၍ ဘဝတစ်ခု လက်တွဲထူထောင်ဖို့ ဆန္ဒတွေနှင့် လူလားမြောက်တဲ့ ကောင်ကလေးတစ်ယောက် ဖြစ်လာခဲ့ပြီကော။

"မင်းရဲ့ကားဘီးကို သေချာစစ်ထားဦး ဒီဒီ၊ အစ်မဆီက ရော ကားယူမလား"

"ဟင့်အင်း မရီး၊ ရတယ်၊ အဆင်ပြေတယ်"



www.burmeseclassic.com

www.burmeseclassic.com

## ၁၂

မင်းဒီပ ကားရပ်ထားတဲ့နေရာရဲ့ မလှမ်းမကမ်းမှာက စင်တင်တေးဂီတပါတဲ့ စားသောက်ဆိုင်တစ်ဆိုင် ရှိပါသည်။ အဲဒီစားသောက်ဆိုင်ခြံဝင်းထဲမှာလည်း ကားတွေရှိသလို ခြံပြင်မှာလည်း တက္ကစီတွေက ဆိုင်ပိတ်ချိန်ထိ ရှိတတ်မြဲ။

ကားရပ်ထားရာရှေ့တူရူမြင်ကွင်း လမ်းတဖြောင့်ပေါ်မှာပဲ ကိုက်တစ်ရာသာသာလောက်မှာ လမ်းသွယ်တစ်ခုရှိပါသည်။ တာရာတို့ခြံက ထိုလမ်းသွယ်ထဲဝင်အပြီး ဂုတ်ခြံလို့ခေါ်တဲ့ဒုတိယခြံ။ သူတို့ထိပ်မှာ လမ်းမပေါ်မျက်နှာစာကျတဲ့ ခြံကြီးပြီးရင် သူတို့ခြံပင်။ ထိုလမ်းသွယ်ထိပ်က ဓာတ်မီးတိုင်ကြောင့် လမ်းထိပ်ကို တာရာ ရောက်လာလျှင် မင်းဒီပ အထင်းသား မြင်နိုင်ပါသည်။

အဲဒီကျ ကားကို ရှေ့တိုးပြီး ကောက်တင်သွားရုံပင်။ ခုတော့ လမ်းထိပ်မှာသွားရပ်ရင် သင်္ကာမကင်းဖြစ်စရာဖြစ်နိုင်တာ





ကြောင့် စားသောက်ဆိုင်ခြံဝင်းနား လာရပ်တာ။ ဒီတော့ သူ့ကားရပ်ထားတာကို ဘယ်သူမှ တကူးတက သံသယဖြစ်နေမှာမဟုတ်။

တာရာ့အဖေအမေက ဆယ်နာရီခွဲလောက် အိပ်ရာဝင်တတ်ပြီး ခြံစောင့်ကြီးက ဆယ့်တစ်နာရီလောက်မှ မှူးပြီးအိပ်တတ်တဲ့အတွက် သူတို့ရဲ့အချိန်ကို ညဆယ့်နှစ်နာရီလို့ သတ်မှတ်ထားပါသည်။ ခြံစောင့်ကြီးကို တာရာက မကြာမကြာလည်း အရက်ဖိုးပေးနေကျမို့ ထူးပြီးမသင်္ကာစရာ မဖြစ်နိုင်။ ဒီညလည်း အရက်ဖိုးများများပေးထားပါသည်။

"ဆယ့်နှစ်နာရီဆိုပေမယ့်လည်း အခြေအနေတွေက ဒီထက်စောပြီး အခွင့်အရေး ပေးသွားရင် စောထွက်ခဲ့မယ်နော်၊ ဒီဒီ ခပ်စောစောတည်းက ရောက်နေပါ၊ ဒါပေမဲ့ ဆယ့်တစ်နာရီထက်တော့လည်း စောမယ် မထင်ရပါဘူး"

မင်းဒီပက ဒီနေရာကို အစောကြီးပင်ရောက်နေပါသည်။ စောဆို ညစာထမင်းကိုတောင် ဒီဆိုင်မှာပဲ ဝင်စားလိုက်တော့တာပါ။ ဖေဖေတို့ မေမေတို့ကိုတော့ ဒီနေ့ည သူငယ်ချင်းတွေနှင့် စားပွဲသောက်ပွဲရှိ၍ သိပ်ညဉ့်နက်သွားရင် တစ်ယောက်ယောက်အိမ်ကို လိုက်အိပ်ဖြစ်မယ်ရယ်လို့ ပြောပြီးပြီ။ ပြန်မရောက်လို့ ဘာမှမဖြစ်တော့ ...။

ခုနောက်ပိုင်းတော့ သူ့ကို ဖေဖေမေမေတို့ကပါ လူကြီးတစ်ယောက်လို တော်ရုံ ဘာမှမပြောတော့ဘဲ နေရာထား



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံလာပါသည်။ တာရာအဖေကုမ္ပဏီမှာ လုပ်နေတဲ့အထိ ဒီလိုမဟုတ်သေး။ ခုတော့ မင်းဒီပဟာ လုပ်ငန်းတစ်ခုကို ဘာပဲဖြစ်ဖြစ် တည်တည်ငြိမ်ငြိမ် အောင်အောင်မြင်မြင်နှင့် ဦးဆောင်ပြီးလုပ်ကိုင်နိုင်စွမ်းရှိတဲ့သူတစ်ယောက်ဆိုတာ ကော်ဖီဆိုင်အခြေအနေကြောင့် ပေါ်လွင်နေပြီလေ။

"တီ တီ ... တီ တီ"

ဖုန်းသံ။ တာရာတော့မဟုတ်သေး။ တာရာက ဖုန်းမယူလာဘူးဟု ပြောပြီးပြီ။ မင်းဒီပရဲ့ တောင်းဆိုချက်ကြောင့် သူ့တစ်ကိုယ်ရည် လက်ဝတ်ရတနာတွေအပြင် တန်ဖိုးအသင့်အတင့်ရှိတဲ့ပစ္စည်းမှန်သမျှ ထားရစ်မည်။ ဖုန်းကို အစောကြီးကတည်းက ပိတ်ပြီး သိမ်းထားတော့မယ်ဟု သိထားတာ။

မင်းဒီပက ဖုန်းမှာပေါ်နေသည့် နံပါတ်အစိမ်းကို ကြည့်ရင်း စဉ်းစားနေမိသည်။ ဒီလိုအရေးကြီးတဲ့ကိစ္စတစ်ခုရှိတဲ့ အခြေအနေမှာ ကိုယ်မသိတဲ့ဖုန်းနံပါတ်တွေကို ဖွင့်ပြီးနားထောင်သင့်လား။ အာရုံများ ထွေပြားမလား။ တစ်မျိုးတွေးရင် အရေးကြီးကိစ္စရှိနေတဲ့အတွက်ကိုပဲ ဘာဖုန်းပဲလာလာ တစ်ခုခုထူးလို့လားသိရအောင် ဖွင့်သင့်ပြန်တယ် မဟုတ်လား။

နာရီကိုကြည့်လိုက်တော့ ဆယ်နာရီခွဲ။

မင်းဒီပ ဖုန်းကိုဖွင့်လိုက်ပါသည်။

"ဟယ်လို"





"မင်းဒီပလား"

"ဟုတ်ပါတယ်"

"ဒီဒီ မမွန်ပါ၊ မမွန်လေ"

"ဩော် ... မမမွန် ပြောပါ အစ်မ"

ရေးကြီးသုတ်ပြာနိုင်လှတဲ့ မွန်မွန့် အသံကြောင့် မင်းဒီပက မိုလျှော့ထိုင်နေရာမှ လူကိုမတ်ကာ တအံ့တသြမေးလိုက်ပါသည်။

"ဒီဒီ ... ရွှေရုပ် ဆေးရုံရောက်နေတယ်"

"ဗျာ"

ခေါင်းနပန်းကြီးသွားကာ မင်းဒီပက အလန့်တကြား အော်လိုက်မိပါသည်။

"ရွှေရုပ် ဆေးရုံမှာ"

"ဘာ ... ဘာဖြစ်လို့လဲ အစ်မ"

"အဘောရှင်းထင်တယ်"

"ဗျာ"

"တို့ကတော့ (......)ဆေးရုံရဲ့ အင်မာဂျင်စီကိုပဲ တန်းခေါ်လာခဲ့တယ်၊ ဒီဒီ ... ရွှေရုပ်အဖေနဲ့ အမေလည်း မရှိဘူး၊ မင်း သိတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"မင်း လာခဲ့ပါလား ဒီဒီ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

မင်းဒီပသည် ချက်ချင်း ကားစက်နှိုး မောင်းပြေ သွားချင်စိတ်က တစ်စိတ်။ ခွန့်ခွန့်စားစား ထွက်လာရမယ့် ချ သူကို ဘယ်လိုလုပ်ရမလဲလို့ နောက်ဆံတင်းမှု တစ်စိတ်နှင့် ရ တွေ တဒိန်းဒိန်း တုန်သွားပါသည်။

"ဒီဒီ ... ရွှေရုပ်က သတိလစ်မသွားခင် လမ်းမှာ မင်းက လုံးဝဖုန်းမဆက်ပါနဲ့လို့ ပြောတယ်၊ ဘာကြောင့်မှန်းတော မသိဘူး၊ မင်းတို့ ရန်များဖြစ်ထားလား၊ ဒါပေမဲ့ ဒီဒီရယ် ငါလည်း တခြား ဘယ်သူ့လှမ်းခေါ်ရမလဲ စဉ်းစားမ တဲ့အပြင် ရွှေရုပ်က သွေးလိုတယ် ဒီဒီ"

"ဗျာ"

"သွေးတွေ တအားဆင်းနေတော့ သွေးလိုတယ်၊ သွေး ပါလို့ သူ့အိုဂျီက ပြောတယ်၊ ဟိုတစ်ခါ အက်ဆစ်ဒဲန့် တုန်းက မင်း သွေးလှူဖူးတာ အစ်မ သိရလို့၊ မင်းက ရွှေရုပ်နဲ့ သွေးတူတယ် မဟုတ်လားဟင်"

ဆီးကင်းလောက်လို့ တင်စားလို့ရမယ့် ချွေးဥကြ တွေ မင်းဒီပရဲ့ခေါင်းထဲက စိမ့်ထွက်၊ ဆံပင်ကြားကနေ နဖူးပေ ပါးပြင်ပေါ် လည်တိုင်ပေါ် ဖြတ်စီး ရင်ဘတ်ပေါ်ပြုတ်ကျ။ အ ရဲ့ကျောရောရင်ပါ စိမ့်ထွက်လာသော ချွေးစေးတို့နှင့် မင်းဒီ တစ်ကိုယ်လုံး စိုနစ်မတတ်ပင်။





"ဒီဒီ"

"ဟုတ်ကဲ့ ... အစ်မ၊ ဟုတ်ကဲ့ ... မမမွန်၊ ကျွန် ... ကျွန် တော် အခုပဲလာပြီ။ သွေးတူပါတယ် ကျွန်တော်လှူမှဖြစ် မယ်၊ ခုပဲလာပြီး (......)ဆေးရုံ အရေးပေါ်နော် အစ်မ"

"ဟုတ်တယ် ဒီဒီ၊ အမြန်လာနော်၊ ဒီကျမှ အကြောင်းစုံ ဆက်ပြောမယ်၊ ငါ တစ်ယောက်တည်း ဘာလုပ်ရမှန်းကို မသိလို့ပါဟယ်"

"ကျွန်တော် လာပြီအစ်မ"

မင်းဒီပသည် နှုတ်ခမ်းနှစ်လွှာ တင်းတင်းဖိကြိတ် ကာ ကားစက်ကိုနှိုးပြီး ကားကို ဝရောခံနဲ့မြည်အောင် မြို့ထဲဘက် ဂ,ငယ်ကွေ့ ကွေ့ချလိုက်ကာ ခပ်မြန်မြန်မောင်းလာရင်း ဖုန်းကို ဖွင့်၍ ဘယ်ဆီဆက်ရမယ်တောင် ခေါင်းထဲ ရုတ်တရက် ဝေခွဲ မရ။ တိုးတက်က စင်ကာပူထွက်သွားတာ ကြာပြီ။ ခုနှစ်လ ရှစ် လတောင်ရှိပြီ။ အလုပ်တစ်ဖက် ကျောင်းတစ်ဖက် ဘွဲ့လွန်တက် ဖို့ဆိုပြီး ထွက်သွားခဲ့တဲ့အတွက် အောင်သက်ထင်နှင့် သူပဲရှိတော့ တာ ကြာပြီ။

အောင်သက်ထင်က နိုင်ငံခြားသားကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်နေပါသည်။ ဟိုအရင်အပတ်ကတော့ မင်းဒီပနှင့်အတူ မင်းဒီပကိစ္စကို လိုက်ကူညီ ဝယ်ခြမ်းပေးနေသား။ ဒီအပတ်ထဲမှာ တော့ သူ ခရီးသွားဖို့ရှိတယ်လို့ သိထားတာ ဘယ်နေ့ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



မင်းဒီပဟာ အောင်သက်ထင် ဟန်းဒ်ဖုန်းနှိပ်လို ပါသည်။ ဆက်သွယ်မှုရရှိယာပြင်ပ။ ဆယ်နာရီခွဲမို့ သူ့မိဘ လည်း မအိပ်လောက်သေးပါဘူး တွက်ဆပြီး အိမ်ဖုန်းကိုပဲ လိုက်ပါသည်။

"ဟယ်လို"

"အန်တီ ... ကျွန်တော် မင်းဒီပပါ"

"အေး ... သား ... ဘာလဲ"

"အောင်သက် ရှိလား အန်တီ၊ သူ ခရီး ..."

"သွားပြီလေ၊ ဒီမနက်ဘဲ ပုဂံဘက် သွားကြပြီ၊ ဟို စီအီးအိုက နှစ်ရက်စောပြီး ရောက်လာတယ်ဆိုလား၊ မ ညကမှ ကောက်ကာငင်ကာနဲ့ ဒီမနက် ထွက်ရမယ် ဖုန်း လာပြီး အထုပ်အပိုးကောက်ထည့် ညကတည်းက ကုမ္ပ မှာ သွားအိပ်တာ၊ သား ဘာကိစ္စ"

"အန်တီ ဒါပဲနော်"

မင်းဒီပက ဖုန်းနှင့် နဖူးကိုခေါက်ရင်း သူ့မှာအတွ ရေးကိစ္စထိ အကူအညီတောင်းလို့ရတဲ့ သူငယ်ချင်းရင်းချာ နည်း လှပါလားလို့ ခုမှပဲ စိတ်ပျက်မိသည်။ နည်းနည်းပါးပါး မိတ်ဆွေဖြစ်ရုံနှင့်လည်း ဒီကိစ္စမျိုး ဘယ်လိုခိုင်းရမလဲ။ မင်းဒီ တာရာ့ ဟန်းဒ်ဖုန်းကို နှိပ်သည်။ စက်ပိတ်ထားပါသည်တဲ့၊





ဓာချွေးတွေက တစ်စထက်တစ်စ ပိုလို့သာရွှဲနစ် လာသည်။ အရဲစွန့်ကာ တာရာတို့အိမ်ရဲ့ လိုင်းဖုန်းကို လှမ်းခေါ် လိုက်ပါသည်။ တစ်ကြိမ် ... နှစ်ကြိမ် ... သုံးကြိမ်။ ကျွတ် ... တစ်အိမ်လုံးကို နှိုးသလိုတော့ ဖြစ်ပြီထင်တယ်။

"ဟယ်လို"

သောက်ခွ။ မင်းဒီပက ဖုန်းကိုပိတ်ချလိုက်ရပါသည်။ တာရာ့အမေရဲ့ အသံ။ ညဆို ခိုင်းတဲ့ကောင်မလေးတွေက ခြံထဲ ကအိမ်အပိုဆီမှာ ဆင်းအိပ်ကြတာ။ အိမ်ပေါ်မှာ သူတို့သားအမိ သားအဖ သုံးယောက်နှင့် တာရာတို့အဘွားပဲရှိတာ။ ခုတော့ တာရာ့အမေတောင် နိုးသွားပြန်ပြီ။

"တောက်"

မင်းဒီပက စိတ်ရှုပ်ထွေးစွာ တောက်ခေါက်ပစ်မိပြီး ဖုန်းကို ဘေးခုံပေါ် ပစ်ပေါက်ချလိုက်မိပါသည်။ ဘာလုပ်ရမလဲ၊ ဘာလုပ်ရမလဲ။ တောက်။ ငါ ဘာလုပ်ရမလဲ။

မရီးကို စိတ်ပူပန်တဲ့သောက၊ ချစ်သူအတွက် နောက် ကြောင်းမအေးတဲ့သောက။ သွေးထုတ်ပြီး ဆယ့်နှစ်နာရီလောက် များ အမှီပြန်ရောက်နိုင်မလားလို့လည်း တွေးမိကာ ကားကိုလီဗာ နင်း မိုင်နှုန်းမြှင့်တင်မိသည်။ သွေးထုတ်တာက ဘာမှကြာတာမှ မဟုတ်တာ။ ဒါပေမဲ့ မရီးအခြေအနေက ဘယ်လိုမှန်းမသိဘဲနဲ့ ချက်ချင်းပြန်လို့ ရမရက မသေချာ။



www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးအများစုက နိုင်ငံခြားရောက်တာနှင့်၊ တောင်ကြီး၊ မန္တလေးဘက် ဇာတိတွေမှာပဲ အခြေချကြတာနှင့် အရင်းအချာဆိုလို့ စဉ်းစားလို့မှ နီးနီးမရှိ။ အဖေရော အမေပါ ခရီးထွက်နေတော့ သူ့အပြင် မရီးမှာ ဘယ်သူရှိတာမို့လဲ။ ပြီးတော့ ဒါက အပျော်ကိစ္စလည်းမဟုတ်၊ နာရေး ကျန်းမာရေးကိစ္စ။

ခွင့်လွှတ်ပါ တာရာရယ်။

❣ ဓ ❣

"မာမိ တာရာ့ကို ခုလို အခန်းထဲထိ ထမင်းဗို့၊ အခန်းဝက လူထိုင်စောင့် လုပ်နေတာ ပင်ပန်းပြီး အလုပ်ပိုဖို့သက်သက်ပဲ၊ အဲဒီလို မလုပ်ပါနဲ့၊ တာရာ လုံးဝထပ်မလုပ်တော့ဘူးလို့ မာမီ့ကို ကတိပေးပြီးပြီပဲ"

"ညည်းက ထွက်ကိုပြေးထားတာလေ၊ ငါ ဘယ်လိုယုံမှာလဲ တာရာရဲ့၊ ဇွတ်လိုက်သွားဖို့ ထွက်သွားပြီးပြီပဲ၊ ပြန်တံခါးကို သော့ပြန်မခတ်ဘဲ အစ်နဲ့ သော့တန်းလန်းကျန်ခဲ့တာ ဦးတိုး တွေ့ပေလို့ လာနှိုးလို့ လက်မတင်လေး ပြန်မိလာတာ၊ ခိုးရာလိုက်ဖို့ ကြိုးစားနေတဲ့ သမီးကို ဘယ်လိုလုပ် လွှတ်ထားလို့ ဖြစ်မှာလဲ"





တာရာသည် မာကျောအေးစက်နေတဲ့ မျက်ဝန်းကလေးနှင့် မိခင်ဖြစ်သူကို တည်တည်ငြိမ်ငြိမ်ကြည့်ရင်း ...

"မာမိ တာရာ့ကို နားမလည်သေးဘူးလား၊ တာရာ မာမီ့သမီးပါ၊ ကိုယ့်သမီးအကြောင်း ကိုယ်မသိဘူးလား မာမိ"

"သိတယ်လေ၊ ညည်း မင်းဒီပနောက် ခိုးရာလိုက်ဖို့လုပ်တယ်"

"မာမီတို့က တစ်ချိန်လုံး သဘောမတူဘူး၊ ဖြတ်ရမယ်၊ ကွဲရမယ် ပြောနေတဲ့ တစ်လျှောက်လုံး တာရာ မာမီ့ကို အယုံသွင်းတာမျိုး လှည့်ဖြားတာမျိုးနဲ့ ဖြတ်ပါ့မယ် မတွဲတော့ပါဘူးလို့ တစ်ခွန်းများ ပြောခဲ့ဖူးသလား မာမိ၊ မာမိအသိဆုံးပါ၊ မခွဲနိုင်ဘူး၊ တွဲမှာပဲ၊ ဒီဒီ့ကိုပဲချစ်တယ်၊ သူနဲ့ပဲ လက်ထပ်မယ်လို့ အမှန်အတိုင်း စိတ်ထဲရှိတာကိုပဲ ပြောတဲ့ သမီးမျိုးပါ မာမိ"

ဒေါ်ခိုင်ခိုင်က သမီးဖြစ်သူကို စူးစိုက်ကြည့် နားထောင်နေပါသည်။ သမီးထံမှာ ဒီလောက်စိမ်းတောက်နေတဲ့ မျက်ဝန်းမျိုး မမြင်ဘူးပါ။ ဒီလောက်အေးခဲနေတဲ့ မျက်နှာထား မမြင်ဘူးပါ။ သမီးဟာ သူပြောတဲ့အတိုင်းပါပဲ။ အမေက ဖြတ်ရမယ်ပြောလည်း အဆူကြိမ်းမခံရ နည်းလား "ဟုတ်ကဲ့ ... ဖြတ်ပါ့မယ်"လို့ တစ်ခွန်းမပြောခဲ့သူ။ ခေါင်းမာတဲ့သူ။ သူလုပ်ချင်ရာကို အသာတကြည် ပြောဆိုအသိပေးကာ ဇွတ်လုပ်မယ်ဆိုတဲ့စရိုက်။



www.burmeseclassic.com

www.burmeseclassic.com



"အခု တာရာ မာမီကို အကြိမ်ကြိမ်ပြောပြီးပါပြီ။ အဲဒီ မင်းဒီပ ဆိုတဲ့လူကို လုံးဝစိတ်မဝင်စားတော့ဘူး၊ ခေါင်းထဲက ရင်ထဲက အားလုံးက ထုတ်ပစ်လိုက်ပြီ၊ တာရာတစ်ကိုယ်လုံးထဲမှာ ဘယ်နေရာမှာမှ သူ့ကဏ္ဍ ချောင်ကပ်ပြီး မကျန်ရစ်တော့ဘူး မာမီ၊ သိပ်စိတ်နာတယ်"

တာရာသည် အသံလေးတုန်ယင်ကာ မျက်ရည်ရစ်လည်လာသည်။

"အသည်းကွဲပြီး ငိုတာမဟုတ်ဘူးနော်၊ အသည်းနာလို့ ကြိတ်မနိုင်ခဲမရဖြစ်လို့ မျက်ရည်က ထွက်လာတာ၊ သူ့ပါးကို ရိုက်ချင်တယ်၊ အကြိမ်တစ်ရာ ရိုက်ချင်တယ်၊ လုပ်ခွင့်မရလို့ ရင်ထဲမှာ အောင့်တောင်အောင့်နေတယ်၊ ကျေးဇူးပြုပြီး ယုံကြည်နားလည်ပေးပါ၊ ထမင်းတွေ ဘာတွေလဲ လူနာလို လာပို့မနေပါနဲ့၊ အရင်အတိုင်း နေမြဲတိုင်း ပြန်နေချင်တယ်၊ အပြင်ကိုလည်း ပြန်လွှတ်ပါ"

"ဒီလောက် မြန်မြန်ကြီး ညည်းကို စိတ်ချရမလား"

"စိတ်ချရမယ်၊ ခုချိန်မှာ တာရာ ဘာမှမဖြစ်သလို နေပြရမှာ၊ သူနဲ့ မတော်တဆ တွေ့ရင်လည်းတွေ့မယ်၊ တွေ့ရင် နင်လိုကောင်ကို လုံးဝစိတ်မဝင်စားတော့ဘူးဆိုတာ အေးအေးဆေးဆေး ပြောနိုင်ရမှာ၊ တာရာကို ယုံကြည်စိတ်ချနိုင်သွားလို့ မာမီတို့ကတောင် အပြင်ကို အရင်အတိုင်း ပြန်လွှတ်ထားပြီဆိုပြီး ကိုယ့်ရဲ့ Roll ကို တင်ရမှာ ...





ခုလို ဆက်ပြီးပိတ်လှောင်ထားတာ သူသိတော့ တာရာကပဲ ခုထိ အိမ်ကအလစ်ထွက်ပြေးချင် သူ့နောက်လိုက်ချင်နေသေးလို့ မာမီတို့က ချုပ်ထားရတုန်းလို့ ထင်စရာ မဖြစ်ပေဘူးလား မာမီ၊ အဲလို အထင်ခံရမှာ အောက်လွန်းလို့ အသည်းနာလွန်းလို့ပါ၊ တာရာကို လွှတ်ပေးပါ၊ လွှတ်လွှတ်လပ်လပ် ထားပေးပါ၊ သူ့ကို တာရာ မချစ်တော့ဘူး၊ ဘယ်တော့မှလဲ မယူတော့ဘူး မာမီ၊ မယုံနိုင်ဘူးလား၊ တာရာ လိမ်မပြောတတ်ပါဘူး မာမီရယ်"

ဒေါ်ခိုင်ခိုင်သည် နာနာကြည်းကြည်း နင့်နင့်သီးသီး အံကြိတ် မျက်ရည်ကျနေတဲ့ သမီးဖြစ်သူကိုကြည့်ကာ သမီးရဲ့စကားကို ယုံကြည်ပါသည်။ တာရာဟာ သူ မလုပ်ချင်သေးဘူးဆိုရင် ဘာက လုပ်ရမယ် အကြပ်ကိုင်လည်း ခေါင်းမာမာနှင့် မလုပ်ဘူးသာ တင်းခံတဲ့ဗွေမျိုးနှင့် ဖြစ်သည်။

သူ ပြောသလိုပင် မင်းဒီပကို ဖြတ်ပါမယ်လို့ တစ်ကြိမ်မှ လက်မခံခဲ့ဖူးတာပါ။ တကယ်တော့ ဒီကိစ္စမှာ တာရာ့ဒက်ဒီ ဖြစ်သူကပင် ...

"ကောင်လေးက အခုတောင် သူ့ဆိုင်သူ ဖွင့်နေပြီပဲ၊ စောင့်ကြည့်ဦးပေါ့၊ သူတို့လည်း ချက်ချင်းယူကြမှာမဟုတ်သေးဘဲဟာ၊ လေ့လာပေါ့၊ လုပ်ရည်ကိုင်ရည်ရှိရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ မင်း မျက်စိမှိတ်ပြီး သဘောမတူနိုင်ဘူး အော်မနေနဲ့တော့၊ ဘာလုပ်မှာလဲ၊ ကိုယ့်သမီးက သူ့ဘက်ပါနေပြီပဲဟာ"

အဲသလိုတောင် ပြောနေခဲ့သေးတာပါ။

လုံးဝသဘောမတူတာကတော့ ဒေါ်ခိုင်ခိုင်။ သဘောမတူဆို ဒေါ်ခိုင်ခိုင် သဘောတူတဲ့ စင်ကာပူက ဘွဲ့ရလာတဲ့ ကောင်ကလေးအဖေက စင်ကာပူက ကော်ပိုရေးရှင်းကြီးတစ်ခုမှာ အမှုဆောင်ဒါရိုက်တာပင်ဖြစ်ကာ ရှယ်ယာတွေ အတော်ဝင်ထားပြီးတဲ့ သူဌေး။ ဟိုနိုင်ငံမှာတောင် သူဌေးကြီးအဆင့် ဝင်နေပြီ။

ဒါပေမဲ့ အဲဒီသူဌေးကြီးရဲ့ မိဘတွေ၊ သူဌေးကတော်ရဲ့မိဘတွေကတော့ မြန်မာပြည်မှာမို့ သူတို့မိသားစုက သွားချည်လာလှည့် ကူးသန်းနေကြတာ။ ကောင်လေးက တာရာ စင်ကာပူကျောင်းသွားတက်တုန်းကတည်းက ကြိုက်ခဲ့သူပင်။ သူ့မိဘတွေကလည်း မြန်မာပြည်က မိန်းကလေးနှင့်ပဲ သဘောတူသည်ဆိုတော့ လိုလိုလားလား ရှိကြသည်။

မင်းဒီပတို့နဲ့ဆို မနှိုင်းယှဉ်သာအောင် ပြည့်စုံချမ်းသာကြွယ်ဝပြီး ဝင်ဆန့်ကြတဲ့ ဂရိတ်မိသားစုမို့ တာရာ့ကို ဒီကောင်ကလေးနှင့်သာ ဖြစ်စေချင်စိတ်က ဒေါ်ခိုင်ခိုင် တစ်ယောက်မှာသာ ပြင်းထန်နေတာပါ။





"မာမီ ... တာရာ့ကို ဒီလို ပိတ်လှောင်ထားရင် တာရာ သေသွားလိမ့်မယ်၊ သူကလည်း တာရာ သူ့ကို မပြတ်လွန်းလို့ မာမီက ချုပ်ထိ လှောင်ထားတယ်ပဲ ယုံကြည်နေမယ်၊ အဲဒါကို သည်းမခံနိုင်ဆုံး၊ ဘာမှမဖြစ်တော့ဘူး စိတ်ထဲလည်းမရှိ ရင်ထဲလည်းမရှိ သင်းကို လှည့်ကိုမကြည့်တော့တာ သေချာလို့ မာမီတို့ကပါ အေးအေးဆေးဆေး လွှတ်ထားတယ်ဆိုတဲ့ အမြင်ကို ရပါရစေ၊ တာရာ အောက်လွန်းလို့ပါ မာမီရာ"

မျက်ရည် ပေါက်ခနဲ ပေါက်ခနဲ ကျနေတဲ့ တာရာ့ရင်ထဲက အစိုင်အခဲကို ဒေါ်ခိုင်ခိုင် မြင်တွေ့ပါသည်။ အဲဒီညက သူတို့သိချိန်ဟာ သန်းခေါင်ကျော် တစ်နာရီထိုးဖို့ ဆယ်မိနစ်လောက် အလိုမှာပါ။ လမ်းထိပ်ထွက်ပြီး တစ်ဖက်တစ်ချက်ကို လိုက်ကြစဥ်မှာ တာရာဟာ ချိန်းထားတဲ့နေရာရဲ့ မည်းမှောင်နေတဲ့ မှောင်ရိပ်တစ်ခုမှာ တစ်ယောက်တည်း ကြောက်လန့်နာကျင်စွာငိုကြွေးနေတာ တွေ့ခဲ့ရတာပါ။

"ဒါဖြင့် မာမီမေးတာ မှန်မှန်ပြောမလား တာရာ"

"အကုန်မှန်မှန်ဖြေမယ်"

"မင်းဒီပ ဘာလို့ရောက်မလာတာလဲ သိပြီးပြီလား၊ ဖုန်းအဆက်အသွယ် ရသလား"



www.burmeseclassic.com

www.burmeseclassic.com



"တာရာ ဖုန်းလုံးဝပိတ်ထားတယ်၊ ဒါပေမဲ့ သမီးသူငယ်ချင်း ငယ်ငယ်ကနေ တစ်ဆင့်တော့ စုံစမ်းကြည့်တယ်၊ ငယ်ငယ့်ဆီ သူ ဖုန်းဆက်ပြီး ရှင်းပြတာ၊ တာရာ့ကို ပြောပေးပါ ဆိုပြီးတော့"

"ဘာတဲ့လဲ"

"အဲဒီနေ့ညက သူ့မရီး အဘောရှင်း ဖြစ်သွားတယ်"

ဒေါ်ခိုင်ခိုင့် မျက်နှာက နားမလည်နိုင်အောင်ရှိရင်း...

"သူ့မရီး အဘောရှင်းဖြစ်တာ သူနဲ့ဘာဆိုင်လို့လဲ"

"သူတိုင်း အဲသလို ပြောကြမှာပဲ မာမီ၊ ဒါပေမဲ့ သူနဲ့သူ့မရီးက တစ်ယောက်အပေါ်တစ်ယောက် လိုအပ်တာထက် ပိုအလေးထား ဂရုစိုက်ကြတယ်၊ သူ့မရီးကလည်း သူ့ကို သိပ်ချစ်တယ်၊ သူကလည်း သူ့မရီးကို သိပ်ချစ်တယ် မာမီ၊ သူ့မရီးမှာ အရေးအကြောင်းရှိရင် သူက တုန်နေတာ"

"အဲဒါ ဘာသဘောလဲ"

"အဲဒါ ... အဲဒါ ... တာရာလည်း မပြောတတ်ဘူး မာမီ၊ သူတို့နှစ်ယောက်ကို တစ်ခါတစ်ခါ တာရာ ကိုယ်တိုင်ပါ မျက်စိစပါးမွေးစူးခဲ့ရဖူးတယ်၊ အခု သူ့ကော်ဖီဆိုင်ကလည်း သူ့မရီးက သူ့အတွက် ထူထောင်ပေးလိုက်တာ၊ သမီးရဲ့မိဘဆီမှာ မျက်နှာငယ်ရမှာစိုးလို့ ကိုယ်ပိုင်လုပ်ငန်းလေး တစ်ခုအနေနဲ့ ထူထောင်ပေးလိုက်တာ၊ ဆိုင်ဖွင့်ခါနဲ့ပရိဘောဂ





ဖိုး သိန်းသုံးရာကျော်ကို သူ့ကို အနုလကား လက်ဆောင်ပေးတာ၊ သူကလည်း သူ့အစ်ကို မရှိတော့ဘူးဆိုပြီး မရီးကို သူပဲစောင့်ရှောက်ရမယ်ဆိုတဲ့စိတ်က ခိုင်ခိုင်မာမာကြီး ဖြစ်နေတယ်"

ဒေါ်ခိုင်ခိုင်က မျက်မှောင်ကုတ်ရင်းက ...

"ညည်းပြောပုံကလည်းအေ၊ သူတို့က ရိုးကောရိုးကြရဲ့လား"

"တာရာ သူတို့ ရိုးသားကြတယ်လို့တော့ ခုထိ ယုံပါတယ် မာမီ၊ ဒါပေမဲ့ ဦးစားပေးစရာရှိတိုင်း မရီးက ရှေ့ဆုံးက ဖြစ်နေတာကို ခံစားရတာ၊ အခုလို ကိုယ့်ထက်ပိုဦးစားပေး ရွေးချယ်လိုက်တာကို နာကြည်းတာ"



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"မမွန် ... မလင်းလက်"

မင်းဒီပက ခုတင်နားမှာရှိနေသူ နှစ်ယောက်ကို လေသံနှင့် နှုတ်ဆက်ရင်း ...

"မရီး အိပ်ပျော်နေတာလား"

ခပ်တိုးတိုး ဆက်မေးလိုက်ပါသည်။ လူကပက်လက်ပေမယ့် ခေါင်းက တစ်ဖက်စောင်းကာ မျက်လုံးမှေးမှိတ်နေတဲ့ ရွှေရုပ်ထံမှ ...

"မအိပ်ဘူး ဒီဒီ၊ တို့ နိုးနေပါတယ်"

"အမယ်လေးတော်၊ လန့်လိုက်တာ တကယ်ပဲ၊ ဘာတင် ခွန်းမှ အသံမပြုဘဲနဲ့များ အိပ်ချင်ဟန်ဆောင်နေတယ်၊ ငါတို့မှာ သူ နိုးသွားမှာစိုးလို့ စကားတောင် သေချာမပြော ကြရဘူး၊ သူ့အကြောင်း ပြောနေတာလည်း ကြားသားနဲ့ ငါတို့ကျ ဘာမှပြန်မပြောဘူး"





"ကြားသားပဲ နင်တို့ ငါ့ကို အတင်းပြောနေတာ၊ တမင် မှန်းလို့ ဘာမှပြန်မပြောတာပေါ့"

ရွှေရုပ်က ခပ်ယဲ့ယဲ့နှင့် ရန်တွေ့လျှင် လင်းလက်တို့ ကုပ်ပုရယ်မိပြီး ...

"ဘာဆက်ပြောမလဲ သင်းက နိုးနားထောင်နေတာဟဲ့"

မင်းဒီပက ခုတင်ပေါ် ကိုင်းငုံ့ရင်း ...

"မရီး အိုက်စ်ကရင်မ် စားချင်တယ်ဆိုလို့ ကျွန်တော်ဝယ် လာတယ်၊ အခု စားမလား"

"အင်း ... နည်းနည်းစားမယ်"

"ပေး ... တို့ ထည့်ပေးမယ်"

မွန်မွန်က လှမ်းယူကာ ပန်းကန်နှင့် ပြင်ထည့်ရင်း ဗိုတဲ့ဘူးကို ရေခဲသေတ္တာလေးထဲ ထည့်ထားလိုက်ပါသည်။

"မရီး ... မေမေက ညနေမှ လာမယ်"

"ရပါတယ် ဒီဒီရယ်၊ ဆေးရုံပေါ် နေနေရတယ်ဆိုတာက လွဲရင် လူက အကောင်းပါပဲ၊ နွမ်းနယ်နေတာပဲ ရှိတာပါ၊ မေမေတို့ လူကြီးတွေ နားပါစေ၊ နေ့တိုင်းလာနေဖို့ မလို ပါဘူး"

"လာရတာ ဘာပင်ပန်းလို့လဲ၊ ကားလေးစီးပြီးလာ၊ ပြီးတော့ မရီးအခန်းက နှစ်ခန်းတွဲကြီး၊ ဧည့်ခန်းနဲ့ ဒီမ်ကိုကျလို့"

"ဒီဒီ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ်က မျက်နှာညိုးညိုးလေးနှင့် စကားဖြတ်ခေါ်

လိုက်ရင်း ...

"တာရာ့ကို ဖုန်းဆက်လို့ရလား"

"လုံးဝဖုန်းမဖွင့်ဘူး၊ အိမ်ဖုန်းလည်း မဆက်ချင်ဘူး မရ

ရာ၊ သူ့သူငယ်ချင်း ငယ်ငယ့်ကိုတော့ ဖုန်းဆက်ရှင်းပြ

လိုက်ပါတယ်၊ သူက ပြောတော့ ပြောပြပေးမှာပေါ့"

"ဆေးရုံက ဆင်းချင်လိုက်တာဟယ်"

မွန်မွန်က လှည့်ကြည့်ရင်း ...

"ဘာလဲ ... နင်ကိုယ်တိုင် သွားရှင်းပြချင်နေတာ မဟုတ်

လား"

"ငါ့ကြောင့် ဖြစ်ရတာလေ မွန်မွန်ရယ်"

"အာ ... မရီးကလည်းဗျာ၊ အဲဒီ ငါ့ကြောင့်ဖြစ်ရတာကြ

ကို အစွဲထားမနေနဲ့၊ ဖြစ်စရာရှိလို့ ဖြစ်တာ၊ လွဲစရာရှိ

လွဲတာ ဒါပဲ"

"ဘယ်ဟုတ်မလဲ၊ အဲဒီနေ့က အစ်မ အဲလိုဖြစ်သွားလို့၊ 

သေသေချာချာမှာရက်နဲ့၊ သူ့ကို မခေါ်ပါနဲ့လို့ မွန်မွန်ရယ်"

"ဟဲ့ ... ငါ သူ့ကိုမခေါ်လို့ ဘယ်သူ့ခေါ်ရမလဲ၊ နင့်စိ

ကူးထဲတောင် ငါကလွဲလို့ လှမ်းခေါ်စရာ တခြားမရှိ

ငါက သူ့ဆီမဆက်ရင် ဘယ်သူ့ဆီ ဆက်ရမလဲ၊ 

လည်းလိုနေတာ၊ ပြီးတော့ အဲဒီနေ့ ဒီဒီ မိန်းမခိုးပါ





လို့ ငါက ဘယ်ကသိထားလို့လဲ၊ သူကလည်း ကျွန်တော်

မိန်းမခိုးမလို့ဗျလို့ မပြောဘူး"

ဗိုက်ထဲက စူးတူးစူးတူး နာတာတာလေးတော့

ဖြစ်နေသလိုရှိတာ တစ်ချက် တစ်ချက်မှပါ။ အချိန်ပြည့် နာတာ

လည်းမဟုတ်၍ တစ်ခုခုမထင်။ အဲဒီနေ့ကတော့ ညနေကတည်း

က နာလာသည်။ အာရုံထဲမှာ ဒီည ဒီဒီတို့ ပြေးမယ့်ည ဆိုတာ

စွဲလမ်းနေပြီး ဒီညမှာတော့ နမိတ်မရှိသလို ဆေးရုံတွေ ဘာတွေ

မရောက်ရချင်ပေ။ ဗိုက်နာတာကိုတောင် ဒေါသဖြစ်နေမိခဲ့ပါသည်။

ညကိုးနာရီကျော်မှာ သွေးတွေဆင်း၊ အဖျားတွေ

တက် မျက်စိတွေ ပြာဝေကာ ဘယ်လိုမှမဟန်မှ မွန်မွန့်ကိုလှမ်း

ခေါ်လိုက်တာ။ ရွှေရုပ်ရဲ့အခြေအနေက ကလေးက အထဲမှာဆုံး

နေတာဖြစ်၍ ချက်ချင်းကျမလာဘဲ ရက်အနည်းငယ်ရှိမှ ကျလာ

တာဖြစ်သည်။ အဆိပ်တက်ကာ သတိလစ်မေ့မြော အဖျားတက်

ပြီး အတော်ဝေဒနာခံစားလိုက်ရပါသည်။ ဒီအင်န်စီလုပ်ထားပြီး

လိုအပ်သော စမ်းသပ်စစ်ဆေးမှုတွေတော့ စစ်ဆေးထားတုန်း။

လူက နေလို့မကောင်းပါ။ ကိုယ့်ကိုယ်ကိုယ် ဝေဒနာ

ပြင်းထန်တယ်ဆိုတာ သိနေသည်။ မလှုပ်ချင်သလို ဖျော့တော့

နေသည်။ စိတ်ကလည်း နေလို့မကောင်းပါ။ ရင်သွေးလေး ဆုံး

ရှုံးလိုက်ရတဲ့ ကြီးမားသော ဆုံးရှုံးမှုဒဏ်ရာဒဏ်ချက်ကလည်း

စိတ်ကို နာလန်မထူစေ။



www.burmeseclassic.com

www.burmeseclassic.com

ဒါ့အပြင် ငါ့ကြောင့် ဒီဒီ့အရေးကိစ္စ အထစ်အငေါ့ အပျက်အကွက် ဖြစ်သွားရတယ်ဆိုတဲ့ ဝမ်းနည်းယူကျုံးမရတဲ့ စိတ်ဒဏ်ရာ။ အဲဒါ့အပြင် ကိုယ့်ကိုယ်ကိုယ် ရောဂါဝေဒနာတစ်ခုခုများ ရှိနေလေသလားလို့ သံသယတွေးနှင့် စိတ်ထင့်ကြောက်လန့်နေတဲ့ဝေဒနာ။

ဆေးရုံပေါ်မှာ ငါးရက်လောက်အတွင်း ရွှေရုပ်သည် ပိန်ကာချုံးကျသွားသည်။ အရင်က သိပ်မပေါ်လွင်တဲ့ ဗိုက်ကကလေးပျက်ကျသွားပေမယ့် ငေါငေါကလေးပူကာ ကျန်ရစ်သည်၊ ပါးရိုးတွေပေါ်ကာ မျက်ကွင်းတွေ ညိုနေပါသည်။ အလိုလို ရင်ထဲတလှပ်လှပ် ဝမ်းနည်းလှိုက်မောနေပြီး လူလစ်တိုင်း မျက်ရည်နှိုး ရှိုက်ကျနေမိပါသည်။

ဖေဖေတို့ မေမေတို့ကလည်း အဆက်အသွယ်လုပ်လို့မရ။ သူတို့ဆက်သွယ်လာမှသာ ပြောပြနိုင်မှာ။ ကိုယ့်ကြောင့် ဒီဒီ့အချစ်ရေး ယိုင်ပြိုသွားတာကိုတော့ ဝမ်းအနည်းဆုံးပင်။ နှ… ကတည်းကပင် ရွှေရုပ်အပေါ် အလေးထား ဂရုစိုက်လှတဲ့ ဒီဒီ… တာရာ မကြည်ဖြူချင်တာ မိန်းမချင်း ရိပ်မိပါသည်။

ဒါပေမဲ့ တာရာဟာ တခြားမိန်းကလေးတွေထက် ယေဘုယျကျကျ သဘာဝကျကျ ရှုမြင်တတ်ပြီး ဉာဏ်လည်းထက်မြက်ကာ စိတ်သဘောလည်း တအားမသေးလှလို့သာ ကြည့်…နိုင်တာ။ ခုလို ဘဝရဲ့အရေးတကြီး ချုံးကွေ့ စွန့်စားရမယ့် အပြော…





အလဲမှာ ဒီဒီ ခုလို ပျက်ကွက်လိုက်ခြင်းဟာ မိန်းကလေးဘက်က ကြည့်ရင် ကြီးမားတဲ့ အပြစ်ကြီးတစ်ခု ဖြစ်နေမှာပင်။

စချက်ချင်း သွားနိုင်လာနိုင် လန်းဆန်းကျန်းမာလိုက်ချင်တော့တာပင်။

ဒါမှ တာရာအိမ်အထိ လိုက်သွားကာ သေသေချာချာ ရှင်းပြတောင်းပန်နိုင်မည်။

"မရီး ... ဆရာဝန်က ဘာပြောသေးလဲ၊ ဘယ်တော့ဆင်းနိုင်မလဲ"

"မဆင်းရသေးဘူးတဲ့"

နွမ်းလျနေတဲ့ ရွှေရုပ်ကို မင်းဒီပက အားမလိုအားမရ စိုက်ကြည့်နေပါသည်။ မိန်းမတစ်ယောက်ဟာ ကလေးပျက်ကျသွားတာ ဒီလောက်တောင် ရုပ်ပျက်ဆင်းပျက် လူနာကြီးလို ဖြစ်သွားလား။ မေမေတောင် တအံ့တသြ ပူပန်နေပါသည်။

"ရွှေရုပ်ပုံစံက ဘာဖြစ်လို့ ဒီလောက် တအားကြီး ချုံးချုံးကျရလည်း မသိပါဘူး၊ သားအိမ်ထဲက အားလုံး အကုန်အစင်မှ ကျရဲ့လားမသိဘူး၊ ကျန်နေပြုနေပြီးတော့ အဲဒီအရှိန်နဲ့ ဆက်ကျန်းမာနေတာလား ဘာလား"

"ဆရာဝန်တွေ မင်းထက် နားလည်မှာပါ မိန်းမရယ်၊ သူတို့ သိပါတယ်၊ ခုလည်း စမ်းသပ်စစ်ဆေးမှုတွေ မျိုးစုံလုပ်ထားတာပဲဆို"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနှင့် မေမေလည်း ရွှေရုပ် အတွက် သောက စိတ်တွေနှင့် မအေးချမ်းပါ။ မေမေဟာ ရွှေရုပ်အပေါ် ပြောင်းလဲသွားပြီ၊ ညနေတိုင်း အရောက်လာသည်။ နံနက်စာကို မွန်မွန့်အိမ်က စီစဉ်ကာ ညစာကို ဒေါ်ခင်လေးသီ စီစဉ်လာပါသည်။ သို့ပေမဲ့ ရွှေရုပ်က အစားမဝင်လှပါ။

"မဆင်းရတာ ကောင်းပါတယ်၊ ဆေး;ရုံပေါ်နေနေရတာ ပိုလည်းအနားရတယ်၊ ပိုလည်းစိတ်ချရတယ်၊ အိမ်မှာ ကိုယ်ပဲရှိတာ၊ ရွှေရုပ်ရယ် ... ဆေးရုံကဆင်းပြီး နင့်အမေ အမေလည်း ပြန်ရောက်ပြီးရင်တော့ နင် အန်ကယ်တို့ အန်တီတို့နဲ့ပဲ ပြန်နေပါဟယ်၊ အဖော်တွေရှိပေမယ့် တစ်ခုခုဆို နင်ကလွဲပြီး စီစဉ်ညွှန်ကြားတတ်တဲ့သူမှ မရှိတာ နင်ဖြစ်တော့ သွားရောပေါ့"

"ဟုတ်တယ် မရီး၊ မမမွန် ပြောတာ ဟုတ်တယ်၊ အန်တီသခင်တို့နဲ့ပဲ ပြန်နေပါဗျာ"

"ဒွဒွ"

"ဗျာ"

"ရက်တွေသိပ်ခြားသွားရင် သွေးအေးသွားမယ်၊ တာရာကို လူချင်းတွေ့ပြီး ရှင်းပြဖို့ ကြိုးစားစမ်းပါ၊ ဆက်သွယ်မရဘူးဆိုပြီး ပစ်မထားလိုက်နဲ့လေ၊ သူငယ်ချင်းကတစ်ဆင့်ပြောလိုက်တာကလည်း လုံးစေ့ပတ်စေ့ ရေရေရာရာပြောနိုင်တာ မဟုတ်ဘူးလေ၊ တာရာ စိတ်နာနေတော့မယ်"





"အဆက်အသွယ်မှ မရဘဲ မရီးရာ၊ ဖုန်းလည်း ပိတ်ထားပါတယ်ဆို"

"ပိတ်ထားပေမယ့် နေ့တိုင်း ခေါ်ကြည့်ရဲ့လား"

"ခေါ်ကြည့်ပါတယ်၊ လုံး၀မဖွင့်ဘူး"

❣ ဓ ❣

ဆရာဝန်ရဲ့ဆေးခန်းထိုင်ချိန်မှာ ရွှေရုပ်က နာ့ခ်တွန်းသော ဗီးချဲစီး၍ အောက်ထပ်ဆင်းလာကာ ဝင်ပြရပါသည်။ စစ်ဆေးချက်စာရွက်တွေ အားလုံးကတော့ ဆရာဝန်ဆီရောက်ပြီးပါပြီ။

"လာ ... လာ သမီး၊ ဘယ်လိုနေလဲ အခု"

"မောပြီး မလှုပ်ချင်ဘူး မမ"

"ဗိုက်က နာသေးလား"

"နာတယ် မမ၊ တစ်မျိုးပဲ ကလီဇာတွေကို ဆုပ်ဆွဲထားသလို နာတယ်"

"မိဘတွေ ခရီးသွားတယ်ဆိုတာ ပြန်ရောက်ပြီလား"

"မရောက်သေးပါဘူး၊ နှစ်ပတ်ရှိပြီဆိုတော့ ရောက်တော့မှာပါ၊ သိပ်ကြာတော့မယ် မထင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ သမီးရဲ့လူနာရှင်အဖြစ် သမီးရဲ့ကျန်းမာရေးနဲ့ ပတ်သက်ပြီး တိုင်တည်ဆွေးနွေးရမယ်ဆိုရင် ဘယ်သူနဲ့ ပြော နိုင်လဲ၊ ယောက္ခမတွေလား၊ ညီအစ်ကိုမောင်နှမရှိလား၊ မနက် နေ့လယ်တွေ တွေ့တွေ့နေရတာတွေတော့ မောင်နှမ တွေလား၊ သူငယ်ချင်းတွေလား"

"သူငယ်ချင်းရယ်၊ ဟိုတစ်ယောက်ကတော့ မောင်လေးပါ"

"အဲဒီမောင်လေးနဲ့ရော ဆွေးနွေးစကား ပြောလို့ရလား"

"ပြောလို့က ရပါတယ် မမ၊ ဒါပေမဲ့ ကျွန်မရဲ့ရောဂါ အခြေအနေတွေနဲ့ ပတ်သက်ပြီးတော့ ဆိုရင်တော့ ကျွန်မ ကိုယ်တိုင်ကိုပဲ ပြောပါ"

"ညီမကိုပဲ ပြောရမယ် ဟုတ်လား"

"ဟုတ်ကဲ့၊ ဆိုးဆိုး ကောင်းကောင်း ကိုယ့်အခြေအနေကို ကိုယ်တစ်ယောက်ပဲ လုံလုံခြုံခြုံ သိချင်ပါတယ် မမရယ်၊ ကျွန်မက မုဆိုးမပါ၊ အမျိုးသားက ဆုံးသွားပါပြီ၊ ဘာပဲ ဖြစ်ဖြစ် ကိုယ့်ဟာကိုယ် ရပ်တည်နေတဲ့ အိမ်ထောင်ခွဲပါ_

မိဘလက်အောက်က အပျိုလေးလည်း မဟုတ်တော့ လို့ ကျွန်မရဲ့ကျန်းမာရေး၊ ကျွန်မရဲ့ရေ့ရေး အနာဂတ်တွေ ကို ကိုယ့်ဟာကိုယ်ပဲ စီစဉ်ဆုံးဖြတ်ရမှာမို့လို့ပါ၊ ကျွန်မက ကာယကံရှင်အနေနဲ့ ကျွန်မရဲ့ကျန်းမာရေး၊ ကျွန်မရဲ့ရောဂါ





အခြေအနေ သေးကွေးတယ်ပဲဖြစ်ဖြစ် ကြီးလေးတယ်ပဲဖြစ် ဖြစ် ကျွန်မကလွဲလို့ တခြားသူကို အသိပေးဖို့ ကျွန်မခွင့် မပြုနိုင်ပါဘူး ဒေါက်တာ"

ဆရာဝန်မက မေးအောက်လက်ထောက်ကာ ရှေ့ရပ် ကို အကဲခတ်ရင်း နားထောင်နေပါသည်။ ဆရာဝန်တို့ရဲ့ကျင့် ဝတ်ထဲမှာ လူနာတစ်ယောက်ရဲ့ ရောဂါအခြေအနေ အတွင်းစကား တို့ကို ထိုလူနာ ခွင့်မပြုဘဲ တခြားသူကို ဖွင့်မပြောရပါ။ လူနာက ဖုံးအုပ်ထားစေလိုလျှင် ဖုံးအုပ်ထားပေးရပါသည်။ တစ်ခါတစ်ရံ တော့လည်း လူနာရဲ့အခြေအနေမှန်ကို လူနာကို ပေးမသိဘဲ လူနာရှင်ကိုသာ အသိပေးရတာမျိုးလည်း ရှိတတ်၍ အတိအကျ စည်းကမ်းချက်ရယ်လို့တော့ မဟုတ်ဘဲ အခြေအနေ အကြောင်း ကြောင်းကို ထောက်ချင့်ပြီး ဆုံးဖြတ်ရတာမျိုးပင်။

"ကျွန်မ ကျောင်းသူဘဝလောက်က ကျွန်မရဲ့အစ်မဝမ်းကွဲ တစ်ယောက် ရန်ကုန်လာလည်ရင်း ကိုယ်ဝန်ပျက်ကျပြီး ဆေးရုံတက်ရဖူးပါတယ်၊ အဲဒီတုန်းက ကျွန်မ လူနာစောင့် ပေးရပါတယ် မမ၊ ကိုယ်ဝန်ပျက်ကျလို့ နည်းနည်း သွေးနုသလို ဖြစ်သွားတာကလွဲရင် သူ လူမမာကြီးတစ် ယောက်လို မဖြစ်ခဲ့ပါဘူး၊ ကိုယ်တိုင်ပြုစုခဲ့ရလို့ သိပါတယ်၊ အခု ကျွန်မပုံစံနဲ့ တခြားစီပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ သမီးက တခြားကိုယ်ဝန်ပျက်ကျတာတွေနဲ့ မတူပါဘူး၊ တချို့ပျက်ကျတာက ရုတ်တရက် ပျက်စီးပြုတ်ကျဆင်းလာတာမျိုးပေါ့၊ သမီးက အထဲမှာ သန္ဓေသားက သေနှင့်ပြီး ရှိးရှိးပြောရင် နည်းနည်းတောင် ပုပ်နေပြီပေါ့၊ ချက်ချင်းဆင်းမလာဘဲ ရက်ကြာမှ ဆင်းလာတဲ့အတွက် သမီးလည်း ခံရတယ်၊ ခုလို ကိုက်ခဲနာကျင်တာ ရုတ်တရက် အဖျားတက် သတိလစ်တာတွေ ဒါကြောင့်ဖြစ်တာပါ"

"ဒါဖြင့် ကျွန်မ ဆေးရုံက ဘာဖြစ်လို့ မဆင်းရသေးတာပါလဲ"

"လိုအပ်သေးလို့ ခေါ်ထားတာပါ၊ ထပ်စစ်ချင်တာလေးတွေလည်း ရှိတယ်လေ၊ ဒါကြောင့်ပါ၊ ခုတော့ result တွေလည်း ရလာပြီမို့လို့ သမီးကို ခေါ်လိုက်တာ"

ဆရာဝန်က ရွှေရုပ်ကို စစ်ဆေးထားသမျှ result တွေကို ပြန်လှန်ဖွင့်ဖတ်နေပါသည်။

"ဗိုက်ကကော ဘာဖြစ်လို့ ပူနေသေးတာပါလဲ မမ၊ အရင်ကတောင် သိပ်ပြီးဗိုက်မထွက်ဘူး၊ ကလေးက သိပ်ညှက်နေတယ်လို့တောင် မမ ပြောပါတယ်၊ အခုထွက်ကျသွားပြီးမှ ဘယ်လိုဖြစ်လို့ ဗိုက်ကပူနေတာလဲ မသိဘူး"





"သားအိမ်က ရောင်နေတယ် သမီး၊ ပြီးတော့ သားအိမ်ထဲမှာ သန္ဓေသားမဟုတ်တဲ့ တခြားအကြိတ်အခဲလည်း ရှိနေတယ်၊ အရင်ကတော့ သားအိမ်မရောင်ဘူးလေ၊ ခုမှ သန္ဓေသား ပြုတ်မကျခင် အထဲမှာ ပုပ်နေသေးတဲ့ဒဏ်နဲ့ Infection ဝင်ပြီးတော့ ရောင်နေတာပါ"

"အကြိတ်အခဲ ဆိုတာကကော မမ"

"အဲဒါလည်း ပြောမလို့ သမီးကို၊ Operation လုပ်ဖို့ရှိတယ် သမီး၊ သမီးရဲ့သားအိမ်ကို ထုတ်ပစ်ရလိမ့်မယ်"

"သားအိမ်ကို ထုတ်ပစ်ရမယ် !"

"အသက်က သုံးဆယ်မပြည့်သေးတော့ သားအိမ်ထုတ်ပစ်ဖို့ သမီး နှမြောကောင်း နှမြောနိုင်တယ်ဆိုပေမယ့် သမီးရဲ့ကျန်းမာရေး အခြေအနေအရတော့ ထုတ်ကိုထုတ်ပစ်ရပါမယ်၊ မထုတ်လို့ မဖြစ်ပါဘူး"

ရွှေရုပ်က အသက်ရှူစကာအောင့်ရင်း တိုးတိုးမေးလိုက်ပါသည်။

"အကြိတ်တွေဆိုတာ ကင်ဆာလား ဒေါက်တာ"

❦ ❧ ❦



www.burmeseclassic.com

www.burmeseclassic.com



မင်းဒီပက ဖုန်းကိုဖွင့်ရင်း ...

"ဟော့ ... အောင်သက် ... ပြော"

"ဟောကောင် ... ငါက အလုပ်ကိစ္စတစ်ခုနဲ့ စင်ကာပူသံရုံးနား ရောက်နေတာကွ၊ ဒီမှာ တာရာ ရောက်နေတယ် ဒီပ၊ ဗီဇာ လာယူတယ် ထင်တယ်"

"ဟုတ်လား"

"အေး ... မင်း အမြန်လာပါလား"

"ဘယ်သူပါလဲ သူ့ဘေးမှာ၊ သူ့အမေတို့ ဘာတို့"

"ဘယ်သူမှ မပါဘူး၊ ကျောင်းဘက်ခြမ်းမှာ သူ့ကားရပ်ထားတာလည်း တွေ့တယ်၊ ဒရိုင်ဘာတောင် မပါဘူး"

"ငါ ခုလာခဲ့မယ် အောင်သက်၊ မင်း စောင့်ကြည့်ထားပေး၊ ထွက်သွားရင် နောက်ကလိုက်ထား၊ ဖုန်းပြန်ဆက်ပေး"

"မင်းလာရင် အနီးလေးဟာ၊ နှစ်မိနစ် သုံးမိနစ်ရယ်၊ သူလည်း လောလောဆယ် သွားကိုမသွားသေးဘူး စိတ်ချ၊ ချက်ချင်း အမြန်လာ"

"အေး ... အေး"

မင်းဒီပသည် ဖုန်းကို ပြေးရင်းက ဘောင်းဘီနောက်အိတ်ထဲထည့်ကာ ဆိုင်ရှေ့က သူ့ရဲ့ဂျစ်ကားလေးပေါ် ချက်ချင်း ပြေးတက် စက်နှိုးထွက်လာခဲ့ပါသည်။ ဘယ်သူမှ မပါဘဲ တစ်





ယောက်တည်း သွားလာခွင့် ရနေတယ်ဆိုရင် သူ့ကို တာရာ ဘာကြောင့် မဆက်သွယ်လာတာပါလိမ့်။

တာရာ သူ့ကို စိတ်နာနေလား၊ ခွင့်မလွှတ်နိုင်ဘူးလား။ ဒါပဲဖြစ်လိမ့်မည်။ စင်ကာပူဗီဇာ လာယူနေသည်ဆိုတာက သူ့ရင်ကို ပူလောင်ပန်းလျှစေတဲ့ သတင်းဆိုးပင်။ သူ မသိအောင် သူ့ကိုမပြောဘဲ စင်ကာပူကို ပြန်ထွက်သွားတော့မလို့ပေါ့။

မင်းဒီပကားက စင်ကာပူသံရုံးနား ရောက်လာပါသည်။ ဟိုးနားမှာ အောင်သက်ရဲ့ကား။ ဟိုဘက်မှာတော့ တာရာ့ကား။

တာရာ့ကားထဲ ဘယ်သူမှ မပါတာ အမှန်ပင်။ အောင်သက်က မင်းဒီပကို မြင်လျှင် အနားရောက်လာကာ ...

"ခုနက အထဲဝင်သွားတယ်၊ သိပ်ကြာမယ် မထင်ပါဘူး၊ ငါ နေလို့မရတော့ဘူးကွ၊ ရုံးပြန်ဝင်ရမယ်"

"အေး ... သူငယ်ချင်း၊ သွားတော့၊ ကျေးဇူးပဲ၊ ငါသူပြန်ထွက်လာတဲ့အထိ စောင့်နေမှာ"

အောင်သက်ထင် ထွက်သွားပြီးနောက် မင်းဒီပကားကို တာရာ့ကားရဲ့နောက်မှာ ကပ်လျက်ရပ်ထားလိုက်ပါသည်။ မိနစ်လေးဆယ်လောက်တော့ စောင့်လိုက်ရကာ ထွက်ပေါက်ဂိတ်မှ တာရာ ထွက်လာပါသည်။

ရှပ်လက်တိုအဖြူ ကိုယ်ကျပ်လေးနှင့် ဂျင်းဘောင်းဘီခိုးရင့်နှင့် အိတ်ကြီးကြီးတစ်လုံးလွယ်ကာ နေကာမျက်မှန်နီညို



www.burmeseclassic.com

www.burmeseclassic.com



ရောင် ခပ်ကြီးကြီးတပ်ပြီး ဒေါက်မြင့်မြင့်ဖိနပ်နှင့် လျှောက်လာတဲ့ တာရာ့ပုံစံက ညှိုးနွမ်းပန်းလျနေတဲ့ပုံ တစ်စက်မှမရှိ။ ကြော့ကြော့ မော့မော့ ကော့ကော့ရော့ရော့လေး လမ်းကူးလာတဲ့ တာရာသည် သူ့ကားနောက်မှာ ရပ်ထားတဲ့ မင်းဒီပကားကို မြင်သွားပါသည်။

မင်းဒီပကိုပါမြင်မှ မျက်နှာက ပိုတင်းသွားကာ သူ့ကားဆီ ခပ်သုတ်သုတ်သွား၍ တက်တော့မည်ဟန်ပြင်တဲ့ တာရာ့လက်တစ်ဖက်ကို မင်းဒီပက ဆွဲထားလိုက်ရင်း ...

"တာရာ"

တာရာက သူ့လက်ကို ဆတ်ခနဲ ဆွဲရုန်းဖြုတ်လိုက်ကာ ...

"လက်ကိုမကိုင်နဲ့၊ ဘာလဲ ပြော၊ ပြောချင်တာကို မြန်မြန်ပြော၊ ရှင်နဲ့တွေ့ရင် နားမထောင်လို့ မရဘူး ကောင်ရမှာမို့ ဆိုတာ သိတယ်၊ ပြောချင်တာကိုသာပြော"

"တာရာ ... တာရာ ပြောပုံကိုက ကိုယ့်ကို အရမ်းစိတ်ဆိုးနေတာ သိသာတယ်"

"စိတ်ဆိုးတယ်ဆိုတာ ကိုယ့်ကိုဖိနပ်တက်နင်းတဲ့ ကိစ္စမျိုး လောက်မှာပဲ သုံးရတာ မင်းဒီပ၊ ရှင့်ကို စိတ်ဆိုးနေတာ မဟုတ်ဘူး"

"တာရာ ... ကိုယ် တောင်းပန်ပါတယ်၊ ကိုယ် ငယ်ငယ် ဆီလည်း ဖုန်းဆက်ပြောပြပါတယ်၊ တာရာနဲ့က ဆက်သွယ်





မရလို့ပါ၊ နေ့တိုင်း စိတ်တွေပူနေတာ၊ တာရာ အိမ်ထဲမှာပဲ မထွက်ဘဲ နေနေရတုန်းပဲ ထင်နေတာ"

"အိမ်ထဲမှာ ပိတ်ထားတယ် ဆိုတာက တခြားကိုထွက်သွားမှာစိုးရတဲ့သူကိုပဲ ပိတ်ထားရတာပါ၊ ဘယ်မှမသွားတော့ဘူးဆိုတဲ့သူကို ဘာမှပိတ်ချုပ်ထားစရာ မလိုတော့ဘူး၊ ဖွက်ချုပ်နှောင်ထားတာထက် ပိုပြီးလုံခြုံတဲ့အရာတစ်ခု ရှိလာပြီမို့လို့ မာမိက ကျွန်မကို မချုပ်နှောင်တော့ပါဘူး၊ အဲဒီအရာက ဘာလဲဆိုတော့ ကျွန်မကိုယ်တိုင်က စိတ်ကုန်ခြင်းပဲ၊ ကျွန်မကိုက ရှင့်ကို လုံးဝစိတ်မဝင်စားတော့ဘူး ဆိုတာထက် ပိုလုံခြုံတဲ့အကာအကွယ် မရှိတော့ပါဘူး ...

ရှင် ဘာပြောပြော ရှင့်ကို ကျွန်မ စိတ်မဝင်စားတော့ဘူး မင်းဒီပ၊ ရှင် ပြောရတာ မောနေလိမ့်မယ်၊ မပြောတော့ရင် ကောင်းမယ်ထင်တယ်"

မင်းဒီပက တာရာ့ကို ရင်နင့်နင့်နှင့် ခါးထောက် ရပ်ကြည့်နေမိပါသည်။ ဒီလောက်ကြီးတော့ သူ လုံးဝထင်မထားပါ။ စိတ်ဆိုး စိတ်ကောက်နေလောက်တယ်လို့တော့ မျှော်လင့်ထားပါသည်။

"တာရာ ... မင်းက အခု စင်ကာပူ ပြန်ထွက်တော့မယ်ပေါ့"

"ဟုတ်တယ်၊ ဒီမှာနေချင်လို့သာ နေနေခဲ့တာ၊ ဟိုမှာဆက်တက်စရာတွေ ကျန်နေသေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်နဲ့က ပြီးပြီပေါ့"

"ပြီးပြီ"

"ပြီးသင့်တယ်လို့ မင်း ထင်လို့လား"

မင်းဒီပက လွှတ်ခနဲ အော်ပစ်လိုက်ပါသည်။

"မအော်နဲ့ မင်းဒီပ၊ စကားကို ကောင်းကောင်းနဲ့ ယဉ်ယဉ်ကျေးကျေးပဲ ပြောပါ"

"မင်း ... မင်းကို ကိုယ် ရှင်းပြတယ်လေ၊ မရီး ခုလိုရုတ်တရက် ဖြစ်သွားတယ်၊ ဒါပေမဲ့ မရီးက မင်း ခုလိုဖြစ်နိုင်တာကို သိလို့နေလိမ့်မယ်၊ ကိုယ့်ကို လုံးဝလှမ်းမခေါ်ဖို့ သူ့သူငယ်ချင်းကို ပြောတယ်၊ ဒါပေမဲ့ ဟိုမှာသူကသွေးတွေ တအားဆင်းနေပြီး အရေးပေါ် သွေးလိုနေပြီ၊ ကိုယ်က လှူနိုင်တယ်၊ ဒီတော့ မမွှန်က ကိုယ့်ကိုလှမ်းခေါ်လိုက်တယ် ...

မရီးရဲ့အဖေနဲ့အမေ မရှိဘူး၊ နိုင်ငံခြားသွားနေတယ်၊ တခြားလည်း ဘယ်သူမှ မရှိဘူး၊ အဲဒီညက ကိုယ် အဲဒီနေရာကို နှစ်နာရီခွဲမှ ပြန်ရောက်လာပါသေးတယ် တာရာ၊ အဲဒီထိပ်မှာ ကားရပ်ပြီး ကိုယ် မျက်ရည်ကျခဲ့မိတယ်"

"မျက်ရည်ကျရင် သုတ်လိုက်၊ ပြီးရင် မနေနိုင်ရင် သတ်သေလိုက်ပေါ့၊ သူ့မှာ ဘယ်သူမှ မရှိဘူး၊ သူ့မှာ ရှင်ပဲရှိတယ် ဆိုတာကို နားခါ ... ဘာ"





"သူ့မိဘတွေ ရှိနေရင်တောင် ကိုယ်မသွားလို့ ရသေးတယ်၊ အခုက ဘယ်သူမှ တကယ်ကိုမရှိတာလေ၊ ကိုယ့်မှာရွေးချယ်စရာ မရှိပါဘူး တာရာ"

"ဘာ ...၊ ရွေးချယ်စရာ မရှိဘူး !! "

"ဟုတ်တယ်လေ တာရာ"

တာရာက မျက်မှန်ကို ဆွဲဖြုတ်ပစ်လိုက်ရင်း နီရဲနေတဲ့ မျက်ဝန်းများဖြင့် မင်းဒီပ မျက်နှာနား တိုးကပ်ကာ မျက်လုံးချင်း ခပ်နီးနီး ဆိုင်ကြည့်လိုက်ပါသည်။

ထို့နောက် ခါးကို လက်တစ်ဖက်ထောက်၊ မျက်မှန်ကိုင်လက်နှင့် သူ့ရင်ဘတ်သူ လက်မ, ထောက်ကာ ထောက်ကာ ညွှန်ရင်း ...

"ကျွန်မက ရှင့်ရွေးချယ်စရာမဟုတ်ဘူး၊ နော် ... မင်းဒီပ၊ ရှင့်ရွေးချယ်စရာက ဒေါ်ရွှေရုပ် တစ်ယောက်ပဲ၊ ရှင်နဲ့ကျွန်မနဲ့ စွန့်စွန့်စားစား ဘဝတစ်ခု လက်တွဲထူထောင်မယ့်ကိစ္စဟာ ဒေါ်ရွှေရုပ် ကလေးပျက်ကျတာနဲ့ယှဉ်ရင် ရွေးချယ်စရာ မဟုတ်တော့တဲ့ လမ်းတစ်သွယ် ဖြစ်သွားတယ်၊ အဲဒါမျိုး နောက်ထပ် ဘယ်နခါလဲ၊ ဘယ်နကြိမ်လဲ၊ ရှင့်ဘဝမှာ ဒေါ်ရွှေရုပ် ဆိုတဲ့ မရီး ရှိနေသရွေ့ ဒီပြဿနာမျိုးတွေဟာ ဆက်တက်နေဦးမှာပဲလို့ နားလည်လိုက်လို့ ရှင့်ကို ကျွန်မ ရင်ထဲက ထုတ်ပစ်လိုက်တာ မင်းဒီပ"



www.burmeseclassic.com

www.burmeseclassic.com



"တာရာ ... မင်း အဲလိုမပြောနဲ့၊ မရိုးနဲ့ ငါဟာ အရမ်းရိုးသားဖြူစင်တယ်"

"ယုံတယ်"

မင်းဒီပ ကုန်းအော်သလို တာရာကလည်း ကုန်းအော်ပါသည်။

"ယုံတယ်၊ ရွဲ့ပြောတာ မဟုတ်ဘူး၊ တကယ် ယုံတယ် ရှင်တို့ချင်းကိုလည်း လုံးဝမသမုတ်ဘူး၊ ရှင် သူ့ကို မရိုးမသား ချစ်ချင်ရင် ရှင့်အစ်ကိုနဲ့တောင် သူ လက်မထပ်ဖြစ်ပါဘူး၊ ကျွန်မ နားလည်ပါတယ် မင်းဒီပရဲ့၊ အဲဒီရိုးရိုးသားသား ဖြူဖြူစင်စင်ကြီးတွေကိုပဲ ခွင့်မလွှတ်နိုင်တာ အောင့်လုံးနာနေတာ ...

သူတို့ချည်းပဲ တကတဲ၊ သူတို့ချည်းပဲ မိုးလုံးပြည့်အောင် အရေးထား ဂရုစိုက်နေလိုက်ကြတာ၊ ဖြူရုံမကမည်းမည်း ရဲရဲ၊ သူ ရှိနေသရွေ့ ရှင့်ရဲ့ Second priority (ဒုတိယဦးစားပေး)ကြီး ဖြစ်နေရမယ့် ဘဝကို မုန်းတီးခါးသီးလွန်းလို့ ရှင့်ကို လုံးဝ ရေ့ဆက်မပတ်သက်နိုင်တော့ဘူးဒါပဲ ... ရှင်းပြီလား"

တောက်တောက်ခါးခါး စိမ်းကားစွာကြည့်ပြီး ... ခနဲလှည့်ကာ ကားထဲဝင်ထိုင်၊ တံခါးကို ဒိုင်းခနဲ ပိတ်ပစ်လိုက်တဲ့ တာရာကို မင်းဒီပက ဆွေးဆွေးမြည့်မြည့် ငေးမောကျန်ရစ်ရပါသည်။

❦ ❧ ❦





၁၄

"အဲဒီနေ့က ငါ့ရုံးအသွားလမ်းမှာ ငါ့တူကို ဝင်ပို့ပေးတာလေ၊ ငါ့တူလေးကလည်း စင်ကာပူကို ထွက်တော့မှာလေ၊ သူ့ကို သံရုံးရှေ့ချပေးတာ၊ ငါက သူတို့နှစ်ယောက် ကားတွေရဲ့နောက်မှာပေါ့ ...

လမ်းမကြီးအလယ်ကောင် အကျယ်ကြီး အော်ဟစ်ရန်ဖြစ်နေတာ၊ လူတွေတောင် ရပ်ငေးကြည့်ကြလို့၊ တာရာပြောသမျှတွေလည်း အဲဒီအတိုင်းပဲ အကုန် လုံးစေ့ပတ်စေ့ကြားနေရတာ၊ သူ တော်တော်စိတ်နာသွားတာပဲ"

ခုတင်ကို ပင့်တင်ပြီး ခပ်မှိုမှို အနေအထားနှင့် ...ရုပ်က မှိုအိပ်နေပါသည်။ ပက်လက်နေလျှင်မောသည်။ ခပ်...တ်မတ် မှီနေရတာ နေသာသည်။ ရင်ညွန့်ထိ ဆွဲတင်ထားတဲ့ ...မ်းစောင်ကလေးရဲ့ အနားစွန်း ဖဲသားကို ပါးစပ်နှင့် သိမ့်တ်မဲ့စွာ ...က်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့များ ဒီလိုတွေ ဖြစ်ကုန်တာလဲ။ မွန်မွန်ကလည်း ဒီဒီ့ကို မခေါ်ရင် ဒါမှမဟုတ် ခေါ်ရက်နှင့် ဒီဒီကမလာလျှင် ဒီပြဿနာဖြစ်လာစရာ မရှိ။ အဲဒီလို ပြောမိလို့ မွန်မွန်က ...

"ဒီပြဿနာတွေ ဖြစ်မလာဘဲ တခြားပြဿနာတွေ ပြောင်းဖြစ်မှာပေါ့၊ အဲဒီနေ့က ဒီဒီ ရောက်မလာလို့ သွေးအလှူ တကူမရရင် နင် သေသွားရင် ဘယ်လိုလုပ်မလဲ၊ ဒီပြဿနာ က ပိုမဆိုးဘူးလား"တဲ့။

"ဟဲ့ ... အဲလိုဖြစ်ရင် ငါ သေသွားရင် ပြီးနေပြီ၊ ခုဆိုရက်လည်ပြီးပြီ၊ ငါလည်း အေးချမ်းလို့ နောက်ဘဝမှာ အခုပြဿနာကမှ ဆိုးတာ၊ ဒီဒီက တာရာ့ကို ဘယ်လောက်ချစ်လဲ နင် သိရဲ့လား"

"သူ့ရည်းစားပဲဟာ ချစ်မှာပေါ့၊ ဒါများ"

"အခု ဒီဒီ အရမ်းခံစားနေရတာ နင် သိလား၊ ငါစိတ်ကောင်းမှာစိုးလို့ ဟန်ဆောင်နေတာ၊ သူ အရမ်းကြေ တာ၊ သူအဲသလို ခံစားနေရတာကို ငါ သိနေရတာ သေရတာထက် ဆိုးသေးတယ်"

ပြောရင်း မျက်ရည်ကျလာခဲ့တဲ့ ရွှေရုပ်ကို မွန်မွန်က ကရုဏာနှင့်ငေးနေခဲ့ရပါသည်။ ခုလည်း ကိုယ်တိုင်နားဆတ်ဆတ်ကြား၊ မျက်စိနဲ့တပ်အပ်မြင်တွေ့ခဲ့ရတာတွေကို မပြောရ မနေနိုင် ရွှေရုပ်ထံ ပြန်ပြီးဖောက်သည်ချမိသည်။





"ငါရှိနေသရွေ့ သူက Second priority တဲ့လား"

ရွှေရုပ်က ခပ်တိုးတိုး ရေရွတ်ပါသည်။

"အဲလို မဟုတ်ပါဘူး၊ ဒီဒီက တာရာ့ကို အရမ်းချစ်တာ၊ သူလို မာကျောကျော ဂျစ်ကန်ကန်နဲ့ မိန်းမဆိုတာကို စိတ်ကိုမဝင်စားတဲ့ ကောင်ကလေးဟာ တာရာ့ကိုတွေ့တော့ မြင်မြင်ချင်း စွဲလမ်းမိရှာတာပါ၊ တာရာက ဒီဒီ့ဘဝမှာ အချစ်ဆုံးမိန်းမပါ"

"ဒါပေမဲ့ဟဲ့ ... တာရာက ဒီဒီ့ကို စွပ်တော့မစွပ်စွဲပါဘူး၊ နင့်အပေါ် ဒီဒီက ဖြူစင်ပါတယ် ဆိုတာကို နားလည်တယ် သိတယ်တဲ့၊ သိသိနဲ့ကို သူ့ကိုဦးစားပေး ရှေ့မထားလို့ နာကြည်းနေတာ"

ရွှေရုပ်က ခေါင်းကို အသာအယာ ညိတ်နေမိပါသည်။ မိန်းကလေးတစ်ယောက်ရဲ့ သူ့ချစ်သူအပေါ်ထားတဲ့ အတ္တစိတ်ပေါ့။ မိန်းမတိုင်းမှာ ရှိတတ်တဲ့ အရာပါပဲ။ ကိုယ်ချစ်ရတဲ့သူရဲ့ ပထမဦးစားပေးနေရာမှာ ကိုယ်ရှိခွင့်ရခြင်းဟာ ဘယ်လောက် ချိုမြိန်ပါတယ်ဆိုတာ ရွှေရုပ် သိသားပဲ။ ကိုယ်ချင်းစာနိုင်သားပဲ။ ကိုယ်လည်း မိန်းမပဲ။

ပြီးတော့ ဦးစားပေးခံရပြီး ရှေ့ဆုံးသော ဂရုစိုက်ခံနေရာကို ရောက်လိုက်ရတိုင်းလည်း ရင်ထဲမှာနွေးသိမ့်ပြီး ကြည်နူးပီတိနှင့် လူဖြစ်ရကျိုးနပ်သလို ခံစားလိုက်ရမြဲပဲ မဟုတ်လား။

❣ ❣



www.burmeseclassic.com

www.burmeseclassic.com



"မာမီ ဘယ်လိုငြင်းရမလဲ တာရာ၊ သူက ကျောက်စိမ်း ဦးမင်းနိုင်ရဲ့သမီးဆိုတဲ့ ဂုဏ်ပုဒ်ပဲ မဟုတ်ဘူး၊ သူ့ကိုယ် တိုင်ကိုက ကျောက်စိမ်းဒေါ်ရွှေရုပ် ဆိုတဲ့ နာမည်တစ်လုံး နဲ့ စီးပွားရေးလောကမှာ ကိုယ်ပိုင်နာမည်နဲ့ ရပ်တည်နေ တာလေ ...

သမီးဒက်ဒီလည်း စီးပွားရေးသမား။ စီးပွားရေး လောကထဲမှာ တစ်ယောက်နဲ့တစ်ယောက် အခင်မင်ကြီး မဟုတ်တောင်မှ တစ်ယောက်ကို တစ်ယောက် တလေး တစား နေရာပေးရတာ ထုံးစံပဲ တာရာ၊ မထေမဲ့မြင် ဆက်ဆံလို့ ဖြစ်တာမဟုတ်ဘူး၊ သူ့ဂုဏ်ဒြပ်နဲ့ ထိုက်သင့် တဲ့ လေးစားမှုနဲ့ ဆက်ဆံရမှာ"

"မရွှေရုပ်က ဒက်ဒီတို့ မာမီတို့ထက် အများကြီး ငယ်ပါ တယ်"

"ငယ်တာ ဟုတ်တယ်လေ၊ အသက်ငယ်ပေမယ့် သူ့လုပ် ငန်း သူ့အောင်မြင်မှုကမှ မငယ်တာ၊ သူ့ကျောက်စိမ်း ပန္နည်းဆိုင်က ခုနစ်နှစ်အတွင်းမှာ တဖြည်းဖြည်းအောင် မြင်နေတာ၊ ဒီမှာသာ ကျောက်စိမ်းလက်ဝတ်၊ ကျောက် စိမ်းပန်းပု၊ ကျောက်စိမ်းအရုပ်တွေကို သိပ်တန်ဖိုးမထား





တတ်ကြတာရယ်၊ တတ်နိုင်သူ နည်းတာရယ်ကြောင့် နည်းနည်းပဲ တွင်ကျယ်ပေမယ့် အရှေ့တောင်အာရှနိုင်ငံ တော်တော်များများမှာကို သူ့ဆိုင်က လူသိများတာ ...

အင်တာနက်မှာ တင်ထားသလို ဗန်ကောက်၊ စင်ကာပူ ချိုင်းနားထုတ်ဝေတဲ့ ကျောက်မျက်မဂ္ဂဇင်းတွေ မှာ ကြော်ငြာထည့်တာတဲ့၊ သူ့ဖောက်သည် Customer တွေက နိုင်ငံခြားသား ကုန်သည်တွေ၊ တအားရောင်းရ တာ၊ သူ့ဆိုင်နာမည် GGS ဆိုတာ နိုင်ငံခြားမှာတောင် ကျော်ကြားတာတဲ့၊ Great Green Stone ဆိုင်က ပန္နည်း ထည်ဆိုတာမျိုး ပြောစမှတ်တောင် ရှိကြတာတဲ့၊ ဒက်ဒီ က ပြောပြတယ် ...

ဒီလောက် သူ့ဂုဏ် သူ့ဒြပ်နဲ့ လူတစ်ယောက်ကို စကားနည်းနည်း ပြောစရာရှိလို့ အိမ်ကို လာပါရဲ့စေလို့ အပွင့်မဲ့နံ့ထ် လှမ်းလုပ်တာကို မလာနဲ့လို့ ဘယ်လိုပြော မလဲ တာရာရယ်"

တာရာ့အဖို့တော့ မရွှေရုပ်ဟာ ဒီဒီမရီးဆိုတဲ့ ယေ ...ယျဆန်လှတဲ့ သာမန်အမျိုးသမီးတစ်ယောက် ဖြစ်နေပေမယ့် ...ပွားရေးလောကမှာတော့ သူက ဂရိတ်ဆိုတော့လည်း ... ...။ ...သားနိမ့်ချတတ်တဲ့ မရွှေရုပ်ရဲ့ဆက်ဆံရေးကြောင့်လည်း တာရာ ... တစ်ခါမှ အထင်တကြီး အမြင်မျိုးကြီးနဲ့ မမြင်မိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိထဲမှာ ရှိးရိုးအစ်မကြီးတစ်ယောက်။ သဘောကောင်းကောင်းနဲ့ လိုက်လိုက်လျောလျောရှိလှတဲ့ အစ်မကြီးတစ်ယောက်ပေါ့။

"သူ့ကို ဆေးရုံပို့ပေးရလို့ သူ အဘောရှင်း ဖြစ်လိုက်လို့ မင်းဒီပက တာရာဆီ ရောက်မလာတာပါလို့ ကိုယ်တိုင်လာတောင်းပန်မလို့ပဲ နေမှာပေါ့"

တာရာ့ကို တာရာ့အမေ ဒေါ်နိုင်နိုင်က အကဲခတ်စိုက်ကြည့်ရင်း ...

"သမီး ... မင်းဒီပကို တကယ်ပြတ်တယ်နော်"

"ပြတ်ပါတယ် မာမီ၊ တာရာ ဟိုကိုပဲသွားတော့မယ်ဟာ သူ တောင်းပန်လာရင်လည်း ခွင့်လွှတ်တယ်၊ စိတ်ထဲဘာယ်လိုမှ မရှိဘူးပေါ့၊ ဒါပဲပေါ့၊ ကျွန်မကိုက စိတ်မဝင်စားတော့လို့ပါလို့ ပြောရုံပဲ မာမီ"

"ဒါပေမဲ့ အခု သူက တွေ့ခွင့်တောင်းတာ မာမီ့ကိုနော် သမီးကို မဟုတ်ဘူး၊ သမီးနဲ့ တွေ့ချင်တယ်လို့ တစ်ခွန်းမှ မပြောဘူး၊ နှစ်ဖက်လုံးနဲ့ခင်တဲ့ကြားက လူရင်း လူခင်လည်း မရှိတာမို့လို့ သူ့ဘာသာသူ ကိုယ်တိုင်ပဲ လာပါရစေတဲ့၊ ဒေါ်နိုင်နိုင်နဲ့ စကားလေးနည်းနည်း ပြောစရာရှိလို့ပါတဲ့၊ ဒီတော့ ... ဟုတ်ကဲ့ လာပါပဲ ပြောရတာပေါ့"





တာရာက ပခုံးလေးသာ တစ်ချက်တွန့်လိုက်မိပါသည်။

❣ ဢ ❣

ဒေါ်နိုင်နိုင်သည် ရှေ့ကအမျိုးသမီးကို အံ့အားတသင့်သာ ငေးလို့သာ နေမိပါတော့သည်။ ဟိုးတစ်ကြိမ် ဆေးရုံမှာသွားဆုံပြီး တာရာ့ကို ပြန်ခေါ်လာတဲ့ တစ်ခေါက်က မြင်ဖူးပေမယ့် မမှတ်မိတော့ပါ။ ပုံက ပြောင်းနေသည်။ ပိန်လှပ်ချုံးကျ၍ ပါးဟောက်တောက်၊ မျက်တွင်းဟောက်တောက် ဆိုသလို ဖြစ်နေပါသည်။

လာရတာကိုက ဗီးချဲနှင့် ကားပေါ်က မနည်းတွဲချပြီး ဗီးချဲပေါ် ထိုင်လိုက်ရတာ။ ဗီးချဲကို လှေကားထစ်မှာ အတင်အချလုပ်ဖို့ အဖော်ပါလာတဲ့ အမျိုးသားကြီးက တစ်ယောက်၊ လုံချည်ပြာဝတ် နာ့စ်ကတစ်ယောက်။

"အခုထိ ဆေးရုံက မဆင်းရသေးလို့ ဖြစ်သလို လာလိုက်ရတာပါ အစ်မကြီး၊ ကျွန်မက စိတ်ကလည်း မြန်မြန်နဲ့ မို့လို့ပါရင်၊ တွေ့ခွင့်ပြုတာ ကျေးဇူးတင်ပါတယ်နော်"

ဒီလို အစချီပြီးတဲ့နောက် သူ့ရဲ့အတွဲန်းဒန့်စ် အမျိုးသားရော နာ့စ်ကိုပါ အဝေးလွှတ်ပြီး ဒေါ်နိုင်နိုင့်ကို ပြောစရာ



www.burmeseclassic.com

www.burmeseclassic.com



စကားဆိုတာ ပြောတဲ့အခါ ဒေါ်ခိုင်ခိုင်မှာ တအံ့တသြ ငေးမော လို့ နေမိတော့တာပါ။ လက်စသတ်တော့ တာရာ ထင်သလို လာ တောင်းပန်တာမဟုတ်ပါ။ အဲဒီနေ့ကိစ္စ တစ်ခွန်းမဟပါ။ သူ့ရဲ့လာ ရင်းကိစ္စကတော့ သမီးတောင်းစကား ကမ်းလှမ်းလာခြင်းတည်

"သဘာဝနဲ့တော့ ဆန့်ကျင်ကောင်း ဆန့်ကျင်နေပါမယ် ဒီဒီမိဘတွေက လာရမယ့်ကိစ္စမှာ ကျွန်မက လာတော တစ်မျိုးဖြစ်နေမလားပါဘဲ အစ်မကြီးရယ်၊ ဒါပေမဲ့ ဒီ မိဘတွေအနေနဲ့က တာရာ့ကို သိပ်ချစ်ကြတယ်ဆိုပေမ ကိုယ့်ရဲ့အထက်လူကြီး အလုပ်ရှင်ဆိုတဲ့ အရှိန်အဝါကြော ရော၊ ဒီဘက်က သိပ်ပြီးသဘောမတူနိုင်တဲ့ သဘောထ ကို သိထားရတာကြောင့်ရော အလာခက်ကြပါတ ကျွန်မအဖေကျတော့ ခုနောက်ပိုင်း ဆောက်လုပ်ရေးဘ လည်း အလုပ်လေး နည်းနည်းနယ်ချဲ့ကြည့်ဖို့ စီစဉ်ေ ဒီက တာရာတို့ဖေဖေတို့လို နဂိုခိုင်မာပြီးသား ဆောက် ရေးလုပ်ငန်းကြီးတွေရဲ့ ဦးဆောင်သူတွေကို အသိအကျ လည်းဖွဲ့ နည်းနာလည်းယူ ဆိုသလိုပါပဲရှင် ...

တာရာ့ဖေဖေ ဦးတင်မောင်ထွန်းနဲ့ ကျွန်မ လည်း နှစ်ကြိမ် သုံးကြိမ် ဆုံဖူးပြီးသားဆိုတော့ သမီးဆိုတဲ့ မျက်နှာကလေးနဲ့ အရဲစွန့် ရောက်လာ တာပါ၊ ဒီဒီမိဘတွေက ကျွန်မယောက္ခမဆိုတော့ ကျ





မိဘတွေပါပဲရှင်၊ ဒီဒီကလည်း ကျွန်မမောင်လေးပါ၊ ကျွန်မ ကလည်း အမွေစားအမွေခံ မရှိတဲ့ မုဆိုးမဆိုတော့ ဒီဒီ တစ်ယောက်ကိုပဲ ကိုယ့်အမွေခံလို သဘောထားထားတာ ပါ အစ်မကြီးရယ်၊ ကျွန်မမိဘနဲ့ မဆိုင်ပါဘူး၊ ကျွန်မရဲ့ အမွေခံပါ၊ မောင်ဆိုလည်းဟုတ် သားဆိုလည်းဟုတ်မို့လို့ သူ မေတ္တာရှိတဲ့ မိန်းကလေးကို ကိုယ့်ပါတန်ဖိုးထားပြီး အရဲစွန့် စကားကမ်းလှမ်းကြည့်တာပါ ...

အစ်မကြီးတို့ဘက်ကများ ငြင်းစရာ မရှိရင်တော့ တာရာ့ကို အစ်မကြီးတို့ တာရာတို့ စိတ်တိုင်းကျ ဆန္ဒရှိ တာ ဘာမဆို လုပ်ပေးဖို့ အဆင်သင့်ပါပဲ၊ ပြီးတော့ ဒီဒီ ကို မကြာခင်လပိုင်းအတွင်းပဲ ကျွန်မရဲ့ GGS ကျောက်စိမ်း ဆိုင်ကို စာချုပ်စာတမ်းနဲ့ အမွေစားအမွေခံအဖြစ် မေတ္တာနဲ့ လွှဲအပ်ပေးသွားမှာပါ"

ဒေါ်ခိုင်ခိုင်မှာ အငိုက်မိ အံ့အားသင့်ကာ အတန်ကြာ ငြိမ်နေမိပြီးမှ ...

"ဒါနဲ့ ဒီကညီမ နေကောင်းရဲ့လား"

"ကျွန်မ ဆေးရုံတက်နေရတုန်းပါ"

"စကားပြောရတာလည်း မောသလို ရှိနေလို့ပါ၊ နေသာ ထိုင်သာ ရှိရဲ့လား၊ ဆေးရုံကနေတောင် ထွက်လာပြီး ဒီ စကားကို လာပြောတယ်ဆိုတာကို အံ့အားသင့်နေမိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက အင်မတန်လည်း စိတ်မြန်တာက တစ်ကြောင်းပါ၊ နောက်ပြီး ခရီးသွားစရာလေးလည်း ရှိတာမို့ ဒီကိစ္စလေးကို အရင်ဆောင်ရွက်ဖို့ စိတ်ထက်သန်လို့ပါ၊ အစ်မကြီးတို့ဘက်က သဘောဆန္ဒလေး သိပြီးမှလည်း သွားရလာရတာ စိတ်ဖြောင့်မှာမို့လို့ပါ"

"ဘာကြောင့်မှတော့ မဟုတ်ဘူး၊ တစ်ခုမေးကြည့်ချင်လို့ပါ"

"မေးပါ အစ်မကြီးရယ်"

"မင်းဒီပကိုလည်း လုပ်ငန်းတွေ ဘာတွေ လွှဲအပ်မယ်ပြီးတော့ ခရီးသွားမယ်ဆိုတော့ နိုင်ငံခြားကို အပြီးသွားမယ် ပြန်မလာတော့ဘူးဆိုတဲ့ သဘောလား"

ရွှေရုပ်က ငေးစိုက်ငိုင်တွေး နေလိုက်ပြီးမှ ...

"အဲဒီသဘောဆန်ဆန်ပါပဲရှင်"

"မိဘတွေက ဒီမှာမဟုတ်လား"

"ဟုတ်ကဲ့"

"ထူးခြားတဲ့အကြောင်းကိစ္စ တစ်ခုခုများ ရှိလား၊ ကျွန်မမေးရတာက အစီမံသက်သက် တွေ့ခွင့်တောင်း ရောက်လာပြီး စိတ်မြန်လက်မြန် စီစဉ်တောင်းဆိုတာတွေ အံ့သြစရာကြီးလို ဖြစ်နေလို့ပါ"





"အဲသလို ဖြစ်နေမယ် ဆိုတာ နားလည်ပါတယ် အစ်မကြီး၊ ကျွန်မမှာလည်း အချိန်လေးတွေ နည်းနည်း rush ဖြစ်နေတာရော၊ ကျွန်မ မောင်လေးခမျာလည်း သူလည်း တော်တော်လေး တာရာ့ကို မေတ္တာရှိတာပါ"

မတ်အပေါ် ဒီလောက်တောင် အရေးတယူ ရှိလှတာကို တာရာ့စကားတွေထဲက သိရပြီးသားမို့ အထူးတဆန်းမဟုတ်တော့တာတောင်မှ ဒေါ်ခိုင်ခိုင် အတော်ထူးဆန်းအံ့သြနေရပါသေးသည်။

"ဒီကိစ္စတွေက ဒီလောက် အလောသုံးဆယ် မဖြစ်နိုင်ပါဘူး ညီမ"

"အစ်မကြီးတို့ဘက်က သဘောမတူဘူး ပြောတာလည်း သဘာဝကျပါတယ်၊ ဒါပေမဲ့ အစ်မကြီးရယ်၊ ကျွန်မမောင်လေးက တာရာ့ကို မေတ္တာစစ်နဲ့ သူ့တစ်သက်မှာ ဒီတစ်ယောက်ပဲ ချစ်ရှာတာပါ၊ ဒါကြောင့်လည်း ကျွန်မအနေနဲ့ တာရာလေးနဲ့ ဂုဏ်ချင်း ဖြပ်ချင်းများ နီးစပ်မလားလို့ မောင်လေးကိုလည်း အရောင်တင်ပေးနေတာပါ၊ GGS ဆိုင်ကိုလည်း တာရာ့အတွက်ပဲ မောင်လေးကို လွှဲအပ်မှာပါ၊ ပညာအရည်အချင်းတို့ ဘာတို့ မညီမျှဘူးဆိုပေမယ့်လည်း ဒီဒီဟာ ရိုးသားကြိုးစားတဲ့ ယောကျ်ားကောင်းလေးတစ်ယောက်ပါ အစ်မကြီးရယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အစိမ်းသုက်သက်နဲ့ အားယူ အရဲစွန့်ပြီး ခုလို လာပြောရတယ် ဆိုကတည်းက ဒီဘက်က မြတ်နိုးလိုလားမှုကို သဘောပေါက်ပေးပါ"

ဒေါ်ခိုင်ခိုင်က ရွှေရုပ်ကိုကြည့်ကာ သူပင် ရင်မောလာပါသည်။ လှမမာသည့်ရုပ်နှင့် မောလျနေပုံကြောင့် မြင်ရတာလည်း စိတ်မချမ်းသာ။

"ဒီမယ် ညီမ၊ အစ်မတို့ မင်းဒီပကို သဘောမတူခဲ့တာ မှန်ပါတယ်၊ ဒါပေမဲ့ ခုအခြေအနေကတော့ ပြောင်းသွားပါပြီ၊ သူ့ကို တာရာ ကိုယ်တိုင်က စိတ်မဝင်စားတော့တာပါ"

ရွှေရုပ်မျက်နှာက ငိုမလို ပျက်ကာသွားလျှင် ဒေါ်ခိုင်ခိုင်မှာ အတော်ကြီး စိတ်ရှုပ်လက်ရှုပ်နှင့် ...

"ညီမ မယုံရင် တာရာနဲ့ပါ စကားပြောကြည့်လိုက်ပါ၊ တာရာ ရှိပါတယ်၊ ဒေါ်ခင်ညို ... တာရာ့ကို ခေါ်လိုက်ပါ"

Juice လာချတဲ့ မိန်းမကြီးနှင့် တာရာ့ကို ခေါ်ခိုင်းလိုက်ပြီးနောက် ...

"ညီမ Juice သောက်လို့ ရမယ်ထင်တယ်၊ နည်းနည်းသောက်ပါလား"

မလှမ်းမကမ်းမှ နာ့စ်သည် လက်ပတ်နာရီကြည့်ကာ ...





"မရွှေရုပ် ... ကျွန်မတို့ပြန်သင့်ပါပြီ၊ ဒီလောက်ဆို မရွှေရုပ် နည်းနည်း ပင်ပန်းပြီ၊ လဲသွားမယ်ရှင့်၊ ဒီအချိန် အိမ်ကမိဘတွေလည်း ရောက်ခါနီးချိန်ပါ၊ ဆရာဝန်ရောင်းဒ် လုပ်ရင်လည်း အပြင်ထွက်တာသိရင် ဆူခံထိမယ်ရှင့်"

"ဆရာမ ... ကျွန်မတို့ ဆေးရုံရောက်လို့ မေမေတို့ရောက်နေကြရင် အောက်ထပ်ဆင်းပြီး ခေတ်မှန်သွားရိုက်ရတာလို့ ပြောနော်"

ရွှေရုပ် စကားကို နားထောင်ရင်း ဒေါ်ခိုင်ခိုင် သည် နားမလည်ချင်စရာတွေ အံ့အားသင့်ချင်စရာတွေနှင့် ဇဝေဇဝါဖြစ်နေမိပါသည်။

"ဟင် ... မမရွှေရုပ်၊ အရမ်းနေမကောင်း ဖြစ်နေပါလား"

"တာရာ"

တာရာသည် ရွှေရုပ်ကို မြင်လျှင်မြင်ချင်း အံ့အားလည်းသင့် စိတ်လည်းမကောင်းနိုင်အောင်ဖြစ်ကာ ရွှေရုပ်ရဲ့ဂိုးခဲ နားပြေးကာ ရွှေရုပ်လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပါသည်။ အံ့သြရလောက်အောင် ရုပ်ဆင်းပျက်နေတဲ့ ရွှေရုပ်ကို မြင်ရုံနှင့် ဝေဒနာ မသေးနိုင်တာကို ခန့်မှန်းလို့ ရပါသည်။

ရွှေရုပ်က တာရာ့လက်နှစ်ဖက်ကို ဆုပ်ကိုင်ရင်း မျက်ရည်လည်လာကာ ...

"တာရာ ... ဒီဒိုကို ခွင့်လွှတ်လို့ မရဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီကိစ္စတော့ မမ မပြောပါနဲ့တော့နော်၊ တာရာက စိတ်နာတာတစ်ခုတည်းကြောင့် မဟုတ်ဘဲ ရှေ့အတွက်ပါ သေသေချာချာ စဉ်းစားဆုံးဖြတ်ထားတာမို့ပါ၊ သူ့ကို တာရာ မေ့လိုက်မှာပါ မမ၊ တာရာ ရှေ့အပတ် စင်ကာပူ သွားတော့မှာပါ"

"တာရာ"

"မမကိုလည်း တာရာ ချစ်ပါတယ်၊ ဒါပေမဲ့ တာရာဆုံးဖြတ်ပြီးနေပြီ၊ ဒီကိစ္စတော့ ဆက်မပြောပါနဲ့တော့နော် သူ့ကို တာရာ မုန်းသွားတာ မဟုတ်ပါဘူး၊ ရှေ့မဆက်ချင်တော့လို့ လမ်းခွဲတာပါ မမ"

❣ ❣





## ၁၅

BURMESE CLASSIC .com

"ဟယ်လို"

"တာရာလားဟင်"

"မမရွှေရုပ်လား၊ နေကောင်းလား မမ"

"မမ ဆေးရုံကပဲ ဆက်နေတာပါ၊ တာရာ ဒီနေ့သွားမှာဆို"

"တာရာ ခဏနေ လေဆိပ်ဆင်းတော့မှာပါ မမ"

တာရာက ပြောရင်းက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။ ဟိုတစ်နေ့က ရွှေရုပ် အိမ်လာစဉ်က တွေ့လိုက်ရတဲ့ သူ့အခြေအနေကို မြင်ကတည်းကပင် ရင်ထဲထိခိုက်လှကာ တွေဝေ့ဝေဝေ ဖြစ်ချင်လာတဲ့ နှလုံးသားကို တင်းဆည်ရသည်။ ဒီလောက်ထိ ကျန်းမာရေးဆိုးရွားတာကြောင့်လည်း ဒီဒီ သူ့ဘက်မဲတင်းပြီး အပြေးသွားခဲ့တာ ဖြစ်မှာပဲလေလို့ ခွင့်လွှတ်ချင်ချင်ဖြစ်လာပါသည်။

သို့ပေမဲ့ စိတ်ကိုပြတ်အောင် တွေးရတာက ဒီကိစ္စမျိုးဟာ နောင်မှာ အကြိမ်ကြိမ် အခါခါ ကြုံဦးမှာ။ ကြုံကိုကြုံရမှာ။ ဒီဒီဟာ သူ့မရီးကို ချစ်ခင်မြဲ ချစ်ခင်ကာ ဦးစားပေးမြဲပေးမှာ။



www.burmeseclassic.com

www.burmeseclassic.com



တာရာကလည်း ကိုယ် နံပါတ်တစ်ဖြစ်ရမှ ကျေနပ်မယ့်သူပါ။ ကြာတော့လည်း တာရာက နာကြည်းလာမှာဖြစ်သလို ဒီဒီကလည်း တာရာ့ကို သဘောတားသေးသူလို့ အထင်သေးလာမှာပါ။

"တာရာ ... မမ တစ်ခုလောက် နောက်ဆုံးပြောလို့ ရမလားလို့ပါ"

"မမ ... မမ ဆန္ဒရှိတာကို ပြောပါ၊ မမမှာ နေမကောင်းတာကတစ်ဖက်နဲ့ ဒီဒီနဲ့ တာရာ့ကိစ္စကို ဒီလောက်ဝင်ခံစားနေတာကို တာရာလည်း အားနာလှပါပြီ။ တာရာ ပြောပြီးပြီပဲ မမရယ်၊ ဟိုး နှောင်အရှည်သဖြင့်တွေအထိ တွေးပြီး တာရာ ဆုံးဖြတ်တာပါ၊ ကုန်ကုန်ပြောမယ် မမ၊ အဲဒီနေ့က နာကြည်းခဲ့ပေမယ့် ခုတော့ တာရာ့နှလုံးသားက ပျော့ပျောင်းချင်လာပါပြီ၊ မမကိုလည်း တာရာ ချစ်တယ်၊ ဒီဒီကိုလည်း ချစ်တယ်၊ ချစ်တုန်းပါ။ ဒါပေမဲ့ တာရာ သူ့ရဲ့ပထမဦးစားပေးပဲ ဖြစ်ချင်တာ။ မမကို သူ ရှေ့မှာထားတဲ့ အဖြစ်မျိုး လက်ထပ်ပြီးမှ ထပ်ခါ ထပ်ခါ ကြုံနေရင် တာရာတို့ ကွဲရလိမ့်မယ်၊ တာရာ မမကိုမို့ စကားကုန် ရင်ထဲကအတိုင်း ဖွင့်ပြောလိုက်တာပါ၊ မမတို့နှစ်ယောက်ရဲ့ သံယောဇဉ်ကို ဘယ်သူကမှ ဝင်လုလို့ ဖျက်လို့ ရမှာ မဟုတ်ဘူး၊ တာရာ ခဏခဏ မရှုံးနိမ့်ချင်ဘူး"

တာရာ့အသံလေး တုန်ယင်လာသလို တစ်ဖက်က အသံကလည်း တုန်ခါနေပါသည်။





"တာရာ ... အစ်မတို့ သံယောဇဉ်ကို ဖျက်လို့ရတဲ့အရာ ရှိပါတယ်"

"မမ ဘာကိုပြောတာလဲ"

"သေခြင်းတရားပါ တာရာ"

"ရှင် ... မမ ဘာကို ..."

"ဒီလောကကြီးမှာ မမ ရှိမနေတော့ဘူးဆိုရင် ပြီးသွားပြီ မဟုတ်လား"

တာရာ့သည် ရင်ထဲ အပြင်းအထန် တုန်လှုပ်ချောက်ခြားသွားရင်း ...

"မမ ... တာရာ ဒီသဘောနဲ့ပြောတာ မဟုတ်ပါဘူး"

"အလိုအလျောက် ပျောက်ကွယ်သွားမယ့် ပြဿနာလေးပါ တာရာရယ်၊ နှောင်အရှည်ကြီး အကြာကြီးအထိ တာရာတို့ကို ထည့်တွက်ထားဖို့ မလိုပါဘူး၊ တို့ တောင်းပန်ပါတယ် တာရာ၊ တာရာ ထွက်မသွားပါနဲ့နော်၊ သူ ရူးလိမ့်မယ်၊ တာရာ့ကို သူ သိပ်ချစ်ရှာတာပါကွယ်"

"မမ"

"တို့ အခုပြောမယ့်စကားကို သူ့ကို ပြန်မပြောဘူးလို့ တာရာ ကတိပေးပါ"

"အဲဒါ ... အဲဒါ ဘာလဲဟင် မမ"



www.burmeseclassic.com

www.burmeseclassic.com

ကော်ဖီဆိုင်လေးတဲက လူလွတ်နေတဲ့ စားပွဲတစ်ခုမှာ မင်းဒီပကို ရှာတွေ့ပါသည်။ ရှေ့မှာဖွင့်ထားတဲ့ လက်ပ်တော့ပ်ရဲ့ Wallpaper က တာရာပုံ။ တာရာပုံလေးကို သူက ခပ်ငေးငေး စိုက်ကြည့်နေခဲ့သည်။

"ဒီဒီ"

"……… ……… ………"

ဝုန်းခနဲ ထလိုက်တဲ့ မင်းဒီပကြောင့် မလှမ်းမကမ်းစားပွဲမှ တချို့ကပင် ငဲ့ကြည့်ကြသေးသည်။

"တာရာ … တာရာ … ဒီမနက် …"

"တာရာ စင်ကာပူ မသွားဖြစ်တော့ဘူး ဒီဒီ"

မင်းဒီပ မျက်ဝန်းအိမ်မှာ ရုတ်တရက် မျက်ရည်တို့ပြည့်လျှံ စို့ရွဲသွားပါသည်။ သူ ဘယ်လောက်ပျော်သွားတယ်ဆိုတာ တာရာ ယုံယုံကြည်ကြည် သိပါသည်။

"တာရာ"

"ဒီဒီ … တာရာ မမရဲ့ဆေးရုံကို မရောက်ရသေးဘူး၊ တာရာတို့နှစ်ယောက်တူတူ သတင်းမေး သွားရအောင်လေ"

တာရာ့အသံလေး အဖျားခတ်မှာ ဝုန်ခါတိမ်ဝင်ခဲ့တာကို မင်းဒီပက သတိမပြုမိလိုက်တော့ပါ။

လမင်းမိုမို

BURMESE CLASSIC .com
www.burmeseclassic.com